

# မမသဒ္ဒါမောင်

# ရော့... ယူပါ... ၁၅၀၀

(အချစ်လုံးချင်းဝတ္ထုသစ်)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၆၀၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၅၁၀၇၀၈
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၉၊
မတ်လ
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက်-၄၊ အခန်း-၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ - ရွှေပဒေသာအော့ဖ်ဆက်
အမှတ်-၃၁/၃၃၊ ၅၃-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်။
ဖြန့်ချေး - ၁၄၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်





(၁)

နာရီနှိုးစက်သံကြောင့် အိပ်ပျော်နေရာမှ ဆတ်ခနဲလန့်နိုးသွား ၏။ ငါးနာရီတောင်ခွဲပြီကိုး။ ခုတင်ပေါ်မှ အမြန်ဆင်း၏။ ရေအိမ်တက်၊ ်နှာသစ်၊ သွားတိုက်၊ ကိုယ်လက်သန့်စင်ပြီး တီရှပ်အနီရဲရဲနှင့် အား ားဘောင်းဘီတိုအနီကို ဝတ်ဆင်လိုက်၏။ ထို့နောက် ဆံပင်အရှည် ရှင်း၍ ပဝါနီနီဖြင့် စည်းနှောင်လိုက်ပါသည်။

မှန်ဗီရိုအောက်ဆုံးဆင့်မှာ ထည့်ထားသည့် စကိတ်ကိုယူ၍ ်အောက်ကို ဆင်းလာခဲ့စဉ် ဘုရားဆွမ်းတော်ကပ်ရန် အပေါ်သို့ ်လာသည့် အန်တီလေးနှင့် လှေကားမှာဆုံ၏။

"ဟဲ့ ... စောစောစီးစီး စကိတ်နဲ့ ဘယ်တုန်း ..."

"ဒီလမ်းထိပ်တင်ပဲ အန်တီလေးရဲ့ ... ပုလဲတို့နဲ့ ချိန်းထားတာ၊ ်တ်ပြိုင်စီးပြီး နိုင်တဲ့လူ One Table ကြေး ..."

"လုပ်ပြန်ပြီ ... ခြေကျိုးလက်ကျိုးတွေတော့ ဖြစ်ကုန်တော့မှာပဲ နီနီရယ် ... "

"ဟာ ... အန်တီလေးကလည်း ... နီစီးလာတာပဲ နှစ်ချို့နေပြီ ... စိုးရိမ်တတ်ရန်ကော ... ဒါကြောင့် အပျိုကြီးလေးဖြစ်နေတာကဲ ... သွားပြီ ... "

သူမက အန်တီလေး၏ပါးတစ်ဘက်ကို ရွှတ်ခနဲနမ်းလိုက်ပြီးမှ ပြေးဆင်းလာခဲ့သည်။ အိမ်ပေါက်ဝမှာထိုင်၍ စကိတ်ကို သေချာဝတ်ပြီး ကွန်ကရစ်လမ်းလေးအတိုင်း လေဟုန်စီးလျက် ခြံပြင်သို့ထွက်လာခဲ့သည်။ ဆောင်းတွင်းမို့ မနက်စောပိုင်း ကျန်းမာရေးလိုက်စားသူ အမြောက်အများရှိနေ၏။ ပြိုင်ဘီးစီးသူများ၊ အပြေးလေ့ကျင့်သူများ၊ လမ်းလျှောက်သူများဖြင့် ဓမ္မာရုံလမ်းမကြီးမှာ စည်ကားနေပေပြီ။

ကားလမ်းတစ်လျှောက် ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သန်းလာပြီး ဖမိုင်ခွဲထိပ်၊ ကန်ဘောင်နားအရောက်ဝယ် ပြိုင်ဘီး ၆ စီးကြောင့် လမ်းဘေးသို့ ရှေ့စီးလိုက်၏။ ရှေ့တည့်တည့်မှာ ပြေးနေသည့် အမွေးစုတ်ဖွားခွေးကလေးကို ရှောင်လိုက်စဉ် အရှိန်လွန်၍ တုတ်ကောက်ဖြင့် လမ်းလျှောက်နေသည့် လူတစ်ဦးကို ဝင်တိုးတော့သည်။ အရှိန်ထိန်းမရတော့သဖြင့် ဆွဲမိဆွဲရာဖြင့် ထိုလူကို အားကုန်ဖက်လိုက်မိသဖြင့် နှစ်ဦးသား တစ်ပတ်လည်ပြီးမှ ပလက်ဖောင်းပေါ်သို့ ဘိုင်းခနဲလဲကျသွားတော့၏။

"အား ... "

"ဟာ ... "

ကိုယ်ခန္ဓာကို အတင်းဖက်ထားသဖြင့် သူ့ကိုယ်လုံးအောက်မှာ ကောင်မလေးပိနေ၏။ ဝိတုန်းရောင်ဆံနွယ်ရှည်များက သူ့လည်ပင်း





ကို ထွေးပတ်ထားသည်။ နူးညံ့သည့်အထိအတွေ့တို့နှင့်အတူ ရှိန်းတိန်းတိန်းခံစားမှုတို့ဖြင့် သူရုန်းတော့ ကောင်မလေးက သူ့ကို လွှတ်ပေးလိုက်လေ၏။

"ကန်တော့ ... ကန်တော့ပါ ဦး ... "

သူ့မျက်နှာတစ်ခုလုံး ထူပူကာ ထိုင်လိုက်ရ၏။ ကျွတ် ... ခတ်တော့တာပဲ။ အတုတပ်ထားရသည့် ခြေတစ်ဘက်ကြောင့် အထိုင်အထခက်ပါသည်ဆိုမှ ပြဿနာကဖြစ်ရတယ်လို့။ ကောင်မလေးက ဖျတ်ခနဲသရပ်ကာ သူ့တုတ်ကောက်ကို သွားကောက်၍ ယူလာပေးသည်။

"ဘာဖြစ်သွားသေးလဲဟင် ... နီ တောင်းပန်ပါတယ် ... ပြိုင်ဘီးတွေရော ... ခွေးလေးကိုပါရှောင်ရင်း ဦးကိုဝင်တိုက်မိတာပါ"

သူ ဘာမှပြန်မပြောတော့ဘဲ ... အားယူရန် ကြိုးစားထတော့ ကောင်မလေးက သူ့လက်မောင်းကို တွဲထူပေးလေသည်။ သူ့ကိုယ်လုံးအလေးကြီးကို အားယူ၍ မရသဖြင့် ကောင်မလေး တော်တော်မောသွားပုံရ၏။ တုတ်ကောက်ဖြင့် လမ်းဆက်လျှောက်ရန်လှမ်းစဉ် ကောင်မလေးက သူ့လက်မောင်းတစ်ဘက်ကို လှမ်းဆွဲလိုက်လေသည်။ ရော်က်တော့နေပါပြီ။

"ဦး ... နီ့ကို တစ်ခုခုပြောခဲ့ဦးလေ ... "

သူ မျက်နှာတည်တည်ဖြင့် ကောင်မလေးကိုကြည့်လိုက်တော့ သူ့လက်မောင်းကို ကိုင်ထားသည့် လက်ကလေးက အလိုလိုလွှတ်ပြီးသားဖြစ်သွား၏။ စူးရဲသည့်အကြည့်ကြောင့် သူမ မျက်လွှာလေးအသာလိုက်စဉ် သူ ဆက်လျှောက်သွားတော့သည်။

"ဟဲ့ ... ဘာကိုရပ်ကြည့်နေတာတုန်း ... "

"ဟယ် ... ဒါဒါရယ် ... လန့်လိုက်တာ ... "

"နင် ဘာကို တမေ့တမောငေးနေတာလဲ နီနီ ... ငါတို့ကြည့်နေတာကြာပြီ ... "

သူမ လျှို့ဝှက်စွာပြုံးလိုက်မိ၏။ သင်းတို့သိလို့မဖြစ်သေးပါဘူး။ သင်းတို့က စိတ်ချရတာမဟုတ်။ သူမကြိုက်သည့် ရုပ်ရှင်မင်းသားဆိုလည်းလိုက်လု ... Model boy ဆိုလည်းလုတာပဲ။ အဆိုတော်ကောင်လေးတွေကအစ လိုက်လိုက်လုကြိုက်လို့ ... ရန်ဖြစ်စကားများရတာအကြိမ်ကြိမ် ... နေရာတကာ ပွင့်လင်းတိုင်းလည်းကောင်းတာမဟုတ်၊ လျှို့ဝှက်သင့်တာကို လျှို့ဝှက်ထားမှဖြစ်မည်လေ ... ။

"အံမယ် ... ငါးသလောက်ပြုံးနေသေး ... မိန်းမ နင်မရိုးတော့ဘူး ... "

"အပိုတွေပြောမနေနဲ့ ... လာ ... ကြေးအိုးဆီချက်အဝစားဖို့အရေး ပြိုင်ပွဲစမယ် ... "

"သူ့ဗိုက်ကလေးက တော်တော်ဆံ့တာကျနေတာပဲ၊ အလကားလောင်းကြေးနိုင်ဖို့ပဲ အားထားပြီးတော့ ... "

"လျှာရှည်မနေပါနဲ့ ပုလဲရယ် ... စမှာသာ စကြရအောင် ... Ready ... "

"OK ... 1 ... 2 ... 3 ... "

သူမတို့သုံးဦးသား စကိတ်ပြိုင်ပွဲစပြီ။ အမြဲပင် သူမအနိုင်ရနေကျမို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုတို့သည် မသိမသာခုန်လှုပ်နေသည့် ရင်ခုန်သံတို့ကြောင့် လွဲချော်ခဲ့ရဲလေ၏။ အလယ်လမ်းကြောမှ ပုလဲ၏လမ်းကြောင်းထဲ ချော်အဝင် ပုလဲက ဆက်ခနဲခုန်ရှောင်လိုက်သဖြင့် သူမသာ ဗိုင်းခနဲလဲကျလေတော့သည်။ ကံမကောင်းလိုက်တာနော် ... ။





"ဟဲ့ ... ရလား ... "

ဘေးနားပြန်ရောက်လာသည့် သူငယ်ချင်းတွေကို ချက်ချင်းပြန်မဖြေနိုင်ဘဲ ဘယ်ဘက်ခြေထောက်ကို ဆုပ်ကိုင်လျက် မျက်ရည်ကတပေါက်ပေါက်ကျလာတော့၏။

"ဟယ် ... နီနီ ... ဘာဖြစ်သွားလဲ ... "

"ခြေထောက်ကျိုးပြီထင်တယ် ... အရမ်းနာနေပြီ ... အား"

"ဟော ... ဆေးခန်းပြမှပေါ့ ... ထလို့ရမလား ... ငါတို့တွဲမယ်လေ ... "

"အာ ... မရဘူး ... နာတယ် ... နာတယ် ... "

"ကြိုးစားကြည့်ပါဦး နီနီရယ် ... ဒီရှေ့နားလေးတင် ဆေးခန်းအသစ်ဖွင့်ထားတာ (၇)နာရီဆိုဖွင့်ပြီ ... လာ ... သွားပြကြရအောင်"

စကိတ်တွေ အကုန်လုံးချွတ်၍ ခြေဗလာဖြင့် ဆေးခန်းရှိရာသို့ အတူတွဲ၍လျှောက်လာခဲ့၏။ အခုမှ (၆)နာရီကျော်သာရှိသေးသည်မို့ ဆေးခန်းဖွင့်ပါဦးမလား။ လိုက်ကာအဝါလေးကာထားသည့် ပြတင်းပေါက်ပွင့်နေသဖြင့် ကြိုးစားပြီးလျှောက်ခဲ့ရသည်။ ဆေးခန်းဝမှာချိတ်ထားသည့် ဆိုင်းဘုတ်ကိုမော့ကြည့်လိုက်ပါ၏။

**ဒေါက်တာမင်းခန့်အိမ်**

**M.B.B.S (Ygn).**

သုံးယောက်သား ပိတ်ထားသည့်တံခါးရှေ့မှာ ရပ်လိုက်ကြ၏။

"ဆရာ ... ဆရာ ... ဆေးခန်းပြချင်လို့ရမလားရှင် ... "

"တံခါးစေ့ထားတယ် ... ဝင်ခဲ့ပါ ... "

တံခါးကို အသာတွန်းလိုက်တော့ ရှေ့ခန်းထဲမှာ ခုံတန်းတွေသာရှိနေသည်။ အတွင်းခန်းသို့ဝင်ရန် လိုက်ကာအဝါလေးကို မ,လိုက်

စဉ် ကြွေဇလုံထဲ၌ လက်ဆေးနေသည့် ဆရာဝန်ကို နောက်ကျောမှ မြင်ရ၏။

"ခုတင်မှာထိုင်ပါ ... ဘာဖြစ်တာလဲ ..."

"ချော်လဲလို့ ..."

သူက လက်သုတ်ပဝါဖြင့် လက်ကိုသုတ်ရင်း လှည့်ကြည့်လိုက်တော့ ခုဏက သူ့ကိုဝင်တိုက်ခဲ့သည့် ကောင်မလေးကိုမြင်လိုက်ရလေသည်။

"မကြီးမငယ်နဲ့ ချော်လဲရတယ်လို့ ..."

"စကိတ်စီးရင် လဲကျတဲ့ဟာကို ..."

"မကျွမ်းကျင်ရင် မစီးနဲ့ပေါ့ ... မင်းကြောင့် သူတစ်ပါး ခါးနာခေါင်းကွဲဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ ... အခုပဲကြည့် ... ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲ နာလာပြီ မဟုတ်လား ..."

"နီ စကိတ်စီးတာ ကျွမ်းကျင်ပြီးသားပါ ဦးရဲ့ ... ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်တာကို အပြစ်လိုက်ပြောနေတာပဲ ..."

"ဟဲ ... နီနီ ... ဒေါက်တာ့ကို ..."

သူက လက်သုတ်ပဝါကို တန်းပေါ်လှမ်းလိုက်ပြီး သူမထိုင်နေသည့် ခုတင်နားလာရပ်လိုက်၏။

"ပြော ... ဘယ်နေရာလဲ ..."

"ညာဘက်ခြေမျက်စိနား ..."

"ခြေထောက်ကို အပေါ်တင်လေ ..."

"ဟင့် ... နာနေပါတယ်ဆိုမှ ... အား ..."

သူက သူမခြေထောက်နှစ်ဖက်စလုံးကို ခုတင်ပေါ်တင်လိုက်သဖြင့် သူမ အသံထွက်အော်လိုက်ပြီး မျက်နှာလေးပါရဲသွား၏။ ဖြောင့်





င်းလှပသည့် ပေါင်တံသွယ်သွယ်လေးက ဝတ်ထားသည့်ဘောင်းဘီ ဲ့ အနီရောင်ကြောင့် ဖြူဝင်းနေလေသည်။ သူက ခြေမျက်စိနေရာ ဲ့ အသာနှိပ်လိုက်၏။

"အား ... နာတယ် ... အရမ်းမလုပ်ပါနဲ့ ..."

"သေချာစစ်ပြီးမှ ကုလို့ရမှာပေါ့ ကလေးမရဲ့ ... တော်ကြာ တ်ရတောက်ရရင် ဘယ်လိုလုပ်မလဲ ..."

"ဟင် ... ချော်လဲရုံနဲ့တော့ ခြေထောက်မဖြတ်ရလောက်ပါဘူး။ ကြာက်ပါတယ်ဆိုမှ ဖြဲခြောက်နေပြန်ပြီ ... အီး ..."

မျက်ရည်တွေကျ၍ ငိုလိုက်သည့်ကောင်မလေးကိုကြည့်၍ သူ တ်ထဲမှ ပြုံးလိုက်မိ၏။ ခေတ်ကာလသမီးတွေများ တယ်မလွယ်ပါ ား။ ကြည့်ပါဦး။ အလွန်ဆုံးရှိလှ အသက်(၁၈)နှစ်ပေါ့။ ခပ်ရဲရဲ ခပ်ကဲ ဲ ကောင်မလေးကို စိတ်ခုနေရာမှ ရယ်ချင်လာတော့သည်။ ဒါကြ ာ့ ကြောက်တတ်သား။ နံဘေးနားရပ်နေသည့် ကောင်မလေးနှစ် ယောက်ကလည်း သူ့ကို မျက်လုံးပြူးကြီးဖြင့် ကြည့်နေလေ၏။ သူ ကောင်မလေး၏ခြေဖနောင့်နှင့် ခြေဖမိုးကို လက်နှစ်ဖက်ဖြင့်ကိုင်၍ တ်ခနဲ လှည့်ပစ်လိုက်သည်။

"အား ..."

"ကဲ ... ပြီးပြီ ... ထလျှောက်ကြည့်တော့ ..."

"ဟင် ... ဟုတ်လို့လား ..."

သူက သူမ၏လက်မောင်းလေးကို ဆွဲ၍မတ်တတ်ရပ်စေလျက် မ်းလျှောက်ခိုင်းလိုက်၏။ နှစ်လှမ်းသုံးလှမ်းမှာ တစ်ချက်ယိုင်ပြီး သူ့ ရှ့ကို လည်ကျလာသဖြင့် ဖမ်းထိန်းလိုက်ရသည်။ သူ့သက်ပြင်းငွေ့ ွေးနွေးက သူမမျက်နှာကို ဟပ်သွားလေ၏။

"ရှိ ... ပြန်တော့ ..."

"ဆေးဖိုးဘယ်လောက်ပေးရမလဲဟင် ..."

"ဘယ်လောက်မှမပေးနဲ့ ... ဘာမှလည်းကုရတာမဟုတ်ဘူး"

"ဟင် ... ဒါဆို နီက ဆေးအလကားလာကုသလိုဖြစ်နေမှာပေါ့"

"ကဲ ... ပြန်မှာသာပြန်ပါ ... အရှေ့မှာ လူနာတွေစောင့်နေပြီ၊ လျှာရှည်မနေနဲ့ ... သွားတော့ ..."

သူမ နှုတ်ခမ်းလေးစူသွားရပြီး သူ့ဆေးခန်းမှ ထွက်လာခဲ့ရ၏။ တကယ်ပဲ ရှေ့ခန်းမှာ လူနာတွေပြည့်နေပါရောလား။ ဆိုက်ကားတစ်စီးကိုတား၍ သူမကို တင်ပေးကာ စန္ဒာနှင့် ပုလဲတို့ စကိတ်ဖြင့် ပြန်သွားကြလေသည်။ သူကိုင်ပေးလိုက်သည့် ခြေထောက်ကို ငုံ့ကြည့်လိုက်ရင်း ကျေကျေနပ်နပ်လေးပြုံးလိုက်မိသည်။ မင်းခန့်အိမ်တဲ့။ ဘယ်လောက်တည်ငြိမ်ခန့်ထည်တဲ့အမည်လဲ ...။ သူမ ပခုံးလေးကို တွန့်လိုက်မိတော့သည်။





(၂)

"ဟာ ... မသွားချင်ပါဘူး ... အကြိုင့်ကိုပဲ လွှတ်ပါလား"

"ဟဲ့ ... ခြော် ... ကိုယ့်အိမ် ဘုရားကိုးဆူပင့်တာ အိမ်ရှင်ကိုယ်ိုင်လိုက်ဖိတ်မှပေါ့ သမီးရယ် ... တခြားအိမ်တွေကို အကုန် မာမီဖိတ်းပြီ ... ဟိုဘက်တစ်အိမ်ပဲကျန်တော့တာ ... လူသစ်မို့ မရင်းနှီးလို့ဘဲမဝင်ရဲဘူး ... သမီးက ကလေးပဲ ... သွားလိုက် ..."

"အာ ... ခွေးတွေဘာတွေရှိရင် ဘယ့်နှယ်လုပ်မလဲ မာမီရဲ့"

"အော်ခေါ်ပြီးဝင်သွားပေါ့ ..."

"ဘယ်လိုအော်ခေါ်ရမှာလဲ ..."

"ကြည့် ... နီနီနော် ... ပြောလိုက်ရင် ကပ်တီးကပ်ဖဲ့လုပ်ပြီ၊ ယ်ငယ်တုန်းကတော့ အဲဒီခြံထဲဝင်ဆော့နေပြီး ခုမှ ..."

"ဟာ ... အန်တီလေးကလည်း ... အဲဒီတုန်းက ပြည့်စုံတို့နဲ့

ရင်းနှီးတာကိုး ... အခု အိမ်ရှင်အသစ်က ဘယ်သူမှန်းမသိ"

"မရဘူး ... သွား ... ရအောင်ဖိတ်လာခဲ့ ... မနက်ဖြန်ပဲ ပွဲကစပြီ ... သူတို့အိမ်မဖိတ်မိတော့ ကောင်းမလား ... သူတို့လာလာ မလာလာ ... ဖိတ်ဖို့က ကိုယ့်တာဝန် ... သွား ... "

သူမ ထိုင်နေရာမှ ထထွက်ခဲ့တော့ မာမီက အလန့်တကြား ပြောလိုက်ပြန်သည်။

"ဟဲ့ ... ဂျင်းဘောင်းဘီတိုလေးဝတ်ထားပြန်ပြီ ... နီနီနော်၊ အရွယ်က မငယ်တော့ဘူး ... လုံခြည်ဝတ်ပါဆိုလည်းမရ ... "

"အာ ... ဒီအတိုင်းပဲသွားမယ် ... ဟိုဘက်အိမ်ပဲဟာကို ... မာမီပဲ ခုနကတော့ နီ့ကို ကလေးဆို ... "

"ကဲ ... ကြွကြွ ... တကတည်း ... မအေထက်တစ်လကြီးတဲ့ ဟာလေး ... "

သူမ ချောကလက်ပြားကိုကိုက်ရင်း တစ်ဘက်ခြံကို လျှောက်လာခဲ့၏။ ခြံရှေ့သစ်သားတံခါးအပေါ်မှ ဂလန့်ကွင်းလေးကို ခြေဖျားထောက်၍ ဖြုတ်ကာ ခြံထဲဝင်လိုက်သည်။ မြက်ခင်းစိမ်းကျယ်ကျယ်၊ နှင်းဆီပန်းတွေ ဖွေးနေအောင်ပွင့်နေသည်က ဟိုးအရင်အတိုင်း တစ်ထပ်တိုက်ဖြူဖြူလေးဆီ ခပ်မှန်မှန်လျှောက်ပြီး လူခေါ်ဘဲလ်ကို နှိပ်လိုက်ပါ၏။

"တင်းတောင် ... တင်းတောင် ... "

"ဂီး ... "

အနောက်မှပေါ်လာသည့်အသံကြောင့် သူမ လှည့်ကြည့်လိုက်တော့ အယ်လ်ဖေးရှင်းခွေးညိုကြီးက သွားအဖြဲသားဖြင့် သူမအနောက်မှာ ရောက်နေလေ၏။ အသံတောင်မထွက်ရဲတော့ဘဲ တံခါးပေါက်ကို





ကျောမှီ၍ ပြားနေအောင် ကပ်ထားလိုက်ပါသည်။ ဘုရား ... ဘုရား၊ သူမကို ခုန်အုပ်တော့မှာပါလား ... ။ ဝုန်းခနဲ ခုန်သံနှင့်အတူ သူမ အသံကုန်အော်လိုက်မိတော့သည်။

"အား ... "

ပွင့်သွားသည့်တံခါးမှ ပက်လက်လန်၍ လဲကျသည့် သူမကို နောက်ကျောမှ သူ ဆီးပွေ့လိုက်ရ၏။ မျက်စိစုံမှိတ်၍ အော်သံက သူ့ ားထဲမှာ စူးခနဲ ဘရောင်နီက သူမ၏ဂျင်းဘောင်းဘီအနားစကို ဆွဲ ားလေသည်။

"ခွေးကြီး ... ခွေးကြီး ... "

သူမ လက်တွေရော ခြေတွေပါ တဆတ်ဆတ်တုန်၍ အော်နေ ဖြင့် သူမ၏ပါးလေးကို ခပ်သာသာလေးရိုက်ကာ သူ သတိပေးလိုက် သည်။

"ဟိတ် ... ချာတိတ် ... ချာတိတ် ... "

သူမ မျက်လုံးလေးများ ဖျတ်ခနဲပွင့်ကာ သူ့ရင်ခွင်ထဲမှနေ၍ ခြရင်းကိုငုံ့ကြည့်လိုက်၏။ ခွေးကြီးက သူမပေါင်ကို ခွထားလျက်သား။

"အား ... ပေါင်သားတွေတော့ ပဲ့ကုန်ပါပြီ ... အား ... ဟား ား ... "

"ဘြော် ... ကျွတ် ... Browny, go away, go ... ဘြော် ... င်းလက်ထဲက ချောကလက်ကြောင့်ကိုး ... ကဲ ... သူ့ကိုချကျွေး ိုက်ပါ နီနီ ... သူက ချောကလက်သိပ်ကြိုက်တာ ... မင်းက ချော လက်စားပြီး ခြံထဲရောက်လာတာကိုး ... "

"မကျွေးရဲဘူး ... တော်ကြာ နီ့လက်ကို ကိုက်လိုက်ရင် ဘယ်လို ပ်မလဲ ဦးရဲ့ ... "

"ကျွေးလိုက်ပါ ... မကိုက်ပါဘူး ..."

သူမ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် လက်ထဲမှ ချောကလက်ကို လှမ်းကျွေးတော့ ခွေးကြီးက ဖျတ်ခနဲယူကာ ညှော်ခန်းထောင့်မှာ သွားစားနေတော့သည်။ အခုမှ သူမ သက်ပြင်းကိုချလိုက်ရ၏။ အမလေးနော်။ အသည်းကိုတုန်သွားတာပဲ ... ။

သူက ဘာမပြော ညာမပြောဖြင့် သူမဂျင်းဘောင်းဘီအနားစကို အသာလှပ်ကြည့်လိုက်သဖြင့် သူမ ဆတ်ခနဲ တွန့်သွားပါ၏။

"ကျွတ် ... သွားနဲ့ခြစ်မိသွားတာပဲ ... ဆေးထည့်ရမယ် ... ကာကွယ်ဆေးထိုးရမယ် ... လာခဲ့ ..."

"ဟင် ... ဆေးမထိုးချင်ပါဘူး ..."

"မထိုးလို့ရမလား ... ခွေးကို ကာကွယ်ဆေးထိုးထားပေမဲ့ လူလည်းထိုးဖို့လိုတာပဲ ... လာ ..."

သူက သူမကို အိပ်ခန်းထဲရှိ ခုတင်ပေါ်လှဲခိုင်းလိုက်သဖြင့် သူမ မျက်လုံးအစုံပြူးကျယ်နေတော့။ အနာကို အရက်ပြန်ဖြင့် သုတ်ပေးပြီး ဆေးထည့်ကာ ပလာစတာကပ်ပေး၏။ ထို့နောက် တစ်ခါသုံးအပ်နှင့် ဆေးကိုစုပ်ယူကာ ပြွန်ထဲမှ လေကို ပြန်ထိုးထုတ်လိုက်ပြီး သူမအနီးသို့ ပြန်ရောက်လာသည်။

"အား ... မထိုးချင်ဘူး ..."

"မထိုးလို့မရဘူး ... ကဲ ... မှောက်အိပ် ..."

သူမ မျက်နှာလေးရဲရဲနီလျက် ခေါင်းအုံးပေါ်မှောက်အိပ်လိုက်တော့ တင်ပါးဆီမှ စစ်ခနဲအောင့်သွားခြင်းနှင့်အတူ ခေါင်းအုံးမှ သင်းပျံ့ပျံ့ရနံ့ကို ရှူရှိုက်လိုက်ရ၏။ မွှေးလိုက်တာနော်။

"ကဲ ... ရပြီ ... ထတော့ ... ပြောပါဦး ... ဘာကိစ္စ ငါ့ခြံထဲ





င်လာတာလဲ ..."

"မာမီက ဘုရားကိုးဆူပွဲ ဖိတ်ခိုင်းလိုက်လို့ပါ ..."

"ဖြစ်ရမယ် ... မင်း ငါ့ဆီလာတိုင်း တစ်ခုခုဖြစ်လိုက်ရမှနော်၊ ါ ဆရာဝန်ဖြစ်နေလို့ ကံကောင်းတယ်မှတ် ... နို့မို့ မင်း ဆေးဖိုးနဲ့ မွဲ ာ ..."

"ဟမ် ... ဦးကလည်း ... အခု ဆေးဖိုးက တောင်းစရာလား၊ ဦးရဲ့ခွေးကြောင့်ဖြစ်တာ နိကတောင် လျော်ကြေးရရမှာ ..."

"ဒါတော့ သိတတ်သားပဲ ... ငါ့ခွေးက ခြံပြင်ထွက်ကိုက်တာ ဟုတ်ဘူး ... မင်းက ခြံထဲဝင်လာလို့ အကိုက်ခံရတာ မဟုတ်လား၊ ယ်သူ့အလွန်လဲ ... ပြောပါဦး ..."

"ဟွန်း ... ဦးနဲ့တွေ့တိုင်း နိပ်ပဲ အမြဲရှုံးရတယ် ... မကျေနပ်ပါ ားနော် ..."

သူက နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ပြီး ရေချိုးခန်းထဲမှာ လက်ဝင် သးကာ ပြန်ထွက်လာခဲ့၏။ သူမက အိမ်ပြင်ထွက်ရန် ခွေးကြီးကို ချောင်းကြည့်စဉ် ညှော်ခန်းထောင့်မှာ ရှိမနေတော့ချေ။ ဘယ်ရောက် ွားတာပါလိမ့်။ ခြေသလုံးဆီမှ အေးစက်စက်အသိကြောင့် အလန့် ကြားထခုန်လိုက်မိ၏။

"အား ..."

"ဝေါင်း ..."

"ဟာ ... ငြိမ်ငြိမ်သွားလေ ... ဘယ်လိုဖြစ်တာလဲ ..."

"ဦးရဲ့ခွေးကြီးက ခြေထောက်ကိုလာနမ်းတာကိုး ... မလန့်ဘဲ နေမလား ..."

"အနံ့မှတ်တာပါကွာ ... မင်းကလည်း ... Browny, don't

touch her, go, go ... ”

ခွေးကြီးက သူ့စကားကိုနာခံလျက် ခြံနောက်ဘက်ထွက်သွားတော့သည်။ သူက သူမကို ခြံဝအထိပြန်လိုက်ပို့လေ၏။ ခြံစည်းရိုးနားအရောက်မှာ သူမက သူ့ကိုမော့ကြည့်လိုက်ပါသည်။

“ဦး ... နို့ကို ပန်းတစ်ပွင့်လောက်ပေးပါလားဟင် ... ”

“ဘာလုပ်ဖို့လဲ ... ”

“ပန်ဖို့ပေါ့ ... ”

“မင်းက ... ပန်မလို့ ... ”

“အင်းလေ ... ”

သူက သူမပုံစံကိုကြည့်၍ ခေါင်းခါလိုက်ပါသည်။ ပန်းအိုးများရှိရာဆီသွား၍ အဝါရောင်နှင်းဆီကို ခူးရန်ရွယ်စဉ် သူမထံမှ တားမြစ်သံပေါ်လာ၏။

“ဟင့်အင်း ... နို့ အဝါရောင်မကြိုက်ဘူး ... ”

“ဒါဖြင့် ဘာအရောင်ယူမှာလဲ ... ”

“အနီရောင် ... ”

သူ့ မျက်ခုံးအစုံပင့်တက်သွားရ၏။ ဒီကလေးမတော့ ပန်းအနီရောင်ရဲ့ရာဇဝင်ကို မသိလေရော့သလား။

“ဒါပဲ ယူပါ ... ”

“အာ ... အနီပဲကြိုက်တာပါဆိုနေမှ ... ”

“အနီရောင် မပန်ကောင်းဘူးလေကွာ ... ”

“ဟွန်း ... နို့ဖြင့် အယူမသီးပေါင် ... အနီရောင်ပဲပေး ... ”

“အေး ... မင်း ရည်းစားဦးနဲ့လွဲရင် ငါ့တာဝန်မဟုတ်ဘူးနော်၊ ရော့ ... ”





သူမက သူလှမ်းပေးသည့် အနီရဲရဲနှင်းဆီလေးကိုယူ၍ ပြုံးလိုက်သည်။ အယူကလည်းသီးပ့ါ။

“ဘယ်သူပြောသံလဲ ... ရည်းစားဦးနဲ့ လွဲတတ်တယ်လို့ ... ခရေးချမယုံပေါင် ... ကျေးဇူးပဲ ... သွားပြီ ... ”

ခြံပြင်ထွက်၍ ပြန်သွားသည့် ကောင်မလေးကို လှမ်းကြည့်၍ ပြုံးကိုချလိုက်မိ၏။ မလွယ်ပါလား။ သူ့အသက်ထက် ခေါက်ချိုးသိလွှန်းနေသည့် မိန်းကလေးကြောင့် ရင်မောနေရပါလားလေ။

(၃)

"ကဲ ... ပြီးပြီ ... ညည်းသည်တွေရှေ့မှာ ဣန္ဒြေရရလည်းနေဦး ရှုစိထမနေနဲ့ ..."

အန်တီလေးက သူမကို ကျစ်ဆံမြီးနှစ်ဘက်ကျစ်ပေးလျက် နှင်းဆီအနီကိုပန်ပေးရင်း ပြောလိုက်၏။ မှန်ရှေ့မှာ ထရပ်လိုက်တော့ တီရှပ်အဖြူလေးပေါ်မှ ချိုင်းပြတ်ဂျင်းအရှည်ကို ဝတ်ထားတာမို့ ခြေသ သလုံးအထိ လုံလုံခြုံခြုံရှိနေပါသည်။ ဒီStyle ဆိုရင်ဖြင့် လူကြီးမျက်စိ မနောက်လောက်ပါဘူးနော်။ နားပေါက်မှာ ပတ္တမြားနားဆွဲလေးပန် ထားပြီး ပတ္တမြားလောကက်သီးလေးပါသည့် ဆွဲကြိုးမျှင်မျှင်က ခပ်တို တို။ လက်ထဲမှာ Hand-Chain ခပ်ပါးပါးလေးနှင့် ပတ္တမြားလက်စွပ်က ဟိုဘက်တစ်ကွင်း ဒီဘက်တစ်ကွင်း ... ခြေထောက်မှာလည်း ... Foot-Chain ကို ဝတ်ထားသေး၏။





ခြံဝသို့ထွက်ရင်း ညည့်ကြိုအလုပ်ကို သူမ လုပ်နေရ၏။ ခြံစည်းရိုး ခြင့်ကြီးကာထားသည့် ဟိုဘက်ခြံကို လှမ်းလှမ်းမျှော်ကြည့်ရတာ ည်းအမော။ လာမှလာပါ့မလား။ အို ... သူများကောင်းမှုကုသိုလ် ပ်တာကို လာသင့်တာပေါ့။ မလာရင် ဒီလူကြီး ဒိဋ္ဌိဖြစ်မှာ ... ။ တွေးဖြင့် ကျိတ်ပြုံးလိုက်စဉ် ဒါဒါနှင့် ပုလဲက သူတို့မိဘတွေနှင့်အတူ ာက်လာလေ၏။

"ဟယ် ... ငါတို့နီနီလေး အရမ်းလှနေပါလား ... မှန်း ... ့းလား ..."

"ရှုတ် ..."

"နှာဘူးမ ... ငြိမ်ငြိမ်နေစမ်း ... ငါ အလှတွေပျက်ကုန်တော့မှာ ... ဒီမှာ မနည်းရှိုးထုတ်ထားရတာဟဲ့ ..."

"အောင်မာ ... လူကြီးတွေပဲလာကြတဲ့ပွဲမှာ နင်က ဘယ်သူ့ကို ှတ်ပြချင်တာလဲ ..."

"ရှူး ... တိုးတိုးပြောပါဟဲ့ မိဒါရဲ့ ... တကတည်းမှ အာခြလျှာ နဲ့ ..."

"ပြောလော ... နင်လျှိုမထားနဲ့ ... Handsome လေးဆိုရင် ဘို့လည်းပါမယ် ..."

"ရမယ် အားကြီးကြီး Handsome လေးတော့ မဟုတ်ဘူး ndsome ကြီးဟေ့ ... Handsome ကြီး ..."

"ဟင် ... စာကလေးကို အမြောက်နဲ့ ချိန်ထားတယ်ပဲကြားဖူး ယ် ... နင့်အလှည့်ကျမှ ပြောင်းပြန်ကြီး ..."

"တိတ်တိတ်နေပါဆိုနေမှ ... သွား ... အိမ်ထဲမှာသွားထိုင်"

"ဟေ့အေး ... မရဘူး ... ဒီမှာပဲရပ်စောင့်မယ် ..."

"ပြီတ္တာမတွေ ... ဝင့်လည်ပါစေတော် ... "

သူမက တီးတိုးကျိန်ဆဲလိုက်စဉ် တစ်ဘက်ခြံမှ ထွက်လာသည့်
လူကြီးကို မြင်လိုက်ရ၍ ဆတ်ခနဲ ခုန်လိုက်မိ၏။ အင်္ကျီအဖြူလက်ရှည်
ကို ခေါက်ဝတ်ထားပြီး ယောပုဆိုးအနက်ကွက်လေးဖြင့် ကျက်သရေ
ရှိနေသည့် သူ့ကို အပြေးကြိုလိုက်ပါသည်။

"ဟင် ... ဦးကလည်း ... ကတ္တီပါမစီးဘဲ ကွင်းစွပ်ကြီးနဲ့"

"ငါ့ခြေထောက်က ခြေညှပ်ဖိနပ်စီးလို့မရဘူးလေ ချာတိတ်မရဲ့"

သူမ အလန့်တကြားဖြင့် သူ့ခြေထောက်ကို ငုံ့ကြည့်လိုက်တော့
ဘယ်ဘက်ခြေထောက်က အတုတပ်ထားသည်ကို မြင်လိုက်ရလေ၏

"ဟင် ... ဦးခြေထောက်က ဘာဖြစ်တာလဲ ... "

"Accident ဖြစ်တုန်းက ဖြတ်ပစ်လိုက်ရတာ ... "

"ဩော် ... "

သူမ သူ့လက်ကိုတွဲလိုက်ရင်း မျက်ရည်တို့ဝဲသွားရသည်။ စန္ဒာ
နှင့် ပုလဲက သူ့ကိုမြင်သည်နှင့် ပြုံး၍နှုတ်ဆက်လိုက်ပြီး အိမ်ထဲဝင်ပြေး
ကြလေ၏။ လှေကားမှတစ်ဆင့် အပေါ်ထပ်ဘုရားခန်းမှာ ဘုရားကန်
တော့ပြီး အောက်ထပ်မှာ ကြာဆံချက်ကျွေးနေခြင်းဖြစ်၍ လှေကား
ကို သူ တက်လိုက်သည်။

"ဦး ... ထိုင်ရခက်ရင် မတ်တတ်ပဲကန်တော့လိုက်နော်"

"အင်း ... "

သူက နဖူးမှာ လက်အစုံအပ်လျက် ဘုရားကို အာရုံပြုပြီး
ကန်တော့လိုက်ပါသည်။ လှေကားမှ ဖြည်းဖြည်းချင်းဆင်းလာတော့
သူမက သူ့ကို အိမ်နောက်ဘက်ထမင်းစားခန်းဆီသို့ တွဲခေါ်လာခဲ့၏

"ဟယ် ... ကိုခန့် ... "





"ဟောဗျာ ... စပယ်ပါလား ... "

"ဟုတ်တယ် ... ကိုခန့်က ဟိုဘက်ခြံပြောင်းလာတဲ့လူသစ်ပေါ့
ဟုတ်လား ... "

"ဟုတ်တယ် ... "

သူမ နှုတ်ခမ်းလေးစူသွားရ၏။ ကြမ်းပြင်ထက် ဖျာပေါ်မှာ
ထိုင်ရခက်မှာစိုး၍ ထမင်းစားခန်းထဲခေါ်လာပါသည်ဆိုမှ အန်တီလေး
နှင့် မိတ်ဟောင်းဆွေဟောင်းတွေ ဖြစ်နေလေပြီ။

"စားနော် ကိုခန့် ... အားမနာနဲ့ ... လိုတာရှိရင်ပြော ... "

အန်တီလေးက လူကြီးပန်းကန်ထဲသို့ ကြာဆံချက်ပူပူလေးကို
ထည့်ပေးလိုက်ပြီး လိုက်ပွဲပန်းကန်လုံးကြီးထဲမှ ကြက်သားဖတ်၊ ငါး
ဆုပ်လုံးနှင့် ငုံးဥများကို ဆယ်ထည့်ပေးလေ၏။ လူကြီးမျက်နှာက
ခပ်ပြုံးပြုံး။

သူမပန်းကန်လုံးတစ်ခုယူ၍ ကြာဆံချက်ထည့်ကာ လူကြီး၏
ဘေးခုံမှာ ဝင်ထိုင်လိုက်ပါသည်။ ရေတ်သီးမှုန့်တစ်ဇွန်းခပ်၍ သူ့ပန်း
ကန်ထဲထည့်ကာ ဇွန်းထဲကျန်တာကို သူမပန်းကန်ထဲထည့်လိုက်၏။
ငံပြာရည်နှင့် အချဉ်ကိုလည်း ထိုအတိုင်းလုပ်လိုက်သဖြင့် သူ တအံ့
တသြလှည့်ကြည့်လာသည်။

"အန်တီလေးက လိုလေသေးမရှိ ဧည့်ခံနေတော့ နီက ဦးကို
ဧည့်ခံစရာမရှိတော့ဘူးလေ ... ဒါကြောင့်ပါ ... "

သူက ပြုံး၍ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပါ၏။ သူမထည့်ပေး
ထားသည်တို့ကို နှံ့အောင်မွှေလိုက်သည်။

"ဒါတွေအကုန်စားပြီးရင် အချိုတစ်ခုခုကျွေးမှာလား နီနီ"

သူမ လှစ်ခနဲပြုံးလိုက်မိ၏။ ကြည့်စမ်း ... ဟုတ်သားပဲ။ အချို

ပွဲကျွေးဖို့ ကျန်နေသေးတာပဲ ... ။

"အင်း ... ကျွေးမှာပေါ့ ဦးရဲ့ ... "

"ဒါဖြင့် စားပြီးနော် ... "

နောက်ဘေးဘက်ဝင်သွားသည့် အန်တီလေး ပြန်ထွက်လာတော့ လက်ဖက်ပန်းကန်နှင့်အတူ ဆနွင်းမကင်းနှင့် ကျောက်ကျောအချိုပွဲတွေပါလာလေ၏။ သူမမျက်နှာလေး လင်းပုပ်ဖမ်းသွားတော့သည်။

"အခု ဘယ်သူနဲ့အတူနေသလဲ ကိုခန့် ... "

"ထုံးစံအတိုင်း တစ်ယောက်တည်းပါပဲ စပယ်ရယ် ... "

"ခုထိ အိမ်ထောင်မပြုသေးဘူးပေါ့ ... "

"အင်း ... ကိုယ့်ကိုသာပြောနေ ... စပယ်ကရော အိမ်ထောင်ပြုပြီးပြီလို့လား ... "

"အာ ... ကိုခန့်ကလည်း ... "

အန်တီလေးမျက်နှာ ရဲခနဲဖြစ်သွားတော့ သူက ခပ်တိုးတိုးရယ်လိုက်ပါ၏။ ထို့နောက် မျက်နှာပြန်တည်သွားပါသည်။

"စပယ့်ကိုတွေ့တော့ ကိုယ် စံကိုပိုသတိရသွားတာ အမှန်ပဲ"

"အင်း ... ဘာလိုလိုနဲ့ စံဆုံးသွားတာ (၁၀)နှစ်ရှိပြီနော်"

"ဟုတ်တယ် ... ကိုယ်ကတော့ သူ့ကို တစ်ရက်မှမမေ့ပါဘူး၊ အမြဲသတိရနေဆဲပါ ... "

သူက ကြာဆံချက်စားခြင်းကို လက်စသတ်ကာ ပါးစပ်သုတ်လိုက်ပါ၏။

"အချိုပွဲစားဦးလေ ကိုခန့် ... "

"မစားတော့ပါဘူး စပယ် ... "





"ဟယ် ... ဘာဖြစ်လို့လဲ ... ရင်ပြည့်သွားလို့လား ... "

"မဟုတ်ပါဘူး ... အချိုကျွေးမဲ့လူကို ကတိပေးထားပြီးသား ပါ ... "

"ဘယ်သူ့ကိုလဲ ... "

"နီနီလေ ... "

သူမ ဝမ်းသာအားရဖြင့် ထိုင်ခုံမှ ဖြုန်းခနဲထရပ်လိုက်ပြီး ရေခဲ သေတ္တာထဲမှ ချောကလက်နှစ်တောင့်ကို အပြေးယူခဲ့ပါသည်။

"ရော့ ... ဒါက ဦးဖို့ ... နောက်တစ်ခုက ဘရောင်နီဖို့ ... "

သူက ခပ်ပြုံးပြုံးဖြင့် ချောကလက်ကို အိတ်ကပ်ထဲထည့်လိုက် တော့ သူမက တစ်တောင့်ကို ပြန်နှိုက်လိုက်ပါသည်။

"အဲဒီလိုမလုပ်နဲ့လေ ... တော်ကြာ အိမ်ရောက်ရင် ဘရောင်နီ ... အကုန်ကျွေးလိုက်တော့ ဘယ့်နှယ်လုပ်မလဲ ... မရဘူး ... အခု ချင်းတစ်ခုစားပါ ... "

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... "

သူက ချောကလက်ခွံကိုခွာ၍ တစ်ကိုက်မျှကိုက်လိုက်ပြီး ထရပ် က်ပါသည်။

"ကိုယ်ပြန်တော့မယ် စပယ် ... အခုလိုကျွေးမွေးတဲ့အတွက် ျးဇူးအများကြီးတင်ပါတယ်၊ အကူအညီလိုရင်လည်း ပြောပါနော်"

"အမလေး ကိုခန့်ရယ် ... ကိုခန့်အကူအညီက အပ်တွေပဲ ... သေရချည်ရဲ့ ... "

နှစ်ယောက်သား လွတ်လပ်စွာရယ်ဖြစ်ကြ၏။ သူမက သူ့ကို အထိလိုက်ပို့ပေးပါသည်။ သူက ခြံပြင်ရောက်တော့ သူမကို တစ် က်ပြန်လှည့်ကြည့်လိုက်၏။

"အဲဒါ မနေ့ကပန်းပဲလား ... "

"ဟုတ်တယ် ... "

"ဘာဖြစ်လို့ အနီကိုမှကြိုက်ရတာလဲ ... "

"ပန်းနီနီက အနီရဲရဲပန်းတွေကိုပဲ အမြဲပန်တတ်တာ ဦးမသိသေ လို့ပါ ... "

"သြော် ... ဒီလိုလား ... "

သူက သူမကို လက်တစ်ဘက်ထောင်ပြ၍ နှုတ်ဆက်လိုက်ပြ ကျောခိုင်းသွားလေ၏။





(၄)

"ဟယ် ... စပ်စုရပြန်ပြီ ... အဲဒါ ညည်းနဲ့ဘာဆိုင်လို့တုန်း"

"ဆိုင်တာပေါ့ အန်တီလေးရဲ့ ... ဦးက နို့ရဲ့အသက်ဆိုင်ဆုံးလူ သားပဲဟာ ... "

"နီနီနော် ... ဆတ်စလူးမ ... ကိုယ့်အသက်အရွယ်လည်း ပြန်ကြည့်ဦး ... ဟိုက နင့်ထက် နှစ်ပြန်ကျော်အသက်ကြီးတာကို စိတ်ဝင်စားစရာလား ... နင့်ဘေးမှာ ဒီလောက်ဝိုင်းဝိုင်းလည်နေတဲ့ဟာ"

"အဲဒါတွေက ဘာလုပ်ရမှာလဲ ... သွား ... ခေါက်ထားတယ်၊ ပြောပြပါ အန်တီလေးရာ ... မပြောရင် ဒီည နီ အန်တီလေးနဲ့ အတူတူ အိပ်မှာနော် ... အိပ်ပျော်ရမယ်လို့မမှတ်နဲ့ ... "

"ဠစာမ ... ငါ့ကိုပဲနှိပ်စက်နေ ... ပြောမယ် ... ပြောမယ်"

အန်တီလေးက အမှတ်ခြစ်ပြီးသွားသည့်စာအုပ်များကို ကြိုးဖြင့်

သေချာစည်းလိုက်ပြီးမှ စားပွဲပေါ်တင်ထားခဲ့ကာ သူမ မှောက်အိပ်နေသည့် ခုတင်ပေါ်မှာ လာထိုင်လိုက်ပါသည်။

"ကိုခန့်ရယ် ... အန်တီလေးရယ် ... စန္ဒကူးရယ်က အထက်တန်းကျောင်းမှာ အတန်းတူသူငယ်ချင်းတွေ နီနီရဲ့ ... ကိုခန့်က ငယ်ငယ်ကတည်းက စာအရမ်းတော်တယ် ... စံက ကျောင်းမှာ အလှဆုံး၊ အချောဆုံးကျောင်းသူလေးပေါ့ ... အန်တီလေးတို့ ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့မှာ ကိုခန့်ကို စံက အဖြေပြန်ပေးခဲ့တယ် ... အန်တီလေးက ပညာရေးတက္ကသိုလ်တက် ... စံက စီးပွားရေးတက္ကသိုလ်တက် ... ကိုခန့်က ဆေးတက္ကသိုလ်တက်ရင်း ကျောင်းတွေကွဲခဲ့ရတယ်လေ ... တကယ်တော့ ကိုခန့်နဲ့ စံတို့ဘဝခရီးက အင်မတန်ဖြောင့်ဖြူးနေခဲ့တာပါ ... နှစ်ဖက်မိဘကလည်းသဘောတူ ... လူငယ်ချင်းကလည်းကြည်ဖြူဆိုတော့ ဘာအဖုအထစ်မှရှိတာမဟုတ်ဘူး ... ဒါပေမဲ့ ဖူးစာမပါဘူးလို့ဘဲ ဆိုရမလားမသိပါဘူး ... ကံကြမ္မာက စံနဲ့ ကိုခန့်ကို ပေါင်းစည်းခွင့်မပြုခဲ့ဘူး ..."

"ဘာတွေဖြစ်ခဲ့လို့လဲဟင် ..."

"စံ နောက်ဆုံးနှစ်မှာ တရားဝင်စေ့စပ်ဖြစ်ခဲ့တယ် ... ကိုခန့် ဟောက်စ်ဆာဂျင်ဖြစ်ရင် သူတို့လက်ထပ်ဖို့ စီစဉ်ခဲ့တာလေ ... အဲဒီနှစ်မှာပဲ စံ့ဆီမှာ သွေးကင်ဆာရောဂါရှိနေတာကို မထင်မှတ်ဘဲ သိခဲ့ရတာ၊ စံက သိပ်ကိုမျိုသိပ်လွန်းခဲ့တယ် ... သူ ခံစားနေရတဲ့ဝေဒနာကို ဘယ်သူ့ကိုမှ မသိစေခဲ့ဘူး ... မိဘတွေတောင် မရိပ်မိတဲ့အထိဘဲ ... မြန်မြန်စားကြီးသိတော့ ဘယ်လိုမှကုလို့မရနိုင်တော့ဘူး ... ရောဂါကလည်းကျွမ်းနေပြီ ... စံကလေ ... သူသေမယ်ဆိုတာကို သိသိကြီးနဲ့ ဟန်မပျက်နေသွားခဲ့တာ ... သူ့နှုတ်က ကိုခန့်နဲ့ခွဲရမယ်ဆိုတဲ့စကားမျိုး





စ်ခွန်းမှပြောမသွားခဲ့ဘူး ... အမြဲတမ်းကြည်နူးစရာစကားတွေကို ာ ပြောခဲ့တယ် ... ကိုခန့်ခမျာ စံက ပြုံးပျော်နေလေ ... သူ့ရင်ထဲ ာ ကြေကွဲတဲ့ဝေဒနာတွေက ပိုဖိစီးလေပဲ ... သူတို့ လက်ထပ်ဖို့ ်စာတောင်ဝေပြီးနေပြီ ... မင်္ဂလာဆောင်ကာနီးတစ်ရက်အလိုမှာ ိုခန့်ရင်ခွင်ထဲမှာပဲ စံ ဆုံးပါးသွားခဲ့တာ ... ကိုခန့်ဆို စံ့ကိုယ်လုံးလေး ို ဖက်ထားပြီး ဖြေမဆည်နိုင်အောင်ပါဘဲ ... သူတို့နှစ်ယောက်က ိပ်ကိုချစ်ကြတဲ့ ချစ်သူတွေလေ ... စံကို မီးသဂြိုလ်ပြီးအပြန်မှာ ကိုခန့် ား Accident ဖြစ်ခဲ့တာ ... အန်တီလေးတို့က တစ်ခါတည်းလိုက် သပြီမှတ်နေတာ ... ကိုခန့်က တကယ်လည်း လိုက်သေချင်နေတာ ိ ... ဒုက္ခိတဘဝကြီးနဲ့ သူ အသက်ဆက်ရှင်နေပေမဲ့ သူက ဘဝသေ ားလူဖြစ်ခဲ့ပြီတဲ့ ... သူဟာ အချစ်ကြီးတယ် ... အစွဲအလမ်းကြီး ယ်၊ စံသေဘာ (၁၀)နှစ်ကျော်ခဲ့တာတောင် ခုချိန်ထိ တစ်ယောက် ည်းနေတာကိုပဲကြည့် ..."

"သနားပါတယ်နော် ... နှစ်ဦးနှစ်ဖက်သင့်မြတ်နေရဲ့သားနဲ့ သကွဲခွဲရတယ်လို့ ..."

"ကိုခန့်က ဆေးကျောင်းမှာ တော်တော်မျက်နှာပွင့်ခဲ့တာ ... ျောင်းတက်ဖက် ဆေးကျောင်းသူလေးတွေကလည်း မျက်နှာသာ းခဲ့တယ် ... ဒါပေမဲ့ ... သူက စံမှစံပဲ ... တစ်မျက်နှာသာကြည့်ခဲ့ ာလေ၊ သူတို့နှစ်ယောက်အကြောင်းက အန်တီလေးတို့သူငယ်ချင်း ွကြားမှာ တကယ့်စံပြဒဏ္ဍာရီတစ်ပုဒ်ပါပဲ ... စံဆုံးသွားပြီးကတည်း ာ သူ့ကို နိုင်ငံခြားပဲ အပြီးထွက်သွားသလို သတင်းသဲ့သဲ့ကြားပြီး ျောက်သွားခဲ့တာကြာပြီ ... အခုမှ တိုက်တိုက်ဆိုင်ဆိုင် လာပြန်ဆုံရ ယ်လို့ ..."

"အဲဒီ စန္ဒကူးဆိုတာ ဘယ်လိုပုံလဲဟင် အန်တီလေး ... "

"သိပ်ချောတယ် ... အရမ်းလည်းယဉ်တယ် ... စန္ဒကူးရဲ့ဆံပင်တွေက ခြေသလုံးထိတောင်ရောက်တာ ... မိန်းကလေးချင်းအတူတူ စန္ဒကူးက ကိုယ်သင်းရနံ့လေးကအစမွှေးတယ် ... သနပ်ခါးကလွဲလို့ ဘာမှလိမ်းတာ မဟုတ်ဘူး ... ဒါပေမဲ့ ... သူ့ခန္ဓာကိုယ်က ပန်းနံ့လိုလို သင်းသင်းကလေးမွှေးတာ ... အသားလေးကလည်း ဝင်းနေတာပဲ၊ ထိရက်စရာတောင်ရှိတာမဟုတ်ဘူး ... လက်ကလေးတွေဆို သွယ်သွယ်စင်းစင်းကလေးတွေ ... သူတို့စေ့စပ်တဲ့နေ့က ကိုခန့်စွပ်ပေးတဲ့ စိန်လက်စွပ်လေးနဲ့ စံရဲ့လက်ကလေးက အရမ်းလိုက်ဖက်တာပဲ ... ခြေဆုံးခေါင်းဖျားလှတယ်ဆိုတာ စံကိုကြည့်ပြီး ပြောထားသလားထင်ရတယ် နီနီရဲ့ ... သူ့နဖူးပေါ်က ဆံစကလေးတွေကအစ ကြည့်ကောင်းတာ ... ခြေချောင်းကလေးတွေဆိုရင်လည်း ဖွေးအိနေတာပဲ ... သူ့ခန္ဓာကိုယ်မှာ အလှဆုံးက မျက်နှာလေးပဲ ... မျက်လုံးလေးတွေက ညဘက်လင်းတဲ့ ကြယ်ကလေးတွေလို လက်လက်တောက်ပနေတာ၊ နှာတံလေးဆို စင်းနေတာပဲ ... နှုတ်ခမ်းလေးအစုံက နှင်းဆီငုံလေးလို ဖူးဖူးအိအိလေး ... စံက အဝါရောင်သိပ်ကြိုက်တယ် ... သူဝတ်သမျှ အဝါရောင်လေးတွေပဲ တော်တော်များတာ ... ပန်းကအစ အဝါရောင်ပဲ အမြဲပန်တယ် ... "

"အဲဒီစန္ဒကူးရဲ့ဓာတ်ပုံ အန်တီလေးမှာရှိလားဟင် ... "

"ဟင့်အင်း ... မရှိဘူး ... ကိုခန့်ဆီမှာတော့ရှိမှာပေါ့ ... "

"ဒါဆို သူက နို့ထက် ဆံပင်ပိုရှည်တာပေါ့နော် ... နို့ထက်လည်း အများကြီး အပုံကြီးလှမှာပေါ့ ... "

"ဟင်းဟင်း ... တစ်ယောက်တစ်မျိုးဒိပေါ့ နီနီရယ် ... စံက





သရေရှိတဲ့အလှနဲ့ တင့်တယ်တာ ... နီနီက ငယ်ဂုဏ်လည်းရှိတွေဖူးပွင့်စ လှသွေးကြွယ်တဲ့အရွယ် မတူဘူးပေါ့ ... "

"ဟွန်း ... အဲဒီစံနဲ့တော့ တူချင်ပါဘူး ... နီကနီပဲဟာ ... ဒါင့် သူ့အိမ်မှာရော သူ့ဆေးခန်းမှာပါ လိုက်ကာအဝါရောင်တွေ သားတာကိုး ... "

"ဒါဆို သဘောပေါက်ပေါ့ နီနီ ... သူ့ရင်ထဲမှာ နှစ်ပေါင်းမြောက်ာ သိမ်းဆည်းထားတဲ့နေရာတစ်ခုကို ဘယ်သူ့ကိုမှ တော်ရုံနဲ့ ပေးဟုတ်ဘူး ... နီနီက အသက်သိပ်ငယ်သေးတယ် ... နီနီ့ပတ်ဝန်းမှာတွေ့ဖူးတဲ့ ယောကျ်ားလေးတွေနဲ့မတူတဲ့ လူတစ်ဦးဆို စိတ်းတာ ... အဲဒါ အချစ်မဟုတ်ဘူး ... ကိုယ်က မိန်းကလေး ... အရာရာဆင်ခြင်နိုင်မှ တော်ရုံရှိတာ ... အိမ်မှာတစ်ယောက်တည်းချင်တိုင်းနေခွင့်ရှိပေမဲ့ သူ့စိမ်းအမြင်မှာ မတင့်တယ်တာမျိုးဖြစ်င် ဘယ်ကောင်းပါ့မလဲ ... မဟုတ်ဘူးလား ... "

"အာ ... နီက ငယ်ငယ်တတည်းက လွတ်လွတ်လပ်လပ်နောကို ... အခုမှ ပြောင်းလို့မရတော့ဘူး ... နီ ဒီလိုပဲနေတတ် ... "

"နေတာထိုင်တာကို အန်တီလေးမပြောပါဘူး ... ဘောင်းဘီးတွေ ... စကပ်တိုလေးတွေ ဝတ်တာဆင်ခြင်ပေါ့ ... "

"ဟွန်း ... မရပါဘူး ... ကိုယ့်အိမ်ကိုယ်နေတာပဲ ... အန်တီလို လုံလုံခြုံခြုံကြီးနဲ့ မနေတတ်ပါဘူး ... စိတ်အိုက်တယ် ... "

"ဟင်း ... ပြောမရလည်း မတတ်နိုင်ဘူး ဒေါ်နီနီ ... အန်တီ့အမြင်မှာ သမီးဟာ ကလေးဆိုပေမဲ့ သူများတွေအမြင်မှာ သမီးတော့ဘူးနော် ... လူဆိုတာ ချိုးမွမ်းဖို့ထက် ကဲ့ရဲ့ဖို့ပဲပိုသိကြတာ၊

ကိုယ်အနေအထိုင်မတတ် ... မဝတ်စားတတ်ရင် လူ့ကဲ့ရဲ့အထင်သေးလိမ့်မယ် ... မိန်းကလေးဆိုတာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိရှိနေထိုင်တတ်ရတယ်၊ ကြားလား ... ကိုခန့်က ပိုဆိုးလိမ့်မယ်၊နဂိုကတည်းက မိန်းကလေးတွေနဲ့ ရောရောနှောနှောနေတတ်တာ မဟုတ်ဘူး ... နီနီက ဒီလို ဆက်ကော့လက်ကော့နေရင် သူ အမြင်ကြည်မယ်မထင်ဘူး"

"ဟင်း ... ခက်ပါလားနော် ... နီကလည်း နဂိုကတည်းက ခပ်ရဲရဲ ခပ်ကဲကဲနေတတ်ခဲ့တာ ... လူကြီးနဲ့တွေ့မှ နို့ပုံစံကို ပြောင်းပြန်လှန်ရတော့မှာလား ... မဖြစ်ပါဘူး ... "

"ဒါတော့ ညည်းသဘောပဲအေ ... မနက်ကျောင်းသွားရမှာမဟုတ်လား ... စောစောအိပ် ... သွားတော့ ... "

သူမ အန်တီလေးအခန်းမှ ထွက်လာခဲ့ပြီး သူမအခန်းတွင်းရှိ ခုတင်ပေါ် ပက်လက်လှန်လှဲလိုက်၏။ စိတ်ကစားတာတဲ့လား။ သေချာလို့လား အန်တီလေးရယ်။ နီနဲ့ သူက မျက်လုံးချင်းမဆုံမိက လူချင်းထိတွေ့ခဲ့တာလေ။ သူ့ရင်ဘတ်ကျယ်ကြီးရဲ့အောက်မှာ နှလုံးသားတစ်ခုလုံး တဆတ်ဆတ်ခုန်ပေါက်နေခဲ့တာကို အန်တီလေးဖြင့် မသိသေးဘဲနဲ့များ။ သူ့လက်မောင်းကို တွဲထူခဲ့ရတဲ့အသိကို ခံစားရစဉ် ဒီလက်မောင်းကို ချိတ်တွဲခွင့်ရချင်ခဲ့တာ နို့အပြစ်တဲ့လား ... ဟင့်အင်း ... နို့ကိုယ်နို မညာချင်ဘူး အန်တီလေးရယ်။ နီ ဦးကို မြင်မြင်ချင်းချစ်မိခဲ့တာပါ။ အဲဒါ တကယ်ပါနော် ... ။

အာရုံမှာ သူ့ပုံရိပ်က ကြည်လင်စွာပေါ်လွင်လာ၏။ တည်ကြည်သောမျက်နှာထက် ခပ်ရေးရေးထင်ရှိနေသည့် ပါးမြိုင်းမွေးလေးများကြွခိုင်၍ ယောကျ်ားပီသသည့် ကိုယ်ခန္ဓာက နို့ပတ်ဝန်းကျင်ရှိ ခပ်ပိန်ပိန်ကောင်လေးတွေနဲ့ ယှဉ်ပြိုင်ဖို့မလိုအပ်။ သူ့ရင်အုပ်ကျယ်ကျယ်မှာ





ခစ္စာခကာမှီခိုခွင့်ရခဲ့တဲ့ ရင်ခုန်ကြည်နူးမှုတို့က သူမအ...လိုက်မယ် ... "
...ဗျာတစ်ပုဒ်အလား။ ...ရှိရယ် ... ငါ

အို ... ဦးရယ် ... ဆယ်ကျော်သက်ကောင်မလေးတစ်ဦးတယ်၊ ...ငြိတွယ်ခြင်းတွေကို ဥပေက္ခာမပြုပါနဲ့ ... အတိတ်မှာနစ်မြုပ်ပျော်ဝင...နေတဲ့ ဦးကို အလွမ်းတွေကင်းဝေးတဲ့ ဟိုးမိုးကုတ်စက်ဝိုင်းအထိ ဆွဲ...ခေါ်သွားချင်တာ နို့ဆန္ဒအမှန်ပါ ... ။ ဦး သိနေမလား ... ။ နို့ရင်ထဲက ...သက်မကချစ်ခြင်းတွေကိုလေ ... ။

(၅)

ဘလောက်စ်အင်္ကျီအနီရဲရဲလေးကို အဖြူခံမှာ နှင်းဆီနီအပွင့်ကြီးများကျဲထားသည့် လုံချည်နှင့် တွဲဝတ်လိုက်၏။ လုံချည်ကို ဒီအတိုင်း မဝတ်တတ်သေးသဖြင့် ချိတ်တပ်၍ ချုပ်ပြီးသားမို့ တော်ပါသေးသည်။

"မာမီရေ ... "

"ဟဲ့ ... ဘယ်လိုဖြစ်ပြီးအော်ရပြန်တာတုန်း ... "

"နီ့ကို ကျစ်ဆံမြီးကျစ်ပေးဦးလေ ... "

"ဒီလောက်သင်ပေးထားလည်း မတတ်သေးဘူးလား သမီးရယ် ... အမြဲတမ်းလိုက်လုပ်ပေးနေရတာပဲ ... "

"မလုပ်ပေးချင်လည်းနေပေါ့ ... နီက အရှည်ထားချင်လို့ထားရတာမှ မဟုတ်ဘဲ ... မာမီတို့စိတ်ကြိုက်ထားရတာ ... ဒါဆိုလည်းပြီး





... လမ်းထိပ်က Beauty Parlour မှာ ဝင်ညှပ်ပစ်လိုက်မယ် ... "

"ဟဲ့ဟဲ့ ... ဩော် ... လာပြီ ... ခက်လိုက်တာ မိနီရယ် ... ငါ...သည်း သမီးလေးတစ်ယောက်ရှိတာ အားကိုးရမလားမှတ်တယ်၊ ...အလုပ်ကြီးပဲ ... "

သူမ ကျိတ်ရယ်လိုက်မိ၏။ ပါးစပ်က ပွစိပွစိရွတ်ပြီးတော့လည်း ...က်ဆုံး သူမကို လိုက်လုပ်ပေးရတာကိုများ အာညောင်းခံလို့ ...။

"ကဲ ... တစ်ချောင်းလား ... နှစ်ချောင်းလား ... "

"တစ်ချောင်းတည်းပဲ ... ပြီးရင် ပန်းပန်ပေး ... "

"ဘယ်မှာတုန်း ပန်းက ... "

"ဦးခြံထဲသွားခူးမှာပေါ့ ... "

"ဟဲ့ ... နင့်ဦးက ဆေးခန်းသွားပြီလေ ... "

"ဒါဖြင့်လည်း နီ့ဟာနီ ဝင်ခူးမယ် ... "

"ဟယ် ... သမီးရယ် ... သူများကြိုက်မှန်းမသိ ... မကြိုက်မှန်း ... ပြီးတော့ ခွေးက ခြံထဲလွှတ်ထားတာနော် ... ကြည့်လုပ်"

"ရပါတယ် မာမီရဲ့ ... ဘရောင်နီ့အကြောင်း နီသိပြီးသား"

ကျစ်ဆံမြီးကျစ်ပြီးသွားတော့ သူမ ခြံရှေ့မှထွက်ကာ တစ်...ခြံကိုကူးခဲ့၏။ ခြံဝမှ သံကွင်းကို အသာဖြုတ်လိုက်ရင်း ခြံထဲကို ...င်းလိုက်သည်။

"Hello Browny, my boy, where are you? come here!"

"ဝေါင်း ... "

မျက်စိရှေ့ ဖြန်းခနဲရောက်လာသဖြင့် သူမ လန့်ဖျန့်သွားရ၏။ ...ကြီးက သူမကိုမှတ်မိသလိုကြည့်လျက် ထိုးဟောင်လိုက်လေသည်။

"No, no. don't bark me please. I am your friend Don't you

konw?"

"Do you like it Browny?"

သူမက လက်ထဲမှ ချောကလက်ကို ထောင်ပြလိုက်တော့ ခွေး
ကြီးက ဖျတ်ခနဲ သူမကိုယ်ပေါ် ပတာပ်ရပ်လိုက်လေ၏။

"Oh! no, don't kiss me Browny, Take it easy"

"I am plucking a red rose, Ok!"

သူမက ခွေးကြီး၏ပါးစပ်ထဲ ချောကလက်ထည့်ပေးလိုက်ပြ
ပန်းအိုးထဲမှ နှင်းဆီနီတစ်ပွင့်ကို ခူးလိုက်ကာ ချောကလက်စားနေ
သည့် ခွေးခေါင်းကို ပွတ်ပေးလိုက်ပါသည်။

"Clever!"

ခြံတံခါးကို သံကွင်းပြန်ချိတ်ပြီး အိမ်ထဲသို့ပြန်ပြေးလာခဲ့၏
မာမီက သူမ၏နားရွက်အောက်နောက်နားကျကျမှာ ပန်းကိုခပ်စောင်
စောင်းလေးပန်ပေးလိုက်သည်။ မှန်ထဲမှာ တစ်ချက်လှည့်ပတ်ကြည့်
လိုက်ပြီး ကျေနပ်သွားပါ၏။

"ကျေးဇူး မာမီ ..."

"ရွှတ် ..."

"ဟဲ့ ... ညော် ... ဒီကလေးမ ..."

မာမီ့ကို တစ်ချက်နမ်းပြီးမှ သဘောတကျရယ်မောရင်း အိမ်
အောက်သို့ဆင်းခဲ့ပါ၏။ စလစ်ပါအဖြူလေးကိုဝတ်လိုက်ပြီး ဖဲထီးအမ်
လေးကို ဖွင့်ဆောင်းလိုက်သည်။

"နီ သွားပြီမာမီ ..."

လွယ်အိတ်အဖြူလေးကို လွယ်လျက် လမ်းထိပ်ဘက် ခပ်မှ
မှန်လျှောက်လာခဲ့၏။ လက်ဖက်ရည်ဆိုင်မှ မကြားတကြား စ,နော





...ကို မကြားချင်ယောင်ဆောင်၍ ဆက်လျှောက်လာခဲ့သည်။ သူ
...ခန်းရှေ့အရောက်ဝယ် လူတစ်ယောက်နှင့် စကားပြောနေသည့်
... သူမကိုမတွေ့ပေ။ ခြေလှမ်းကို နှေးနိုင်သမျှ နှေးအောင်လျှောက်
...သော်လည်း သူက ထိုလူနှင့် ရယ်ရယ်မောမော စကားပြောနေသဖြင့်
...ကတိုလာတော့၏။ ခြေကိုဆောင့်နင်း၍လျှောက်ရင်း လမ်းထိပ်
...က်တော့ ထိုးစိုက်လာသည့် ဖယ်ရီပေါ် မျက်နှာစူပုပ်လျက် တက်
...သည်။

"ဟဲ့ ... မျက်နှာကလည်း ဘယ်လိုဖြစ်လာတာလဲ ..."

"လူကြီးပေါ့ ... လူကြီး ..."

"ဘယ်က လူကြီးလဲ နီနီရဲ့ ..."

"ဘယ်ကလူကြီးရှိမှာလဲ ... နီ့ရဲ့ရင်ထဲ အသည်းထဲက လူကြီး
ပြောနေတာပေါ့ ..."

"အမလေး ... နားကလောလိုက်တာနော် ... ပြောပါဦး ...
ဘာဖြစ်လို့လဲ ..."

"ဒီမှာ ဒီလောက် အချိန်ယူပြီး အလှပြင်လာတာကို တစ်ချက်
...က် ငေးကြည့်ဖော်မရဘူး ... လမ်းထဲက အဲဘိုးကြီးတစ်ယောက်
...သပစ်နေတာ မျှောလို့ ... တောက် ..."

"ဟယ် ... စိတ်ကိုလျှော့ပါ နီနီရယ် ... ရှယ်တူတန်းတူကို
...းစားဘဲ ကိုယ့်ထက်အသက်ကြီးတဲ့သူကို နင်က သွားမှန်းတာကိုး။
...က် အဲဒီလောက်ကွာနေရင် အမြင်ချင်းမတူတော့ဘူး နီနီရဲ့ ...
...က်ပါဟာ ... class က အဘဘာဗိုလ်ဆို နင့်ကို ဒီလောက်ကြွေနေ
... ဘယ်လောက်မိုက်သလဲ ..."

"အဲဒီ ဆပ်ပြာသည်ကို နင်ပဲပြန်ကြိုက် ... ဟွန်း ... နီက ဦးမှ

ဦးပဲဟာ ... ”

“ဟာ ... နီနီကလည်း ... သူနဲ့ နင် ဒီလောက်အသက်ကွာတာ
ကို ... ”

“ဘာကွာလို့လဲ ... (၁၈)နှစ်လေးကွာတာများ ... ”

“ဟဲ့ ... (၁၈)နှစ်တောင်နည်းသလား ... ဟိုက နင့်အဖေ
အရွယ်လောက်ဟာကို ... ရဲကြီးမှာ မကြောက်ဘူးလား ... ”

“ကြောက်ပါဘူး ... အချစ်မှာ မျက်စိမရှိတဲ့ ... မကြားဖူးဘူး
လား ... မျက်ကန်းဟာ တစ္ဆေမကြောက် ... နီက အချစ်ကိုမကြောက်

“ရူးပါ့ဟယ် ... ”

သုံးယောက်သား ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြ
ကျောင်းရောက်တော့ ကားပေါ်မှဆင်းကာ အတန်းရှိရာကို လျှော
လာစဉ် အနောက်မှ တဖတ်ဖတ်ပြေးလာသည့်ခြေသံနှင့်အတူ အနီး
အာကာဗိုလ် ရောက်လာတော့သည်။

“နီနီ ... ”

“ဘာလဲ ... ”

“အဖြေပေးပါကွာ ... ”

“ဘယ်လိုဖြစ်နေတာလဲ ... တဆိတ်ရှိ အဖြေပေးပါပေးပါ
လိုက်လိုက်ပြောနေတာ မမောသေးဘူးလား ... ဘယ့်နှယ် ... အိမ်
ပူစီငါးကြော်လိုက်တောင်းသလို တညောင်ညောင်နဲ့ နားညည်းတယ်

“နီနီကလည်း ... ပြောရက်လိုက်တာကွာ ... ကိုယ် ဖွဲ့နွဲ့
လိုက်နေတာ ဘယ်လောက်ကြာပြီလဲ ... နှစ်နှစ်တောင်မှ ပြည့်တော
မယ် ... ”

“နင့်ကို ဘယ်သူကခိုင်းနေလို့လဲ ... မိန်းမတွေ ဒီလောက်





နေတာ ... တခြားကောင်မလေးတွေလိုက်ပြောပါလား ... အားအားရှိ
နားတကပ်ကပ်နဲ့ ... ”

“ကိုယ်က တခြားလူတွေကိုမှ မချစ်ဘဲ နီနီရဲ့ ... ရင်ထဲမှာ
နီတစ်ယောက်တည်းရှိတာကို ... ”

“သြော် ... ခက်တော့နေပါပြီ ... မချစ်နိုင်ဘူးပြောတာလည်း
ယုံ ... မစဉ်းစားပေးနိုင်ဘူး ပြောလည်းမရ ... နင်ဘယ်လိုကောင်
လေးလဲ ... ”

“နီနီ့ကို အသည်းစွဲချစ်နေတဲ့ ကောင်လေးလေ ... ”

ပုလဲနှင့် ဒါဒါတို့ အော်ရယ်လိုက်ကြ၏။ သူမက သူ့ကို မျက်
စောင်းထိုးလိုက်ပါသည်။ စိတ်ညစ်ဖို့ကောင်းလိုက်တာနော်။ ကိုယ်ချစ်
တဲ့လူက ကိုယ့်ကိုစိတ်မဝင်စား။ ကိုယ့်ကိုစိတ်ဝင်စားတဲ့သူကျပြန်တော့
ပြန်မချစ်နိုင်။ ဘယ်လိုလုပ်ရမယ်မှန်းတောင်မသိတော့ ... ။

“အေး ... အသည်းစွဲနေရာက အသည်းကွဲဖို့သာပြင်ပေတော့
အာကာဗိုလ် ... ”

“နီနီရယ် ... ကိုယ့်ကို အဲဒီလိုတော့ မကျိစယ်ပါနဲ့ ... တောင်း
ပန်ပါတယ် ... ”

“ရော် ... တကယ်ပြောနေတာပါ အာကာဗိုလ် ... နီနီ့ရဲ့နှလုံး
သားတစ်ခုလုံးကို လူတစ်ယောက်ဆီ ပုံပြီးပေးလိုက်ပြီ ... ဒီတော့
နင့်ကိုပေးဖို့ ငါ့မှာ ဘာမှမရှိတော့ဘူး ... ကန်တော့ဆွမ်းပါပဲကွယ်”

“ကိုယ် လုံးဝမယုံဘူး နီနီ ... သူများတွေလို လက်ချင်းချိတ်ပြီး
ကိုယ့်ရှေ့မှာ လျှောက်ပြမယ်ဆို တစ်မျိုးပေါ့ ... ”

“အံမယ် ... နင့်ရှေ့မှာ တွဲလျှောက်ပြရအောင် နင်က ဘာမို့လို့
လဲ ... ဒီမှာ ... ငါက ငါ့ချစ်သူကို အပျော်တွဲဖို့ချစ်မိတာ မဟုတ်ဘူး၊

ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့တာပါ အာကာဗိုလ် … ဒီတော့ နောက်ဆုတ်ပြီး ပြန်လှည့်ပေတော့ … ”

“ဟင့်အင်း နီနီ … မင်းချစ်သူရှိသွားတယ်ပဲထားပါတော့ … မင်းက ပိုင်ရှင်ရှိသေးတဲ့ မိန်းကလေးမျိုးမှ မဟုတ်ဘဲ … ကိုယ် မင်းကို ဆက်ချစ်ပိုင်ခွင့်ရှိနေသရွေ့ ချစ်နေဦးမှာပဲ … ဒါကို နီနီသိထားပါ”

“ခက်တော့နေပါပြီဟယ် … အင်းလေ … ဒါကတော့ နင့်သဘောပေါ့ … ငါကတော့ လုံးဝဆိုမှလုံးဝပဲ … ရပါတယ် … တစ်နေ့နေ့မှာ နင့်လက်ထဲကို ငါ့မင်္ဂလာဖိတ်စာ အရောက်ထည့်ပေးဖြစ်အောင် ထည့်ပေးမှာပါ … နင် စောင့်နေပေါ့ … ”

သူမအပြောကြောင့် အာကာဗိုလ်မျက်နှာ တစ်မျိုးလေးဖြစ်သွားပါ၏။ လျှာအရသာရှိလိုက်တာနော်။ ဒါတောင် နီ့စိတ်ထဲမှာပဲ ဦးကို ချစ်သူဖြစ်ခွင့်ပေးထားမိတာ။ အပြင်မှာ တရားဝင်ချစ်ခွင့်သာရရင် နီတော့ ဘယ်လောက်များ ပျော်လိုက်မလဲ။ ဒါပေမဲ့ ဦးရယ် … ။ နီ့ လှုပ်မဲ့ငုပ်ကြီးက သစ်ငုပ်မဟုတ်ဘဲ ကျောက်တိုင်ကြီးဖြစ်နေရင်တော့ အခက်ပါပဲ … ။





(၆)

တီရှပ်အဖြူလေးကို ဂျင်းစကပ်အရှည်နှင့် တွဲဝတ်၍ ဦးထုပ်င်းလေးကို ဆောင်းလိုက်၏။ ကျောပိုးအိတ်ကိုလွယ်၍ မှန်ကို တစ်ကြည့်လိုက်ပြီး ပြတင်းဝကိုအရောက် ဟိုဘက်ခြံမှ သူ့ကို လှမ်းနေရသည်။ ဆင်စွယ်ရောင်စပို့ရှပ်ကို ဘောင်းဘီအညိုနှင့် တွဲဝတ်းသည့် သူက လက်ဖြောက်တီး၍ ဘရောင့်နီကို အပေါ်သို့ခုန်စေ သူမ ပြတင်းပေါင်ပေါ် လက်ထောက်၍ အသာလေးငေးနေမိလေ၏။

သူပြထားသည့် လက်နေရာအထိ ခုန်နိုင်တော့ အင်္ကျီအိတ်ထဲချောကလက်တောင့်ကိုယူ၍ ဖောက်ကာ သူက ပါးစပ်မှာကိုက်၍ရောင်နီ့ကိုကျွေးလေ၏။ ခွေးကြီးက ပတာပ်ရပ်၍ သူ့ပါးစပ်မှ ချောကလက်ကို ယူသွားတော့ သူက ခွေးကြီး၏ခေါင်းကို အသာပုတ်လိုက်

ပြီး ခြံပြင်သို့ ထွက်သွားလေသည်။ အင်း ... ကံကောင်းလိုက်တာနော်။ ဘရောင်နီ့နေရာမှာ နီသာဖြစ်လိုက်ချင်တော့တာပါပဲ။ ဟင် ... ဟုတ်သေးပါဘူး။ နီက ခွေးမှမဖြစ်ချင်တာ ... ။ သူမတစ်ယောက်တည်း ကျိတ်၍ ရယ်လိုက်မိပြီး လှေကားမှ ပြေးဆင်းလာခဲ့၏။ ဧည့်ခန်းကို ရောက်တော့ ဖေဖေက Golf ကွင်းသွားရန် အသင့်ဖြစ်နေလေပြီ။

"Sweety ... ဒက်ဒီတို့နဲ့ လမ်းကြုံတာပဲ ... လိုက်ခဲ့ပါလား"

"ဒက်ဒီတို့ဆိုတော့ ဒက်ဒီနဲ့ ဘယ်သူတွေပါလို့လဲ ... "

"မောင်ခန့်လည်း Golf လိုက်ရိုက်မယ်လေ ... သူလည်း ဒက်ဒီတို့ Club member ပဲ ... "

"ဟင် ... ဟုတ်လား ... "

သူမ စကားမဆုံးခင်မှာ သူက အိမ်ပေါက်ဝကို ရောက်လာလေ၏။

မနက်စောစော အရုဏ်ဦး၏အလင်းနှင့်အပြိုင် သူ့အပြုံးက သူမရင်ကို အေးမြသွားစေသည်။

"ကျွန်တော်ရောက်ပါပြီ အစ်ကိုကြီး ... "

"အေး ... မောင်ခန့်ရေ ... ဒီမှာ သမီးကိုပါ လမ်းကြုံတစ်ခါတည်းခေါ်မလို့ ... "

"သူက ဘယ်သွားမှာလဲ ... "

"ကွန်ပျူတာသင်တန်းပါ ... "

"သြော် ... "

"ခဏလေးစောင့်ပါ ဒက်ဒီ ... နီ ဖိနပ်ဝတ်ဦးမယ် ... "

သူမက ဖိနပ်စင်မှ ကြိုးသိုင်းအဖြူလေးကိုယူ၍ ဝတ်လိုက်၏။ သူက သူမပုံစံလေးကို တစ်ချက်ကြည့်လိုက်ပြီး ပြုံးလိုက်မိပါသည်။





"ကဲ ... ပြီးရင်သွားစို့ ... "

ဒက်ဒီနှင့် သူက ရှေ့ခန်းမှာထိုင်၍ သူမက နောက်ခန်းမှာထိုင်လိုက်ခဲ့ရ၏။ ကားနောက်ခန်းမှ သူ့နောက်ကျောကို ငေးကြည့်နေမိသည်။ ဒက်ဒီနှင့် စိတ်ဝင်တစား စကားပြောနေသည့် သူ့အသံက သူမရင်ထဲမှာ ချိုမြနေလေ၏။ (၈)မိုင်ရှိ ခြံဝင်းရှေ့၌ သူမကိုချပေးပြီး ကားကိုဆက်မောင်းသွားတော့ သူမ ခြံတံခါးကို တွန်း၍ဝင်ခဲ့သည်။ အတန်းထဲမှာ လူတော်တော်စုံလင်နေပေပြီ။ ဆရာမက သူမကို ပြုံးပြ၍ နှုတ်ဆက်လိုက်ပါသည်။

"ပန်းနီနီ ... ဒီနေ့တော့ ဘာအနီမှမပါပါလား ... "

"ဟုတ်ကဲ့ ချယ် ... တစ်ခါတလေ မျက်စိအေးတဲ့ အရောင်လေးတွေ ဝတ်ကြည့်တဲ့သဘောပါ ... "

"သမီးက ဘာဝတ်ဝတ်လှပြီးသားပါကွယ် ... ကဲ ... လာလာ စကြရအောင် ... "

သူမ class ထဲဝင်ထိုင်လိုက်၏။ နောက်ဆုံးတန်းရှေ့ လမ်းမဘက်မှာထိုင်ကာ ကွန်ပျူတာကိုဖွင့်လိုက်သည်။ ဆရာမက e-mail ပို့သည့်ကဏ္ဍကို စသင်ပေးရင်းတစ်ယောက်နှင့်တစ်ယောက် အချင်းချင်း ရေးစေသည်။ သူမက ရှေ့ဆုံးတန်းမှ ဝတ်ရည်ကိုပို့ရန် ခေါင်းထဲစာစီနေစဉ်မှာပင် သူမ scream ပေါ်မှ စာတန်းများပေါ်လာလေ၏။

**"My beloved Ni Ni,**

**I love you more than I can say. That is unchanged truth. You are my Dream Goddess, my soul, my life and my hope. If you have no love for me, it will create my life bad. My future will be faced the worst decay. I cannot feel your cold words and eyes. Please don't hate me.**

**I will be loving you till my hair is grey. Would like you to believe me.**

**Yours,**
**Arkar Bo"**

[ကိုယ်ချစ်မြတ်နိုးရတဲ့ နီနီ ....

မင်းကို ပြောနေတာထက် ကိုယ်ပိုချစ်တယ် ... ဒါဟာ ဘယ်တော့မှ ပြောင်းလဲမသွားမဲ့ အမှန်တရားပဲ ... မင်းဟာ ကိုယ့်ရဲ့အိပ်မက် နတ်သမီး ... ကိုယ့်အသက် ဝိညာဉ် ... ကိုယ့်ရဲ့ဘဝ ... ပြီးတော့ ... ကိုယ့်ရဲ့မျှော်လင့်ချက်ပဲ ... မင်းသာ ကိုယ့်ကိုပြန်မချစ်ရင် ကိုယ့်ဘဝဟာ ဆိုးရွားသွားရပါလိမ့်မယ် ... ကိုယ့်ရဲ့အနာဂတ်လည်း ပျက်ဆီးသွားရပါလိမ့်မယ် ... မင်းရဲ့ စိမ်းကားတဲ့အပြောတွေနဲ့ အကြည့်တွေကို ကိုယ်မခံစားနိုင်ဘူး ... ကျေးဇူးပြု၍ ကိုယ့်ကို မမုန်းလိုက်ပါနဲ့ ...

မင်းကို ကိုယ့်ဆံပင်တွေ ဖြူသွားတဲ့အထိတိုင်အောင် ချစ်သွားမှာပါ၊ ကိုယ့်ကိုယုံကြည်ပေးပါကွာ ... ။

မင်းရဲ့ ...
အာကာဗိုလ်]

ဗုဒ္ဓေါ ... သူမ မျက်လုံးအစုံ ပြူးကျယ်သွားရ၏။ ဒီသင်တန်းတက်နေတာကို သူ ဘယ်လိုသိသွားတာပါလိမ့် ... ။ သူမ ဖျတ်ခနဲ အနောက်ကို လှည့်ကြည့်တော့ ထောင့်ခုံမှာထိုင်နေသည့် အာကာဗိုလ်က မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး Fly kiss ပေးလိုက်လေ၏။ သူမ သူ့ကို မျက်စောင်းတစ်ချက် ဒိုင်းခနဲထိုးလိုက်မိသည်။ Keyboard မှ ခလုတ်များကို ခပ်မြန်မြန်လေးနှိပ်လိုက်ပါ၏။

**"Hey Arkar Bo,**

**You are foolish one. I had already told you that I have**





**lover. My love for him will alive even I am dead. He is the first and last one for me. That is forever truth. Don't distrub me.**

**Pan Ni Ni"**

ဟော့ အာကာဗိုလ် ...

နင်အရူးပဲ ... ငါ့မှာ ချစ်သူရှိတယ်လို့ နင့်ကိုပြောခဲ့ပြီးပြီလေ၊ ါသေသွားတဲ့အထိ သူ့အပေါ်ချစ်နေတဲ့ ငါ့ချစ်ခြင်းတွေက ရှင်သန်နေဦးမှာပါ၊ ါဟာ ထာဝရအမှန်တရားပဲ ... သူဟာ ငါ့ရဲ့အချစ်ဦးနဲ့ အချစ်ဆုံးပါ ... နင် ငါ့ကို မနှောင့်ယှက်ပါနဲ့ ...

ပန်းနီနီ]

သင်တန်းဆင်းတော့ သူက သူမနောက် တကောက်ကောက် လာသဖြင့် သူမ အတော့်ကို စိတ်ညစ်သွားပါ၏။ အိမ်ကိုသာသိသွား ်တော့ ဒုက္ခပါပဲ။ ဘယ့်နှယ်လုပ်ရမှါ။ အင်း ... ဒက်ဒီတို့ Golf ကွင်း လိုက်သွားတာပဲကောင်းမည်။ ·

"နီနီ ... "

"အာကာဗိုလ် နင့်ကို ငါ အတန်းဖော်သူငယ်ချင်းမို့ ဒီလောက် သည်းခံနေတာနော် ... နင် ဒီလိုဆက်ပြီး နှောင့်ယှက်နေမယ်ဆိုရင် ချစ်သူကို ငါ အသိပေးလိုက်တော့မယ် ... အဲဒီတော့မှ နင် အဆိုးမဆို ..."

"နီနီကလည်းကွာ ... အချစ်ဆိုတာ တားဆီးလို့ရတာမျိုးမှ ုတ်ဘဲ ... ငါ့ကို မယုံနိုင်ဘူးလားဟာ ... ငါ နင့်ကို တကယ်ချစ် ာပါ ... ငါ့ကို နင် ဝိတ်ပင်ရင် နင့်အိမ်ကို ငါ ညတိုင်းဖုန်းဆက်တော့ ယ် ... နင် ငါ့ကို အဖြေမပေးမချင်း နင့်နောက်မှာ ငါအမြဲရှိနေဦးမှာ ..."

"အမာ _ ငါ့ကိုများ ချိန်းလားခြောက်လားနဲ့ ... နင်ပြောတိုင်း ငါက ကြောက်မယ်များမှတ်နေလား ... သတ္တိရှိရင် နင် ရှေ့ဆက်တိုးခဲ့ပေါ့ _ နောက်မှ နောင်တမရနဲ့ ... ပထမ သူငယ်ချင်းအဆင့်ထိ ငါ လက်ခံပေးမလို့ဟာ ... ဒီလို နင် မိုက်ရူးရဲဆန်နေရင် ငါ့ဆန္ဒကို ပြန်ရုပ်သိမ်းလိုက်ပြီ ... နင်သိထားဖို့က ပန်းနီနီရဲ့ရင်ထဲမှာ သူတစ်ယောက်ပဲရှိတယ် ... သူ့ကိုပဲ ငါလက်ထပ်မှာ ... အဲဒါ အသေချာဆုံးပဲ ... နင် ဆက်လိုက်မလာနဲ့ ... ငါ ငါ့အဖေဆီသွားမှာ ... "

Taxi တစ်စီးကို လှမ်းတားလိုက်ပြီး Golf ကွင်းကို သူမ ရောက်ခဲ့လေ၏။ ကွင်းပြင်ထဲမရာမီ အအေးဆိုင်နှင့် စားသောက်ဆိုင်များကို ဖြတ်သန်းလျှောက်လှမ်းခဲ့သည်။

"ဟိတ် ... သမီးနီနီ ... "

"အန်ကယ်သက် ... ဒက်ဒီရောဟင် ... "

"အခု ဒေါက်တာမင်းခန့်နဲ့ ကျော်နိုင်အလှည့်လေ သမီးရဲ့"

"ဟုတ်လား ... နီ လိုက်သွားမယ်နော် ... "

"အေးအေး သမီး ... "

သူမ ကွင်းထဲသို့ဝင်ခဲ့၏။ ကိုယ်နေဟန်မတ်မတ် ... ဟန်ပါပါ အလွဲ ... Golf သီးလေးက ကျင်းနားစိုက်ထားသည့် တိုင်အနီးရောက်သွား၏။ ... ခပ်ဖြည်းဖြည်းလျှောက်လာလိုက်သည်။ သူက စိတ်ငြိမ်ငြိမ်ဖြင့် ဒသီးလေးကို ကျင်းထဲထည့်လိုက်ပါ၏။ အနီးရှိလူအုပ်မှ လက်ခုပ်သံတွေထွက်လာသည်။

"ဒေါက်တာက လက်မှန်တယ်ဗျာ ... ကျွန်တော်တို့ ဒီကျင်းကို အနည်းဆုံး လေးချက်သွင်းရတာဗျ ... "

"ဩော် ... ကျွန်တော်က သုံးချက်မှဝင်တာပါ ဦးမျိုးမြင့်ရယ်။"





...ပ်မကျွာပါဘူး ... "

"ကဲ ... ဘာမှပြောမနေနဲ့ ... ဒီနေ့ပွဲင်းကို ခင်ဗျားရှင်းဖို့ပြင် ... ကိုမျိုးမြင့်ရေ ... ဘယ့်နှယ်လဲ ... "

"ရှင်းရမှာပေါ့ဗျာ ... "

"နီ သဘောမတူဘူးနော် ဒက်ဒီ ... Rum လား ... Beer လား"

"ဟော ... Sweety ... Class ပြီးပြီလား ... "

"အင်းပေါ့ ... နီက ဒက်ဒီနဲ့ အတူတူပြန်မလို့လိုက်လာတဲ့ဟာ ... "

"ဒက်ဒီတို့ ဘီယာပဲသောက်မှာပါ သမီးရယ် ... "

"Jar လား ... Tin လား ... ဒက်ဒီ ... "

လူကြီးတွေ ခပ်အုပ်အုပ်ရယ်လိုက်ကြ၏။ ဒက်ဒီက သူမ ဦးထုပ်ကို အသာဖိလိုက်ပါသည်။

"Tin ပဲသောက်လိုက်ပါ့မယ် သမီးရယ်"

"တစ်ဘူးပဲနော် ... မူးလို့မရဘူး ... ဦးလည်းဒီအတိုင်းပဲ ... "

"ဟော ... သမီးက ဒေါက်တာနဲ့ ရင်းနှီးပြီးသားလား ... "

"ဒါပေါ့ ... နီ လစ်တာနဲ့ မူးနေမှာစိုးလို့ လိုက်အုပ်ထိန်းရတာ ...ယ်မျိုးရဲ့ ... "

"ဟောဗျာ ... လက်စသတ်တော့ ကလေးနှစ်ယောက်ကို ...ထိန်းတဲ့ ဆရာမကို ... "

သူက သူမကို ပြုံးကြည့်လိုက်ပါသည်။ စားသောက်ဆိုင်တန်းသို့လျှောက်ကာ စားပွဲတစ်ဝိုင်းမှာ ငါးယောက်သား ဝင်ထိုင်လိုက်... စားသောက်စရာများမှာတော့ သူက သူမအတွက် Sunkist ...ဘူးထည့်မှာပေးပါသည်။ လွတ်လပ်စွာစားသောက်ချင်တာမို့ ဇိတ်

တာလေးတွေကို စားသောက်စရာများကိုသာ ပြင်ဆင်စေပြီး ဖယ်ခိုင်းလိုက်ပါသည်။

ဘီယာဘူးများဖွင့်၍ သောက်နေကြစဉ် သူက သူမအတွက် Sunkist ဘူးကို ဖန်ခွက်ထဲထည့်ပေးလေ၏။ သူမအတွက် သီးသန့်မှာပေးထားသည့် ခေါက်ဆွဲကြော်ပန်းကန်ထဲသို့ သူက အခေါက်ကင်များ ဆာတေးများ၊ ကြက်ဥမွှေကြော်နှင့် ကြက်တောင်ပံအဆာသွတ်တို့ကို တူဖြင့် တစ်ခုချင်းယူ၍ မကြာခဏထည့်ထည့်ပေးလေသည်။ လူကြီးတွေက သာမန်မျှသာ သဘောထားကြသော်လည်း ရင်ထဲမှာ တငြိမ့်ငြိမ့်ခုန်ပေါက်နေသည့် ရင်ခုန်သံကို သူမသာလျှင် အသိဆုံးဖြစ်လေ၏။ ဪ ... ဦးရယ် ... ။





'စိုးမိုးသူ'

စတင်ကာ ...
တွယ်ငြိတဲ့ သံယောဇဉ်
အသိစိတ်မှအစ
နှလုံးသားကိုစိုးမိုး
စားလည်းသူ ...
သွားလည်းသူ ...
အို ...
တကျက်လျှင်လည်း သူပါပဲ ...
အိပ်စက်ရင်လည်း ပြေမရှင်
အိပ်မက်တွင်လည်းသူသာပင်
စိုးမိုးလွှမ်းသူ 'သခင်' ...

(၇)

"Sweety ... မောင်ခန့်ကို ဒီညနေ ထမင်းလာစားဖို့ ပြောထားတာ မေ့နေလားမသိဘူး ... နေတောင်တော်တော်စောင်းနေပြီ ... သွားခေါ်လိုက်ကွယ် ... ပြီးရင် ဒက်ဒီနဲ့ Chess ထိုးဦးမှာ ... "

"ဟုတ်ကဲ့ ဒက်ဒီ ... "

သူမ တစ်ဘက်ခြံသို့ ကူးလာခဲ့၏။ ခြံထဲမှာ ဘရောင်နီ့ကို မတွေ့ရပေ။ အိမ်ဝမှ လူခေါ်ဘဲလ်ကို နှိပ်လိုက်ပါသည်။

"တင်းတောင် ... တင်းတောင် ... "

သူက ရေချိုးနေရာမှ ဒီအတိုင်း ရေစိုကြီးဖြင့် ထွက်လာကာ တံခါးကို လာဖွင့်ပေးလေ၏။

"ဘာကိစ္စရှိလို့လဲ နီနီ ... "

"ဦးကို ဒက်ဒီခေါ်ခိုင်းလိုက်တယ် ... "





"သြော် ... အင်းအင်း ... ခဏလေး ... ကိုယ်ရေချိုးနေလို့"

သူမက ဧည့်ခန်းထဲဝင်ထိုင်တော့ အခန်းထောင့်မှာ ထမင်းစား းသည့် ဘရောင်နီ့ကို တွေ့ရလေ၏။ စားပွဲအောက်မှာရှိနေသည့် စာ ်အချို့ကိုယူ၍ လှော့ကြည့်နေစဉ် Album တစ်ခုကို မြင်လိုက်ရ သသည်။ သူမ လှမ်လှောကြည့်လိုက်တော့ သူငယ်စဉ်မှ အရွယ် ာက်သည်အထိ ရိုက်ထားသည့်ပုံများကို တွေ့ရလေ၏။ နောက်ဆုံး ာန်ညှိထည့်ထားသည့် မျက်နှာအနီးကပ်ပုံကိုမြင်သော် သူမစိတ်ထဲ ့သိအောင် ယူချင်စိတ်ရှိလာသဖြင့် အိပ်ခန်းထဲ တချက်ချက်ကဲကြည့် ာ ဓာတ်ပုံကို ဖြုတ်ယူလိုက်ပါသည်။ အမလေး ... ရင်တုန်လိုက်တာ ်ာ ... ။ Album ကို နေရာတကျ ပြန်ထားပြီး ဓာတ်ပုံကို လူမမြင် ာင် ရင်ဘတ်ထဲထည့်၍ အသာလေးလစ်လာခဲ့တော့သည်။

အိပ်ခန်းထဲပြန်ရောက်တော့ အသာပြန်ထုတ်ကာ ဓာတ်ပုံကို ေလးနမ်းရှိုက်လိုက်မိရင်း ခပ်တိုးတိုးရယ်လိုက်လေ၏။ ဦးရယ် ... ်ခုန်သံတွေကို ဘယ်တော့များမှ သိနိုင်မှာလဲ ... ။ စန္ဒကူးနဲ့ သက်ပြီး ဦးရဲ့ရင်ခုန်သံတွေ ရပ်တန့်သွားခဲ့ပြီလား။ ချစ်တတ်တဲ့ းသားလေး သေဆုံးခဲ့ပြီလားဟင် ... ။ ငယ်ငယ်ရွယ်ရွယ် ကလေး သးရဲ့ရင်ထဲက စစ်မှန်တဲ့ချစ်ခြင်းတွေကို ဦး အသိအမှတ်ပြုစေချင် ာယ်နော် ... ။

"ဒေါက် ... ဒေါက် ... "

"ဘုရား ... "

သူမ ဓာတ်ပုံကို ခေါင်းအုံးအောက်သို့ ထိုးထည့်ပြီးနောက် ချပ် တံခါးဖွင့်သံနှင့်အတူ အခန်းထဲသို့ အန်တီလေးဝင်လာလေ၏။

"ဟဲ့ ... ဘာလုပ်နေတာလဲ နီနီ ... ထမင်းစားမယ်လေ"

"အင်းအင်း … နီလာခဲ့မယ် …"

"အခုလာလေ …"

"လိုက်လာမယ်လေ အန်တီလေးရဲ့ …"

"နင်တော့ မဟုတ်တော့ဘူးနော် … ဘာဖြစ်နေတာလဲ နီနီ"

"အာ … ဘာမှမဖြစ်ပါဘူးဆို …"

"ဘာမှမဖြစ်ရင် အခုလိုက်ခဲ့ … ဟိုမှာ လူကြီးတွေက နင့်ကို ပြန်စောင့်နေရတယ် … အလုပ်မဟုတ်တာ …"

သူမ စပ်ဖြဲဖြဲမျက်နှာဖြင့် အန်တီလေး၏ခါးကိုဖက်၍ အိမ်အောက်သို့ ဆင်းခဲ့ပါသည်။ ထမင်းဝိုင်းမှာ ဝင်ထိုင်တော့ အန်တီလေးက သူ့ကို ဖွယ်ဖွယ်ရာရာဟင်းတွေ ထည့်ကျွေးလေ၏။

"မောင်ခန့် … ကိုယ်တိုင်ထမင်းချက်စားတာလား …"

"ဟုတ်ကဲ့ အစ်ကိုကြီး …"

"ဈေးကော ဘယ်မှာဝယ်သလဲ …"

"သုခလမ်းထိပ်ဈေးမှာပဲ ဝယ်ဖြစ်ပါတယ် … တစ်ခါတလေ လှည်းတန်းဈေးသွားတယ် …"

"ချက်စားတာ အဆင်ပြေရဲ့လား …"

"ဟုတ်ကဲ့ … ပြေပါတယ် … များသောအားဖြင့် အလွယ်ဟင်းတွေပဲ ချက်စားဖြစ်တယ် အစ်ကိုကြီးရဲ့ … ဆီသွတ်ဘူးတို့၊ ကြက်ဥ ဘဲဥ၊ ဝက်အူချောင်း၊ ခေါက်ဆွဲပြုတ် အဲဒါတွေပေါ့ …"

"အိမ်မှာပဲလာစားပါလား မောင်ခန့်ရယ် … ဒီလောက်ရင်းနှီးနေတဲ့ဟာ …"

"နေပါစေ မမသင်းရယ် … အားနာပါတယ်ဗျာ …"

"အားနာရမဲ့လူတွေမှ မဟုတ်ဘဲကွာ … မောင်ခန့်ကလည်း"





သူ ဘာမှမပြောတော့ဘဲ ပြုံးရုံသာပြုံးနေမိသည်။ သူမ ငြိမ်သက်စွာဖြင့် ထမင်းကိုစားနေပါ၏။

"အခု ကိုခန့် ဆေးရုံမှာမလုပ်တော့ဘူးပေါ့ ဟုတ်လား …"

"ဟုတ်တယ် စပယ် … လမ်းထိပ်က ဆေးခန်းကိုပဲ မနက်တစ်ခါ ညနေတစ်ခါဖွင့်ဖြစ်တယ်၊ သင်ထားတဲ့ပညာတွေ အလဟဿ ဖြစ်မှာစိုးလို့သာ လုပ်နေရတာ … အမှန်တော့ ကိုယ်ဆေးမကုချင်တော့ဘူး …"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ မောင်ခန့်ရယ် … ပြီးခဲ့တာတွေ ထားပါစေတော့ … အခုမှ အသက်လေး(၃၆)နှစ်ရှိသေးတာ … ဘဝကို ဆက်လျှောက်စရာအများကြီးလိုသေးတယ် မဟုတ်လား …"

ထမင်းစားနေလျက်မှ သူ ငိုင်ကျသွားလေ၏။ သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်မိပါသည်။

"ဘဝကြီးက နေပျော်စရာမရှိတော့သလိုပါဘဲ အစ်ကိုကြီးရယ်၊ ကျန်တော်လျှောက်ရမဲ့ ခရီးလမ်းက အဓိပ္ပာယ်သိပ်မရှိတော့ပါဘူး"

"ကိုခန့်မိဘတွေ ဟိုမှာပဲ ဆုံးတာလား …"

"ဟုတ်တယ် … ကိုယ် ဒီကိုပြန်ရောက်တာ နှစ်နှစ်လောက်ပဲ ရှိသေးတယ် စပယ်ရဲ့ … ဟိုမှာ အပြီးနေမယ်ဆုံးဖြတ်ထားပေမဲ့ … မြန်မာပြည်ကို လွမ်းလွန်းလို့ ပြန်လာခဲ့တာ … ဒီရောက်ပြန်တော့လည်း အလွမ်းကမပြေပါဘူး …"

"သေတဲ့လူက ဘယ်တော့မှ ပြန်မရှင်နိုင်ဘူးလေ မောင်ခန့်ရဲ့၊ ဘဝကို အဓိပ္ပာယ်ရှိရှိဆက်လျှောက်ရင်း အိမ်ထောင်ပြုသင့်ရင်ပြုရမှာ …"

"တော်ပါပြီ အစ်ကိုကြီးရယ် … ဒုတိယသတို့သမီးကိုလည်း

စံလိုအဖြစ်မျိုးနဲ့ကြုံမှာကို စိုးရိမ်ပါတယ် ... နေပါစေတော့ ... "

"ဘဝမှာ အချစ်က တစ်ကြိမ်တည်းရှင်သန်တာ မဟုတ်ဘူးဆိုတာကိုတော့ မောင်ခန့် နားလည်ပါ ... "

"ဟုတ်ကဲ့ပါ အစ်ကိုကြီး ... ကျွန်တော်သိပါတယ် ... "

"ဒီနေ့ ငါ့သမီးပေါက်ပေါက်လော့် အသံတိတ်နေပါလားကွဟေ၊ ဘယ်လိုလဲ Sweety ... နေကောင်းရဲ့လား သမီး ... "

"ကောင်းပါတယ် ဒက်ဒီ ... ဘာမှမဖြစ်ပါဘူး ... "

ထမင်းစားပြီးသွားတော့ သူနှင့် ဒက်ဒီက ဧည့်ခန်းမှာ Chess ထိုင်ကစားနေကြ၏။ အန်တီလေး လိမ္မော်ရည်ဖျော်နေစဉ် အိမ်ပေါ်သို့ အမြန်ပြေးတက်ရင်း သူ့ပုံကို ဒိုင်ယာရီစာအုပ်ကြားထဲထည့်ကာ သော့ ပိတ်လိုက်သည်။

အောက်ထပ်ပြန်ဆင်း၍ သူနှင့် ဒက်ဒီ ကစားသည်ကို ခဏထိုင် ကြည့်ကာ သုံးပွဲကစားပြီးတော့ သူက တစ်ပွဲသာနိုင်သဖြင့် ဒက်ဒီက ရယ်မောလေ၏။

"Sorry မောင်ခန့် ... စိတ်ရှုပ်အောင်ပြောပြီးကစားတော့ ရှုံး သွားတာ အစ်ကိုကြီးကို ခွင့်လွှတ် ... "

"ရပါတယ် အစ်ကိုကြီး ... နောက်နေ့တွေရှိပါသေးတယ်"

"အေး ... စိတ်ပြေလက်ပျောက် မကြာမကြာလာပါကွယ် ... အစ်ကိုကြီးလည်း ကြားရက်ညနေတိုင်းရှိနေတာပဲ ... Sunday တော့ တစ်နေကုန်အားနေတာပေါ့ ... "

"ဟုတ်ကဲ့ ... ကျွန်တော်ပြန်ဦးမယ် ခင်ဗျ ... "

"အေးကွယ် ... "

သူမက သူ့ကို ခြံဝအထိလိုက်ပို့ပေးပါသည်။ ခြံဝမှာခဏရပ်





တော့ သူက တည်ကြည်သောမျက်နှာဖြင့် သူမဘက်လှည့်ကြည့်လိုက် သည်။

"နီနီ ... သူတစ်ပါးပစ္စည်းကို သူတစ်ပါးမသိအောင်ယူရင် ဘာ ကိုကျူးလွန်သလဲဆိုတာ နားလည်တယ် မဟုတ်လား ... "

"ဟင် ... ဘာကိုဆိုလိုတာလဲ ဦးရဲ့ ... "

"ဒီညနေ မင်းကိုယ့်အိမ်ကိုလာတယ် ... ကိုယ်မသိအောင် တိတ် တိတ်ကလေး ပြန်သွားကတည်းက တစ်ခုခုထူးပြီလို့ကိုယ်သိနေတယ်"

"နီ ... ဦးခြံက နှင်းဆီနီကလွဲလို့ ဘာမှမယူဖူးပါဘူး ... "

"သေချာလား ... ဒီညနေ မင်းဘာယူသွားသလဲဆိုတာ ကိုယ် တတ်ပြောမှ သိမှာလား ... "

"ဦး ... "

သူမ ခြေတစ်ဖက်ဆောင့်လိုက်၏။ လရောင်အောက်မှာ ... က်နှာလေးရဲတက်လာသည်။

"ဘာလုပ်ဖို့လဲ နီနီ ... အိမ်ကလူကြီးတွေမြင်သွားရင် မကောင်း ား ... ကိုယ့်ကိုပြန်ပေးပါ ... "

"ဟင့်အင်း ... နီလိုချင်လို့ယူလာတာ ... ဘယ်သူမှမမြင်ရ အောင် ဝှက်ထားတာပေါ့ ... "

"တကယ်လို့ တွေ့သွားရင် ဘယ်လိုလုပ်မလဲ ... "

သူမ ခေါင်းငုံ့ငြိမ်သက်သွား၏။ ဘယ်လိုပြောလိုက်တာလဲ ဦး ယ် ... နီက မလိမ္မာတတ်ဘူး ... ။

"နီနီဟာ ကိုယ့်တူမလေးအရွယ်ပါ ... ကိုယ် နီနီ့ကို တူမလေး စ်ယောက်လိုပဲ ရင်းရင်းနှီးနှီးနေတယ် ... ကိုယ်တို့ကြားမှာရှိနေတဲ့ ခင်မှုတွေကို ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ပြဿနာအဖြစ်မခံပါနဲ့ နီနီ၊

နီနီ့မိဘတွေ သိသွားရင် ကိုယ်မကောင်းဘူး ... အထူးသဖြင့် စပယ့်ကို ကိုယ် မျက်နှာပူရအောင်မလုပ်ပါနဲ့ ... "

သူမ မျက်ရည်တစ်စက် ပေါက်ခနဲကျသွားပါ၏။ ပြောရက်လိုက်တာ ဦးရယ် ... နီ့ရင်ထဲကခံစားချက်ကို နားလည်မပေးနိုင်တောင် ဦးရဲ့ဓာတ်ပုံလေးတစ်ပုံကိုတော့ အမှတ်တရသိမ်းထားချင်တာပေါ့ ...။ ဒါကိုတောင် ဦးက ခွင့်မပြုချင်ဘူးလားဟင် ... ။

"နီနီ ... "

"နီ ... နီ ... ပြန်ပေးပါ့မယ် ... "

သူမမျက်နှာကို လက်ဝါးဖြင့်အုပ်၍ သူ့အနီးမှ ပြေးထွက်လာခဲ့သည်။ အိမ်ဝအရောက်မှာ မျက်ရည်ကို ခပ်ကြမ်းကြမ်းသုတ်လိုက်ရင်း အိမ်ပေါ်ထပ်အိမ်ခန်းသို့ ပြေးတက်ခဲ့၏။ ဦးရယ် ... ကြေမွအက်ကွဲနေတဲ့ ဦးရဲ့နှလုံးသားကို အကောင်းပကတိဖြစ်စေချင်တဲ့ဆန္ဒတွေနဲ့ နီ ဦးကို ချစ်မြတ်နိုးမိတာပါ။ ခုတော့ ဦးရဲ့အသည်းက ခက်ထန်မာကျောလှချည်လား။

သူ အိမ်ထဲသို့ဝင်လာပြီး အိပ်ရာပေါ်ပစ်လှဲချလိုက်၏။ မျက်လုံးအစုံကို မှိတ်ထားလိုက်သည်။ အာရုံမှာ စံရဲ့မျက်နှာကိုတစ်လှည့် နီနီ့မျက်နှာကိုတစ်လှည့် မြင်နေရသည်မို့ ခေါင်းကိုခါယမ်းပစ်လိုက်၏။

အိပ်ရာမှ အသာထရပ်ရင်း တစ်ဘက်ခန်းရှိ ပိတ်ထားသည့် အခန်းသော့ကို ဖွင့်ဝင်လာခဲ့သည်။ ပကတိရှင်းသန့်နေသည့် အခန်းထဲမှာ စန္ဒကူး၏ဓာတ်ပုံပေါင်းများစွာက အရွယ်စုံဆိုဒ်စုံ နေရာအနှံ့။ လိုက်ကာဖုံးထားသည့် ပန်းချီကားကို အသာဖွင့်လိုက်၏။ သူ့နှလုံးသားရဲ့ဘုရင်မရုပ်ပုံလွှာက အပြုံးတို့ပြည့်နှက်လျက် သူ့ကို ပြန်စိုက်ကြည့်နေသည်။





"စံ ... "

ခါးတစ်ပိုင်းပုံမှ မျက်နှာနေရာလေးကို သူ အသာဖွဖွကိုင်လိုက်သည်။ အချစ်နတ်ဘုရားမတစ်ပါး။ သူမြတ်နိုးခဲ့ရသည့် နတ်သမီးရဲ့ ဘဝဉ်သည် ယခု သူ့အနားမှာ စောင့်ကြည့်နေမည်လား ... ။

"စံရယ် ... မောင့်ကို ဘာဖြစ်လို့ တစ်ယောက်တည်းထားခဲ့ရ ဘလဲ ... မောင် ... မောင် စံကို သိပ်ချစ်မှန်းသိလျက်နဲ့များ မောင့် ချန်ရစ်ခဲ့ရတာယ်လို့ အချစ်ရယ် ... "

သူ့မျက်ဝန်းမှ မျက်ရည်တို့ ပေါက်ခနဲကျလာ၏။ ပန်းချီကား ါက်တိုင်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။ တစ်အိမ်လုံး ငြိမ်သက် ဘ်ဆိတ်လျက် ... ကြာတော့ကြာခဲ့ပါပြီစံ ... (၁၀)နှစ်ဆိုတာ ာမန်လူတွေအတွက် သေသွားတဲ့လူကို မေ့ပျောက်ပစ်ဖို့ အင်မတန် ာ်ကူကောင်းလွယ်ကူမှာပါ ... ဒါပေမဲ့ မောင့်လို အစွဲအလမ်းကြီး လူတစ်ယောက်အတွက်ကတော့ (၁၀)နှစ်မကလို့ (၁၀)ကမ္ဘာခြား ါစေဦးတော့ ... ။ တစ်ရက်လေးမှ မေ့လို့မရတာ အမှန်ပါပဲကွာ။

# လွန်ခဲ့သောဆယ်နှစ်ကျော်ကာလများဆီက

ရွှေပဒေသာစာပေ

## (၈)

"မင်္ဂလာပါ ဆရာမ ..."

"မင်္ဂလာပါကွယ် ... ထိုင်ကြပါ ... တပည့်တို့ကို ဒီနေ့မှ ကျောင်းပြောင်းလာတဲ့ သူငယ်ချင်းအသစ်နဲ့ မိတ်ဆက်ပေးမယ်နော်။ လာ ... ဝင်လာခဲ့လေ သမီး ..."

အတန်းထဲသို့ ကျစ်ဆံမြီးအရှည်ကြီးကျစ်ထားသည့် မိန်းကလေး တစ်ဦး ဝင်လာ၏။ လွယ်အိတ်က အဝါဖျော့ဖျော့လေး။ ခေါင်းမှာ အဝါရောင်နှင်းဆီတစ်ပွင့်ကို ပန်ဆင်ထားလေသည်။ ကောင်မလေးက မျက်လွှာကိုအသာချရင်း ဆရာမနံဘေးမှာ ရပ်လိုက်လေ၏။ တစ်တန်းလုံး အပ်ကျသံမျှပင် မကြားရအောင် တုစ်နေရာထဲသို့ စူးစိုက်ကြည့်နေမိကြသည်။

"သူ့နာမည်က စန္ဒကူးလို့ခေါ်တယ် ... မန္တလေးကပြောင်းလာ





ပေါ့ ... အားလုံးမှတ်ထားကြနော် ... တစ်တန်းတည်းသားချင်းကို အစ်ကို မောင်နှမတွေလို သဘောထားရမယ် ... စောင့်ရှောက်ရမယ်။ အားလုံးကြားကြလား ..."

"ဟုတ်ကဲ့ပါ ဆရာမ ..."

"သမီး စပယ် ... စန္ဒကူးကိုခေါ်ထိုင်လိုက်ပါ ... တစ်လနောက် ကျနေတဲ့စာတွေကို စပယ်နဲ့ မင်းခန့်က ဝိုင်းကူပြီး ကူးပေးရမယ်နော်။ နားမလည်တာတွေရှိရင် မင်းခန့်က ရှင်းပြလိုက်ပါ ..."

"ဟုတ်ကဲ့ပါ ဆရာမ ..."

ခုံအစွန်ဆုံးမှာ ဝင်ထိုင်လိုက်သည်မို့ သူ့အသံသြသြကြောင့် သူမ ခေါင်းခနဲမော့ကြည့်လိုက်သည်။ သူက အကြည့်ကိုလွှဲ၍ ဗလာစာအုပ် ခေါင်းမျဉ်းတားနေလိုက်၏။ လမ်းသာခြားသည့် သူမထံမှ သနပ်ခါး နံ့သင်းပျံ့ပျံ့ကို ရှူရှိုက်လိုက်ရသည်။ မျက်လုံးထောင့်မှာမြင်နေရသည့် ဝါသည့် အသားလေးပေါ်မှ သွေးကြောစိမ်းစိမ်းကလေးများ ... သြော် ... သူဖတ်ဖူးသည့် စာအုပ်တွေထဲမှ နတ်သမီးတစ်ပါး လူ့ပြည် သက်ဆင်းလာလေပြီကော ...။

မုန့်စားဆင်းချိန်မှာ အခန်းဝမှာ ပြုံတစ်ပြုံတစ်လာကြည့်နေ သည့် မျက်လုံးပေါင်းများစွာကြောင့် သူမ မျက်နှာလေးမှန်းရောင် သန်းနေ၏။ သူက လေးထောင့်စတီးဘူးကို ဖွင့်လိုက်ပါသည်။

"ကိုခန့်ရေ ... စပယ်တို့ရှေ့မှာ လာထိုင်ပါလားဟင် ..."

"ဘာဖြစ်လို့လဲ စပယ် ..."

"အပေါက်မှာ လူတွေပြုံကြည့်နေတော့ စံ ဘယ်လိုထမင်းစား ရမှာလဲ ..."

"သြော် ... ရပါတယ် ..."

သူ စာသင်ခုံပေါ်မှ ထမင်းဘူးကိုယူ၍ စပယ့်စာသင်ခုံမှာတင်ရင်း ကျောက်သင်ပုန်းကို ကျောပေးထိုင်လိုက်ပါသည်။ သူမနှင့် စပယ်က ထမင်းချိုင့်သုံးဆင့်ကို ဖွင့်လိုက်ကြ၏။

"ကိုခန့် ... ဒီနေ့ဘာဟင်းလဲ ..."

"ကြက်ဟင်းခါးသီးနဲ့ ခရမ်းသီးရှော့နှပ်ထားတာရယ်၊ ငါးကြော်ရယ် စပယ် ..."

"ဟင် ... လာပြန်ပြီ ဒီအခါးဟင်းကြီး ..."

"ကိုယ်က အခါးကြိုက်တာကိုး စပယ်ရဲ့ ..."

"စံကရော ..."

"စံက မြေပဲဆံငပိချက်နဲ့ အာလူးနဲ့ဝက်သားဆီပြန် ... ပြီးတော့ ပဲနီလေးနဲ့ ကြာဆံဟင်းချို ..."

"အင်း ... မဆိုးဘူး ... စပယ်က လက်ဖက်သုပ်နဲ့ ငါးခြောက်ထောင်းကြော်ဆိုတော့ ဟင်းစုံသွားပြီ ... စားကြတာပေါ့ ..."

သူက ငါးကြော်ငါးကောင်ထဲမှ နှစ်ကောင်စီကို စပယ်နှင့် သူမချိုင့်ထဲ လှမ်းထည့်ပေးလိုက်ပါ၏။

"စံ ငါးကြော်ထက် ကြက်ဟင်းခါးသီးကိုပိုကြိုက်ပါတယ် ကိုခန့်"

ဟင်းလှမ်းထည့်လိုက်သည့် သူ့လက်က လေထဲမှာရပ်သွားရ၏။ တအံ့တသြဖြင့်ကြည့်လိုက်တော့ သူမက သူ့ကို ခပ်ပြုံးပြုံးကြည့်နေပါသည်။

"တကယ်ရောဟုတ်လို့လား စံ ..."

"ဟုတ်ကဲ့ ... စံလည်း အခါးကြိုက်တာပါ ..."

"အမလေးနော် ... နှစ်ယောက်ပေါင်းမိရင်တော့ နောက်နေ့တွေမှာ မိစပယ်တို့ အခါးတွေနဲ့ နှစ်ပါးသွားရပြီပဲ ..."





ရယ်သံတွေ တီးတိုးထွက်သွားရ၏။ သူက ကြက်ဟင်းခါးသီးင်းကို တော်တော်များများခပ်၍ သူမထံထည့်ပေးလိုက်ပါသည်။ ငါးကြော်ကိုတော့ တစ်ကောင်သာထည့်ပေးလိုက်၏။ သူမက သူ့ချိုင့်ထဲ အာလူးနှင့် ဝက်သားဟင်းကို ပြန်ထည့်ပေးပါသည်။

"အသားမထည့်ပါနဲ့ စံ ... ကိုယ်က ဝက်သားဆို အဆီနဲ့ခေါက်ကိုပဲ ပိုကြိုက်တယ် ..."

သူမမျက်နှာလေး လှပ္ပစွာရှုံ့တွသွား၏။ ပြီးနောက် တစ်ချက်ပ်လိုက်မိပါသည်။

"ဒါဆိုရင်တော့ စံနဲ့ ကိုခန့် အမြဲဟင်းလုစားနေရတော့မှာပဲ"

"ဟော ... တူပြန်ပြီလား ..."

"ဟဲ့ ... စပယ့်ငါးခြောက်ကြော်လေး မျက်နှာငယ်နေပြန်ပြီ ..."

"စားမှာပါ စပယ်ရယ် ... အဲဒီဟင်းလည်း ကုန်စေရမယ်"

"လက်ဖက်လည်းကုန်အောင် စံ ဝိုင်းစားပေးမှာပါ ... စိတ်ချ"

"ကိုခန့်ရေ ... စားပြီးရင် စပယ့်ကို Sequence ပုစ္ဆာတွေ ပြန်ပြဦးနော် ... လကုန်ပတ် စာမေးပွဲရှိတော့ ကိုခန့်နဲ့အတူတူ စာကျက်ချင်တာ ကူညီဦး ..."

"အင်းပါ ... ကိုယ့်အိမ်လာခဲ့လေ ... အပြန်လိုက်ပို့ပေးမယ်"

"စပယ်နဲ့ ကိုခန့်က အိမ်ချင်းနီးလားဟင် ..."

"တစ်လမ်းခြားတယ် စံရဲ့ ..."

"စံရော စာလာမေးလို့ရမလား ကိုခန့် ..."

"ရပါတယ် စံရယ် ... စပယ်နဲ့အတူတူလာခဲ့ပေါ့ ..."

ညနေကျောင်းပြန်တော့ သူနှင့် စပယ်က စက်ဘီးကိုယ်စီထုတ်

လာခဲ့၏။ စံက အိမ်မှကားလာကြိုရန် စောင့်နေရတော့မည်။

"စပယ်တို့နဲ့ပဲလိုက်ပြန်ပါလား စံ … စပယ်လိုက်ပို့ပေးမယ်လေ … လာတက် … "

"စံ အားနာပါတယ် စပယ်ရယ် … "

"ဩော် … သူငယ်ချင်းတွေပဲ … ဘာအားနာစရာလိုလို့လဲ … လာပါ … "

သူမ စပယ့်စက်ဘီးနောက်မှာ တက်လိုက်တော့ သူက အရှိန်ဖြင့် နင်းထွက်လိုက်၏။ လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်မှာ နွားနို့ဝင်မှာနေသဖြင့် စပယ့်စက်ဘီးက ကျော်တက်သွားသည်။ အချိန်အနည်းငယ်အကြာမှာ သူ လိုက်သွားတော့ မလှမ်းမကမ်းမှာ လဲသွားသည့် စပယ်တို့ကို တွေ့လိုက်ရသဖြင့် စက်ဘီးကို အမြန်နင်းလိုက်ရ၏။

"စပယ် … ဘာဖြစ်တာလဲ … "

"တောက် … D ခန်းကမျိုးဝင်းပေါ့ … စုံကိုအနောက်က စက်ဘီးနဲ့ လိုက်နှောင့်ယှက်တာ … အဲဒါ သူ့ရှောင်ရင်း စပယ့်စက်ဘီး လဲတာပဲ … "

"စပယ်တို့ဘာဖြစ်သွားသေးလဲ … "

"ခြေထောက်တော့ နည်းနည်းပွန်းသွားတယ်၊ ဒီပုံနဲ့ဆိုမလွယ်ဘူး ကိုခန့်ရဲ့ … ဒင်းက စုံ့အိမ်အထိလိုက်မှာလို့ ကျိန်းနေတာ … "

သူမ လုံခြည်လေးကို အသာမကြည့်လိုက်ရင်း မျက်နှာလေး သုန်မှုန်နေသည်။ စိတ်ရှုပ်တာရော ရှက်တာကြောက်တာတွေပါစုရုံး၍ မျက်နှာလေး ရဲရဲနီနေတော့၏။

"စက်ဘီးရော ဘာဖြစ်သွားသေးလဲ စပယ် … "

"ဟင့်အင်း … အကောင်းပါပဲ … "





"ဒါဖြင့် ဆက်သွားကြရအောင် … စံ … ကိုယ့်ဘီးပေါ်လိုက်ခဲ့ … "

သူမ မျက်လုံးဝိုင်းလေးများဖြင့် ဖျတ်ခနဲကြည့်လိုက်၏။ သူက တစ်ဖက်ထောက်၍ သူမအတက်ကို စောင့်နေသဖြင့် သူမ အသာ က်လိုက်ပါသည်။ စပယ်က ယှဉ်၍ စက်ဘီးကို နင်းလိုက်၏။ အရှိန် နင်းထွက်လိုက်စဉ် သူ့ပခုံးပေါ် သူမ လက်ရောက်သွားရသည်။ သင်းနံ့သင်းသင်းလေးကို ရှူလိုက်ရသဖြင့် သူမ ရင်ထဲတစ်မျိုး ဖြစ်သွား၏။

လမ်းမကြီးထိပ်မှာ မျိုးဝင်းတို့အုပ်စုက စက်ဘီးရပ်၍ စောင့် ကြ၏။ သူ့ကို မကျေမနပ်ရန်စောင်ကြည့်နေသည်ကို ဥပေက္ခာပြု၍ ကိုဆက်နင်းခဲ့သည်။ စံတို့လမ်းထဲအထိ သူနှင့် စပယ် လိုက်ပို့လိုက် ခြံရှေ့မှာ စက်ဘီးရပ်ပေးတော့ သူမ အသာဆင်းလိုက်သည်။

"ကျေးဇူးတင်ပါတယ်နော် … ကိုခန့်ကိုရော … စပယ့်ကိုပါ"

"ရပါတယ် စံ … "

"မနက်ဖြန်ကစပြီး စပယ်တို့နဲ့ အတူသွား အတူပြန်ပါ စံ … ယ်တို့လာကြိုမယ် … စောင့်နေနော် … "

"ဟုတ်ကဲ့ … "

သူနှင့် စပယ် ပြန်လှည့်ထွက်ခဲ့သည်။ စံပယ် လမ်းထဲဝင်သွား ည်ကို ခဏစောင့်ကြည့်ပြီးမှ သူ အိမ်ပြန်လာခဲ့၏။ ရေမိုးချိုး ညနေ စားသောက်အပြီး စာကြည့်စားပွဲမှာဝင်ထိုင်၍ အိမ်စာများကို အရင် လိုက်၏။ Bio စာအုပ်ကိုဖွင့်၍ကျက်စဉ် ခါတိုင်းလို ခဏနှင့်မရဘဲ ဘ်ကျက်နေရသဖြင့် သူ စာအုပ်ကိုပိတ်လိုက်ရ၏။ ပြတင်းလိုက် ကိုဖွင့်၍ လသာနေသည်ကို ငေးကြည့်နေမိစဉ် လပေါ်မှာ ပုံရိပ်

တစ်ခု ထင်လာသည်။ ဗုဒ္ဓေါ ... စံဖြစ်နေပါရောလား ... ။

သူ လှစ်ခနဲပြုံးလိုက်မိသည်။ ကိုယ့်ကို နှောင့်ယှက်တာလား စံ။ မင်းခန့်အိမ်က ဘဝကို စနစ်တကျနဲ့ ရည်မှန်းချက်ကြီးကြီးထားတာပါ စံရယ် ... ကိုယ့်လမ်းကြောင်းကို သွေဖီအောင်တော့ စံ မပြုစားလိုက်ပါနဲ့ ... ပုံဆွဲကပ်ပြားကိုယူ၍ ခဲကြောင်းရာပေးလိုက်၏။ တစ်ခဏအတွင်း သူမ၏ပုံရိပ်တို့က ပီပြင်လာသည်။ ပြွတ်ကျလုနှင်းဆီပါလေးနှင့် မခိုတရိုအပြုံးလေး ... သြော် ... စံရယ် ... ။

"သြော် ... မေမေ့သားတော့ Bio ဂုဏ်ထူးပါတော့မှာပါလား"

အနောက်မှ ရုတ်တရက်ပေါ်လာသည့်အသံကြောင့် သူ ကတ်ပြားကို မှောက်ပိတ်လိုက်ပါသည်။ မျက်နှာတွေ ထူပူပြီး နားရွက်ဖျားတွေပါ ရဲကုန်၏။ မေမေက သူ့ခေါင်းကို အသာထုလိုက်ပါသည်။

"ဖွက်မနေနဲ့ မေမေ အကုန်မြင်တယ် ... "

"မေမေ ... ဟိုဥစ္စာ ... "

"မညာတတ်ဘဲ ညာဖို့မကြိုးစားနဲ့ ... "

"မဟုတ်ပါဘူး မေမေရဲ့ ... "

"သားအသက် အခု ဘယ်နှစ်နှစ်လဲ ... "

"ဆယ့်ငါးနှစ်ကျော် ဆယ့်ခြောက်နှစ်ထဲမှာပါ မေမေ ... "

"ငယ်သေးတယ်နော် ... သား ဘာဖြစ်လို့ စာကြိုးစားနေတာလဲ ... "

"ဆရာဝန်ဖြစ်ဖို့ပါ မေမေ ... "

"ဒါဖြင့် အဲဒီပုံကို ဘာဖြစ်လို့ဆွဲနေရတာလဲ သားရယ် ... "

"Bio ကျက်နေရင်း သူ့မျက်နှာလေးပေါ်လာလို့ပါ မေမေ ... ကျွန်တော် စာဆက်ကျက်မှာပါ ... "





"ဒါဆို မေမေ့ကို အဲဒီပုံပေးလိုက်ပါ သား ... "

သူ ငြိမ်ကျသွား၏။ ပုံဆွဲကပ်ကို အသာလှမ်းလိုက်ရင်း နှမြောသကြည့်နေမိသည်။

"ပေးလေ ... "

မေမေတောင်းနေသဖြင့် အဖုံးကိုပိတ်လိုက်ပြီး ပေးလိုက်ပါ၏။ မေမေက စာအုပ်ကိုယူလိုက်ပြီး သူ့နားရွက်ကို လိမ်ဆွဲလိုက်သည်။

"အိပ်မက်ထဲပဲထည့်မက်ပါ သား၊ စာကြည့်ချိန်ကို အလဟဿ နှင်းတာ မေမေမကြိုက်ဘူး ... ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ မေမေ ... "

မေမေ အခန်းပြင်ထွက်သွားတော့ သူ ကျိတ်ပြုံးလိုက်ပါ၏။ ရဲ ... ကိုယ်တော့ မင်းကြောင့် နားရွက်ဆွဲခံရပြီသိလား။ ဒါပေမဲ့ မေမေက ကိုယ့်ကိုမဆူပါဘူး ... စံနဲ့ အိပ်မက်ထဲမှာတော့ တွေ့ခွင့်ပေးလိုက်ပါတယ် ... ။

အဲဒီညကစပြီး သူ့စာကျက်ချိန်တွေကို မေမေ မကြာခဏစောင့်ကြည့်နေတတ်တော့၏။ တစ်ခါတစ်ရံ ပြတင်းပေါက်မှ လမင်းကို ငေးမောတတ်သော်လည်း မေမေ့ခြေသံဖွဖွကိုကြားလိုက်စဥ် ခေါင်းကို စာပေါ် ပြန်ငုံ့ချလိုက်ပြီး တိတ်တခိုးပြုံးမိနေတတ်ပြီ။ မေမေကတော့ သူ့ကို ကော်ဖီ၊ လက်ဖက်သုပ်၊ ဂျင်းသုပ် စသည်တို့ကို တစ်မျိုးမဟုတ်တစ်မျိုးလာပို့ရင်း အကဲခတ်နေတော့သည်။ စိတ်ချပါ မေမေ ... ။ ကျွန်တော်ဟာ ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ကျွန်တော့်ရည်မှန်းချက်ကို စွန့်မခံပါဘူး ... ။

## (၉)

"အဆင့်ဘယ်လောက်လဲ သမီး ... "

"တစ်ဆယ်ပါ မေမေ ... "

"မေမေ့သူငယ်ချင်းရဲ့သားလေးက တစ်အမြဲရတယ်တဲ့ ... ဘယ်လောက်အားရစရာကောင်းလိုက်သလဲ ... "

"ယောကျ်ားလေးက ဉာဏ်ကောင်းတာကိုး မေမေရဲ့ ... စံလည်း ကြိုးစားတာပါပဲ ... ခက်တာက စာမေးပွဲဖြေတိုင်း ခေါင်းတွေမူးမူးနေတာက ပိုဆိုးလို့ပါ ... "

"ဘာပဲဖြစ်ဖြစ်လေ ... မေမေလည်း မေမေ့သမီးကို ထူးချွန်တဲ့ကျောင်းသူတစ်ယောက်ဖြစ်စေချင်တာပေါ့ ... "

"စံ ... သူငယ်ချင်းတွေနဲ့ စာစုကျက်ပါ့မယ် မေမေ ... စံသူငယ်ချင်းတစ်ယောက်က စာအရမ်းတော်တယ် ... နားမလည်တာ





တွေ့ရှိရင်လည်း အမြဲရှင်းပြတယ် မေမေရဲ့ ... "

"မိန်းကလေးလား ... ယောကျ်ားလေးလား သမီး ... "

"ယောကျ်ားလေးပါ မေမေ ... "

ဒေါ်တင်တင်အိ မျက်ခုံးအစုံပင့်တက်သွားရ၏။ သမီးက တစ်ခါယောကျ်ားလေးသူငယ်ချင်းထားဖူးတာမှ မဟုတ်ဘဲ။

"ဘယ်သူလဲ သမီး ... "

"ကိုခန့်နဲ့ စပယ်က စံ့ကို ကျောင်းအသွားအပြန်ကြိုပို့လုပ်နေတာပါ မေမေ ... ဒီနေ့ သူတို့လာကြိုရင် မေမေနဲ့ ဆုံပေးပါ့မယ်"

"အေး ... "

သူနှင့် စပယ် စံတို့အိမ်ရှေ့မှာ စက်ဘီးရပ်တော့ စံက လွယ်အိတ်မပါဘဲ အပြင်သို့ထွက်လာ၏။

"သွားကြစို့လေ စံ ... လွယ်အိတ်ရော ... "

"ကိုခန့်တို့ကို မေမေက တွေ့ဖူးချင်တယ်တဲ့ ... အိမ်ထဲခဏဝင်ပါဦး ... "

"ဪ ... "

သူတို့ အိမ်ထဲဝင်ခဲ့တော့ စံ၏မေမေက အအေးဖျော်တိုက်ရင်း စကားခဏပြောဖြစ်ကြပါ၏။

"မေမေ ... ဒါ စပယ်တဲ့ ... ဒါက ကိုခန့် ... "

"သားနာမည်အရင်းက ... "

"မင်းခန့်အိမ်ပါ အန်တီ ... "

"သား A ခန်းကပဲနော် ... "

"ဟုတ်ပါတယ် ခင်ဗျ ... "

"အဆင့်(၁)ရတယ်ဆိုတာ သားပဲလား ... "

"ဟုတ်ကဲ့ ... "

"ဒါဖြင့် မယဉ်မေရဲ့သားလေးပေါ့ ... "

"ဗျာ ... ဟုတ်ကဲ့ ... "

ဒေါ်တင်တင်အိ သဘောကျစွာရယ်လိုက်ပါ၏။ သမီးအတွက် စိုးရိမ်စိတ်တို့က ခဏအတွင်း ပျောက်ကွယ်သွားတော့သည်။

"သားမေမေကိုပြောလိုက်ပါ ... ဒီ Sunday အန်တီတို့အိမ်မှာ ညနေစာလာစားကြဖို့ မိသားစုကို ဖိတ်ခေါ်လိုက်ပါတယ်လို့ နော်"

"ဟုတ် ... ဟုတ်ကဲ့ ခင်ဗျ ... "

"ကဲကဲ ... သွားကြတော့ ... တော်ကြာ နောက်ကျနေဦးမယ်"

သူတို့အုပ်စု ကျောင်းသို့ထွက်လာခဲ့သည်။ မေမေတို့ကို ထမင်းစားဖိတ်တာတဲ့။ ဘုရားရေ ... ဒုက္ခပါပဲ။ မေမေသာ ဒီအိမ်ရောက်လာရင် စုံကိုမြင်သွားတော့မှာပေါ့။ အဲဒီအခါ သူဆွဲထားတဲ့ ရုပ်ပုံလေးက ကောင်မလေးမှန်း သိသွားတော့မှာပဲ။ အို ... ဒုက္ခ ... စာသင်ချိန်တွေကို စိတ်ဝင်စားတစ်လှည့် မဝင်စားတစ်လှည့် ... ။

"ဟယ် ... ဒီလောက်ခေါ်နေတာတောင် မကြားဘူး ... ဘာတွေတွေးနေတာလဲ ... "

သူ့လက်ဖျံကို ဆွဲဆိတ်လိုက်သဖြင့် သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"ဘာ ... ဘာကိုလဲ စံ ... "

"ထမင်းစားကြမယ်လေ ကိုခန့်ရဲ့ ... "

"အင်း ... "

"ဒီနေ့ ဘာဟင်းထည့်လာလဲ ... "

"ကြောင်လျှာသီးကြော် ... ငါးပိချက် ... ဘဲဥအောမလက်"





"စံ ကြောင်လျှာသီးကြော်စားမှာနော် ... "

"စားပေါ့ ... "

"အေး ... စပယ်က ကိုခန့်ဘဲဥရယ် ... စုံဆီက ငါးဆုပ်ရယ်စားယ် ... စံတို့က စပယ့်ဆီက ငါးသလောက်ဟင်းယူစား ... ဒီနေ့တော့ းတွေစုချက်လာကြတာကိုး ... "

သူတို့ ရယ်မောလိုက်ကြပြီး ထမင်းစားနေစဉ် မျိုးဝင်းက ရုတ် ရက်ရောက်လာ၏။

"မင်းခန့် ... "

သူ မော့ကြည့်လိုက်တော့ ... မျိုးဝင်းက စားပွဲခုံပေါ် လက် ာက်၍ စုံဆီသို့ ဖျတ်ခနဲကြည့်ပြီးမှ သူ့ကိုပြောလိုက်သည်။

"ညနေကျောင်းဆင်းရင် ငါ မင်းနဲ့တွေ့ချင်တယ် ... "

"ဘာကိစ္စရှိလို့လဲ မျိုးဝင်း ... ပြောစရာရှိရင် ဒီမှာပဲပြော"

"ဒီမှာပြောလို့မဖြစ်လို့ပေါ့ ... "

"ညနေ ငါမအားဘူးနော် ... သူငယ်ချင်းတွေကို လိုက်ပို့ရဦး ... "

"သူတို့ကို ပို့ပြီးမှ တွေ့ကြတာပေါ့ ... ငါ မင်းကို လမ်းချိုးမှာ ာင့်နေမယ် ... ဒါပဲ ... "

မျိုးဝင်းက ပြောပြီးသည်နှင့် လှည့်ထွက်သွား၏။ သူ ထမင်းစား ာ်သွားရလေပြီ။

"ကိုခန့် ... ဘာတွေလဲဟင် ... ဘာတွေပြောကြမှာလဲ"

"ဒါ ကိုယ့်ကိစ္စပါ စံ ... မပူပါနဲ့ ... "

"ဟယ် ... ကိုခန့်ရယ် ... မျိုးဝင်းအကြောင်းလည်း သိရဲ့သား ... ဒီကောင်က 'ဇ' ရှိတယ်နော် ... "

"ကိုယ်လည်း လက်နှစ်ဖက် ခြေနှစ်ဖက်ပါပဲ စပယ်ရယ် ... ဘယ်သူမှ ပိုမထူးပါဘူး ... ယောကျ်ားချင်းပဲ ... "

"စိတ်ညစ်လိုက်တာနော် ... စံတော့ စုံကိစ္စလို့ပဲထင်တယ်"

"သေချာတာပေါ့ ... ဒါဆိုရင် စပယ်တို့ အရင်မပြန်ဘူး ... ကိုခန့် နောက်လိုက်မှာပဲ ... "

"ကျွတ် ... ကိုယ့်ကိစ္စ ကိုယ်ရှင်းပါ့မယ် စပယ်ရယ် ... စပယ်တို့ ပါတော့ မကောင်းဘူး ... "

သူက ထမင်းဘူးကိုပိတ်၍ ထရပ်လိုက်၏။ စုံမျက်နှာလေးက ပျက်ချင်ချင်။ ညနေစာသင်ချိန်သုံးချိန်ကို ဘယ်လိုကုန်မှန်းမသိ ကုန်သွားပါ၏။ ကျောင်းမှအပြန် စပယ့်စက်ဘီးပေါ် စံကို တက်ခိုင်းတော့ စုံမျက်နှာလေး သိသာစွာ ခပ်မှဲ့မှဲ့ဖြစ်သွားသည်။

"စပယ်တို့လိုက်မှာနော် ... "

"မလိုက်ပါနဲ့ စပယ် ... စုံကို စပယ်ပဲ လိုက်ပို့လိုက်ပါ ... ကိုယ် မျိုးဝင်းတို့နဲ့ သွားတွေ့လိုက်ပါ့မယ် ... "

"စံ ... ကိုခန့်ကို စိတ်မချဘူး ... "

"ကိုယ် ယောကျ်ားပါစံ ... သွေးမနည်းပါဘူး ... ကိုယ့်ကိုယုံရင် စံတို့ပြန်နှင့်ပါ ... "

စပယ်က တစ်ချက်လှည့်ကြည့်ရင်း စက်ဘီးနင်းထွက်သွား၏။ သူက စပယ့်ဘီးလေး မျက်စိရှေ့မှာ ပျောက်သွားမှ လမ်းထိပ်ဘက် လမ်းချိုးကို ထွက်လာခဲ့သည်။ မျိုးဝင်းတို့သူငယ်ချင်းသုံးယောက်က သူ့ကို အသင့်စောင့်နေပါ၏။

"ကဲ ... ပြော ... "

"မင်းနဲ့ စန္ဒကူးက ဘာလဲ မင်းခန့် ... "





"စပယ်ရော၊ စံရော ငါ့သူငယ်ချင်းတွေပါ ... "

"ကောင်းပြီ ... ဒါဆိုရင် စန္ဒကူးဘေးနားက မင်း ခပ်ခွာခွာနေ းပါ ... မင်းရှိနေတဲ့အတွက် ငါ့အဖို့ အနှောင့်အယှက်ဖြစ်တာ အမှန် မင်းခန့် ... ဒီလောက်ဆို မင်းသဘောပေါက် ... "

သူ ခေါင်းကို ခါယမ်းပြလိုက်ပါ၏။ မျိုးဝင်းက ရှေ့ကိုတိုးလာ သည်။

"ဒါတော့ ငါမတတ်နိုင်ဘူး မျိုးဝင်း ... စံရော စပယ့်ကိုပါ ရာယ်ကင်းအောင် ငါ့နှမတွေလို စောင့်ရှောက်ပေးနေတာ ... စံ သည်း ငါ့ဘီးပေါ်ကပဲလိုက်ချင်တယ် ... ဒီတော့ မင်းဖြစ်ချင်တာကို လိုက်လျောနိုင်ဘူး ... "

"တောက် ... မင်းနဲ့ စပယ်နဲ့တွဲနေတာကြာပြီ မင်းခန့် ... က်ပွင့်တဲ့ရွှေကြာပွင့်ကို ငါ့အတွက်ထားသင့်တာပေါ့ ... "

"ငါပြောပြီးပြီလေ မျိုးဝင်း ... သူတို့နှစ်ယောက်စလုံး ငါ့သူငယ် းတွေပါလို့ ... "

"ငါ နောက်ဆုံးပြောမယ် မင်းခန့် ... မင်း စန္ဒကူးနဲ့ ဝေးဝေးနေ ... သူ့ကို ငါကြိုက်နေတယ် ... သူ့ဘေးနားမှာ မင်း ကောက်ရိုးပုံ ှိခွေးလို တကပ်ကပ်ရှိနေတာကို ငါ မလိုချင်ဘူး ... "

သူ စက်ဘီးကို ဒေါက်ထောက်၍ လွယ်အိတ်ကို စက်ဘီးခြင်းထဲ ည့်ကာ ပုဆိုးကို တိုတိုပြင်ဝတ်လိုက်ပါသည်။

"မင်း စော်ကားလွန်းနေပြီ မျိုးဝင်း ... မိကောင်းဖခင်သားသမီး ာ ဖရုသဝါစာစကားကို မပြောသင့်ဘူးကွ ... "

"နာတတ်လား ... ငါပြောတာမလွန်ဘူး ... မင်းက ငါးရံ့နှစ် င် တစ်ပြိုင်တည်းဖမ်းချင်တဲ့ လေယ်ပဲ ... ရုပ်ကလေးရှိ စာလေး

တော်တာနဲ့ ဘဝင်လေဟပ်နေတဲ့ကောင် ... ဒါကိုပဲ ကောင်မလေးတွေက ကျနေတာကို အဟုတ်ထင်မနေနဲ့ ... "

"ငါကြားဖူးတယ် မျိုးဝင်း ... ကိုယ့်မှာ ချို့ယွင်းချက်ရှိနေတဲ့လူဟာ သူတစ်ပါးကို အကောင်းမြင် မကောင်းပြောတတ်ကြတယ်တဲ့၊ ငါကတော့ မင်းကို ဆုံးမလို့မရတဲ့ မင်းမိဘတွေကို အားနာတာအမှန်ပဲ"

"မင်းက ငါ့ကို မိမဆုံးမ ဖမဆုံးမလို့ ပြောလိုက်တာပေါ့လေ ကဲကွာ ... "

မျိုးဝင်းက သူ့ရင်ဘတ်ကို ဆုပ်ကိုင်၍ ညာလက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ သူ ဖတ်ခနဲ ပုတ်ထုတ်လိုက်တော့ ဘယ်လက်သီးက သူ့ဗိုက်ဆီတန်းဝင်လာသည်။ သူ ကပ်ရှောင်လိုက်သဖြင့် လေကိုသာ ထိုးမိသွားပြန်၏။ မျိုးဝင်း ရှူးရှူးရှဲရှဲဖြစ်လာပြီး နွားသိုးကြီးပြတ် ထပ်တိုးဝင်လာလေသည်။ သူ မဲ့ပြုံးတစ်ချက်ကို ပြုံးဖြစ်၏။ ကိုယ်လုံးပညာ သက်လုံကောင်းသည့် သူ့အကြောင်းကို မျိုးဝင်း မစုံစမ်းခဲ့တာ အမှားကြီးမှာပါပေါ့လား ... ။

လက်တွေရော ခြေထောက်တွေပါအဆက်မပြတ်ဝင်လာသည်ကို အသာအယာတိမ်းရှောင်နေသဖြင့် သူ မျိုးဝင်းကို ခြေအနည်းငယ်ကားကာ ရပ်စောင့်နေလိုက်သည်။ မျိုးဝင်းလက်သီး သူ့မျက်နှာနားရောက်လာ၏။ ခေါင်းကို ငုံ့ရှောင်လိုက်ပြီး မျိုးဝင်းဗိုက်ကို ဒူးဖြင့် ဆတ်ခနဲတိုက်လိုက်သည်။

"အွတ် ... "

ခါးငုံ့ကိုင်းလာသည်။ လည်ကုပ်ကို လက်ဝါးစောင်းဖြင့် ခုတ်ခနဲ ခုတ်ချလိုက်တော့ မျိုးဝင်း ခွေခနဲ ပုံကျသွားသည်။ ကျန်အဖော်တွေ ယောက်က သူ့ကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေပါ၏။





"လာကြဦးမလား ... မင်းတို့ ဘော်ဒါကို သတိရရင်ပြောလိုက် ... မင်းခန့်အိမ်က ကရာတေးခါးပတ်နက်ရပြီးသား ... ...က်ဆုံး လက်ဆေးစိမ်တဲ့အဆင့်မှာ ရပ်ထားတာကို သိအောင်ပြော...် ... "

သူ စက်ဘီးဒေါက်ကိုဖြုတ်၍ နင်းထွက်လာခဲ့သည်။ အာရုံမှာ ...ကို စိုးရိမ်နေမည့် စုံမျက်ဝန်းလေးတွေကို မြင်ယောင်မိရင်း ပြုံးလိုက်...။ အချစ်နတ်သမီးရဲ့ ကိုယ်ရံတော်ရာထူးကို ကိုယ် ရပိုင်ခွင့်ရှိမလား ... တကယ်ပါ ... စုံနှလုံးသားရဲ့ သက်တော်စောင့်လေးကို ကိုယ်ဖြစ်...စေလား ... ။

## (၁၀)

"ဟော ... လာကြပြီကိုး ... သားပါမလာဘူးလား ယဥ်မေ"

"နောက်ကလိုက်လာမယ် အိရဲ့ ... "

"ညှော်ခန်းမှာပဲ ခဏလောက်ထိုင်ဦးနော် ... အိ ဟင်းရည်အိုး နွှေးခိုင်းထားလို့ပါ ... "

"ရပါတယ် အိရယ် ... တကူးတကဖိတ်ရတယ်လို့ ... အားနာ စရာကြီး ... "

"ထိုင်ပါ ကိုဘခန့် ... ခင်ဗျားအလုပ်ကရော ဘယ့်နှယ်တုန်းဗျ"

"အင်း ... စက်ဘုမှာ အခြေစိုက်ထားတာဆိုတော့ ကျွန်တော် မှာ ဟိုသွားလိုက် ... ဒီကရုံးမှာပြန်ထိုင်လိုက်ပေါ့ဗျာ ... ဟိုနဲ့ ဒီ အိမ်ဦးနဲ့ ကြမ်းပြင် ဖြစ်နေပြီ ... "

"ခင်ဗျားက သားမွေးထားတာမို့ အားကိုးရမှာပါဗျာ ... "





"မထင်နဲ့ ကိုအောင်သန့်ရေ ... ဒီကောင်က ဆရာဝန်ဖြစ်ချင် တာဆိုတော့ သူ့ကို အနည်းဆုံး(၆)နှစ်(၇)နှစ် ကျောင်းဆက်ထားရဦး မှာ ... "

"ဒီလိုပေါ့ဗျာ ... အသီးစားချင်တော့လည်း အပင်ကို မြေဩဇာ ကျွေးရမှာပေါ့ ... "

လူကြီးတွေစကားပြောနေစဉ် ခဏ သူရောက်လာ၏။ စိက ... က်ဖေးမှထွက်လာကာ မေမေ့ကို ပြောလိုက်ပါသည်။

"အားလုံးအဆင်သင့်ဖြစ်ပါပြီ ဝမေမေ ... "

"အေး ... သမီးရယ် ... လာ ယဥ်မေ ... ကိုဘခန့်ရော ထမင်း စားကြရအောင် ... အေးအေးဆေးဆေးပေါ့ ... မှောင်မှပြန်ကြ ... "

မတ်တတ်ထရပ်လိုက်စဉ် ... အတွင်းခန်းအဝမှာရပ်နေသည့် ကောင်မလေးကို အကြည့်ရောက်သွားကြ၏။ ဒေါ်ယဥ်မေတအံ့တသြ ဖြစ်သွားရသည်။ ကြည့်စမ်း ... ဒါ သားဆွဲတဲ့ပုံထဲက ကောင်မလေးပဲ။

"သမီးကို အန်တီတွေ့ဖူးတယ် ... "

"ရှင် ... "

"သမီးက အိမ်ပြင်သိပ်မထွက်ဘူး ယဥ်မေ ... ဘယ်နေရာမှာ တွေ့တာလဲ ... "

"ဟင်းဟင်း ... အပြင်မှာတွေ့ဖူးတာ မဟုတ်ပါဘူး အိရဲ့"

"မေမေ ... "

သူ မျက်လုံးပြူးသွားပြီး မေမေ့လက်ကို အနောက်မှ အသာ ဆွဲလိုက်မိ၏။

"ဒါဖြင့် ဘယ်မှာတွေ့ဖူးတာလဲဟယ် ... "

"မေမေ ... "

သူ့ထံမှ အသံထပ်ထွက်လာသဖြင့် သူမက ဇဝေဇဝါဖြင့် မော့ကြည့်လိုက်တော့ သူက ကုပ်ပိုးကို လက်ဖြင့်ပွတ်သပ်၍ စိတ်အိုက်နေ တော့၏။ ဒေါ်ယဉ်မေ သဘောတကျရယ်မောလိုက်ပါသည်။

"ခဲခြစ်ပန်းချီပုံထဲမှာ သမီးရဲ့ ... "

"ရှင် ... "

"ဟော ... "

"အဲဒီပုံကို ဘယ်သူဆွဲတယ်ထင်လဲ ... "

"မေမေ ... ကျွန်တော်ပြန်တော့မယ် ... "

"အို ... ကိုခန့်ကလည်း ... မပြန်ရပါဘူး ... ကိုခန့်ကို စံ မေ စရာတွေရှိသေးတယ် ... "

သူမ ဖျတ်ခနဲ သူ့အင်္ကျီစကို လှမ်းဆွဲထားလိုက်၏။ သူက လှ ထွက်မရတော့ဘဲ စံ့လက်ထဲမှာ မရုန်းသာတော့။

"ဟောဒီကသားတော်မောင်ပါ ... Bio ပုံဆွဲဖို့ ဝယ်ပေးထား ကပ်မှာ သမီးလေးပုံကိုဆွဲနေတာ ... စာမကျက်ဘဲ အချိန်ဖြုန်းနေလို ပြီး အန်တီတောင် သူ့နားရွက်ကို လိမ်ဆွဲလိုက်သေးတယ် ... "

"ဟော်တော် ... ဖြစ်ရမယ် ... ဟင်းဟင်းဟင်း ... "

"ပုံက လှလား အန်တီ ... "

"လှမလှတော့ အန်တီ မပြောတတ်ဘူး သမီးရယ် ... မျက် လေးတွေ နှုတ်ခမ်းလေးတွေကအစ သမီးနဲ့ ချွတ်စွတ်တူတာ ... ကြောင့် သမီးကိုတွေ့တာနဲ့ အန်တီမှတ်မိသွားတာပေါ့ ... "

"အဲဒီပုံရော ... "

သူမ ခပ်တိုးတိုးအမေးကို ပန်းရောင်သန်းနေသည့် မျက်နှာ သူ ပြန်ဖြေလိုက်ရသည်။





"မေမေသိမ်းထားတယ် ... "

"စံ့ကိုပေးနော် ... "

"မပေးပါဘူး ... ဘာလို့ပေးရမှာလဲ ... "

"တွေ့လား အန်တီ ... စံ့ပုံကို သူမပေးဘူးတဲ့ ... "

"ပေးစရာလား ... ကိုယ်က စံ့ကိုကြည့်ပြီး ပုံတူဆွဲထားတာမှ ှတ်ဘဲ ... "

"မရပါဘူး ... ပေးရမယ် ... "

"မပေးပါဘူး ... "

"ကဲ ... မောင်နှမနှစ်ယောက် ငြင်းမနေနဲ့ ... လာ ... ထမင်း း၀ို ... "

"သမီးရယ် ... အသားတုံးထည့်မပေးဘဲ ဘယ့်နှယ် အဆီတုံး ည့်ပေးရတာလဲ ... "

"မစိုးရိမ်ပါနဲ့ မေမေ ... ကိုခန့်က စံနဲ့ အကြိုက်တူပြီးသားပါ၊ ာမဖြစ်ဘူး ... "

"ဟုတ်ရဲ့လား သားရယ် ... "

"ဟုတ်တယ် အိရေ ... သားက အခါးလည်းကြိုက်တော့ အိမ် သူ့အတွက် အခါးတစ်ခုခု အမြဲတစ်ခွက်ချက်ပေးရတယ် ... "

"အင်း ... ဒီသမီးလည်း ဒီအချိုးအတိုင်းပါပဲတော် ... တူတူနိုင် းဘယ် ... "

ထမင်းဝိုင်းမှာ ရယ်သံတွေ ဖြစ်တည်သွား၏။ ထမင်းစား ာက်ပြီးသွားတော့ ဧည့်ခန်းမှာထိုင်၍ အချိုပွဲနှင့် လက်ဖက်သုပ်စား ာစဉ် စံက သူ့လက်မောင်းကို ဆွဲ၍ထနိုင်းလေသည်။

"လိုက်ခဲ့ဦး ... "

"ဘာလုပ်မလို့လဲ ... "

"မေးစရာရှိလို့ဆို ... "

"ဒါစာမေးတဲ့အချိန်မှ မဟုတ်တာ ... "

"စာမဟုတ်ဘူး ... တခြားကိစ္စ ... လာဆို ... "

သူထလိုက်လာတော့ စံကနီယွန်မီးသီးထွန်းထားသည့် အောက် ဒန်းပေါ်မှာ သူနှင့်အတူ ထိုင်လိုက်ပါသည်။ ပြီးနောက် သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

"အာ ... ဘယ်လိုကြည့်နေတာလဲ စံရယ် ... "

"နေဦး ... ငြိမ်ငြိမ်နေလေ ... "

စံက သူ့မေးစေ့ကိုကိုင်၍ ဟိုဘက်ဒီဘက်လှည့်၍ ကြည့်လိုက်ပါ သည်။ ဘာမှမတွေ့တော့ သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်္ကျီကြယ်သီးဖြုတ်ပြဦး ... "

"ဟာ ... ဘာလုပ်ဖို့လဲ ... "

"ရန်ဖြစ်လာလို့ ... ဒဏ်ရာတွေလိုက်ရှာနေတာလေ ... "

"မရှိပါဘူး စံရယ် ... မကြည့်ပါနဲ့ ... "

"ကိုခန့်နော် ... စံ့ကိုမပြရင် စံငိုလိုက်မှာ ... "

"ကျွတ် ... တကယ်ပါ စံရယ် ... ဘာဒဏ်ရာမှမရှိပါဘူး — ယုံပါ ... "

စံက ဘာမှမပြောတော့ဘဲ သူ့ကို ကျောခိုင်းထိုင်လိုက်သဖြင့် သူ အလန့်တကြားဖြစ်သွားရ၏။

"စံ ... "

သူမ ပြန်လှည့်မကြည့်ပေ။ သူ စိုးရိမ်တကြီးဖြင့် သူမ၏လက် မောင်းလေးကိုကိုင်၍ ဆွဲလှည့်လိုက်တော့ သူမ မျက်ဝန်းမှ မျက်ရည်





ဖွဲ့သီနေသည်ကို မြင်လိုက်ရလေ၏။

"စံ ... မငိုရဘူးလေ ... တကယ်ပါ ... ကိုယ် ဘာမှမဖြစ်ပါ ... မျိုးဝင်းဆိုတဲ့ကောင်က လေသံရှိတာပါ စံရယ် ... အဖြစ်မရှိဘူး ... ကိုယ်က ကရာတေးတတ်ပြီးသားလူပါ ... ဒီလိုကောင်မျိုးနဲ့ ရတာ ကိုယ် လက်ရည်ကျပါတယ် စံရယ် ... တကယ်ပါ ... "

"ကိုခန့် တကယ်ပြောတာနော် ... "

"တကယ်ပေါ့ ... "

"ပြီးရော ... နောက်တစ်ခုက စံ့ပုံကို ဘယ်လိုဆွဲသလဲ"

သူ နားရွက်တစ်ဖက်ကို ဆွဲလိုက်မိ၏။ ခက်ချေပြီကော။ စံက က်နှာကို သေချာအကဲခတ်နေပါသည်။

"ပြောလေ ... "

"ဒီလိုပဲ ဆွဲလိုက်တာပဲ ... "

"အဲဒါနဲ့ ပုံဖြစ်သွားရောလား ... "

"စံကလည်းကွာ ... "

"စံက ညာတတ်တဲ့ ယောကျ်ားတွေကို အထင်မကြီးဘူး ကိုခန့် "

"မဟုတ်ပါဘူး စံရယ် ... "

သူမ ဒန်းပေါ်မှဆင်း၍ ရပ်လိုက်ပါသည်။ သူ ကမန်းကတန်း ရပ်စဉ် ခြေထောက်အောက်ရှိ ခဲချွန်ချွန်ကိုနင်း၍ ယိုင်သွား၏။ ရက်မို့ ဆွဲမိဆွဲရာ စံ့လက်မောင်းလေးကို ဆွဲလိုက်မိသဖြင့် စံ့ ုံးလေး သူ့ရင်ခွင်ထဲ ရောက်လာတော့သည်။

"အို ... "

"ဆောရီးပါ စံ ... ကိုယ် ... "

စံက သူ့လက်ထဲမှ ရုန်းထွက်၍ အိမ်ထဲသို့ ဝင်ပြေးသွားပါတော့၏။ သူ့ရင်ခုန်သံတွေကို အကျယ်ကြီး သူ ပြန်ကြားနေရသည်။ ကောင်းကင်ထက်ရှိ လမင်းကို တိမ်မှည်းတစ်အုပ် ဖုံးကွယ်သွား၏။ ရင်ထဲမှာ ဟာတာတာ ခံစားချက်တို့ဖြင့် သက်ပြင်းကိုသာ ခပ်လေးလေးချလိုက်မိတော့သည်။ ဩော် ... စံရယ် ... ။





လမင်းကိုတိမ်ကွယ်
ကြယ်ရောင်မှိန်ပျောက်
ရောက်တတ်ရာရာအတွေး
အဝေးကသံချောင်းခေါက်သံတစ်ချက်
ရုတ်တရက်အိပ်မက်က လန့်နိုးတော့
ခပ်ဖျော့ဖျော့ အလင်းအောက်မှာ
ငါ့ရှာတွေ့ ခဲ့မိတာက
အလှနတ်သမီးတစ်ပါးရဲ့
မခို့တရို့ ရုက်ပြုံးတစ်ခု
ရင်တွင်းနိုဝင်စုလို့
ဟင်းလင်းပြင်ကြီးထဲမှာ
ပေါက်ကွဲစွာ ဟစ်ကြွေးအော်ဟစ်ချင်ခဲ့ ...
'အချစ်' ...
မင်းရှင်သန်ခဲ့ပါပြီကော ...

## (၁၁)

Physics Difination တွေကို ပုံသေနည်းတွေနှင့်အတူ ချ
၏။ တစ်ခန်းစာပြီးသွားတော့ သချ်ာတစ်ခန်းပြီးအောင် အပြိုင်တွ
ကြသည်။ ထို့နောက် မြန်မာစာပြိုင်တူအော်ဆိုလိုက်ပြီးမှ စာအုပ်
ကို လဲစစ်ကြ၏။ စုံ့စာအုပ်ကို စပယ် ... ။ စပယ့်စာအုပ်ကို သူ ...
သူ့စာအုပ်ကို စံက စစ်ရပါသည်။

"အမှားတွေ့ရင် ရိုက်ကြေးနော် ... "

"အင်းပါ ကိုခန့်ရဲ့ ... "

"ဟွန်း ... သူက ပြော်အားရှိတာပေါ့ ... စတော်ကြီး ... "

သူ လှစ်ခနဲပြုံးလိုက်ပြီး စပယ့်စာအုပ်ထဲမှ အမှားတွေကို
ဖြင့်ဝိုင်း၍ ရေတွက်လိုက်ပါသည်။

"ဟဲဟဲ ... စပယ်(၁၀)ချက်ကွ ... "





"အား ... များလှချည်လား ... စံက (၆)ချက်ထဲ ... "

"ကိုခန့်က (၁)ချက် ... "

"တစ်ချက် ဟုတ်လား စံ၊ ကိုယ့်စာအုပ်ထဲမှာအမှားပါတယ်"

"အင်း ... "

"ကျွတ် ... တော်တော်အသုံးမကျသေးတာဘဲ ... "

သူက သစ်သားပေတံဖြင့် စပယ့်လက်ဝါးကို ခပ်စပ်စပ်လေး
...)ချက်ရိုက်လိုက်ပါ၏။ စပယ်က စုံ့ကို ခပ်ဖွဖွ(၆)ချက်ရိုက်လိုက်
...ည်။ စုံ့လက်ထဲ ပေတံရောက်သွားတော့ သူက လက်ဝါးမဖြန့်ဘဲ
ပြောလိုက်ပါ၏။

"ကိုယ့်အမှားကို အရင်ပြပါလား စံ ... "

"No ပဲ ... "

"ဟာ ... ဒီလိုတော့ မညစ်နဲ့လေကွာ ... "

"ကိုခန့်နော် ... စံတို့က အသာတကြည်အရိုက်ခံပြီး သူက
...ကျားလေးတန်မှဲ ဂျစ်နေပြီ ... "

"မဟုတ်ပါဘူး ... ကဲ ... ရိုက်ရိုက် ... "

သူ လက်ဝါးဖြန့်ပေးတော့ စံက ခပ်နာနာလေးရိုက်လိုက်ပါ၏။
...ခေါင်းရှုံ့ပြလိုက်သည်။

"ကဲ ... အမှားပြပါဦး ... "

"မပါဘူး ... "

"ကြည့်စမ်း ... ဒါ စံသက်သက်ညစ်တာပေါ့ ... "

"မညစ်ပါဘူး၊ ကိုခန့်က ကျောင်းစာအုပ်နောက်မှာဘာကဗျာ
...ရေးထားတာလဲ ... ကဲ ... ပြောပါဦး ... "

"ဟယ် ... ဟုတ်လား ... စပယ့်ကိုပြပါဦး ... "

"ဟာ ... မဖတ်နဲ့လေ ..."

သူက စာအုပ်ကို ကိုယ်ကိုင်း၍အလု စပယ်နှင့် စံကလည်း စာအုပ်ကို အလုမခံဘဲ ပြန်ဆွဲသဖြင့် ဝရုန်းသုန်းကား ဖြစ်နေတော့၏။

"ဟဲ့ ... ဟိုကလေးတွေ ... ဝရုန်းတာမှာ စာမကျက်ဘဲ ဆော့နေကြသလား ..."

"မဟုတ်ဘူး မေမေ ... ကျွန်ုတော့်စာအုပ်လုတာပါ ..."

"အန်တီရေ ... ကိုခန့်တော့ မလွယ်ဘူးသိလား ... စာအုပ်အနောက်ထဲမှာ အချစ်ကဗျာတွေ ရေးတတ်နေပြီ ..."

"ဟုတ်လား သား ..."

"မိစပယ် ... အတို့အထောင် ..."

"အန်တီ့ကိုပြစမ်း သမီး ..."

"ဒီမှာပါ အန်တီ ..."

စံက မေမေ့ကို စာအုပ်လှမ်းပေးလိုက်သဖြင့် သူ မျက်မှောင်ကြုတ်လိုက်၏။ မေမေက စာအုပ်ကိုယူဖတ်လိုက်ပြီး သူ့နားရွက်ကို ဆွဲလိမ်လိုက်ပြန်သည်။

"ဒေါက်တာမင်းခန့်အိမ် ..."

"ဗျာ ... မေမေ ..."

"အေး ... အဲဒီလိုအခေါ်ခံချင်ရင် ဒီကိစ္စကို ရပ်တန်းကရပ် အချိန်တန်ရင် မေမေ စီစဉ်ပေးမယ် ... (၁၀)တန်းမအောင်သေးသရွေ့ ရည်းစားထားဖို့ မစဉ်းစားပါနဲ့ ... ကြားလား ..."

သူ နားရွက်ကိုပွတ်စဉ် စံနှင့် စပယ်က သဘောကျစွာ ရယ်မော နေကြ၏။ သူ ရှက်ပြုံးလေးပြုံးလိုက်မိသည်။

"ကဲ ... အောက်မှာ ထမင်းသုပ်လာစားကြဦး ... ခဏနား





းမှ ဆက်ကြည့်ကြ ... လာ သမီးတို့ ..."

"ဟုတ်ကဲ့ အန်တီ ..."

သူတို့ထရပ်လိုက်တော့ သူက စပယ့်ကို ခပ်တိုးတိုးခေါ်လိုက် ။

"ချွန်တွန်းမ ..."

"ကိုခန့်က အရူး ..."

"နင်က ချွန်တွန်း ..."

"အရူး ... အပေါ ..."

"ဟဲ့ ... ဘယ်လိုဖြစ်နေကြတာတုန်း ..."

မေမေက လှေကားမှဆင်းနေရင်း လှည့်အော်လိုက်၏။ စံက ရယ်မောမောဖြင့် မေမေ့ကို ပြေးတွဲကာ ရှေ့မှဆင်းသွားလေသည်။ င်းစားခန်းရောက်တော့ မေမေ သုပ်ထားသည့် ထမင်းသုပ်ကို း:ခါးနှင့်စားရ၏။ ချဉ်ငံစပ်သုပ်ထားသည်မို့ အရသာလည်းရှိ ဆီချက် လည်းမွှေးနေသည်။ သူက ရုတ်တရက် စပယ့်နောက်ကို လက်ညှိုး းပြလိုက်ပါ၏။

"ဟော ... ကြွက် ... ကြွက် ..."

စပယ်က အနောက်ဘက်လှည့်ကြည့်စဉ် သူက အမြီးချွေထားသ့ ငရုတ်သီးတောင့်ကို စပယ်ခပ်ထားသည့် ဇွန်းထဲမြှုပ်ထည့်လိုက် သည်။

"ဘယ်မှာလဲ ..."

"ခုနပြေးသွားတယ်လေ ..."

စံက ဖန်ခွက်ထဲသို့ ရေငှဲ့ထည့်ရင်း ပြုံးနေမိသည်။ စပယ်က ကို မျက်စောင်းထိုးလိုက်ပြီး ထမင်းဇွန်းကို စားလိုက်လေ၏။

"ဟင် ... အား ... စပ်တယ် ... စပ်တယ် ..."

"ရှေ့ရှေ့ ... စပယ် ..."

စံလှမ်းပေးလိုက်သည့်ရေကို မော့သောက်ပြီး စပယ်က သူ့လက်မောင်းကို တဖြန်းဖြန်းရိုက်လေ၏။

"ကိုခန့် ... ညစ်ပတ်စုတ်ပဲ့ ..."

သူနှင့် စံ တဟားဟားအော်ရယ်တော့ စပယ်က ဒေါသတွေထွက်ရင်း မျက်ရည်ကျလာလေ၏။

"ဟာ ... စပယ် ... မငိုနဲ့လေ ... ကိုယ်က ခင်လို့စတာပါ ... ဆောရီး ... ဆောရီး ..."

"ကိုခန့်နဲ့ စံ နှစ်ယောက်ပေါင်းစတော့ စပယ် ဝမ်းနည်းတာပေါ့ ..."

"ဟယ် ... စံမပါဘူးလေ စပယ်ရယ် ..."

"ဟုတ်ပါတယ် စပယ်ရဲ့ ... စံက ဘာမှမသိပါဘူး ... စပယ်က ကိုယ့်အချစ်ဆုံး သူငယ်ချင်းမလေးလေ ... တိတ်တိတ် ... ထမင်းစားပြီးရင် ချောကလက်ကျွေးမယ် ..."

"ဒါဆို စံ့ကိုမကျွေးနဲ့ ..."

"ဟာ ... ဒီလိုတော့ ဘယ်ရမလဲ ..."

"စံက စပ်မှမစပ်တာလေ ကိုခန့်ရဲ့ ..."

"ဟုတ်ပါပြီ ... ဒါဖြင့် စံက တစ်ခု ... စပယ့်ကို ကိုယ့်ဝေစုတစ်ခုပါ ထပ်ပေးမယ် ... နှစ်ခုစား ... ဟုတ်ပြီလား ..."

"အင်း ... ဒါဆို ကျေနပ်ပြီ ..."

သူ တကယ်ပဲ သူ့ဝေစုကို စပယ့်ကို ကျွေးလိုက်ပါ၏။ ညနေစောင်းသည်အထိ စာဆက်ကျက်ကြပြီး မှောင်ကာနီးမှ စက်ဘီးဖြင့်





ှင့် စပယ်ကို သူ လိုက်ပို့ပါ၏။

"စပယ် ... အရင်ပြန်နှင့်နော် ... ကိုယ်ပဲ စံ့ကို လိုက်ပို့လိုက်ယ် ..."

"ဟုတ်ကဲ့ ကိုခန့် ... သွားပြီစံရေ ..."

"အင်းအင်း ... စပယ် ..."

သူ စံတို့အိမ်ရှေ့ရောက်တော့ ဘီးရပ်ပေးစဉ်မှာ စံက အသာင်းလိုက်၏။ လွယ်အိတ်ဝါလေးကိုပိုက်ထားလျက် သူ့ကိုမော့ကြည့်က်ပါသည်။ လရိပ်ဖြာကျနေသည့် အလင်းအောက်မှာ မျက်ဝန်းနက်လေးများက မျက်ရည်တို့ဖြင့် ရီဝေဝေ ... ။

"စံ ..."

"ကိုခန့် နေ့လယ်ကပြောလိုက်တဲ့စကားဟာ တကယ်အတည်ခနော် ..."

"ဘာကိုလဲ စံ ..."

"စပယ့်ကို ကိုခန့်အချစ်ဆုံးဆိုတာလေ ..."

ဗုဒ္ဓေါ ... သူ ဘာပြောရမှန်းမသိဘဲ သူမမျက်နှာလေးကိုသာကြည့်နေမိ၏။

"အင်းပေါ့လေ ... စံက ဒီနှစ်မှခင်တဲ့သူဆိုတော့ စပယ်လောက်နဲ့ ဘယ်သံယောဇဉ်ရှိပါ့မလဲ။ စံ နားလည်ပါတယ်"

"မဟုတ်ပါဘူး ... မဟုတ်ပါဘူး ..."

သူမက သူ့ကိုမော့ကြည့်နေရာမှ ဖျတ်ခနဲ အိမ်ထဲသို့ ဝင်ပြေးတော့၏။ သူ အနောက်မှ ခေါ်လိုက်ပါသော်လည်း လှည့်မကြည့်ဘူးချေ။ နွမ်းလျသည့်စိတ်အလျဉ်ဖြင့် သူ ပြန်လာခဲ့သည်။ ခက်တာယ် ... မေမေက ကိုယ့်ကို ရည်းစားထားခွင့်မပြုဘူးတဲ့။ ကိုယ်

ဘာဆက်လုပ်ရမလဲ ... ။

လမင်းကိုမျှော်ကြည့်ရင်း ... သက်ပြင်းမောကို ချလိုက်မိ၏။ စံရယ် ... အထင်မမှားပါနဲ့ ... ကိုယ့်ရင်ထဲမှာရှိနေတာ စံဆိုတဲ့ချစ်သူ ရည်းစားတစ်ယောက်တည်းပါကွာ ... ဒါကို စံ နားလည်ပေးပါ ... ။





ထာဝရ
ရင်ထဲမှာ 'သူ'
'သူ' ဆိုတာ
ကိုယ့်ဘဝရဲ့
အလင်းရောင်လေးပေါ့...
ဒါတွေကို
'သူ' မသိပါဘူး ...
မိုးသက်တဲ့နှင်း
နှင်းခဝတ်တဲ့လေ
လေဝေ့တဲ့နွေတွေမှာ
အလွမ်းအဏ်ရာတွေကို
အလှူးအလဲနဲ့ပေါ့
မျှိုသိပ်ခံစား

*တိတ်တိတ်ကျိတ်ငို*
*အဆွေးပိုနေတာတွေကို*
*အကြင်နာ 'သူ' လေး*
*သိပါစေ ...*





(၁၂)

"စံ ... စပယ်နဲ့ပဲ အတူစီးမယ်နော် ... "

"ရတယ်လေ စံရဲ့ ... လာ ... "

သူ ကွက်ခနဲ မျက်နှာပျက်သွားရ၏။ စပယ်ကတော့ ဘာမှသိရဘဲ စက်ဘီးကိုနင်းခဲ့သည်။ သူ စပယ့်စက်ဘီးနောက်မှ ခပ်မှန်မှန်ပါ၏။ ကျောင်းရောက်တော့ စက်ဘီးနှစ်စီးကို အတူသော့ခတ်ရန်ာန်းထဲဝင်ခဲ့ကြသည်။

"စပယ် ... စံနဲ့ နေရာလဲထိုင်နော် ... "

"ဟော ... ဘယ်လိုဖြစ်တာလဲ စံ ... တစ်ခုခုတော့ တစ်ခုခု ... "

စပယ်က အစွန်ဆုံးမှာ ထိုင်လိုက်၏။ သူ ခေါင်းငုံ့၍ English ကိုဖွင့်ဖတ်နေသည်။ နှစ်ယောက်စလုံး စကားဟာဟာမပြောဘဲ

နှုတ်ဆိတ်နေကြသဖြင့် မေးချင်သည့်စိတ်က စပယ့်လျှာပေါ်မှာ တယားယား ... ။ သူက စပယ်နှင့် စာရှင်းပြတာမပျက် ... စကားပြောလည်း မပျက်ပါချေ။ နေ့လယ်ထမင်းစားချိန်ရောက်တော့ သူက သူ့ထမင်းဘူးကို စပယ့်လက်ထဲသို့ ထည့်ပေးလိုက်ပါ၏။

"စပယ်တို့ စားနှင့်ကြနော် ... ကိုယ် ကိစ္စရှိလို့ အပြင်ခဏသွားဦးမယ် ... "

"ဟင် ... အတူတူစားမယ်လေ ကိုခန့်ရဲ့ ... သိပ်မကြာဘူးဆိုရင် စပယ်တို့စောင့်နေမယ် ... "

"မစောင့်ပါနဲ့ စပယ် ... စားနှင့် ... "

သူ အခန်းပြင်ဘက်ထွက်ခဲ့ပြီး ကျောင်းဝင်းအတွင်းရှိ ကုက္ကိုပင်အောက်မှာ တစ်ယောက်တည်းသွားထိုင်နေခဲ့ပါ၏။

"စံ ... မစားတော့ဘူး စပယ် ... "

"ဟယ် ... လုပ်ပြန်ပြီ ... စံနဲ့ ကိုခန့် ဘာဖြစ်ထားကြလဲ"

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး ... "

"ဘာမှမဖြစ်ဘဲနဲ့တော့ ဒီလောက်ထိ နှစ်ယောက်စလုံးမျက်နှာပျက်စရာအကြောင်းမရှိပါဘူး စံ ... စပယ့်ကိုပြောပါဦး ... ညက ကိုခန့်စံ့ကို တစ်ခုခုပြောလိုက်လို့လား ... "

"မပြောပါဘူး စပယ် ... အထင်မလွဲပါနဲ့ ... "

"ဟင်း ... ခက်လိုက်တာနော် ... ဟိုတစ်ယောက်ကလည်း မျက်နှာမကောင်းဖြစ်ပြီး ထမင်းမစား ... ဒီတစ်ယောက်ကလည်း မစားပြန် ... ကြားထဲမှာ စပယ်အနေခက်တယ် စံရဲ့ ... "

စံ့မျက်ဝန်းမှ မျက်ရည်တို့ တပေါက်ပေါက်ကျလာတော့၏။ စပယ် အထိတ်တလန့်ဖြင့် ချော့ရလေသည်။





"စံ ... စံ ... ဘာကိုဝမ်းနည်းနေတာလဲ သူငယ်ချင်းရယ် ... ယ့်ကို ပွင့်ပွင့်လင်းလင်းပြောမှပေါ့ ... "

စံက ဘာမှမပြောတော့ဘဲ စားပွဲခုံပေါ်မှောက်ချလိုက်ပြီး ဝမ်းးတနည်းငိုချလိုက်တော့၏။ နေ့ခင်းမုန့်စားဆင်းချိန်မို့ အခန်းထဲမှာ ှင်းနေပါသည်။ ဘယ်လိုမှ ချော့မရတော့။ စပယ် ကိုခန့်ကိုကျောင်းးထဲ လိုက်ရှာရတော့၏။

"ကိုခန့် ... ကိုခန့် ... စံတော့ အတန်းထဲမှာငိုနေပြီ ... စပယ်ချော့တာလည်း မရဘူး ... "

"ကျွတ် ... ခက်တာပဲကွာ ... "

"ကိုခန့်တို့ ညက ဘာဖြစ်ကြလဲဟင် ... "

"ဘာမှမဖြစ်ပါဘူး စပယ်ရယ် ... ကိုယ့်အိမ်မှာ နေ့လယ်ထမင်းကြတော့ စပယ့်ကို ကိုယ့်အချစ်ဆုံးသူငယ်ချင်းလို့ ပြောမိတာကို မကောင်းဖြစ်ပြီး ကောက်နေတာကွ ... "

"ဟယ် ... စံရယ် ... ဖြစ်ရလေ ... "

"ကဲ ... လာလာ ... တော်ကြာ သူများတွေတွေ့ကုန်ကြတော့ ... "

သူနှင့် စပယ် အခန်းထဲ ခပ်သုတ်သုတ် ပြန်ဝင်လာခဲ့ကြ၏။ ယ်က စံနံဘေးမှာ ဝင်ထိုင်လိုက်ပြီး သူက စံ့ရှေ့ခုံမှာ ထိုင်ချလိုက်သည်။ စံနားနားကပ်၍ သူ ခေါ်လိုက်မိ၏။

"စံ ... "

သူမ တရှုံ့ရှုံ့နှင့် ငိုနေဆဲ ... ။ သူ ... သူမလက်ဖျားလေးကို သာဆုပ်ကိုင်လိုက်မိ၏။ အို ... အေးစက်လို့ပါလား ... ။

"စံ ... ခဏနေ ကျောင်းတက်ခေါင်းလောင်းထိုးတော့မှာ စံရဲ့

စံ ဒီလိုငိုနေတာ သူများတွေတွေ့ကုန်မယ်လေ ... တိတ်တော့ ... ကိုယ့်မှာ သူငယ်ချင်းဆိုလို့ စံနဲ့ စပယ်ပဲရှိတာ ... ဘယ်သူ့ကိုပိုသလဲ ဆိုတာ ပြောစရာမလိုပါဘူး ... စံအထင်လွဲပြီး စိတ်မကောင်းဖြစ်ဝမ်းနည်းနေတော့ ကိုယ်နဲ့ စပယ်က ဘယ်လိုနေရမှာလဲ စံရယ် ... "

သူမက မျက်ရည်တွေကို လက်ကိုင်ပဝါဖြင့် သုတ်သော်လည်း မနိုင်တော့။ သူ စံ့လက်တစ်ဘက်ကို ဆွဲလိုက်၏။

"အပြင်ခဏလိုက်ခဲ့ စံ ... လာ ... စပယ်ပါလိုက်ခဲ့"

သူတို့သုံးဦး ရေဘုံဘိုင်ဆီထွက်ခဲ့ရင်း စံ့ကို မျက်နှာသစ်ခိုင်းလိုက်ပါ၏။ ထို့နောက် သူ့အိတ်ကပ်ထဲမှ အညိုရောင်ယောကျ်ားကိုင် လက်ကိုင်ပဝါလေးကို ထုတ်ပေးလိုက်သည်။

"ရေခြောက်အောင်သုတ်လိုက်ပါ စံ ... "

"ဟော ... ခေါင်းလောင်းထိုးနေပြီ ကိုခန့်"

"လာ လာ ... သွားကြစို့ ... "

သူတို့သုံးဦး အတန်းရှိရာဆီ အပြေးအလွှား ဝင်လာခဲ့ကြ၏။ ညနေ ကျောင်းဆင်းတော့ စပယ်က စံ့ကို သူ့ဘီးနှင့်ပဲ လိုက်ခိုင်းပါသည်။ သူက စပယ့်ကို မျက်စပစ်ပြရင်း စက်ဘီးကို အပြိုင်နင်းခဲ့၏။

"အား ... စံ ကြောက်တယ် ... ဖြည်းဖြည်းနင်းပါ ကိုခန့်ရဲ့"

"တစ်ခါတလေပဲ စံရာ ... "

"ဟင့်အင်း ... စံ မစီးရဲဘူး"

"အင်း အင်း ... ဒါဆို ဖြည်းဖြည်းပဲ နင်းပါ့မယ် ... "

စပယ့်ဘီးက သူ့ကို ကျော်တက်သွား၏။ သူ တစ်ချက်ပြုံးလိုက်ပြီး စံ့ကို လှည့်ကြည့်လိုက်သည်။

"စံ ... "





"ရှင် ... "

"ည ဆယ်နာရီ ကိုယ် ဖုန်းဆက်လိုက်မယ် ... စံ စောင့်နေပါ"

"ဟင် ... ဘာပြောမလို့လဲ ... "

"အဲဒီတော့မှ ပြောမယ်လေ ... "

သူက ဆက်မပြောတော့ဘဲ စပယ့်ဘီးကို မီအောင် ခပ်ပြင်းပြင်း ခဲ့၏။ စံ့အိမ်ရှေ့ရောက်တော့ စံ ဘီးပေါ်ကအဆင်းမှာ ခပ်တိုးတိုး မှာလိုက်သည်။

"ဆယ်နာရီနော် ... ဆက်ဆက်စောင့်နေပါ စံ ... "

ဇဝေဇဝါ မော့ကြည့်လိုက်သည့် သူမကို လှစ်ခနဲ ပြုံးပြလိုက်ပြီး က်ဘီးကို ပြန်လှည့်နင်းခဲ့၏။ စပယ်က စံ့ကို လက်ပြပြီးမှ သူ့ က လိုက်နင်းခဲ့ပါသည်။ အိမ်ပြန်ရောက်တော့ ခဏတဖြုတ်နား ချိုးထမင်းစားပြီး ကျောင်းစာကိုင်ပါ၏။ အိမ်စာတွေလုပ်အပြီးမှာ က်ချင်သေးသဖြင့် Chemistry Equation တွေ ချရေးပြီး Bio ဆွဲနေမိသည်။ ညဆယ်နာရီထိုးရန် ငါးမိနစ်အလိုမှာ ဧည့်ခန်း သူ ခြေဖွ၍ ဆင်းခဲ့လေသည်။ မေမေ မသိအောင် လုပ်ရမည့် မို့ ချွေးစေးတွေပျံရင်း ရင်ခုန်သံက တဒိတ်ဒိတ် ... တယ်လီဖုန်း အသာမ၍ ဂဏန်းခြောက်လုံးကို ခပ်သွက်သွက် နှိပ်လိုက်ပါ

"တူ ... တူ ... တူ ... "

"ဟဲလို ... "

"စံ ... ကိုယ်ပါ ... "

"ကိုခန့် ... ဟိုလေ ... နေ့လယ်က လက်ကိုင်ပဝါလေးကို စံ ပေးတော့ဘူးနော် ... သိလား ... စံ အမှတ်တရ သိမ်းထားချင်

လို့ပါ ... ”

“အင်း ... ရပါတယ် စံရဲ့”

“ဘာပြောမလို့လဲဟင် ... ”

“စုံအနားမှာ ဘယ်သူရှိလဲ”

“ဟင့်အင်း ... အကုန်အိပ်ကုန်ကြပြီ ... ”

သူ သက်ပြင်းဖွဖွကို ချမိ၏။ နှစ်ဖက်စလုံးမှ အသံတိတ်သွ
လေသည်။

“စံ ... ကိုယ် ပြောမယ် ... သေချာနားထောင်နော် ... ကို
ရင်ထဲမှာ ဘယ်အချိန်ကမှန်းမသိဘဲ ပုံရိပ်တစ်ခု ထင်နေတယ်၊ အဲ
ပုံရိပ်လေးဟာ ကိုယ့်စိတ်ကူးထဲမှာရော ကိုယ့်အိပ်မက်တွေထဲမှာ
အမြဲ အုပ်စိုးနေခဲ့တာပေါ့ ... စာကျက်တဲ့အချိန်တွေမှာတောင် သူ့အ
လေး ပေါ်ပေါ်လာလို့ ကိုယ် မကြာခဏ ဒုက္ခဖြစ်ခဲ့ရတယ် ... ညဘ
သာတတ်တဲ့ လမင်းကို ငေးကြည့်ရင်တောင်မှ သူ့မျက်နှာလေးကို မြ
နေတတ်ခဲ့တာ ကြာပါပြီ ... အဲဒီအရိပ်ရှင်လေးဟာ ဘယ်သူလဲဆို
စံ သိနေမှာပါ ... ကိုယ်တို့ အသက် အရမ်းငယ်ကြသေးတယ် စံ
ကိုယ့်ကြောင့် စုံပညာရေးမှာ အားနည်းသွားမှာကို ကိုယ် မလို
ဘူး ... ပြီးတော့ ကိုယ့်ရည်မှန်းချက်ကိုလည်း နည်းနည်းလေးမှ အတိ
အစောင်း မခံနိုင်ဘူး ... ကိုယ်ပြောတာ နားလည်လား စံ ... ဒီ
ကိုယ်တို့ စာကိုပဲ အထူးကြိုးစားကြမယ် ... စာမေးပွဲဖြေတဲ့အချိ
ကိုယ်တို့သုံးယောက် သူငယ်ချင်းတွေပဲပေါ့၊ ဒါပေမဲ့ ... အောင်စာ
ထွက်တဲ့အခါဆိုရင်တော့ ကိုယ့်ကို အဖြူအမည်း သဲသဲကွဲကွဲ သိခွင့်
ပါ စံ ... အခုလောလောဆယ်မှာတော့ ကိုယ့်ရင်ခုန်သံတွေကို အတ
နိုင်ဆုံး ကိုယ် ချွန်းအုပ်ထိန်းချုပ်ထားမှာပါ ... ကိုယ် စုံကို ရာသက်





ွက်ရည်စူးပြီး မြတ်မြတ်နိုးနိုးချစ်တာကို ယုံကြည်ပါ ... ဒါပါပဲ စံ၊
အိပ်မက်လှလှမက်ပါစေ ... ”

သူ ဖုန်းကို အသာလေးချရင်း ခဏမျှ ငြိမ်သက်နေမိ၏ ... ။
ဘက်မှာ စုံမျက်နှာလေး ဘယ်လိုဖြစ်နေမလဲ။ ရှက်စိတ်ကြောင့်
နေမလား ... ဒါမှမဟုတ် သူ့ကို စိတ်ကောက်ပြီး နှုတ်ခမ်းစူနေ
း သူ တွေးမရခဲ့။ အပေါ်ထပ်ကို ခြေဖော့၍ အသာတက်ခဲ့ရင်း
မှအခန်းကိုဖြတ်စဉ် အခန်းထဲမှ မေမေ့အသံ ထွက်လာလေ၏။

“ဟိုကောင်လေး ... တံခါးတွေ မီးတွေ သေချာပိတ်အိပ်နော်၊
ူးတွေယဉ်ပြီး မေ့နေရင် ဒုက္ခတွေ့သွားမယ် ... ကျောင်းစာအုပ်
ည်း အခိုးမခံရပါစေနဲ့ ... ဦးနှောက်နဲ့ နှလုံးသားလည်း အခိုးမခံ
စေနဲ့ ... ”

“ဟိုက် ... ”

သူ အခန်းတံခါး Lock ချ၍ အိပ်ရာပေါ် ပြေးတက်ရင်း ခပ်
ဟက် ရယ်မောနေမိ၏။ စံရေ ... ကိုယ် ဘာလုပ်လုပ် မေမေ
သိနေတော့တာပဲ။ ကိုယ် ရှက်ပါတယ်ကွာ ... ဒါပေမဲ့ ရှက်လည်း
တော့ပါဘူး။ ဟုတ်တယ်လေ ... အချစ်က ရှက်စရာမှ မဟုတ်

# (၁၃)

နောက်ဆုံးဘာသာ အဖြေလွှာကို အခန်းစောင့်ဆရာမထံ အပ်နှံအပြီး စာရေးကိရိယာတို့ကို သိမ်းဆည်းလိုက်၏။ ကျောင်း အောက်ကိုဆင်း၍ စက်ဘီးရပ်ထားရာနေရာမှာပဲ ရပ်စောင့်နေလိုက် သည်။ စပယ်က သူ့ထံ အရင်ရောက်လာသည်။

"ဖြေနိုင်လား စပယ် ... "

"ဟုတ်ကဲ့ ... D တော့ နှစ်လုံးလောက်ပဲပါမှာ ... "

"နည်းလား စပယ်ရဲ့ ... သချာနဲ့ဓာတုလား"

"အင်း ... "

ခဏအကြာ ... အောက်ဆုံးထပ်မှ စံ ထွက်လာလေသည်။ မျက်နှာလေး ချောင်ကျနေသည့် စံ့ကိုကြည့်ရင်း ရင်ထဲမှာ သနားနေ ၏။





"ရလား စံ ... "

"အင်း ... "

"စံ့ကြည့်ရတာ အားမရလိုက်တာ ... ဘာသာစုံ အားလုံးဖြေ ရဲ့လား ... "

"ရပါတယ် ကိုခန့်ရဲ့ ... "

"D ရော ... "

"ဓာတုပဲရမယ်ထင်တယ် ... "

"တော်သေးတာပေါ့ ... "

"ကိုခန့်ရောဟင် ... "

"မြန်မာစာကလွဲရင် အားလုံး OK ပါတယ် ... "

"ဟယ် ... ဒါဆို MC ဝင်ဖို့ သေချာပြီပေါ့"

"ဒါပေါ့ စပယ်ရဲ့ ... ကဲ ... လာ ... ကိုယ်တို့လမ်းထိပ်က ဘိုတဲမှာ အဝသွားစားကြစို့"

ပေါ့ပါးသည့်စိတ်တို့ဖြင့် သူတို့သုံးဦး ထွက်လာခဲ့ကြသည်။ ဘိုတဲရောက်တော့ ခုံပုလေးမှာ ဝင်ထိုင်ကြရင်း သူက ရေနွေး ကို ဆေးလိုက်ကာ အကြော်နှစ်ပွဲ မှာလိုက်ပါသည်။

"ကျောင်းပိတ်ပြီ ဘာလုပ်ကြမှာလဲ ... "

"စပယ်က B.Ed ယူမှာဆိုတော့ Speaking ပဲ တက်ဖြစ်မှာပါ။ puter လည်း တက်ချင်တက်မယ် ... ကိုခန့်ရော ... "

"ကိုယ်က MC နဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ ကြိုလေ့ မှာပေါ့ ... ကိုယ့်ဦးလေးဆေးခန်းမှာပဲ သင်တန်းသဘောမျိုး သွားမယ်လေ ... စံရော ... "

"စံက Eco ပဲ တက်ချင်တာ ကိုခန့်ရဲ့ ... စပယ်နဲ့ သင်တန်း

အတူတက်ဖြစ်မယ်ထင်တာပဲ ... ”

အကြော်ပွဲတွေ ရောက်လာတော့ စကားအဆက်ပြတ်သွား၏။ သူက မုန့်နှစ်များများ ဘူးသီးချောင်ချောင် အကြော်များကို ရွေး၍ စုံ့လက်ထဲ ထည့်ပေးလိုက်ပါသည်။ စပယ်က ပဲကပ်ကြော်နှင့် ပြောင်းဖူးကြော်ကိုသာ စားနေ၏။

“စားလေ စံ ... ပြီးရင် စက်ဘီးခဏလျှောက်စီးပြီးမှ ပြန်ကြမယ် ... လူချင်းမတွေ့တောင် ညတိုင်း ဖုန်းဆက်ကြနော် ... သင်တန်းမှာ နေ့လယ်လည်း ဆုံ ... ညလည်း အတင်းပြောဖို့ ဖုန်းဆက်ကြရင်း ကိုယ့်ကို ချောင်ထိုးမထားကြနဲ့ ... ”

“အမယ် ... သူကပဲ ပြောရတယ်ရှိသေး ... ကိုခန့်သာ ဦးလေးဆေးခန်းမှာ ဝိုင်းကူရင်း နာ့စ်မလေးတွေနဲ့ အကြည်ဆိုက်မနေပါနဲ့ ... ဟွန်း ... ”

“စိုက်စရာလား စပယ်ရဲ့ ... ကိုယ့်အတွက် ကြည့်စရာက ရှိပြီးသားပဲဟာ ... ”

“ဘာလဲ ... ဘယ်မှာကြည့်မှာလဲ ... ”

“မိုးပေါ်က လမှာလေ ... ”

“ဟင် ... ဟုတ်လို့လား”

စပယ်က အထာမပေါက်ဘဲ ကြောင်တောင်တောင်ဖြင့် [illegible] လိုက်တော့ စံက ရှက်ပြုံးလေး ပြုံးနေလေ၏။ သူက စုံ့မျက်နှာ[illegible] တစ်ချက်ခိုးကြည့်လိုက်ပြီး ရယ်လိုက်ပါသည်။

“ကြည့်စမ်း ... ဒိုင်လျှိုလေးတွေနဲ့ စကားပြောတာပေါ့[illegible] စပယ် မသိအောင် အခြေအနေတွေက ဘယ်အဆင့်ထိ ရောက်[illegible] ပြီလဲ ... ပြောပါဦး ကိုခန့်ရဲ့ ... ”





“ဟာ ... စပယ်ကလည်း စွတ်မတင်နဲ့လေ ... အောင်စာရင်း[illegible]က်မဲ့အချိန်ထိ အေးဆေးပဲ ... ဘာမှမပြောင်းလဲဘူး ယုံ”

“ဟုတ်လား စံ ... ”

“အင်း ... ”

“တော်သေးတာပေါ့ ... ဟင်း ... ”

သူတို့ လွတ်လပ်စွာ ရယ်မောမိကြသည်။ ကားလမ်းရှင်းသည့်[illegible]းမပေါ်မှာ တော်တော်ဝေးဝေးအထိ စက်ဘီးလျှောက်စီးဖြစ်ကြ[illegible] အင်းလျားကန်ပေါင်ပေါ်၌ လေညှင်းခံရန် ထိုင်ဖြစ်ခဲ့ကြသည်။ [illegible]်ကိုင်ပဝါလေး စည်းထားသည့် စံ၏ ဆံပင်တွေက လေအဝှေ့မှာ [illegible]ွလူ တလွင့်လွင့် ... ။ သူနှင့် စပယ်က စုံ့ကို ရံ၍ ထိုင်လိုက်ကြ[illegible]

“စံ ... ”

“ရှင် ... ”

“စုံ့ဆီမှာ ကိုယ့်အမှတ်တရ လက်ကိုင်ပဝါလေးရှိတယ် ... ဒါ[illegible] ကိုယ့်ဆီမှာ စုံ့ရဲ့ အမှတ်တရ ဘာမှမရှိဘူး ... ကိုယ့်ကို တစ်ခုခု[illegible]းချင်ဘူးလား ... ”

“ကိုခန့် ဘာကိုလိုချင်လဲ ပြော ... ”

“စုံ့ခေါင်းမှာ ပန်ထားတဲ့ နှင်းဆီဝါ”

“ဟင် ... ပန်ပြီးသားကြီးကို ကိုခန့်ကလည်း ... ”

“ဘာဖြစ်လဲ ... အမှတ်တရပဲဟာ ... ”

စံက ခေါင်းထက်မှာ ပန်ထားသည့် နှင်းဆီပွင့်လေးကို ဖြုတ်[illegible] သူ့ကို ပေးလိုက်ပါ၏။ သူ ပန်းလေးကို တယုတယ ကိုင်ကာ [illegible]ကြားထဲ အသာညှပ်လိုက်သည်။

"စံနဲ့ စပယ်က ကျောင်းကို သုံးနှစ်ပဲ တက်ရတော့ အရင်ဘွဲ့ရမှာပေါ့ ... ကိုယ်က အနည်းဆုံး (၇)နှစ်ပဲ ... အကြာကြီးတက်ရမှာ အင်း ... ပျင်းဖို့တောင် အချိန်ရှိမှာမဟုတ်ပါဘူး ... စာတွေက တစ်ပုံကြီး"

"ဘာထူးလဲ ... စပယ်လည်း စာတွေအများကြီး ကျက်ရမှာ စံ့သာ အနည်းဆုံး"

စံက ခပ်တိုးတိုးလေး ရယ်လိုက်ပါသည်။ လေအဝှေ့မှာ စံ့ထံမှ သနပ်ခါးနံ့လေးကို သူ ရလိုက်၏။

"ကိုယ်တော့ မြင်ယောင်ပါသေးတယ် ... စပယ်လည်း ... ကျောင်းဆရာမဖြစ်ရော ကျောင်းသူတွေကြားမှာ ဆရာမနဲ့ ကျောင်းသူမှားပြီး ရည်းစားစာ အပေးခံရမှာ ..."

"အောင်မာ ... ကိုခန့်နော်၊ စပယ့်ကို သေးသေးညှက်ညှက်လေးလို့ အလိမ္မာနည်းနဲ့ ပြောလိုက်တာ မဟုတ်လား ... ကိုခန့် အစုတ်ပလုတ် ... သူ့စံကျတော့ အပြစ်မရှိဘူးပေါ့လေ"

"ကိုယ် ... စံ့ကို အဝေးသင်ပဲ တက်နိုင်းမှာပါ စပယ်ရဲ့ ... စိတ်မချပါဘူး၊ တော်ကြာ ပန်ချာပီကုလားကြီး ကားတင်ပြေးသွားရင် ဒုက္ခ ... ကိုယ် ရင်ကျိုးရချည်ရဲ့ ..."

"ကိုခန့်နော် ... စံ့ကိုများ ကုလားကြီး ကားတင်ပြေးစရာလား ..."

"မသိနိုင်ဘူးလေ ... စံက ရုပ်ရှင်ကြည့်ရင် ကုလားကားပဲကြည့်တာဆိုတော့ ကုလားကြီးကိုလည်း ပြန်ကြိုက်ချင် ကြိုက်မှာပေါ့"

"ကဲ ... စ့ချင်ဦး"

စံက သူ့လက်မောင်းကို ဆွဲဆိတ်လိုက်သဖြင့် သူ ခပ်ဟက်





...က် ရယ်ချလိုက်ပါ၏။

"အဝေးသင်ပဲယူတော့ စံက ကြားရက်တွေမှာ ပျင်းနေရောပေါ့ ...ခန့်ရဲ့ ... ကိုခန့်နဲ့စပယ်က Day တက်ကျတော့ စံနဲ့ ဘယ်လိုဆုံကြ...မှာလဲ ..."

"ပျင်းရင် ရည်းစားဆီ ဖုန်းဆက်ပေါ့ ..."

"ဘယ်မှာလဲ ရည်းစားက ..."

"ကုလားမင်းသား ရှာရွတ်ခန်လေ ..."

"ကိုခန့်နော် ... ကြည့်ပါလား ..."

"ကဲ ... ပြန်ကြစို့၊ တစ်နာရီတောင် ထိုးတော့မယ်"

စပယ်နှင့်သူ ထရပ်လိုက်သော်လည်း စံက ထိုင်ရာမှ မထ...။

"ဟာ ... ထလေ စံရဲ့ ..."

"ရှာရွတ်ခန် လာထူမလားလို့ စောင့်နေတာလေ ..."

"အေး ... ရှာရွတ်ခန်တော့ လာမလာ မသေချာဘူး ... ဟိုနား...ဆမူဆာသုပ်သည် ကုလားတော့ လာပွေ့ခေါ်မှာ သေချာတယ်"

"အား ... ကိုခန့်နော်"

သူနှင့်စပယ်တို့ စံကို လက်တစ်ဖက်စီမှ ဆွဲထူလိုက်ပါ၏။ စံ့ကို ...ပို့ပြီးမှ သူနှင့်စပယ် ပြန်လာခဲ့၏။

"ဒီညတော့ အဝအိပ်ပစ်မယ် ..."

"ထင်လား ... မျက်စိကြောင်နေမှာ ... မယုံရင်ကြည့် စပယ်"

"အင်းနော် ... စာမေးပွဲဖြေတဲ့အချိန်ထိ အိပ်ချင်စိတ်က အရမ်း...ပဲ ... စာမေးပွဲလည်းပြီးရော အဲဒီဒိုက်တဲ့စိတ်က ကြက်ပျောက်

ငှက်ပျောက် ပြေးရောပဲ ... ”

“အဲဒါ ဆယ်တန်းကျောင်းသားကျောင်းသူတိုင်း ဖြစ်တာပါ စပယ်ရာ ... ”

“ကိုခန့်ကို စံ အဖြေပေးရင် စပယ့်ကို ပြန်ပြောပြဦးနော်”

“ဟာ ... ပြောစရာလားကွ ... ”

“မရဘူးနော် ... ရှိတာမှ ဒီသုံးယောက်တည်းဟာကို”

“စပယ့်ကို စံက အရင်ပြောမှာပါ စပယ်ရယ် ... စိတ်ချ ... သူ ကိုယ့်ကို ပြန်ချစ်လည်း နှစ်ယောက်တည်း ဘယ်ကိုမှ သွားဖြစ်ကြမှာ မဟုတ်ဘူး ... ကိုယ့်မှာ စာတွေနဲ့ နပန်းလုံးနေရမှာ ... တစ်ခုတော့ ကိုယ် ကတိပေးပါတယ် ... ကိုယ်နဲ့စံ မင်္ဂလာဆောင်ရင် စပယ်က သတို့သမီးအရံ လုပ်ရမယ်၊ ဒါတော့ သေချာတယ် ... ”

“အင်း ... စံက အဝါရောင်ပဲ ဝတ်မှာနော်၊ စပယ်က ဘာရောင် ဝတ်ရမှာလဲ”

“အဖြူပဲ ဝတ်ပါ စပယ် ... စပယ့်အသားရောင်က အဖြူနဲ့ ပို လိုက်တယ် ... ဟား ဟား ဟား ဟား ... မုန့်ဆီကြော်က ဘယ်နေ မှန်းမသိ နှုတ်ခမ်းနာနဲ့ တည့်မတည့် တွေးနေမိပါရောလား ... ”

သူနှင့်စပယ် လမ်းမှာ အကျယ်ကြီး အော်ရယ်လိုက်မိကြ၏ စိတ်တို့က လွတ်လပ်ပေါ့ပါးလျက် ... ။





*ချစ်သူရေ ...*
*မင်းအကြည့်တစ်ချက်မှာ*
*သစ်ရွက်လေး လွင့်ကြွေခဲ့ရတယ် ...*
*မင်းအပြုံးတစ်ပွင့်မှာ*
*ပန်းပွင့်လေး ပွင့်အာလာခဲ့တယ် ...*
*မင်း မျက်တောင်းတစ်ခါအထိုးမှာ*
*လျှပ်မိုးတွေ ရွေ့ခဲ့ရတာပေါ့ ...*
*မင်း ရယ်သံတွေကြားမှာ*
*သံစဉ်တွေဖြစ်တည်ခဲ့ရင်*
*ဂန္ထဝင်သံစဉ်တွေကြားမှာ*
*နှစ်မျောပျော်ဝင်နေရင်း ...*
*မင်းရဲ့ ပင့်သက်တစ်ရှိုက်နဲ့*
*အငိုက်မိခဲ့ရတဲ့ငါ*

*ဘာသာမဲ့ဒေတစ်ခု*
*မှိုင်းငြိမ်းပြုံးစုံရင်း အမြော်ရှာ*
*ရင်မှာ ရှာတွေ့ခဲ့လေရဲ့*
*စာပန်းချီခြယ်မှုန်း*
*အလှဆုံးအပြုံးနဲ့*
*ခေါင်းညိတ်ပြခဲ့ရာမှာ*
*အဲဒါ 'အချစ်' တဲ့လား ...*





(၁၄)

မေမေက ခေါက်ဆွဲကြော်ပန်းကန်တွေကို သူတို့ရှေ့မှာ ချပေး မိဘသုံးစုံသား ထမင်းစားခန်းထဲမှာမို့ သူတို့သုံးယောက် ဝရန် ာပဲ စားပွဲခုံချ၍ စားဖြစ်ကြသည်။ သူက သူ့ပန်းကန်ထဲမှ ကြက် သ်းဖတ်အချို့ကို တူဖြင့်ယူ၍ စုံ့ထံ ထည့်ပေးတော့ စပယ်က ာန်ကို သူ့နား ထိုးပေးလိုက်လေ၏။ စုံ့ထံမှ ရယ်သံခပ်တိုးတိုး လာသည်။ သူက ဂေါ်ဖီဖတ်ကို ယူ၍ စပယ်ထံ ထည့်ပေးတော့ က မျက်စောင်းထိုးလေ၏။ သူ တစ်ချက်ရယ်လိုက်ပြီး အသား းကို ထပ်ထည့်ပေးလိုက်ပါသည်။

"ဒါ စားပြီးရင် စပယ် ရှောင်ပေးရမှာလားဟင် ကိုခန့် ... "

"မလိုပါဘူး စပယ်ရယ် ... ကိုယ်တို့ကြားမှာ မရိုးမသား ဘာ မှ မရှိစေရဘူး ... ဟုတ်ကယ်မှတ်လား စုံ ... "

"အင်းလေ ... စပယ်ကလည်း"

"သိဘူးလေ ... တော်ကြာ ဝမ်းသာအားရ ဆွဲလားဘာလား တွေ ဖြစ်လာတော့ ကြားထဲမှာ စပယ် မျက်နှာပူရမှာပေါ့ ... "

"ဘာဖြစ်လဲ စပယ်ရဲ့ ... ဘာညာ ဘာညာဖြစ်တော့လည်း မျက်စိမှိတ်ထားလိုက်ပေါ့ ... "

"ကြည့် ... စ,လာပြီ"

သူတို့ စားပွဲပြီးသွားတော့ အိမ်အောက်ကို ပြန်ဆင်းလာခဲ့၏။

ခြံထဲရှိ မြက်ခင်းပြင်မှာ ဒီအတိုင်း ထိုင်ချလိုက်ကြသည်။ လေ ညှင်းနွဲ့နွဲ့က ငြိမ့်ငြိမ့်လေး တိုက်ခတ်လာ၏။ စပယ်က ပန်းပွင့်လေး တွေပေါ်မှာ ကူးလူးပျံသန်းနေသည့် လိပ်ပြာလေးများကို မမိနိုင်ဘဲ လိုက်ဖမ်းနေလေသည်။

"ပြောတော့လေ စံ ... ကိုယ် နားထောင်နေတယ်"

"စံ ... အန်တီမေ့ကို ပြောပြီးသွားပြီ ကိုခန့်ရဲ့ ... "

"ဟာ ... ဘာကြီးလဲကွာ ... "

"သိချင် မေးကြည့်ပေါ့ ... "

သူ့မျက်နှာ ရှုံ့တွသွားပါ၏။ စံက စပယ်နှင့်အတူ လိပ်ပြာလေး တွေ လိုက်ဖမ်းနေတော့သည်။ လူကြီးအုပ်စုက ခြံထဲလိုက်ဆင်းလာ ကြစဉ် မေမေက အအေးခွက်တွေကို လိုက်ဝေပေးရင်း သူတို့အနီး ရောက်လာ၏။

"ကဲ ... ဒေါက်တာ မင်းခန့်အိမ်ရေ ... D ငါးလုံးနဲ့အောင် သားအတွက် သားအလိုချင်ဆုံးဆုကို မေမေတို့ ပေးပါ့မယ်နော် ... သားနဲ့စံကို စံ ဘွဲ့ရတဲ့နှစ်မှာ မင်္ဂလာဆောင်ပေးပါ့မယ် ... "

"ဟာ ... မေမေရာ ... "





သူ မေမေ့ကို ဆွေ့ခနဲ ပွေ့ချီလိုက်တော့ မေမေက အလန့် ကြားဖြင့် သူ့လက်မောင်းကို တဖတ်ဖတ် ရိုက်လိုက်ပါ၏။ အအေး တွေက သူ့တစ်ကိုယ်လုံး စိုရွှဲလျက် ခြံထဲမှာ ရယ်သံတွေက တအုန်း န်းညံလျက်သား ... ။

"ကဲ ... ရေသွားချိုးတော့ ... သွား ... ကောင်ဆိုးလေး"

မေမေက သူ့ဆံပင်တွေကို ထိုးဖွပြီးပြောတော့ ကလေးတစ် ာက်လိုပင် သူ ရယ်မောရင်း အိမ်ပေါ်ပြေးတက်ခဲ့တော့သည်။ ချိုးအဝတ်အစားလဲပြီး အခန်းထဲမှ ပြန်ထွက်လာတော့ အခန်းဝမှာ က်နောက်ပစ်၍ရပ်နေသည့် စံ့ကို မြင်လိုက်ရ၏။

"ကျေးဇူးတင်ပါတယ် စံ ... "

သူက စံ့ခါးလေးကို ရုတ်တရက် ဖက်လိုက်ပြီး နဖူးလေးကို မ်းလိုက်ပါ၏။ စံ့မျက်နှာလေး ဖြန်းခနဲ ရဲတွတ်သွားပါတော့သည်။

"အာ ... ကိုခန့် မကောင်းဘူးကွာ ... ဒီမှာ စံက လက်ဆောင် းဖို့ တက်လာတဲ့ဟာကို"

"ဘာလက်ဆောင်လဲ ... "

"ရော့ ... "

"ဟာ ... စုတ်တံအကောင်းစားကြီးပါလား ... စံ ဘယ်ကရတာ ... "

"ဒီလိုပဲ လိုက်ရှာဝယ်ရတာပေါ့ ကိုခန့်ရဲ့ ... "

"ဟာကွာ ... နားထဲမှာ ထောက်လိုက်တာ၊ ခုချိန်ထိ ကိုခန့် တုန်းလား စံရဲ့"

"ဟင် ... ဒီလိုမခေါ်ရင် ဘယ်လိုခေါ်ရမှာလဲ"

"မောင်လို့ ... "

သူမထံမှ မျက်စောင်းတစ်ပွင့်ကို ရလိုက်၏။ သူ … သူမ၏ ကိုယ်လုံးကျစ်ကျစ်လေးကို ထွေးပွေ့လိုက်ပါသည်။

"ဟယ် … ကိုခန့်နော် … အောက်က တစ်ယောက်ယောက် တက်လာလို့ မြင်သွားရင်မကောင်းဘူး … အောက်ဆင်းကြမယ်"

"ဟင့်အင်း … မောင်လို့ခေါ်မှ လွှတ်ပေးမယ်"

"ကိုခန့်ကလည်းကွာ … "

"ပြောပြီးပြီနော် … "

"အင်း … မောင် … မောင် … ကဲ … အောက်ထပ်ဆင်း… အောင် … "

သူ သဘောတကျ ရယ်မောလျက် စံ့ပါးပြင်လေးကို နမ်းရှိုက် လိုက်ပါ၏။ စံက သူ့လက်တို့ကို အတင်းဖြုတ်ချနေလေသည်။ သူ လက်ကလေးကို ဆုပ်ကိုင်၍ အောက်ထပ်ရှိ သူ့ပန်းချီခန်းသို့ ခေါ်ခဲ့၏ အခန်းတံခါးဖွင့်လိုက်တော့ ရှုခင်းပုံများ၊ သဘာဝအပင်များ၊ နေ့ည အလင်းအမှောင်ကားများကို နေရာအနှံ့တွေ့ရလေသည်။ သူက စံ့ကို ဒေါက်ပေါ်တင်၍ လိုက်ကာဖုံးထားသော ပန်းချီကားရှေ့မှာ ရပ်စေ၏ စံ့နောက်ကျောဘက်မှ ခါးသိမ်သိမ်လေးကို ခပ်ဖွဖွ ဖက်ထားလိုက်ပါ သည်။

"လိုက်ကာကို ဆွဲဖွင့်လိုက်ပါ စံ … "

စံက ခပ်ဖြည်းဖြည်း ဆွဲဖွင့်လိုက်တော့ အဝါနုရော • ဆင်မြန်း ထားပြီး နှင်းဆီဝါလေး ပန်ထားသည့် ပန်းချီကားထဲမှ စံက မဒို့တ… လေး ပြုံးလျက် ကြည့်နေလေ၏။

"ဟယ် … "

"တူလား စံ … "





"တူတယ် … လှလိုက်တာ မောင်ရယ် … "

သူက စံ့လည်တိုင်လေးကို ဖျတ်ခနဲ ငုံ့နမ်းလိုက်ပြီး ပြောလိုက် သည်။

"ဒီပုံက စံ One D နဲ့ အောင်တဲ့အတွက် ဆုချတာ … ဒါပေမဲ့ …ကို စံ ယူမသွားရဘူး … "

"ဟင် … မောင်ကလည်း စံ့ကိုပေးပြီးတော့ … "

"ဟင်း ဟင်း … စံ မြင်ချင်ရင် မှန်ရှေ့ရပ်လိုက်ရင် ရတာပဲ စံ့ … မောင်က စံ့မရှိတဲ့အချိန် အရိပ်တကြည့်ကြည့် ကြည့်ဖို့ ဆွဲထား …ဘာကို … "

"မောင် … တော်တော်လူလည်ကျတယ် သိလား … "

စံက သူမခါးကို ဖက်ထားသည့် သူ့လက်ကို ဖတ်ခနဲ ရိုက်လိုက် … အသာပြန်ဆုပ်ထားလိုက်၏။ သူက စံ့ပခုံးသားလေးပေါ် မေးတင် …က် စံနှင့်အတူ ပန်းချီကားလေးကို တစိမ့်စိမ့် ငေးနေမိသည်။ ပန်းချီ …းထဲမှ စံ့ပုံကလေးသည် သက်ရှိလူသားလေးတစ်ဦးလို အကြည့် … အပြုံးမျိုးဖြင့် အသက်ဝင်လှပနေလေ၏။

"စံ … "

"ရှင် … ဘာပြောမလို့လဲ မောင် … "

"မောင်တို့ အနာဂတ်အတွက် ရည်မှန်းရင်း ပြောချင်တာပါ စံ၊ …ာင်က ကျောင်းစာတွေတစ်ဖက်နဲ့ မအားနိုင်ပေမဲ့ … မောင့်ရင်ထဲ … စံ့ကိုချစ်မြတ်နိုးနေတဲ့စိတ်က တစ်စက်ကလေးမှ လျော့မသွားတာ … စံ ယုံပါ … မောင် လုပ်ဆောင်နေသမျှ မောင် ကြိုးစားနေသမျှ …ဘာ စံနဲ့မောင်တို့ ဘဝတစ်ခု တည်ဆောက်နိုင်ဖို့ အခြေခံအုတ်မြစ် …ခုဆိုတာကိုလည်း စံ နားလည်ပါ … မိဘကျေးဇူးကို အကုန်အစင်

မဆပ်နိုင်ပေမဲ့ ကိုယ်စွမ်းကိုယ်စရှိသမျှနဲ့တော့ မောင်တို့ ပြန်ဆပ်ရမှာပဲ ... မောင်တို့တွေ အိမ်သီးသန့်ခွဲမနေဘဲ မောင့်မိဘအိမ်တစ်လှည့် စုံ့မိဘအိမ်တစ်လှည့် အတူတူနေကြမယ် ... မောင်တို့မိဘတွေက သားသမီးတွေကို မိဘဝတ္တရားနဲ့အညီ တာဝန်ကျေခဲ့ကြပေမဲ့ ... မိဘရင်ကို ခြေစုံကန်ထွက်တဲ့သားသမီးအဖြစ်ကို မောင် မရောက်ချင်ဘူး ... အိမ်ထောင် ဘယ်လိုပဲကျကျ သားသမီးတွေ ဘယ်နှစ်ယောက်ပဲရရ မောင်နဲ့စံပယ် မိဘတွေရဲ့ ရင်ခွင်ထဲမှာ အမြဲရှိနေကြမယ်နော် ... "

စံ့လက်ကလေးများ သူ့လက်ကို ပို၍ တင်းတင်းလေး ဆုပ်ကိုင်လာ၏။ စံ နှုတ်ဖြင့်မဖြေဘဲ ခေါင်းလေးကိုသာ အသာအယာ ညိတ်ပြလိုက်ပါသည်။

"စံ နောက်ဆုံးနှစ်ဖြေပြီး နောက်တစ်နေ့မှာ မောင်တို့ စေ့စပ်ပွဲလုပ်မယ် ... စံ ဘွဲ့ယူပြီးတဲ့နောက် သိပ်မကြာခင်မှာ လက်ထပ်မင်္ဂလာကို ကျင်းပမယ် ... ဘယ်နေရာ ဘယ်ဟိုတယ်မှာ စံ ဆောင်ချင်သလဲ စံ့စိတ်တိုင်းကျ ဖြစ်စေရမယ် ... မောင်ကတော့ အဝါရောင်ဖျော့ဖျော့သတို့သမီးလေးကို အတွေးနဲ့ မြင်ယောင်ရုံနဲ့တင် တော်တော်ကြည်နူးနေမိတာ စံရဲ့ ... မောင့်ကို တစ်ခုခု ပြန်ပြောပါဦး ... "

စံ့ထံမှ သက်ပြင်းချသံ တိုးတိုးကို သူ ကြားလိုက်ရ၏။ သူ တအံ့တသြဖြင့် စံ့ကိုယ်လုံးလေးကို ဆွဲလှည့်လိုက်ပါသည်။ စံ့မျက်နှာမှာ ကြည်ကြည်နူးနူးလေး ပြုံးနေသည့် အပြုံးကို မြင်ရ၏။ သို့သော် အကြည့်တို့ကတော့ ရီဝေဝေ ... ။

"စံ ဘာဖြစ်နေလဲ ... "

"ဟင့်အင်း ... "

စံက ပြန်မဖြေဘဲ သူ့ရင်ခွင်ထဲသို့ဝင်၍ သူ့ကိုယ်ခန္ဓာကို တင်း





င်းဖက်ထားလိုက်၏။ သူ စံ့ကျောပြင်လေးကို အလိုက်သင့်လေး န်ဖက်ထားလိုက်ပါသည်။

"စံ ... မောင် ပြောနေတာတွေ အားလုံးကို ယုံပါတယ် ... ာင့်ဆန္ဒမှန်သမျှကိုလည်း စံ လိုက်လျောမှာပါ ... ဒါပေမဲ့ ... ဒါပေမဲ့"

"ဒါပေမဲ့ ... ဘာဖြစ်လဲ စံ ... "

သူ စံနှင့် ကိုယ်ချင်းခွာ၍ စံ့မျက်နှာလေးကို လက်ဝါးနှစ်ဖက် ပင့်မထားလိုက်၏။ မျက်ရည်တို့ ဝေ့ဝဲနေသည့် မျက်ဝန်းတို့ဖြင့် ာ သူ့ကို ကြည့်နေလေသည်။

"ဒါပေမဲ့ ... ကံကြမ္မာကိုတော့ စံ မယုံရဲဘူးမောင် ... စစ်မှန် ချစ်ခြင်းတွေမှာ အဆင်ပြေချောမွေ့ခြင်း မရှိတတ်ကြဘူးတဲ့ ... စံနဲ့မောင့်ကို ကြည့်ပါဦး ... မိဘတွေကလည်း သဘောတူ၊ နှစ်ဦး ်းကလည်း ကြည်ဖြူနေတော့ တစ်ချိန်ချိန်မှာ မောင်နဲ့စံ့ကြား ်စုံတစ်ခု ဖြစ်လာမှာကို စံ့ ကြောက်တယ် ... "

"စံရယ် ... စိုးရိမ်စရာမရှိတာကို ကြံဖန်စိုးရိမ်ပြီး ကြောက်နေ ာယ်လို့ ... ဒီမှာ မောင့်မျက်နှာကို သေချာကြည့်ပါ စံ ... မောင် ာလွဲပြီး ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ချစ်မှာမဟုတ်ဘူး ... ာ်လည်း မထပ်ဘူး ... မောင့်နှလုံးသားကို စံ့ရင်ထဲ အပြီးအပိုင် းအပ်ထားတာ ... ဒီလိုပဲ မောင့်ရင်ထဲမှာလည်း စံ့နှလုံးသားကို င် အပြီးအပိုင် ယူထားတာလေ ... ဘယ်သူစိမ်းတစ်ယောက်ကမှ င်တို့ကြားမှာ ဝင်ဖျက်လို့မရစေရဘူး ... မောင့်ဘဝမှာ ချစ်သူ ဦးသာ ရှိတယ် ... အဲဒီသူက မောင့်အချစ်စန္ဒကူးလေးပါ ... မောင် ာဆိုဝံ့ပါတယ်၊ မောင့်ဘက်က စံ့အပေါ် သစ္စာမမှန်ခဲ့ရင် သစ္စာစူး မောင် အသေဆိုးနဲ့ သေရ ... "

"အို ... မောင်ကလည်း ... မဟုတ်တာတွေ"

သူ့ပါးစပ်ကို ဖျတ်ခနဲ အုပ်လိုက်သည့် စုံ့လက်ဖျားလေးကို သူ အသာယူလိုက်ပါ၏။

"မောင် တကယ်ပြောနေတာပါ စုံ ..."

"စုံ ယုံပါတယ် မောင်ရယ် ... မောင့် စုံ့အပေါ်မှာ ဘယ်လောက်အထိ မြတ်နိုးတန်ဖိုးထားတယ်ဆိုတာ စုံ သိပါတယ် ... အဲ့အတွက်လည်း မောင့်ကို စုံ သိပ်ကျေးဇူးတင်ပါတယ် ... စုံ ကတိပေးပါတယ် မောင် ... မောင့်ဘဝမှာ စုံ့ကြောင့် ဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူး ... မောင့်ကို စုံ့အသက်နဲ့ထပ်တူထပ်မျှ မြတ်မြတ်နိုးနိုး ချစ်တာပါ၊ နောက်ဆုံး မောင်ရယ် ... စုံ့ သေသွားခဲ့ရင်တောင်မှ စုံ့ နောက်ဆုံးထွက်သက်အထိ မောင့်ကို ချစ်သွားမှာပါ ..."

"ဒါဆို နောက်ဘဝဆက်တိုင်းကော ..."

"မသေချာတာကို စုံ မပြောပါဘူး မောင် ... လောဘမကြီး ဘူးလေ ..."

နှစ်ဦးသား တီးတိုးရယ်လိုက်ကြ၏။ ပြတင်းပေါက်မှ လေအေး နှင့်အတူ လိုက်ကာအဝါရောင်လေး လွင့်ပျံတက်သွားလေသည်။





(၁၅)

ဤသို့ဖြင့် နာရီပေါင်းများစွာ ရက်လနှစ်ပေါင်းများစွာကို ကျော်ခဲ့ပါ၏။ ဆေးကျောင်းသားတစ်ယောက်၏ ရှောင်လွှဲမရနိုင်သည့် မေးပွဲတွေကြားမှာ သူ ချောင်ပိတ်နေရင်း စုံနှင့် ဖုန်းပြောချိန်ကို ာင်မှ မနည်းအချိန်ပေးရလေသည်။ တစ်နှစ် နှစ်နှစ်ဆိုတာ သာမန် တွေအတွက် ဟိုလှည့်ဒီလှည့်နှင့် ဘာမှ မသိသာနိုင်ပေမဲ့ သူ့လို ာဝန်လေးအတွက်ကတော့ စာတစ်လှည့် Pratical တစ်လှည့် စာ းပွဲတစ်လှည့်ဖြင့် လုံးလည်ချာလည်လိုက်နေရ၏။

စုံ နောက်ဆုံးနှစ် စာမေးပွဲအပြီး ကျောင်းပိတ်ရက်ကာလ ဖြစ် စပယ်လည်း ကျောင်းစာတွေကြား ပိနေသလို သူဆိုလျှင်တော့ ွယ်ရာမရှိတော့ ... ။ အများသူငါ ညနေစောင်း လေညှင်းခံ းထွက်လျှောက်နေကြချိန်မှာ သူကတော့ သူ့အခန်းထဲမှာ မနက်

ဖြန့် ဖြေရမည့် စာမေးပွဲအတွက် လူအရိုးခေါင်းတစ်လုံးနှင့် အလုပ်ရှုပ်နေဆဲ ... ။

ခုတင်ဘေးစားပွဲပေါ်ရှိ Hand Phone မှ အသံမြည်လာ၏။ သူမကိုင်ဖြစ်။ ဒီအချိန် စုံ့ဆီက ဖုန်းဆက်နေကျမဟုတ်တာမို့ ဆေးကျောင်းက သူငယ်ချင်းတစ်ယောက်ယောက်ဆီမှ ဖြစ်နိုင်ချေများနေသည်။ အများဆုံးဆက်သည်က သူ့ကို စာမေးကြဖို့သာမို့ ပြဋ္ဌာန်းစာအုပ်ပေါ် ခဲတံကိုတင်လိုက်ပြီး စာကြည့်ခုံမှ အသာထ,လိုက်ပါ၏။ ဖုန်းကနောက်တစ်ကြိမ် ထပ်မြည်လာပြန်သည်။

"တူ တူ ... တူ တူ ..."

"ဟဲလို ... မင်းခန့်အိမ်ပါ ..."

"သား ... အန်တီအိပါ ..."

"ဩော် ... အန်တီအိ ပြောပါ ..."

"သား မနက်ဖြန် စာမေးပွဲရှိတာ အန်တီ သိပါတယ် ... ဒါပေမဲ့ မဆက်မဖြစ်လွန်းလို့ ဆက်လိုက်ရတာပါ သားရယ် ..."

"ဘယ်သူ ဘာဖြစ်လို့ပါလဲ အန်တီ ..."

"သမီး ... သမီး တော်တော်နေမကောင်းဘူး သား ... အခါ သား လာနိုင်ရင်"

"ကျွန်တော် အခုပဲ လာမယ် အန်တီ ... အခု လာပြီ"

သူ ဖုန်းကိုပိတ်လိုက်ပြီး အိမ်နေအဝတ်အစားဖြင့်ပင် ကားမောင်း၍ ထွက်လာခဲ့၏။ စုံ့မေမေက အိမ်ဝမှ ဆီးကြိုစောင့်နေလေသည်။

"အန်တီ ... စံရော ..."

"သားရယ် ... အခန်းထဲသာ ဝင်ကြည့်ပါတော့"





သူ စုံ့အခန်းဆီသို့ မပြေးရုံတမယ် အမြန်လျှောက်လာခဲ့ပါသည်။ စေ့ထားသည့်တံခါးကို တွန်းဖွင့်လိုက်တော့ ခုတင်ပေါ်မှာ ဖြူဖွေးစွာ လဲလျောင်းနေသည့် ချစ်သူကို မြင်လိုက်ရလေ၏။

"စံ ..."

သူမ မျက်ဝန်းလေးများ ဖျတ်ခနဲ ပွင့်လာ၏။ သူ ဆုပ်ကိုင်မိသည်က စံ၏ အေးစက်စက်လက်ကလေး။

"မောင် ... စာမေးပွဲရှိတယ်ဆို ... ဘာလို့ စာမကျက်ဘဲ"

"စံ ဒီလောက်နေမကောင်းဖြစ်နေတာ မောင့်ကို ဘာလို့ အသိပေးတာလဲ စံရယ် ... ဟင် ..."

"မောင် အနှောင့်အယှက်ဖြစ်မှာစိုးလို့ပေါ့ ... စံ ဘာမှမဖြစ်ပါ ... ဒီလိုပဲ နည်းနည်းပါးပါး ဖျားရုံပါ"

"ဒါ ... နည်းနည်းပါးပါးလား စံရဲ့ ... ကြည့်ပါဦး ... တစ်ကိုယ်သွေးမရှိတော့သလို ဖြူဖျော့နေတာ နည်းနည်းဖျားတာတဲ့လား ... နေဦး ... ဆရာဝန် ခေါ်ပြရဲ့လား ..."

"ပြပါတယ် မောင်ရဲ့ ..."

"ဘာဖြစ်တယ်လို့ ပြောလဲ ..."

"Anaemia (သွေးအားနည်းရောဂါ)တဲ့ ..."

"မောင် ... စုံ့ကို သွေးလှူမယ်"

"ဆရာဝန်လောင်းဆီက သွေးကို ဘယ်လူနာကိုမှ မလှူရဘူး ..."

"စံက မောင့်နှလုံးသားလေ ... မဖြစ်သေးပါဘူး ... စုံ့ကို ဒေါက်တာနဲ့ မောင် တွေ့ဦးမယ်"

"ဒေါက်တာ ခဏနေ လာလိမ့်မယ်သား ... တွေ့ချင်ရင် ခဏ

စောင့်လိုက်ပါ ... "

"အို ... မေမေကလည်း မောင့်မှာ စာကျက်စရာတွေရှိနေတာကို ... "

အခန်းထဲဝင်လာသည့် အန်တီအိကို သူမ တားလိုက်၏။ သူ စုံ့ကို အမိပွာယ်ပါပါ ကြည့်လိုက်တော့ စံ့က သူ့လက်ကို ပြန်ဆုပ်ကိုင်လိုက်ပါသည်။

"မောင်က လိမ္မာတယ် ... အိမ်ပြန်ပြီး စာကျက်တော့နော်"

"ဟင့်အင်း ... မောင် စောင့်မယ် စံ ... မောင့်စာမေးပွဲထက် စံ့က ပိုအရေးကြီးတာကို စံ သိထားပါ ... "

သူမ မျက်နှာသိသိသာသာ ပျက်သွားပါ၏။ သူ့ရင်ထဲမှ သံသယက အလုံးအရင်းနှင့် ဆောင့်တက်လာလေသည်။

"စံ ... မောင့်ကို ဘာဖြစ်လို့ ဖုံးကွယ်ချင်ရတာလဲ"

"ဟင် ... ဘာကိုပြောတာလဲ မောင်ရဲ့ ... "

"မောင် သိနေတယ် ... စံ မောင့်ကို ဖုံးထားတယ် ... အဲဒ အသေအချာပဲ ... "

အန်တီအိထံမှ ရှိုက်သံသဲ့သဲ့ ထွက်လာသည်။ သူ စုံ့ကိုယ်လုံးလေးကို ပွေ့ထူလိုက်ပါ၏။

"ပြောလေ ... စံ မပြောရင် မောင့်ကို စံ တကယ်မချစ်လို့ဘဲ"

"မောင်ကလည်း ... "

"စံပြောတော့ မောင်နဲ့စံက နှစ်ကိုယ့်တစ်စိတ်ဆို ... မောင် မသိအောင် စံ ဖုံးကွယ်ထားရင် ဘယ်လိုလုပ် နှစ်ကိုယ့်တစ်စိတ် ဖြစ်နိုင်တော့မှာလဲ ... "

အန်တီအိ အခန်းထဲမှ ပြန်ထွက်သွားတော့၏။ စံက သူ့ရင်ခွင်





ာ မှီထိုင်လိုက်လေသည်။

"မောင် ... "

"ပြောလေ စံ ... "

"လူဆိုတာ မွေးလာပြီးရင် တစ်နေ့ သေရမှာ အမှန်ပဲမဟုတ် း ... မောင်က ဆရာဝန်ဖြစ်မဲ့သူပဲ ... ဒါကို ပိုနားလည်မှာပါ ... ဘာ့ စောစောသေတဲ့လူနဲ့ နောက်ကျမှသေတဲ့လူ ဒါပဲ ကွာတာပါ"

"စံ ... ဘာတွေပြောနေတာလဲ ... "

"စံ ပြောခဲ့ဖူးတယ်လေ မောင် ... စံနဲ့မောင့်ကြားကို ကံကြမ္မာ အချက်ပေးပြီး ဝင်လာခဲ့ပြီ မောင်ရဲ့၊ စံ ... မောင်နဲ့ မခွဲချင်ပေမဲ့ ခွဲရမှာပါ ... "

"စံ ... စံရယ် ... ဘာတဲ့လဲ ... ဘာတဲ့လဲကွာ ... "

"Leukaemia (သွေးဖြူဥများသည့်ရောဂါ)ပါ မောင် ... "

"အို ... စံရယ် ... မောင်တော့ ... မောင်တော့ ရင်ကျိုးပါပြီ"

သူ စုံ့ကိုယ်ခန္ဓာလေးကို ကျစ်ကျစ်ပါအောင် တိုးဖက်လိုက်၏။ ျက်ဝန်းမှ မျက်ရည်များက စုံ့ပါးပြင်ထက် ကျသွားလေသည်။

"မငိုပါနဲ့မောင် ... မောင် ငိုတာကို စံ မမြင်ချင်ဘူး ... မောင် ယောက်ျားပဲ၊ အားတင်းမှပေါ့ ... ဒေါက်တာလင်းလင်းသန့်က ပါတယ် မောင်ရဲ့ ... မိန်းကလေးဆိုတာ အမြဲတမ်း သွေးသား င်းလဲနေလို့ ဒီရောဂါဖြစ်လည်း အမြန်မသေနိုင်ပါဘူးတဲ့ ... ပြီး ာ့ ... အိမ်ထောင်သားမွေး ပြုလိုက်ရင် သွေးသားပြောင်းလဲပြီး သက်ရှင်နိုင်ပါသေးတယ် ... စံ ချက်ချင်း မြန်မြန်ကြီး မသေနိုင်ပါ မောင်ရယ် ... မောင်နဲ့စံ လက်ထပ်ဖြစ်မှာပါ ... "

ကြည့်ပါဦး ... ရောဂါသည်ကို အားပေးရမဲ့သူက အရုပ်ကြီး

ပြတ်ဖြစ်နေသလောက် ရောဂါရှင်က ပြန်အားပေးနေရတယ်လို့ ... အို ... စံရယ် ... မောင်သာ ... မောင်သာ ဒီရောဂါကို လဲယူလိုက်ချင်တော့တာပါပဲ။

"မောင် ... စံပြောတာကို နားထောင်ပါ ... မောင် စာမေးပွဲကျလို့ မဖြစ်ဘူးနော် ... စာကြိုးစား ... စံ့ကြောင့် မောင် စိတ်ညစ်မှာ စိတ်ဆင်းရဲမှာစိုးလို့ စံ မပြောဖြစ်ခဲ့တာပါ ... စံ မောင့်ကို သိပ်ချစ်တယ် ... မောင့်ကို စံ လက်ထပ်မယ် ... အဲဒါ အသေအချာပဲ"

"မောင်တို့ ... မောင်တို့ အမြန်ဆုံးလက်ထပ်ကြရအောင် စံ"

"မောင် ကျောင်းတက်နေတာ အနှောင့်အယှက်ဖြစ်မှာပေါ့"

"ရတယ် ... မောင်တို့အတွက် အချိန် သိပ်မှ မကျန်တော့ဘဲ မောင် ဖိတ်စာတွေ ရိုက်တော့မယ် စံ ... ဟုတ်ပြီလား"

"အင်းလေ ... မောင့်သဘောပါ၊ စပယ့်ကို အရုံဝတ်စုံပိတ်စ ဝယ်ပေးဦးနော် ... မေ့မနေနဲ့"

"စိတ်ချပါ စံ ... စံ့အတွက် အဝါနုလေး ... စပယ့်အတွက် အဖြူပါ ... ဖိနပ်အထိ အစအဆုံး မောင် ဆင်ပေးမှာပါ"

"စပယ်က သိပ်ချစ်ဖို့ကောင်းတဲ့ သူငယ်ချင်းလေးပဲ ... စံ့ အပေါ်မှာလည်း သိပ်ကောင်းတယ် ... စပယ့်ကိုလေ ကျောင်းစိမ်း ဝတ်စုံလေးနဲ့ ဆံထုံးထုံး ပန်းပန်တဲ့ပုံလေး စံ မြင်ချင်တယ်မောင်"

"ရတယ်လေ ... စပယ် စာမေးပွဲပြီးရင် စံတို့ခြံထဲမှာပဲ ဓာတ်ပုံ ရိုက်ကြမယ် ... စပယ့်ပုံကို အကြီးချဲ့ပြီး အမှတ်တရ သိမ်းရမှာပေါ့"

"ဟုတ်တယ် ... အရုံပုံကိုလည်း သီးသန့်ချဲ့ပေးဦးနော်"

"အင်းပါ စံရယ် ... "

"စံ ... နည်းနည်းမောတယ် မောင် ... ခဏလှဲချင်တယ်"





သူက စံ့ခန္ဓာကိုယ်လေးကို အိပ်ရာထက် အသာလှဲချပေးလိုက် ၏။ စံက သူ့လက်ဖျားလေးကို ဆုပ်ကိုင်ထားလျက် မျက်ဝန်းလေး းကို မှေးမှိတ်ထားလေသည်။ အသက်ရှူသွင်းနေပုံလေးက ပင်ပန်း က်တာ စံရယ်။

"ဟော ... မောင်မင်းခန့် ရောက်နေတာကိုး ... သူ ဘာပြော းလဲ ... "

"နည်းနည်းမောတယ်တဲ့ ... "

"မနက်ဖြန်မှ သွေးသွင်းမလားလို့ ... ဒီညကတည်းက သွင်းရ ာမယ်ထင်တယ် ... "

"ကျွန်တော့်ဆီကပဲ ထုတ်ပါ မမသန့် ... "

"ဟဲ့ ... ဘယ်ဖြစ်မလဲ ... မင်း မနက်ဖြန် စာမေးပွဲလေ"

"ဖြစ်ပါတယ် ... ယူသာ ယူပါဗျာ ... ကျွန်တော် ဘာမှမဖြစ် ဘူး ... စံနဲ့ကျွန်တော် သွေးလည်း တူပြီးသားပါ ... "

သူ သွေးထုတ်ပေးပြီး တစ်အောင့်အကြာမှာ သူမကို သွေး းပေးပါ၏။ ဆေးရှိန်ဖြင့် အိပ်မောကျသွားသည့် ချစ်သူလေး၏ နဖူး းလေးကို အသာဖွဖွနမ်း၍ အိမ်ပြန်ခဲ့ပါသည်။ စံရယ် ... မောင်တို့ ဂတ်က တိုတောင်းလှချည်လား ... ဘယ်နှစ်လလဲ ... ဘယ်နှစ် ဘဲ့လဲကွာ ... ။ မောင် မျှော်လင့်ထားတဲ့ စိတ်ကူးအိပ်မက်တွေက က်အတန့်လေးလောက်ပဲ အကောင်အထည်ဖော်ခွင့် ရခဲ့တာတဲ့ က်ကြမှာရယ် ... ဘယ်လိုအငြိုးအတေးတွေနဲ့များ စံနဲ့သူကြား င်မွေနှောက်လိုက်ရတာလဲ။

## (၁၆)

ညနေစောင်း မြက်ခင်းနားမှာ Dream bed တစ်လုံးချ၍ သူ
ကို တင်ထား၏။ လေချိုအေးတို့က တဖြူးဖြူးတိုက်ခတ်နေသည်
ဆံပင်တွေကို စည်းနှောင်ထားခြင်းမရှိဘဲ ဒီအတိုင်း ချထားသဖြင့် သူ
ကိုယ်ပေါ်အချို့ ... မြက်ခင်းပေါ်အချို့ ပြန့်ကျနေလေ၏။ နေထိုးနေ
သည့် အလင်းကွက်မှာ ရပ်နေသည့် စပယ်က လုံချည်စိမ်းကို အနား
ညီအောင် ပြင်ဝတ်ရင်း အင်္ကျီဖြူကို ခါးမပေါ်အောင် ဆွဲချလိုက်လေ
သည်။

"ကိုခန့်ရေ ... စပယ့်ခေါင်းကပန်း ပေါ်ပါ့မလား ... "

"အမလေး ... ပေါ်အောင်ရိုက်ပေးမှာပါ ဆရာမရယ် ... Mode
girl လုပ်မှာသာ လုပ်စမ်းပါ ... "

"ယုံရတာကိုး ကိုခန့်ရဲ့၊ တော်ကြာ ခါတ်ပုံလည်း ထွက်လာ





ာ ဆရာမ စူပုပ်ပုပ်လို့ အစခံနေရမှာ အခက် ... ဟွန်း ... သူက
ofessional photographer ကိုး ... "

"လျှာက ရှည်ပြန်ပြီ ... ဆရာမတောင် မဖြစ်သေးဘူး ... တွေ့
ချလူ သူတပည့်မှတ်ပြီး ဟောက်လား ငေါက်လားနဲ့ ... ကဲ ... ပဲ
ဘ်တော့လေ ... "

"အောင်မာ ... ဘာပဲလဲ ... "

"ပဲကြီးလှော် ပဲကြီးလှော် ... အီးပေါက်ရအောင်လို့"

"ကိုခန့်နော် ... ညစ်စုတ်ပြီ ကြည့်ပါလား ... "

စုံ့ထဲမှ ရယ်သံတိုးတိုးလေး ထွက်လာသည်။ သူက ကင်မရာ
အနေအထားမှန်အောင် ချိန်လိုက်ပါ၏။

"အဲဒီလို တောင့်တောင့်ကြီး ရပ်မနေနဲ့လေ ... ထန်းပင်ကြီး
နေတာပဲ ... ကိုယ်ကို နည်းနည်းစောင်း ... အာ ... ကျွတ် ...
တ်သေးဘူး"

သူက မြက်ခင်းပေါ် ပြန်တက်၍ စပယ့်ထံသွားကာ ခန္ဓာကိုယ်
နအထားကို ပြင်ပေးလိုက်၏။ ခေါင်းလေးကို မငဲ့တငဲ့စောင်း လက်
ာစ်ဖက်က ပါးပြင်အောက်မေးစေ့ကို အသာကိုင်ထားနိုင်းပြီး ...
လက်တစ်ဖက်ကို တဘီဖုံးအနားလေးကို လက်ညှိုးလက်ခလယ်
ညှပ်ထားသလိုလေး ပြင်လိုက်ပါသည်။ ခြေထောက်တစ်ဖက်ကို
နည်းနည်းရောက်ကာ ခပ်ဖွဖွလေး ထောက်ထားစေ၏။

"အင်း ... အဲဒီအတိုင်း ငြိမ်ငြိမ်နေ ... "

သူ ကင်မရာကို ချိန်လိုက်၏။ view က အနေတော်ချိန်အပြီး
သူ တစ်ချက်ပြုံးလိုက်မိသည်။ မှလှချင် မိစပယ်ပုံစံက ညနေစောင်း
ဘာက်ချိန်နှင့် အံဝင်ခွင်ကျ။

"မျက်နှာလေးကို ပြုံး ... ဟာ ... အဲဒီလိုကြီး မရယ်နဲ့ ပြ
တည် ... ပြီးမှ ပြန်ပြုံး ... ဟုတ်ပြီ၊ မျက်လုံးကို ကင်မရာဆီ ထော
ကပ်ပြီး အပေါ်ပင့်ကြည့်၊ များသွားပြီ ... ကိုယ့်ခေါင်းပေါ်လောက်
ကြည့် ... Ok ... ရိုက်ပြီ ငြိမ် ... "

"ဖျတ် ... "

"ဟင်း ... အမလေးနော် ... ဓာတ်ပုံလေး တစ်ခါအရိုက်ခံရ
အရေး လက်တွေရောခြေတွေပါ ညောင်းလိုက်တာ"

"အေး ... မနက်ဖြန်ကျ ပိုဆိုးမှာ ... လူကပုပု ဘီးဆံထုံး
ခေါင်းပေါ်ဝိ၊ ဟား ဟား ... မိစပယ်တို့တော့ ဇက်ကြီးတောင့်နေမှ
မြင်ယောင်သေး"

"ကိုခန့်နော် ... စပယ့်ဆို အဆိုးပဲမြင် ... "

စပယ်က စုံ့အနီးရှိ ခုံပုလေးမှာ ဝင်ထိုင်လိုက်ပါ၏။ စံက
စပယ့်လက်ကလေးကို လှမ်းကိုင်လိုက်လေသည်။

"စပယ် ... ချုပ်ထားတဲ့ ဝတ်စုံပါလာလား ... "

"အင်း ... ပါတယ်လေ စံ ... အန်တီအိပဲ ခါးသိမ်ပေးနေတာ

"မောင် စပယ့်ကို ဒီဆံထုံးနဲ့ပဲ ဝတ်စုံဝတ်ပြီး ရိုက်ပေးပါလာ
နေတောက်ချိန်လေးမှာ အရမ်းလှမယ် ... "

"ဟယ် ... စံကလည်း မနက်ဖြန်မှ ရိုက်လေဟယ်"

"မနက်ဖြန်က မနက်ဖြန်ထပ်ရိုက်လေ ... သွားပါ ... အ
သွားလဲ ... မောင် မေမေ့ကို ပြောလိုက်ပါ"

"အင်းပါ စံ ... လာ စပယ်"

သူနှင့်စပယ် အိမ်ထဲခဏဝင်၍ အန်တီအိက စပယ့်ကို ဝတ်စုံ
ပေးကာ ဖိနပ်နှင့် ရတနာပစ္စည်းမျှင်မျှင်လေးတွေကို ခပ်မြန်မြန်





းလိုက်ပါသည်။ မနက်ဖြန် ကိုင်ရမည့် ပန်းခြင်းကို ကိုင်၍ ပြန်ထွက်
ခဲ့ကြ၏။

"လှလိုက်တာ ... စပယ်က သိပ်ကျက်သရေရှိတာပဲ"

"ငါးဖယ်က ပြောင်းပြန်ပြောပြန်ပြီ ... "

"ကဲ ... ဟိုမှာသွားရပ် ... ထဘီအနားစကို ဖြန့်ထားလေ ...
ဘ် ... နင်လုပ်ပုံနဲ့ ကွင်းလုံးကျွတ်ကျတော့မှာပဲ"

သူက စပယ့်ထံသွားကာ မြက်ခင်းပြင်ပေါ် ထဘီအနားစကို
ချလိုက်သည်။ ခြေကိုစုံရပ်၍ ဒူးတစ်ဖက်ကို မသိမသာလေး ကွေး
ပါ၏။ လက်တစ်ဖက်က ပန်းခြင်းကိုကိုင်ကာ လက်တစ်ဖက်ကို
ဘက်နောက်နား လွှဲထားခိုင်းလိုက်သည်။ ခေါင်းကို နည်းနည်း
၍ နှုတ်ခမ်းကို မသိမသာလေး ဟ,ထားစေပါ၏။

"ဟုတ်ပြီ ... ရိုက်မယ်နော် ... ရယ်ဒီ"

"ဖျတ် ... "

"ဟဲ ဟဲ ... ဒီပုံကတော့ သတို့သားကို မျှော်နေသည့် သတို့
လေးပုံဆိုပြီး ပြိုင်ပွဲဝင်ရင် ဆုချိတ်မှာ ... "

"ကိုခန့်နော် ... "

စပယ်က ခြေဆောင့်၍ နှုတ်ခမ်းစူလိုက်တော့ သူက နောက်
ဖျတ်ခနဲ ရိုက်လိုက်ပါ၏။

"ဟယ် ... ပါကုန်ပြီ"

ထိုင်မသိမ်းဝတ်စုံဖြင့် စပယ်က သူ့ထံပြေးလာကာ သူ့ကျော
ဖုံးဖုံး ထုရိုက်လေတော့သည်။ စံက သဘောတကျဖြင့် ရယ်
၍ အသံလေး ကျယ်လာ၏။ သူ ဆတ်ခနဲ လှမ်းကြည့်လိုက်တော့
သဲမှာ ကိုင်ထားသည့် လက်ကိုင်ပဝါလေးဖြင့် နှာခေါင်းကို အုပ်

လိုက်သည်ကို မြင်လိုက်ရလေသည်။

"စံ ... "

သူ စုံ့ဆီကို ပြေးတော့ စပယ်ကပါ သူတို့အနီး အမြန်ရောက်လာ၏။ စံက လက်ကိုင်ပဝါကို ဖယ်လိုက်ပါသည်။ နှာခေါင်းဝမှ စီးကျလာသည့် သွေးနီနီများ ... ။

"စံ ... ဆေးရုံသွားမယ်နော် စံ ... "

"ဟင့်အင်း ... မသွားချင်ဘူး မောင်"

"စံက လိမ္မာတယ်လေကွာ ... သွားကြရအောင်ပါ"

"မသွားဘူး ... မောင် ... စံကို ... စုံ့ကို ပွေ့ထားပေးပါ"

"စံ ... "

သူ စုံ့ကိုယ်လုံးလေးကို အသာပွေ့လိုက်၏။ စံက သူ့ရင်ခွင်ထဲ နေ၍ စပယ့်ဆီ လက်ကမ်းလိုက်ပါသည်။ လက်က စပယ့်လက်ဆီ မရောက်ဘဲ လေထဲမှာဝဲနေသဖြင့် စပယ်ကဖမ်းဆုပ်လိုက်၏။ အို ... လက်ဖျားတွေ အေးစက်နေပါရောလား။

"စပယ် ... "

"ပြောလေ စံ ... ဘာပြောချင်လို့လဲ ... "

"စံတော့ ... စံတော့ ... ထိုင်မသိမ်းမဝတ်နိုင်တော့ဘူး"

"စံရယ် ... "

"စံ သွားရတော့မယ် မောင် ... မောင့်ကို ချန်မထားခဲ့ချင်ပေ မခွဲချင်ပေမဲ့ စံ ချန်ခဲ့ ခွဲခဲ့ရတော့မယ်"

"စံ ... စကားတွေ အများကြီးမပြောရဘူးလေ"

"စံ မောင့်ရင်ခွင်ထဲမှာပဲ သေပါရစေနော် ... "

"စံရယ် ... ဒီမှာ မောင့်ကိုကြည့်ပါဦး ... မောင့်မျက်နှာ





ကြည့်ပါဦး စံရဲ့"

သူမ မျက်နှာလေး ပင့်မော့၍ ကြည့်လိုက်၏။ မောင့်ပုံရိပ်က ဝါးဝါးမှုံသာ။

"စံ ... မမြင်ရတော့ဘူး"

"အို ... "

"စံရယ် ... မောင်တော့ ... မောင်တော့ ရင်ကွဲပါပြီ စံရယ် ... မောင့်ကို ခွဲမသွားပါနဲ့ ... မောင့်ကို စံ သိပ်ချစ်တယ်ဆို ... မောင်နဲ့ အတူနေမယ်ဆို ... မောင့်ကို မောင့်ကို ... "

စုံ့ကိုယ်ခန္ဓာလေး ပျော့ကျအသွားမှာ သူ တင်းကျပ်စွာ ဖက်ထားလိုက်သလို ... စပယ့်ရှိုက်ကြီးတငင် ငိုချလိုက်သံက ဝန်းကျင်ကို ကျယ်လောင်လျက်။ အမြင်မှာ ဘာမှမမြင်ရတော့သလို ဘာသံမှလည်း သူ မကြားရတော့ချေ။ လူကြီးတွေ သူနှင့်စံကို ခွဲဖယ်တော့ စုံ့ကို လွှတ်မပေးသဖြင့် အတင်းချော့မော့၍ ဆွဲထုတ်သွားတော့ စံရေ ... မောင် ... စုံ့နောက်ကို လိုက်လာခဲ့မယ်။

နောက်တစ်ရက်မှာ စုံ့ရုပ်ကလာပ်ကို သဂြိုဟ်၏။ ကြည့်ပါဦး ဘာဆောင်မဲ့ရက်မှာ သတို့သမီးကို သဂြိုဟ်ရတာမျိုး ကြားဖူးကြရဲ့လား။ အဝါနုရောင် သတို့သမီးဝတ်စုံလေးဖြင့် အခေါင်းတွင်းမှာ လဲလျောင်းအိပ်စက်နေရှာသည့် ချစ်သူကို မျက်တောင်မခတ် ငေးမော၏။ လက်ထပ်လက်စွပ်ကို စုံ့လက်ကလေးမှာ ဝတ်ပေးလိုက်ပါ၏။

မျက်စိရှေ့ရှိနေရာမှ အခေါင်းကို တွန်းယူသွားကြ၏။ သူ ဘာမှ မသိတော့ဘဲ ခေါင်းကိုလှမ်းအဆွဲ လူကြီးတွေက သူ့ကို အတင်းနောင်ထားကြလေသည်။ မီးခိုးခေါင်းတိုင်မှ တလူလူလွင့်တက်

လာသည့် အငွေ့များကြားမှာ သူ့သတို့သမီးလေးက ပြုံးပြနေလေ၏။

စံ ... မောင် စံ့ကို သိပ်ချစ်ပါတယ်။ စံ ဘယ်ဘဝရောက်ရောက် မောင် အမြဲချစ်သွားမှာပါ။ မောင်နဲ့စံ တကယ်ပဲ လက်ထပ်ခဲ့တာပါနော်။ စံဟာ မောင့်ဇနီး ... မောင်ဟာ စံ့ခင်ပွန်း။ စံ သက်ရှိထင်ရှားမရှိနိုင်တော့ပေမဲ့ စံ့ဝိညာဉ်လေးက မောင့်နားမှာ အမြဲထာဝရရှိနေမယ်လို့ မောင် ယုံတယ် ... စိတ်ချပါ စံ။ မောင့်ဘဝမှာ စံသာ ပထမ၊ စံသာ ဒုတိယ၊ စံသာလျှင် နောက်ဆုံးချစ်ခြင်းတွေ အဆုံးသတ်ရာနေရာပါ။ နောက်ဘဝက စောင့်နေပါ စံ ... ။ မောင် တစ်နေ့လိုက်လာခဲ့မယ်။

အဲဒီအခါကျရင် အခုလို တိုတောင်းတဲ့အချိန်တွေနဲ့ မောင်နဲ့စံ ခွဲခွာဖို့ ဘာအကြောင်းမှ မရှိစေရဘူး။ ပြီးတော့ ... မောင်နဲ့စံ လက်တွဲမဖြုတ်စေရဘူး။ အခုလိုမျိုး သေကွဲ့ကွဲရတာမျိုးလည်း အဖြစ်မခံရပါဘူး။ မောင် ... စံ့နောက်ကို အနေးနဲ့အမြန် လိုက်လာခဲ့မယ် စံ။

သချိုင်းကအပြန်မှာ သူ့ကားက လမ်းကိုချော်၍ သစ်ပင်တစ်ပင်ကို ဝင့်ဆောင့်လိုက်သည့် အသံကိုသာ နောက်ဆုံး သိခဲ့ရပါ၏။ အာရုံမှာ စံ့မျက်နှာလေးကိုသာ မြင်ခဲ့သည်။ စံ ... မောင့်ရဲ့ ထာဝရ စံ။





‘ဆီဇာ၏ အိပ်မက်ဝိညာဉ်’

ပက်ထရာရေ ..
နှစ်ပေါင်း ကုဋေချီ
*AD* တစ်ခုရဲ့
အီဂျစ်ပြည်တစ်နေရာ
မှေးဝက်ပျော်နေရာမှ
နိုးထလှည့်ပါ ...
မင်းသိပ်ကို ကြောက်ရွံ့ရှုံ့မုန်းတဲ့
‘တတန်’ရဲ့ နတ်ဆိုး
‘ကြောင်’ အမျိုးစုံကို
ငါ သုတ်သင်ပယ်ရှားပေးမယ် ...

- မင်း မြတ်နိုးစုံမက်
ရနံ့ထုံ ပန်းမျိုးစုံကိုလည်း
ငါ ရှာဖွေစုဆောင်းထားတယ် ...
- မင်းကိုချစ်တဲ့
အသက်တစ်မျှ ချစ်ခြင်းတွေကိုလည်း
ဝိုးရင်ထဲမှာ
သော့ခတ်သိမ်းဆည်းထားတယ် ...
- ပက်ထရာရေ ..
မင်း ပြန်လာမဲ့နေ့
မနောဓွေ့စေဖို့
ရွှေအိုရောင်စံနန်း
ငါ ဖန်ဆင်းပေးမယ် ...
- လမြမ်းတော ဒန်းဖြစ်စေ ..
နေမင်းလည်း ထွန်းလင်းစေ ...
- ကြောဝင်္ငါအနံ့အပြား
ဖြန့်ကြဲကာထားတဲ့
ကြယ်စင်တွေစုစည်း
မင်းလည်မှာ ကုံးပေးမယ် ...
- တိမ်လွှာကို ဝတ်ရုံဖြူ
မင်းကိုယ်မှာ လွှမ်းခြုံပေးမယ် ..
ခုနစ်စဉ်ကြယ်ကိုရစ်ခွေ

ရွှေပဒေသာစာပေ



သရဖူအဖြစ်နဲ့
မင်းခေါင်းမှာ ပန်ဆင်ပေးမယ် ...
- အကယ်၍များ ..
မင်းဟာ
အရာရာစေစား
လောကရဲ့ နတ်သမီးတစ်ပါးဆိုရင်
ငါကတော့ ..
မင်းရှေ့မှာ ခစား
အကျဉ်းကျ နတ်သားတစ်ပါးဖြစ်လိမ့်မယ် ...
- မင်း အပြုံးတစ်ချက်နဲ့
စစ်မက်တွေ ဖြစ်ခဲ့တာလည်းရှိ ..
မင်းရဲ့ ရူးရှုတဲ့အကြည့်နဲ့
ရူးသွပ်ခဲ့ဖူးသူတွေလည်းရှိ ..
မင်းညို့ချက်အောက်မှာ
အသက်ထွက်ခဲ့ရသူတွေလည်းရှိ ..
အဲဒီသူရဲကောင်းတွေကြားမှာ
ငါဟာ ..
အောင်နိုင်သူအပြုံးတစ်ချက်နဲ့
လက်ကမ်းလို့ မျှော်နေမယ် ...
- 'ရား' ရောက်မလာခင်အချိန်ထိ
ပကတိတည်ရှိနေတဲ့

ရွှေပဒေသာစာပေ

ပိရမစ် သချိုင်းဂူအောက်က
မံမီရုပ်ထုတို့ရဲ့အရှင်သခင်
မင်းဗိညာဉ်ကို ခေါ်ရင်း
'ဘေထိုးဗင်' ရဲ့
ဂန္ထဝင်သံစဉ်တစ်ပုဒ်နဲ့
ပက်ထရာရေ ••
ငါနဲ့အတူ က,ကြရအောင် ....

[ မှတ်ချက် ....

ပက်ထရာ – ကယ်လီယိုပက်ထရာ (အီဂျစ်ဘုရင်မ)
ဆီဇာ – ဂျူးလီယက်ဆီဇာ
ရား – အီဂျစ်နတ်ဘုရား
ဘေထိုးဗင် – ကမ္ဘာကျော်ဂီတပညာရှင်အမည် ]





(၁၇)

မဂ္ဂဇင်းစာအုပ်ကြားထဲ သူ့ဓာတ်ပုံကို ထည့်၍ အိမ်မှ ထွက်လာ
၏။ အဝါနုရောင်ဂါဝန်ရှည်မှ လက်ပြတ်လေး ဝတ်ထားတာကြောင့်
င်းဆီဝါလေးသာ ပန်လိုက်ရလျှင် Fashion ဖြစ်သွားမှာမို့ သူ့ခြံထဲကို
အသာဝင်ခဲ့ရင်း နှင်းဆီပန်းကို အရင်ခူး၍ နားရွက်ကြားထဲ ညှပ်ပန်
ိုက်မိသည်။

ဂါဝန်အနားစကို လာဆွဲလိုက်သည့် ဘရောင်နီကြောင့် သူမ
န့်သွားပါ၏။

"I am sorry Browny, I forgot to bring chocolate for
ou"

ဘရောင်နီက အိမ်ဆီသို့ သူမကို အတင်းဆွဲခေါ်နေသဖြင့် အံ့ဩ
ွားရ၏။ ဘာဖြစ်လို့ပါလိမ့်။

"Where will you go, Browny?"

သူမ ဘရောင်နီ ဆွဲခေါ်လာသည့် အိမ်ထဲသို့ လိုက်ဝင်ခဲ့၏။ အထဲကို လှမ်းကြည့်မိတော့ ပွင့်နေသည့် တံခါးရှိရာ အခန်းဆီ ခြေဦး၍ နင်းလာခဲ့ပါ၏။ ပန်းချီကား ဒေါက်တိုင်ရှေ့မှာ လဲကျနေသည့် သူ့ကို မြင်လိုက်စဉ် လက်ထဲမှာ ပိုက်ထားသည့် မဂ္ဂဇင်းက ဘုတ်ခနဲ ပြုတ်ကျသွား၏။ သူမ အခန်းထဲ အမြန်ပြေးဝင်လျက် သူ့ကို ပွေ့ထူလိုက်ပါသည်။ ဘီယာနံ့က နှာဝခေါင်းဝမှာ ထောင်းခနဲ ဝင်လာ၏။ နှုတ်မှ တီးတိုးရေရွတ်သံက မသဲမကွဲ ... ။ သူ တပ်နေကျ မျက်မှန်က ခပ်လှမ်းလှမ်းမှာ။

"စံ ..."

ဖျတ်ခနဲ သူမကိုယ်လေး သူ့ပေါ် ပုံလဲကျသွားရ၏။ ဒိတ်ခနဲ ရင်ခုန်သံနှင့်အတူ ထူပူရှက်အမ်း၍ ရုန်းကန်မိသော်လည်း ချစ်စကားတွေ ထပ်တလဲလဲပြော၍ သူမ မျက်နှာအနှံ့ အနမ်းမိုး ဖြန့်ကြဲနေသည့် သူ့လက်များထံမှ သူမ ရုန်းမထွက်သာခဲ့။

"စံ ... မောင် စံ့ကို သိပ်ချစ်တာကို ယုံပါ"

သူမ ပါးပြင်မှ မျက်ရည်တစ်ပေါက် စီးကျသွားပါ၏။ မူး၍ ပြန်အိပ်ပျော်သွားသည့် သူ့လက်များကို ဖြုတ်၍ သူမ အိမ်ထဲမှ ပြန်ပြေးထွက်ခဲ့သည်။ အို ... ဦးရယ် ... ဦးရင်ထဲမှာ နီ့အတွက် နေရာလေး တစ်နေရာတောင် မရှိတော့ဘူးပေ့။ ရက်စက်လိုက်တာ ကံကြမ္မာရယ်။ နီ့ဘက်က အသည်းပေါက်မတတ် ဦးအပေါ် ချစ်နေပေမဲ့ ... ဦးဆီက နီ ပြန်ရခဲ့တာ နိုးတစ်ဝက်အိပ်မက်ထဲက အစားထိုးအနမ်းတွေတဲ့လား။ မှန်ရှေ့မှာ သူမကိုယ်သူမ ပြန်ကြည့်နေမိ၏။ ပန်းချီကားထဲမှ အမျိုးသမီး၏ မျက်လုံးတစ်စုံက မှန်ထဲမှ ပေါ်လာလေသည်။ သူမ မျက်နှာကို အုပ်၍ ခုတင်ပေါ် လှဲချလိုက်ကာ တိတ်တိတ်ကလေး ငိုချလိုက်ပါသည်။ ရင်ထဲက ကြေကွဲခြင်းတွေကို ဘယ်သူတစ်ဦးတစ်ယောက်ကမှ မသိပါလေခဲ့။





ဆတ်ခနဲ လန့်နိုးသွား၏။ နှာခေါင်းဝမှ သနပ်ခါးနံ့ကို ရှူရှိုက်မိရသဖြင့် သူ အံ့သြသွားရသည်။ ရင်ဘတ်ပေါ်မှ နှင်းဆီဝါလေး ...င့် သူ ဖြုန်းခနဲ ထထိုင်လိုက်မိ၏။

"စံ ..."

ခပ်လှမ်းလှမ်းမှာ ကျနေသည့် မျက်မှန်ကိုယူ၍ တပ်လိုက်သည်။ နှင်းဆီပန်းက လတ်လတ်ဆတ်ဆတ်ပါလား။ ဗုဒ္ဓေါ ... သူ ...တွေဖြစ်ခဲ့ပြီလဲ။ အခန်းထဲမှအထွက်မှာ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ...င့်ခတ်မိသွား၍ လွင့်စဉ်ကာ ဓာတ်ပုံတစ်ပုံ ထွက်လာ၏။ သူ ...ကြည့်လိုက်တော့ ဟိုတစ်နေ့က သူမ ယူသွားသည့် သူ့ပုံ ဖြစ်သည်။ သူ နံရံကို ကျောမှီလိုက်၏။ ပန်းချီကားကို လှမ်းကြည့်လိုက်...ံ့အပြုံးက မှဲ့သွားသယောင် ... ဘုရား ... ဘုရား ... ဘာတွေ...လိုဖြစ်ခဲ့ပြီလဲ။

နာရီကိုကြည့်လိုက်တော့ မနက် (၆) နာရီ။ သူ ရေချိုးခန်းဝင် ...ခေါင်းကို လောင်းချိုးကာ အဝတ်အစားလဲလိုက်သည်။ ခြံထဲမှ ...ထွက်စဉ် သူမ ရှိနေသည့် အခန်းကို မော့အကြည့် ပြတင်းတံခါး ...င့်နေပါ၏။ လူရိပ်လူယောင်ကိုတော့ မမြင်လေခဲ့။ သူ လမ်းထိပ် ... ထွက်လာခဲ့သည်။ လက်ဖက်ရည်ဆိုင်တွင်းဝင်၍ Black Cof-...င့် ပလာတာ မှာလိုက်ပြီး လမ်းဘက်ကို ငေးနေမိ၏။

တစ်အောင့်အကြာမှာ လမ်းမပေါ် လျှောက်လာသည့် ပုံရိပ်...ကို မြင်လိုက်ရသည်။ ကြည့်စမ်း ... ဒီနေ့ သူမ ဝတ်ထားတာ ...ရောင်ရင်ဖုံးအကျီလေးနှင့် ရေညှိရောင်လုံချည်လေးပါလား။ ...ရောင်လွယ်အိတ်ကြီးလေးကို ဆုပ်ကိုင်လျက် သူမ ခပ်မှန်မှန် ...က်လာနေ၏။ သူ ငေးကြည့်နေစဉ် သူမ နောက်ပါးမှ ကောင် ...တစ်ယောက် ကပ်ပါလာသည်။ သူမက ခေါင်းငုံ့၍ ပုံမှန်လျှောက် ... ဆိုင်ရှေ့က ဖြတ်လျှောက်စဉ် ကျစ်ဆံမြီးကျစ်ထားသည့်

ခေါင်းထက်မှာ မည်သည့်ပန်းကိုမှ မတွေ့ရ။ ရင်ထဲမှာ စစ်ခနဲ အော
သွား၏။

ပလာတာကို မစားဖြစ်တော့ဘဲ ကော်ဖီနှစ်ငုံမျှ သောက်
ငွေရှင်းကာ သုံ့မ မလှမ်းမကမ်းမှခွာ၍ သူ လိုက်ခဲ့၏။ ကားဂိတ်
ရပ်လာသည့် ဖယ်ရီပေါ် သုံ့မ တက်သွားလေသည်။ သူ ခေါင်းကို
ယမ်းလိုက်မိ၏။ နောက်ကြောင်းပြန်လှည့်၍ အိမ်ကိုပြန်ခဲ့သည်။ ယ
တိုင် သော့မခတ်မိသည့် စုံ့အခန်းရှေ့မှာ သူ ရပ်လိုက်ပါ၏။ မနို့တ
လေး ပြုံးနေသည့် စုံ့ပန်းချီပုံလေးကို အမှတ်တမဲ့ ငေးနေမိသည်။ ေ
ခန်းရှိ ဖုန်းမှ အသံမြည်လာလေ၏။

"ဟဲလို ..."

"မင်းခန့် ... ငါ ဇေယျာပါ"

"ဩော် ... ပြောလေ"

"ငါတို့ပြပွဲ နောက်(၂)လနေ စ,မယ် မင်းခန့် ... အဲဒါ မင်း
ပြီးသားကား (၁၀)ကားလောက် လိုချင်တယ် ... မင်း မရောင်းချင်
ကားတွေ မရောင်းဘူးဆိုတာလည်း ရေးဖို့မမေ့နဲ့ဦး ... အခုက လူ
ငါးဦးနဲ့ ငါတို့လူကြီးသုံးယောက်ပဲ ပါမှာ ... လူငယ်တွေကားက ေ
ဒန်ကျတော့ ရောင်းကောင်းမှာ သေချာတယ် ... ငါတို့ကားတွေ
မရောင်းရလည်း ခန်းမမှာ ကားများများ တင်ချင်လို့ပါ"

"Foreigner တွေ လာမှာလား ..."

"လာမှာ ... သူတို့က ငါတို့ လူကြီးကားပဲ ဝယ်မှာ ... Dol
ရဖို့ OK ပဲ ..."

"ကျိန်းသေနေပြန်ပြီ ..."

"ဩော် ... သေချာလို့ ပြောတာပါကွ ... ဟိုတစ်ခါ ငါ
တုန်းက မင်းဆွဲထားတဲ့ ကားတွေတင်ကွာ ... ဘယ်နှစ်ကားရှိလဲ"

"(၁၈)ကားလောက် ရှိမယ်ထင်တယ်၊ ငါ သိပ်မကြိုက်ပါဘူ





"မင်းကောင်မလေးပုံရော ပါလား ..."

"မလုပ်ပါနဲ့ကွာ ..."

"အဲဒီပုံလေးမျိုး တင်ရင် သူတို့ ကြိုက်မှာကွ ... မြန်မာဆန်ဆန်
းချီပုံတွေ တော်တော်ရှားနေပြီ ..."

"မင်းလိုချင်ရင် ငါ ထပ်ဆွဲပေးပါ့မယ် ..."

"တကယ်လား ... ငါ နောက်လ လာယူမယ် ... မင်းကြိုက်တာ
ွးပေးနော် ... ဒါပဲ သူငယ်ချင်း ..."

"အေး ..."

သူ ပန်းချီခန်းကို ဝင်ခဲ့ရင်း စုံ့ပုံလေးကို ထောင့်နားရွှေ့ထောင်
က်ပြီး အပေါ်မှ လိုက်ကာကို ပြန်ဖုံးလိုက်ပါသည်။ နောက်ထပ်
က်တိုင်တစ်ခုကို စတိုခန်းမှထုတ်ကာ ပန်းချီကပ်ကို ထောင်တင်
က်၏။ ခဲကြောင်းကို အရာပေး၍ စ,ဆွဲသည်။ မဆွဲဘဲ ပစ်ထားခဲ့
သည့် လက်တို့က ... အစပထမ၌ တုန်ရီနေသော်လည်း နောက်ပိုင်း
က်လာ၏။ ရှာန်ဝင်၍ ဆွဲနေသဖြင့် ဗိုက်မဆာသော်လည်း ခြေ
ဘက်တွေ တောင့်လာသည်မို့ ပုံဆွဲခြင်းကို ခဏနားလိုက်၏။

နောက်ဖေးခန်းမှာ ကော်ဖီနှင့် ကိတ်ကိုသာ စားလိုက်ပြီး
ရောင်နီ့အတွက် အသားဘူးဖောက်ထည့်ပေးလိုက်သည်။ အိမ်ပြင်
ထွက်၍ ခြံထဲရှိ မြက်ခင်းပြင်မှာ အိသာထိုင်လိုက်ပါ၏။ အရုဏ်
က်နေမင်းက အပူငွေ့ငွေ့ဖြင့် သူ့အပေါ် ဖြာကျနေသည်။ သုတ်ခနဲ
က်ခတ်လာသည့်လေကြောင့် ခြံထောင့်သစ်ပင်မှ စကားပန်းတစ်ပွင့်
အနီး ကြွေကျလာ၏။ သူ စကားပန်းဖြူဖြူကို ကောက်ယူ၍ မွှေး
က်မိသည်။ မင်းနဲ့ကိုယ့်ကြားမှာ ဖြေရှင်းစရာတွေ ရှိနေပြီလား နီနီ။
သို့ကြောင့် ... ဘယ်မိန်းကလေးကိုမှ မနစ်နာစေချင်ပါဘူး။ အထူး
ဖြင့် မင်းလို (၁၈)နှစ်သာသာရှိသေးတဲ့ ကလေးမလေးရဲ့ ရင်ထဲကို
ယ်လိုဒဏ်ရာမျိုးမှ ကိုယ် မပေးချင်တာ အမှန်ပါ နီနီ ... ။

သူ သက်ပြင်းတစ်ချက်ကိုချ၍ မြက်ခင်းမှ ထ,ကာ အိမ်ထဲ ပြန်ဝင်ခဲ့၏။ နှင်းဆီပွင့်လေးကို ငုံ့ကြည့်၍ မပွင့်တပွင့် ဖြိုးနေသည့် မိန်းကလေး၏ပုံရိပ်က ပီပြင်လာသည်။ မျက်လွှာချထားသည်မို့ မျက် တောင်ကို ခပ်စိပ်စိပ်လေး ခြယ်လိုက်၏။ ဖြောင့်စင်းရှည်လျားသည့် ဆံနွယ်တို့က မျက်နှာကို အုပ်မိုးထားရန် သုံးပုံတစ်ပုံ။ အလင်းကို မှိန် ၍ အမှောင်ဘက်ကျအောင် ဆွဲရန် ဆုံးဖြတ်ပြီး ဆေးစပ်ရန် စုတ်တံကို လှမ်းယူစဉ် လက်ထဲမှ လျှောကျ၍ ဖျောက်ခနဲ ကျိုးသွားလေ၏။ အို ... စံ, ဝယ်ပေးထားသည့် ရုတ်တံ ဖြစ်နေပါရောလား။ ခေါင်းထဲ မိုက်ခနဲဖြစ်ကာ လူက အနည်းငယ်ယိုင်သွားလေ၏။ စံရေ ... မောင့် ကို အဏ်ခတ်ပြီလား ... ။ စံ့,ကို (၁၀)နှစ်ကျော်ကာလအထိ မောင် တစ်ရက်မှ မမေ့ခဲ့ပါဘူး။ အချစ်တွေလည်း တစ်စက်ကလေးမှ မလျော့ သေးတာကို စံ ယုံကြည်ပါ။ လာမဲ့ ပန်းချီပြပွဲအတွက် မောင် အသေး စိတ်ခြယ်နေတဲ့ ပန်းချီကားကို အနှောင့်အယှက် မပေးပါနဲ့လား စံ။

စံ့,ရဲ့အသက်ကို မကယ်ဆယ်လိုက်နိုင်တဲ့ မောင့်ပညာရပ်တွေ ကို စွန့်လွှတ်ပစ်ဖို့ အကြိမ်ကြိမ်ဆုံးဖြတ်ခဲ့ပေမဲ့ ... လူ့ဘဝရခိုက် လူ့ အသက်တွေကို ကယ်ဆယ်ခွင့်ပေးမဲ့လက်တွေကို မောင် ရိုက်မချိုးဖြစ် ခဲ့တာပါ။ စံ ... သိပ်သဘောကျခဲ့တဲ့ မောင့်ပန်းချီလက်ရာတွေကို တမလွန်ကနေ အားပေးပါ။ ဆွဲသားနေတဲ့ မောင့်လက်ချောင်းတွေ ကို ကူညီပါ စံ။ စံ့,အဖို့ ဆရာဝန်ကောင်းတစ်ယောက် ဖြစ်ခွင့်မရခဲ့ သော်လည်း မောင် ပန်းချီဆရာကောင်းတစ်ယောက် ဖြစ်ချင်တာကို တော့ ဝန်ခံပါရစေ ... ။

ပြီ





(၁၈)

ညှော်ခန်းမှ ဖုန်းသံကြောင့် မဂ္ဂဇင်းဖတ်နေရာမှ သူမ ထကိုင် ...်ပါ၏။

"ဟဲလို ... "

"နီနီလား ... ငါ ပုလဲပါ ... "

"အမယ် ... ကျောင်းပိတ်ထားတာ သင်တန်းတွေ ဘာတွေ ...က်ဘဲ ဘယ်အလေလိုက်ပြီး ဖုန်းလျှောက်ဆက်နေတာလဲဟဲ့"

"လျှောက်ပြောမနေနဲ့ နီနီ ... ငါတို့ နင့်ကို အံ့သြစရာတစ်ခု ...ချင်လို့ပါ ... "

"ဘာများတုန်း ... "

"နင် အားတဲ့တစ်ရက် မြို့ထဲက ( ----- )လမ်းမှာ ပန်းချီ ...ရှိတယ် နီနီ ... အဲဒီကို နင် သွားကြည့်လိုက်ပါ ... နင် အရမ်းအံ့သြ ...းရမဲ့အရာတစ်ခုကို တွေ့လိမ့်မယ် ... "

"ငါ ဒီနေ့ အင်းဝကို သွားစရာရှိတယ် ... စာအုပ်မှာထားတာ

သွားယူမလို့ ... "

"ဒါဆို လမ်းကြုံသားပဲ ... နင် ဝင်ဖြစ်အောင် ဝင်လိုက်ပါ နီနီ၊ ဒါပဲနော် ... "

"ဟဲ့ ... "

ဖုန်းက ကျသွားလေပြီ။ သူမ အပေါ်ပြန်တက်၍ ရေချိုးအဝတ်လဲကာ Taxi ဖြင့် မြို့ထဲဘက် ထွက်လာခဲ့၏။ အင်းဝမှာ မှာထားသည့် စာအုပ်တွေကို ဝင်ဝယ်၍ ကားလမ်းကူးရင်း ပန်းချီပြခန်းရှိရာဆီလှမ်းလာခဲ့သည်။ ပြခန်းထဲဝင်လာတော့ လူအတော်များများ ရှိနေလေ၏။ အဝင်ဝမှ ပုံများကို ဖြည်းဖြည်းချင်း လျှောက်ကြည့်၍ အထဲဝင်လာခဲ့သည်။ သူမ သိပ်နားမလည်သည့် ပုံများကို ခေါင်းရှုပ်ခံ၍ အကြာကြီး မကြည့်ဘဲ ရှုခင်းပုံလေးများကိုသာ ငေးလာခဲ့၏။ ထောင့်တစ်နေရာ၌ ချိတ်ထားသည့် ခပ်ကြီးကြီးပုံတစ်ပုံကို သူမ မော့ကြည့်လိုက်သည်။ အနီရဲရဲ နှင်းဆီပွင့်လေးကို ငုံ့ကြည့်၍ ... မပွင့်တပွင့် ပြုံးနေသည့် မိန်းကလေးတစ်ဦး ... ရှည်လျားသည့် ဆံနွယ်တို့က အလယ်ခွဲမျက်နှာ ဘေးနှစ်ဘက်မှာ အနည်းငယ် အုပ်နေသဖြင့် မျက်နှာက အနည်းငယ် အမှောင်ကျနေသည်။ သူမ ပုံအနီးသို့ ကပ်၍ ပန်းချီကားကို လက်ဖြင့် အသာထိလိုက်၏။ ဘုရားရေ ... သူမ ပုံပါလား။

ဖျတ်ခနဲ လက်သွားသည့် အလင်းရောင်ကြောင့် သူမ လှည့်ကြည့်မိတော့ ကင်မရာကိုင်ထားသည့် လူတစ်ဦးကို တွေ့လိုက်ရသည်။ ထိုလူက သူမကို ပြုံးပြလိုက်ပြီး အနားသို့ လျှောက်လာခဲ့လေ၏။

"ခွင့်လွှတ်ပါ မိန်းကလေးရယ် ... ကိုယ် ဒီပုံကို ဝယ်ချင်လို့ ပြခန်းတာဝန်ခံနဲ့ စကားများနေတုန်း အပေါက်ဝကနေ မင်း ဝင်လာခဲ့တာပဲ ... ကိုယ်တို့တွေ ဘာမှဆက်မပြောနိုင်ဘဲ မင်းကို ငေးကြည့်နေမိတာ၊ ဒီပုံရှေ့မှာ မင်း ရပ်လိုက်တော့ ဒီပုံဟာ မင်းနဲ့တူမှန်း သိသွားလို့ ကိုယ် ဓာတ်ပုံရိုက်လိုက်မိတာ စိတ်ဆိုးသွားလားဟင် ... "





"ဒါ ... နို့ပုံ မဟုတ်ပါဘူး ... ဆင်နေရုံလေးပါ၊ ပြခန်းကပုံတွေ အကုန်ရောင်းမှာ မဟုတ်ဘူးလား ... "

"အောက်ခြေမှာ Not for sell လို့ ရေးထားတယ်လေကွာ"

သူမ တစ်ချက်ပြုံးလိုက်ပြီး ပြခန်းတာဝန်ခံများရှိရာနေရာကို ...းလာခဲ့၏။

"အဲဒီပုံကိုဆွဲတဲ့ ပန်းချီဆရာနဲ့ တွေ့ချင်လို့ရမလားဟင်"

"သူ ဒီမှာမရှိပါဘူး ... မလာပါဘူး ခင်ဗျာ ... "

"သူ့လိပ်စာရော ... သိနိုင်မလားရှင်"

"ခွင့်လွှတ်ပါ ခင်ဗျာ ... သူ မပေးထားပါဘူး ... "

"ဒါဖြင့် နာမည်ကိုတော့ သိခွင့်ရှိမှာပေါ့"

"ဟုတ်ကဲ့ ... Shadow of the heart ပုံရဲ့အောက်ခြေမှာ သူ့...သ် ထိုးထားပါတယ် ... နာမည်က မောင်တဲ့"

"မောင် ... ဟုတ်လား"

သူမ တာဝန်ခံများကို နှုတ်ဆက်ကာ မျက်မှောင်ကြုတ်၍ ထွက်...ခဲ့သည်။ မောင်ဆိုတာ ဦးပဲလား ... ဦးက သူမပုံကို ဆွဲနိုင်ပါ...း။ ဦးရင်ထဲက မိန်းကလေးတစ်ယောက်ကိုသာ ဦး ဆွဲမှာပေါ့။ ...သေချာဆုံးပဲ ... နို့ကို ပတ်သက်ချင်စိတ် ဘာကြောင့်မရှိသလဲ...ာ နို သိခဲ့ပါပြီ ဦးရယ်။ နို့ဘဝမှာ ပထမဦးဆုံး ရင်ခုန်ခွင့် စတင်...ာ ဦးပါ။ ဒါပေမဲ့ ... ဒါပေမဲ့ ... ဦးရယ် ... ။

Taxi တစ်စီးကို တား၍ တက်လိုက်ပါ၏။ ဒီလို စိတ်ရှုပ်ရှုပ်နဲ့ ...က်သွားနေရမဲ့အတူတူ တစ်နေရာရာမှာဝင်ကစားတာပိုကောင်း... ကစားကွင်းတစ်ခုရှေ့မှာ ကားရပ်ခိုင်းလိုက်ပြီး အတွင်းသို့ဝင် ...ဝတ်လာသည့် ရှပ်အဖြူနှင့် ဂျင်းဘောင်းဘီရှည် အဖြူကြောင့် ...စ်လေးကထင်းနေသည်။ အိတ်အမည်းလေးကို စလွယ်သိုင်း...သားပြီး ဆံပင်တွေကို ဒီအတိုင်းဖြန့်ချထားပါ၏။ သူများတွေ

ကစားနေကြတာကို ဖြည်းဖြည်းချင်းလျှောက်လိုက်ကြည့်နေမိသည်။ Computer Chess ခုံမှ ကောင်လေးတစ်ယောက် ထသွားသဖြင့် သူ ဝင်ထိုင်လိုက်၏။ ထုံးစံအတိုင်း အဖြူဘက်မှ စ၍ကစားရမည်မို့ ခနွ ကိုယ်ကို ခပ်မတ်မတ်လေး ထိုင်လိုက်သည်။

သူ ... သူမနောက်မှ အသာရပ်ကြည့်နေမိ၏။ သူမက Kin ရှေ့မှ Pawn ကို စ၍မရွှေ့ဘဲ Knight ကို အရင်ထုတ်သည်။ သုံးလေ ကွက် ရွှေ့အပြီးမှာ သူမ Pawn သုံးကောင် စားလိုက်ရ၏။ Knigh ကို ပြန်ဆုတ်၍ King ရှေ့မှ Pawn ကိုဖွင့်သည်။ အဲဒီနောက် Bishop ထုတ်သည်။ Bishop နောက်မှ Queen လိုက်လာ၏။ ခဏ အကြာမှာ သူမ King ကို Castring လုပ်လိုက်၍ သူ ပြုံးလိုက်မိသည် Chastring လုပ်လိုက်သဖြင့် ကွင်းလယ်ကို Castle ရောက်လာသည် တိုက်ကွက်တွေက စနစ်မကျတော့ဘဲ ဖြတ်စဖျင်းတောင်းမို့ Computer တော်တော်ငြိမ်နေ၏။

"Chest"

သူမ စ Chest လိုက်သဖြင့် Computer က Black King ကာသည်။ သူမနောက် Bishop ဖြင့် လမ်းကြောင်းဝေးဝေးမှ ထပ် Chest သည်။ Black King က နောက်သို့ တစ်ကွက်ဆုတ်သွား၏ Castle လမ်းကြောမှ ရှိနေသည့် Queen ကို ဖာစ်ဘက် King နားရွှေ့ ဖို့ သူမ မမြင်မိသေး။ Knight ကိုရွှေ့ရန် ပြင်စဉ် သူမနောက်ကျော လက်တစ်ဖက်က သူမ၏ Queen ကို Black King အနီးဆုံးသို့ ကပ်ရွှေ့ လိုက်လေ၏။ ဟော Gain ပါပြီကော။ သူမ တအံ့တသြဖြင့် နောက် လှည့်ကြည့်မိလိုက်သည်။

"တော်တယ် ... Chess နိုင်တဲ့သူကို Beer တစ်ဘူး လက် ဆောင်ပေးတယ် ချာတိတ်ရဲ့ ... မင်းက မိန်းကလေးဖြစ်နေတော့ အခြားတစ်ခုခု လိုက်ယူပါလား"





Beer ဟု ဆိုသဖြင့် သူမ မျက်နှာလေး နွေးခနဲဖြစ်သွားပါ၏။ ...င့်အင်း ... သူမ Beer ကို မုန်းသည်။ ပြီးတော့ Beer မူးနေသည့် ...ကိုလည်း စိတ်နာ၏။

"ကိုယ့်နောက် လိုက်ခဲ့ပါ"

သူ့နောက်မှ သူမ အသာလိုက်လာခဲ့ပါ၏။ သူက အရုပ်တန်း ...းရှိရာဆီသို့ သူမကို ခေါ်လာခဲ့ပါသည်။

"ကြိုက်တဲ့အရုပ်တစ်ခုယူပါ၊ ပြီးရင် ကိုယ် မင်းကို ကော်ဖီ ...က်တိုက်မယ်"

"အဲဒီအစီအစဉ်ပါလို့လား"

"ဟင်း ဟင်း ကိုယ် မင်းဆီက အခွင့်မရဘဲ ဓာတ်ပုံတစ်ပုံ ...ပြီးခဲ့ပြီလေ၊ Photo Model ကို ဒီလောက်လေးတော့ ဧည့်ခံသင့် ...ပေါ့ မဟုတ်ဘူးလား"

သူမ တစ်ချက်ပြုံးလိုက်ပြီး အပေါ်ဆုံးတန်းမှ ချိုလိမ်လေး စုပ် ...းသည့် လေးဘက်ထောက် ကလေးအရုပ်လေးကို လက်ညှိုးထိုးပြ ...ပ်ပါသည်။

"သီဟရေ ... အဲဒါလေး Packing ထုပ်ပေးပါ ..."

"ဟင့်အင်း မထုပ်ပါနဲ့ ... နီ ဒီအတိုင်း ပိုက်သွားချင်လို့ပါ"

သူက တစ်ချက်ရယ်လိုက်ပြီး သီဟ ကမ်းပေးသည့် အရုပ်လေး ...ယူ၍ သူမကို ပေးလိုက်ပါသည်။

"ကိုယ် ... Coffee Center မှာ ရှိမယ် သီဟ ... ဘယ်သူဆီက ...းသာလာ နာရီဝက်ကြာမှ ထပ်ခေါ်ပါလို့ပြော ကြားလား ..."

"ဟုတ်ကဲ့ပါ ဆရာ ..."

"လာ ... လိုက်ခဲ့ပါ နီ ..."

"ဟင် ... နီ့နာမည် သိတာကျနေတာပဲ ..."

"ခဏကြာတော့ သိမှာပေါ့ နီရဲ့ ..."

ကော်ဖီဆိုင်ရှိ ခုံမှာ ဝင်ထိုင်ဖြစ်၏။ သူက သူမလက်ထဲ
အရုပ်လေး၏ ချိုလိမ်ကို အသာဖြုတ်လိုက်သည်။

"အူဝဲ ... အူဝဲ ... အု အု ... အူဝဲ ..."

"ဟယ် ..."

သူမ အရုပ်လေးကို အတင်းပွေ့လိုက်ပြီး ချိုလိမ်လေးကို ပြ
တပ်လိုက်ပါ၏။ မျက်နှာလေး နီရဲသွားအောင် ကြည်နူးစွာ ရယ်မေ
မိသည်။ သူက ကော်ဖီနှင့်မုန့် မှာလိုက်ပြီး သူမကို စိုက်ကြည့်လိုက်ပါ၏

"ကိုယ့်နာမည် သူရိန်ပါ နီ ..."

"သူက ဒီက မန်နေဂျာလား ..."

"မဟုတ်ဘူး ..."

"ဒါဖြင့် ဘာလဲ ..."

"ဟင်း ဟင်း ... ရှယ်ယာဝင်ဆိုပါတော့ ... ထားလိုက်ပါ
နီ့နာမည် ပြောဦးလေ ..."

"ပန်းနီနီ ..."

"ဘယ်လို ..."

"ပန်းနီနီပါဆို ..."

သူ သဘောတကျ ရယ်လိုက်မိတော့ သူမထံမှ မျက်စောင်း
တစ်ပွင့်ကို ရလိုက်သည်။

"ဘာရယ်တာလဲ ..."

"သဘောကျလို့ပေါ့ ..."

"ဟင် ... ဘာကိုလဲ ..."

"ဘာမှမဟုတ်ပါဘူး ... နာမည်နဲ့လူနဲ့ အရမ်းလိုက်ဖက်လို့
ကဲ ... ပြောပါဦး နီ့အကြောင်း"

"နီနဲ့ရှင် အခုမှ သိတာနော် ... ဘာဆိုင်လို့ပြောရမှာလဲ"

"ကိုယ်တို့ မိတ်ဆွေတွေ ဖြစ်သွားပြီလေ နီရဲ့ ... ပြောပြသ





ပေါ့ ... ကော်ဖီသောက်လေ ... မုန့်လည်းစား"

သူမ ကော်ဖီကို ခပ်မြန်မြန် မျှောချလိုက်၏။ သူ့အကြည့်များ
ကမှာ အနေရကျပ်လာသည်။ မျက်လုံးထဲမှ ညို့ငင်သည့်အရောင်
ဖြာထွက်နေသဖြင့် သူနှင့် မျက်လုံးချင်းဆုံအောင် သူမ မကြည့်
မျက်လွှာကို အသာချထားလိုက်သည်။

"လိပ်စာ ... ဒါမှမဟုတ် ဖုန်းနံပါတ်တစ်ခုခုပေးပါလား"

"ဟင် ... ဘာလုပ်ဖို့လဲ"

"ဪ ... နီ့ဓာတ်ပုံ လာပို့ချင်လို့ပေါ့ ..."

"ဟင့်အင်း ... အိမ်ကိုလာလို့မဖြစ်ဘူး ... မာမီတို့ သိကုန်ရင်
အဆူခံရမယ်"

"နီက ကလေးမှမဟုတ်တော့တာ ... အရွယ်ရောက်နေပြီပဲ၊
ဖြစ်လို့ အဆူခံရမှာလဲ ..."

သူမ တွန့်ခနဲဖြစ်သွားရ၏။ အကြည့်ရဲရုံတင် မဟုတ် ... အပြော
လှချည်လား။ ဦးဆို သူမကို ကလေးလို့ပဲ မြင်တာလေ။

"နီ ပြန်တော့မယ် ..."

သူမ ထရပ်လိုက်တော့ သူပါ ရပ်လိုက်၏။ သူ့အရပ်က တော်
ကို မြင့်လွန်းပါသည်။ နီကတော့ ... ဦးအရပ်အမောင်းသာ နှစ်
ပါ၏။

"ကိုယ် လိုက်ပို့မယ် ..."

"မလိုပါဘူး ... နီ့ဟာနီ ပြန်မယ်"

သူက ပခုံးတွန့်၍ ပြုံးလိုက်ပြီး Taxi ပေါ်အထိ ပြန်လိုက်ပို့ပါ၏။
င်းထွက်သည့် Taxi ပေါ်မှ နောက်ဘက်မှာ မသက်မသာရောကားမျိုး
ရှမှ သူမ သက်ပြင်းချလိုက်မိသည်။ ရင်ထဲမှာ တစ်မျိုးကြီးပါပဲ။

## (၁၉)

"နီလည်း လိုက်ချင်တယ် ... "

"ရှုပ်ပြန်ပြီ ... ဒါ ကလေးလိုက်ရတဲ့ပွဲ မဟုတ်ဘူး ... "

"ဟင် ... အန်တီလေးကလည်း မင်္ဂလာဆောင်လည်း မလိုက် မွေးနေ့ပွဲလည်း မလိုက်ရဆိုတော့ နီက ဘယ်လိုပွဲမျိုးမှ လိုက်ရမှာလဲ"

"နီနီ ... မဂျစ်နဲ့ဟယ် ... အခုပွဲက အန်တီလေးတို့ ကျောင်း တုန်းက သူငယ်ချင်းပွဲဟဲ့ ... နင့်အသီ တစ်ယောက်မှ ပါတာမဟုတ် ဘူး ... "

"ဟင် ... ဒက်ဒီနဲ့ မာမီကလည်း Dinner သွားကြတာ ... အန်တီလေးကလည်း မွေးနေ့ပွဲသွားတော့ အိမ်မှာ နီတစ်ယောက် တည်း ကျန်တော့တာပေါ့ ... မတရားကြဘူး ... "

"ဒေါက် ... ဒေါက်"





တံခါးခေါက်သံနှင့်အတူ အခန်းဝမှ အကြိုင့်မျက်နှာလေး ပေါ် ..ာ၏။

"အန်တီလေးရေ ... ဦးဦးခေါက်တာက အသင့်ဖြစ်ရင် သွား ..ဲ့တဲ့ ... "

"အေး အေး အကြိုင် ... ခဏစောင့်လို့ ပြောလိုက် ... "

"ဟုတ်ကဲ့ ... "

"ဦးနဲ့အတူတူ သွားမှာလား ... "

"အေး ... ကိုခန့်နဲ့ အန်တီလေးတို့ ငယ်သူငယ်ချင်း မွေးနေ့ပဲ ... "

"ဟာ ... လိုက်ချင်တယ် ... "

"နီနီနော် ... "

"မရရင် ဦးကို သွားပြောမယ် ... "

"ဟဲ့ ... ဩော် ... ဒီကောင်မလေးတော့ ... "

Three Quarter ဘောင်းဘီနှင့် စပို့ရှပ်ဝတ်ထားသည့်ပုံစံကို ..ချက် ငုံ့ကြည့်လိုက်ပြီး လှေကားမှ ပြေးဆင်းလာခဲ့၏။ ဦးက ... ..ခန်းရှိ စန္ဒရားကို အသာတို့နေလျက် မော့ကြည့်လိုက်ပါသည်။

"ဦး ... နီလည်း လိုက်ချင်တယ်"

"ဒါက လူကြီးပွဲ နီနီရဲ့ ... မင်း ပျော်မှာမဟုတ်ဘူး"

"ဒါဖြင့် မခေါ်ဘူးပေါ့ ဟုတ်တလား ... "

"နီနီရယ် ... လူကြီးတွေ စိတ်ရှုပ်အောင် ဂျီမကျစမ်းပါနဲ့"

လှေကားမှ ဆင်းလာသည့် အန်တီလေးအသံကြောင့် သူမ လှေ ..းထစ်မှာပဲ ထိုင်ချလိုက်ပါ၏။ သူ့ကိုလည်း ခပ်စိမ်းစိမ်း စိုက်ကြည့် ..ပါသည်။

"နီနီ ... "

"လာခေါ်မနေနဲ့ ... ဦးနဲ့ ဒီတစ်သက် စကားမပြောတော့ဘူး"

သူမ ဖျတ်ခနဲ ထရပ်၍ လှေကားထစ်တွေကို ပြေးတက်ခဲ့၏။ မျက်ရည်စီးကြောင်းတွေကို လက်ဝါးဖြင့် ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်သည်။ ခုတင်ပေါ် လှဲချ၍ မျက်နှာကို ခေါင်းအုံးဖြင့် ဖိထားလိုက်၏။ ရင်ထဲမှာ နာနာကျင်ကျင်လေး ခံစားလိုက်ရသည်။ ဥပေက္ခာဆိုတာ ဒါကို ခေါ်တာလား။

"မမလေး ... လိုက်ချင်ရင် အဝတ်မြန်မြန်လဲတဲ့ ... ဆယ်မိနစ် စောင့်မယ်လို့ ဦးဦးဒေါက်တာက ပြောတယ် ... "

အကြိုင့်အသံကြောင့် သူမ ဝုန်းခနဲ ထထိုင်လိုက်၏။ ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း ရေချိုးခန်းထဲမှာ မျက်နှာသစ်လိုက်သည်။ ဗီရို ထဲမှ ဖဲသားဂါဝန်ဖြူအရှည်လေးကို ထုတ်ဝတ်လိုက်၏။ မှန်တင်ခုံအံဆွဲ ထဲမှ ပုလဲလည်ဆွဲ၊ လက်ကောက်၊ နားဆွဲနှင့် လက်စွပ်တို့ကို မြန်မြန် ဝတ်၍ မျက်နှာကို တို့ပတ်ဖြင့်သာ ဖို့လိုက်ပြီး ဆံပင်အရှည်ကို ဘီးဖြင့် သုံးလေးချက်ဖြီးကာ ဖိနပ်စင်အောက်ဆုံးမှ အဖြူရောင်ကြိုးသိုင်းဖိနပ် ကို ယူ၍ လှေကားမှ တဒုန်းဒုန်း ပြေးဆင်းလာ၏။

အန်တီလေးက သူမကို မျက်စောင်းခဲလိုက်လေသည်။ သူမ မပွင့်တပွင့် ပြုံးလိုက်ပြီး ဖိနပ်ကို အမြန်စီး၏။ အနက်ရောင် အနောက် တိုင်းဝတ်စုံနှင့်သူက ကားရှေ့ခန်း ယာဉ်မောင်းနေရာမှာ ဝင်ထိုင်လိုက် သည်။ လူကြီးဆန်ဆန် ဝတ်ထားသည့် အန်တီလေးနှင့် အဖြူရောင် ဆင်တူဝတ်လာသည့် သူမက နောက်ခန်းမှာ ဝင်ထိုင်လိုက်စဉ် ကား ညင်ညင်သာသာလေး ထွက်လာခဲ့ပါသည်။

"ဟိုရောက်ရင် ရှုစိထမနေနဲ့နော် နီနီ ... "





"အင်းပါ ... အန်တီလေးကလည်း"

"ငါ့ကိုလည်း အရှက်မရပါစေနဲ့ ... နင့်ဦးကိုလည်း မျက်နှာပျက် ...င် မလုပ်မိစေနဲ့ ... "

သူမ ဆံပင်ရှည်တွေကို လိမ်၍ ဆော့လိုက်ပြီး နှာခေါင်းရှုံ့လိုက် သည်။ အပျိုကြီး လူပျိုကြီးတွေများ နေရာတကာ ဂျာမြွေဆည်နေရ ရယ်စရာကြီး။ ကားက အင်းယားလမ်းရှိ ခြံကျယ်ကြီးတစ်ခြံထဲ ...ကွေ့ဝင်သွားသည်။ သူမက ကားပေါ်မှ ဆင်း၍ အန်တီလေးလက် ချိတ်လိုက်ပါ၏။

"ကိုယ့်ဟာကိုယ် လျှောက်စမ်း နီနီ ... နင့်ဖိနပ်က ငါ့ကို တိုက် ... "

"ဒါဆို ဦးကိုပဲ ချိတ်တော့မယ်"

သူမက ဖျတ်ခနဲ သူ့လက်ကို ချိတ်လိုက်တော့ သူ ပြုံးလိုက်မိ ...ခံများရှိရာဆီ ဝင်မထိုင်သေးဘဲ အိမ်ကြီးဆီသို့သာ တန်းလာခဲ့ကြ ...။

"ဟေး ... မင်းခနဲ့ ... စပယ်ရော ပါလာတာပဲ ... ခုံတွေမှာ ...ိုင်ကြလေ"

"အေးပါ ... အခုက မင်းအတွက် မွေးနေ့လက်ဆောင် အရင် ...ပေးတာပါ ရှေ့ ... "

သူနှင့်စပယ်က လက်ဆောင်အသီးသီးပေးလိုက်တော့ ... သန်း သူမရှေ့မှာ လက်ဝါးဖြန့်လိုက်ပါ၏။

"ဒီကလေးမရော ဘာပေးမှာလဲ ... လက်ဆောင်ပေးမှ ကျွေး ...ဘ် ... "

"ဟင် ... နီမှာ ဘာမှမပါဘူး အန်ကယ်ရဲ့ ... "

"ဒါဆို ဆံပင်တစ်ချောင်းနှုတ်ပေး ..."

"ဟင် ... မရပါဘူးနော် ..."

လူကြီးတွေ သဘောတကျဖြင့် ရယ်လိုက်ကြ၏။ သူတို့ ခ
လုံမ်းလှမ်းရှိဝိုင်းမှာ ဝင်ထိုင်လိုက်ပါသည်။

"စပယ်ရေ ... ငါတို့ဝိုင်းမှာ လာထိုင်ဟယ် ... ပြောစရာရှိလို့"

"ဟယ် ... မာလာကလည်း ဒီမှာ လာထိုင်ပေါ့"

"ငါတို့အုပ်စုက များတယ်ဟ ... လာပါ ..."

"သွားလိုက်ပါ စပယ် ... အဖော်တွေနဲ့ တစ်ခါတလေ ဆုံ
တာပဲ ..."

အန်တီလေး ထွက်သွားတော့ သူမက ဟိုဟိုဒီဒီ လျှောက်ေ
နေမိ၏။ သူက သူမကို မသိမသာ အကဲခတ်နေသည်။ နီနီ ... ဖ
မပန်ဖြစ်တာ အတော်ကြာပါရော့လား။

ထမင်းပေါင်း နှစ်ပန်းကန်နှင့် ဘီယာတစ်ဘူး၊ Coke တစ်ဘူ
ရောက်လာ၏။ လိုက်ပွဲတစ်ပန်းကန်နှင့်အတူ အသားကင်တစ်ပွဲ လာ
ပေးသည်။ သူက Coke ဘူးကို ဖွင့်၍ ဖန်ခွက်ထဲ ထည့်ပေးလေ၏

"ဦး ..."

"ဟင် ... ဘာလဲ နီနီ ..."

"ဘီယာမသောက်ရဘူးနော် ..."

"ဟော ... ဘာဖြစ်လို့လဲ"

"မသောက်နဲ့ဆို မသောက်နဲ့ပေါ့ ..."

"ကဲ ... ဟုတ်ပါပြီ စား ..."

"နီမှ ထမင်းပေါင်းမကြိုက်တာ ..."

"ဒါပဲ ကျွေးတာ ဒါမစားလို့ ဘာစားချင်လဲ ... ဒီထဲမှာလည်း





အသားတွေပါတယ်လေ ... ဟိုမှာ အခေါက်ကင်ယူစား ..."

"နီ မစားချင်ဘူး"

"ကျွတ် ... ဘာဖြစ်လို့လဲ နီနီရယ် ..."

"ဦးပန်းကန်ထဲက အသားတွေပဲ နီ့ကို ခွဲကျွေးပါလားဟင်"

"နီနီ ... လူတွေအများကြီးရှိတယ်နော်"

"တစ်ဇွန်းပဲလေ ဦးရာ ..."

"မရဘူး ... ကိုယ့်ပန်းကန်ထဲက ကိုယ်ယူစား ..."

"အဲဒါဆို မစားတော့ဘူး ..."

သူမက စားပွဲပေါ် တံတောင်နှစ်ဖက်ထောက်ရင်း စူပုပ်ပုပ်
င်နေတော့ သူ သက်ပြင်းချလိုက်မိသည်။ ခက်တာပဲ ... ။

"ကိုယ် ထိုင်မယ်နော် နီ ..."

အေးနားရောက်လာသည့် လူတစ်ယောက်ကြောင့် သူမ အံ့သြ
သွားရ၏။ မျက်လုံးလေး ဝိုင်းသွားပြီး ခေါင်းကို ယောင်၍ ညိတ်လိုက်
သည်။ ထိုလူ့ထံမှ အရက်နံ့ကို ရုတ်တရက် ရလိုက်၏။

"ဘာမှ မစားသေးပါလား နီ ..."

"ဟုတ် ... နီ ဗိုက်မဆာလို့ပါ"

"နီ ဘာစားချင်လဲ ..."

"ဟင့်အင်း ..."

"ခေါက်ဆွဲကြော် စားချင်လား ... ရှိတယ်"

"မစားဘူး ..."

"ဘာဖြစ်နေလဲ နီ ... မျက်နှာလည်း မကောင်းဘူး ... နီ ငို
ဘားသေးလား ..."

သူမ မျက်လုံးလေးပြူး၍ ဦးကို လှည့်ကြည့်လိုက်တော့ မျက်စိ

မျက်နှာပျက်နေသည့် ဦးကို မြင်လိုက်ရ၏။ ၃ကွပါပဲ ...

"နီ ပြန်ရင် ကိုယ် ဖုန်းဆက်လိုက်မယ်နော်"

"အို ... ဘာလို့ ဆက်မှာလဲ ... မဆက်နဲ့"

"နီ့ကို ကိုယ် ပေးစရာရှိတယ်လေ ... မမေ့လိုက်နဲ့ ... "

"မပေးနဲ့ ... နီ ဘာမှမလိုချင်ဘူး ကိုသူရိန် ... ရှင် တော်တော် မူးနေပြီ ... "

"မမူးပါဘူး နီရဲ့ ... နီ့ကို ရှင်းရှင်းလေး မြင်နေတဲ့ဟာပဲ ... နီနဲ့ ကိုယ် ဆုံတိုင်း နီ အမြဲတမ်း အဖြူရောင်လေး ဝတ်ထားတယ်နော် ကိုယ် သိမ်းထားတဲ့ ဓာတ်ပုံထဲမှာလည်း အဖြူရောင်လေးပဲ ... နီနဲ့ အရမ်းလိုက်တယ် ... နေဦး ... ကိုယ် နီ့ကို ပန်းပန်ပေးဦးမယ်"

သူရိန်က စားပွဲပေါ်မှာ ထိုးထားသည့် ပန်းအိုးထဲမှ အဖြူရောင် နှင်းဆီပွင့်ကိုချိုး၍ သူမ နားရွက်ကြားမှာ ညှပ်ပေးရန် ထ,ရပ်လိုက်၏။ သူမ အထိတ်တလန့်ဖြင့် ရပ်၍ ရှောင်လိုက်ပါသည်။

"နီ ... "

"ဟင့်အင်း ... နီ မပန်ချင်ဘူး"

သူရိန် ဟက်ခနဲ ရယ်လိုက်ပြီး သူမ လက်မောင်းလေးကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်ပါသည်။ သူမ မျက်နှာလေး ရဲတွတ်သွားတော့၏။

"သူ မကြိုက်တာကို အတင်းမလုပ်ပါနဲ့လား မောင်သူရိန်"

"ဟင်း ဟင်း ... ကျုပ်တို့ကြားထဲကို ဝင်မပါပါနဲ့ ဒေါက်တာ ဒါ ကျုပ်ကိစ္စပါ ... "

"ဦး ... နီတို့ ပြန်ရင်ကောင်းမယ်"

သူမက သူရိန့်လက်ထဲမှ အတင်းရုန်းထွက်လိုက်သဖြင့် နား ကြားထိုးပန်ရန် ရွယ်သည့် ပန်းပွင့်လေးက အောက်ကို ပြုတ်ကျသွား၏။





"ကျွတ် ... နီကလည်းကွာ"

သူမက သူ့လက်မောင်းကို ပြေးဖက်ထားလိုက်သဖြင့် သူရိန့် မျက်ဝန်းများ မီးဝင်းဝင်းတောက်သွားတော့သည်။

"ဒီအဘိုးကြီး လက်ကို အခုချက်ချင်း လွှတ်စမ်း နီနီ ... "

"ဟင့်အင်း ... "

သူရိန့်အသံကျယ်ကျယ်ကြောင့် ဝန်းကျင်မှလူများ သူမတို့ဝိုင်း အကြည့်ရောက်ကာ စုပြုံလာတော့သည်။

"မင်းအဖေအရွယ်လောက်ကြီးကို သိပ်အားကိုးနေတယ်ပေါ့"

"ဘာ ... "

သူမ လက်ကလေး ဖြုတ်ခနဲ ပြုတ်ကျကာ လူက ထူပူသွားရ အသားတွေ တဆတ်ဆတ်တုန်လာကာ ဘာကိုမှ သတိမထားမိ ဘာ။

"အဲဒါ မိုက်ရိုင်းဦး ... ကဲ ... "

"ဖြန်း ... "

"ဟာ ... နီနီ ... "

ဝရန်းသုန်းကားဖြင့် လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်၏။ သန်း အပြေးလွှား ရောက်လာပါသည်။

"သူရိန် ... မင်း မူးနေပြီနော်"

အန်တီလေးက သူမကို ဆွဲခေါ်လိုက်၏။ သူက သူမ လက် ဖက်ကို ဆုပ်ထားလိုက်ပါသည်။

"ငါ တောင်းပန်ပါတယ် စပယ် ... ဒါ ငါ့တူပါ ... ဒီကောင် နည်းများနေလို့ ... "

"ငါ မှတ်ထားတယ် ပန်းနီနီ ... ငါ့ပါးကိုရိုက်ခဲ့တဲ့အတွက် မင်း

တစ်နေ့ နောင်တရစေရမယ်"

"ဟော့ကောင် သူရိန် ... မင်း လွန်နေပြီနော်"

"ငါတို့ ပြန်တော့မယ် သန်းဦး ... ဆောရီးကွာ ... မင်းမွေးနေ့မှာ ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူး"

"အေးပါ ... ရပါတယ် မင်းခန့် ... ငါ့တူအလွန်ပါကွာ"

သူတို့ ကားဖြင့် ခြံထဲမှ ထွက်လာခဲ့သည်။ နီနီရယ် ... ဘယ်လိုဖြစ်လို့များ ဒီကောင်လေးမျိုးနဲ့ သွားပတ်သက်နေတာလဲ ... ။ လူ့အလယ်မှာ အရှက်ကွဲရတယ်လို့။

"ပြောလေ ... ဘယ်တုန်းက သိတာလဲ ... ဟိုက ဒီလောက်လက်ရဲခက်ရဲ ပြုမူတာ နင်နဲ့ အတော်ရင်းနှီးနေလို့ပေါ့ ... ဟင် ... ဒီလိုကောင်မျိုးနဲ့ နင် ရည်းစားထားရလား ... "

"မဟုတ်ဘူး ... မဟုတ်ဘူး ... အန်တီလေးကလည်း"

"မဟုတ်ဘဲနဲ့ ဟိုက အတင့်ရဲမလား နီနီရဲ့ ... ဒါကြောင့် ငါမခေါ်ချင်တာ ... ကြည့် ... ပြဿနာကဖြစ်ပြီ အရှုပ်မ ... "

"အီး ... နီနဲ့ မဆိုင်ပါဘူးဆိုနေမှ ... "

"မဆိုင်ဘဲနဲ့ ... ငါနော် မပြောလိုက်ချင်ဘူး ... "

"တော်ပါတော့ စပယ်ရယ် ... ကလေး ကြောက်လန့်တကြားဖြစ်လာတာ ထပ်ဆူမနေနဲ့ ... ဒီအရွယ် စိတ်ကစားတတ်ကြတာပဲ"

"ကြည့်ပါလား ... ဦးကပါ အထင်လွဲနေတာ ... နီနဲ့သူ ဘာမှမဆိုင်ပါဘူး ဆိုမှပဲ".

"ဒါဖြင့် နီနီ့ဓာတ်ပုံ သူ ဘယ်လိုရသွားလဲ ... နီနီ ပေးထားတာမဟုတ်ဘူးလား ... "

"ဟင့်အင်း ... မဟုတ်ဘူး ... ဟိုတလောက ပန်းချီပြပွဲတစ်နေ့





ဖျတ်ခနဲ သူ ရိုက်သွားတာ"

"ပန်းချီပြပွဲ ... "

"အင်း ... နှလုံးသားပြပွဲ ခန်းမမှာ ... "

ဗုဒ္ဓေါ ...

သူ အလန့်တကြားဖြင့် နောက်ကြည့်မှန်မှ သူမကို ကြည့်လိုက်။ သူမကတော့ တရှုံ့ရှုံ့ ငိုနေဆဲ။ စပယ်က သူမ ပေါင်ကို ဖတ်ခနဲ လိုက်သည်။ ခြံရှေ့မှာပဲ ကားရပ်၍ သူမတို့ ဆင်းသွားမှ သူခြံထဲ ကို မောင်းဝင်လျှက် ဂိုဒေါင်ထဲ တစ်ခါတည်း ထည့်သိမ်းလိုက်

ပန်းချီခန်းဆီ လှမ်းလိုက်ရင် တံခါးကိုအဖွင့် 'နှလုံးသားပုံရိပ်' ချီပုံလေးက အခန်းထဲမှာ ထောင်ထားလျက်။ ကပိုကရို ကျနေ ဆံနွယ်စနေရာတို့ကို သူ အသာတို့ထိလိုက်၏။ အဘိုးကြီးတဲ့ အရွယ်လောက်ကြီး ဆိုပါလား နီနီရယ်။ သူ မျက်နှာကို လက်ဝါး က်ဖြင့် ပွတ်လျက် အတန်ကြာ ငြိမ်သက်နေမိသည်။ အဲဒီနောက် ကာစတစ်ခုကို ယူ၍ ပန်းချီကားကို အခန်းထောင့်တစ်နေရာမှာ က် အုပ်ထားလိုက်တော့၏။ ရင်ထဲမှာ ... တကယ်မကောင်း နီနီ ... ။

၉

ရွှေပဒေသာစာပေ

## (၂၀)

"တူ တူ ... တူ တူ ... "

"ဟဲလို ... "

"မင်းခန့်လား ... ငါ သန်းဦး ... "

"အေး ... ပြော သူငယ်ချင်း"

"မနေ့ညကကိစ္စ ပြောချင်လို့ပါ ... "

"မင်း ကြားထဲက တောင်းပန်စရာမလိုပါဘူးကွာ ... ရပါတယ် ပြီးတာတွေ ပြီးပါစေတော့ ... "

"မဟုတ်ဘူး မင်းခန့်ရဲ့ ... ဒီကောင့်အကြောင်း ငါ သတိပေး ချင်လို့ပါ ... "

"ဩော် ... ပြော ... "

"ဒီကောင်က ပိုက်ဆံရှိပေမဲ့ ကောင်မလေးတွေနဲ့ ခပ်ရှုပ်ရှုပ်





ပည်ရှုပ်ကွ ... မိန်းကလေးတွေကလည်း သူ့ညို့ချက်အောက်မှာ ငြိ န်တာလည်း ပါတာပေါ့ ... စပယ့်တူမဆိုတာ မင်းတို့ငါတို့ တူမပါပဲ ... ငါ ဒီလို ဘယ်အဖြစ်ခံချင်ပါ့မလဲ ... စပယ့်ကို မင်းပဲ ပြောပြ က်ပါ ... ငါ အားနာလွန်းလို့၊ အဲဒီကောင်က ငါနဲ့ တူအရီးအရင်း တ်ပါဘူး၊ နှစ်ဝမ်းသုံးဝမ်းကွဲတယ် ... ကလေးမလေးကို ကြည့်ထိန်း ကြပါကွာ ... "

"အေးပါ သန်းဦးရာ ... အခုလိုပြောပြတဲ့အတွက် ကျေးဇူးပါပဲ"

ဒုက္ခပါပဲ ... ဘယ်လိုပြောရပါ့။ နီနီနဲ့ သူက နောက်ပိုင်း ပြော သို့ကြတာမဟုတ်။ တစ်ခုခုဆို ဂျစ်တိုက်ဖို့က အရင်။ ခက်တာပဲ ရယ် ... ကလေးမက လူကြီးမကျ ဇကောဇကအရွယ် အထိန်းရ တဲ့ မင်းကို ဒီကောင်လေး အညှိုးထားမှာကို ကိုယ် မလိုလားပါ တစ်ခုခုတော့ စီစဉ်မှပါပဲ။

တယ်လီဖုန်းခလုတ်များကို သူ နှိပ်လိုက်၏။ တစ်ဘက်မှ တော် ာ်နှင့် မကိုင်။ ခဏကြာမှ ပြန်ထူးသံ ကြားရသည်။

"ဟဲလို ... "

"မဦးလား ... ကျွန်တော် မင်းခန့်ပါ ... "

"ဟဲ့ ... လူလာမလည်ဘဲ ဖုန်းပဲ ဆက်ရသလား ငါ့မောင်ရယ်"

"နောက်မှ လာလည်ပါ့မယ် မဦးရာ ... ဗိုလ်ရှိလား"

"ရှိတယ် ... ပြောမလို့လား၊ ခေါ်ပေးမယ်လေ ... ဟဲ့ ... ဗိုလ် ဒီမှာ မင်းလေးလေးက ပြောချင်လို့တဲ့"

တစ်အောင့်အကြာ ခုံရွှေ့သံနှင့်အတူ တူတော်မောင့်အသံကို သိုက်ရ၏။

"လေးလေးလား ... ကျွန်တော်ပါ"

"ဗိုလ် ... သား အားလား"

"ကျောင်းပိတ်ရက်ပဲ လေးလေးရဲ့ ... အားပါတယ် ... ကွန်ပျူ တာသင်တန်းလည်း ပြီးပြီပဲဟာ ... "

"လေးလေးဆီ လာခဲ့ပါလား"

"ဘာလုပ်ဖို့လဲ ... ပျင်းစရာကြီး ... "

"လာခဲ့ပါကွာ ... လေးလေး ခေါက်ဆွဲကြော်ပြီး ကျွေးပါ့မယ် သားကို အကူအညီတောင်းချင်လို့ပါ ... "

"ဘာလဲ လေးလေးရဲ့ ... "

"ကောင်မလေးတစ်ယောက်ကို Bodyguard လုပ်ပေးဖို့"

"ဟာဟ ... ဘာလဲ Model girl မို့လား ... "

"မဟုတ်ပါဘူး ... ဘယ်လိုပြောရမလဲ၊ အဲဒီချာတိတ်မကိုကျွ ငနဲတစ်ပွေက လိုက်နှောင့်ယှက်တယ် ... အဲဒါ မထင်မှတ်ဘဲ ကောင် လေးက သူ့ကို ပါးရိုက်လိုက်လို့ အညှိုးထားတယ်ကွာ ... အဲဒါ ကောင်မလေးအတွက် အန္တရာယ်ရှိလာလို့ပါ ... ကျောင်းသွားကျောင်း ပြန်လောက်ပါပဲ ... သူ့အိမ်ကို ပြန်ပို့ဖို့ရယ်၊ နောက် အပြင်တွေဘာ တွေထွက်ရင် သား အဖော်လိုက်ပေးဖို့လေ ... "

"ဟာ ... လေးလေးဟာကလည်း မမိုက်လိုက်တာ ... "

"ကူညီပါ သားရယ် ... လေးလေးသူငယ်ချင်းရဲ့ တူမလေးပါ ... "

"ပိစိလေးလား ... "

"ဟင်း ဟင်း ... သားနဲ့ ရွယ်တူပါကွ"

"မိလား ... "

"ပါးစပ်က မပြောဘူး ... လူသာ လာခဲ့ ... ဒါပဲ"





ဆီးထုပ်ကို ဖောက်စားရင်း မဂ္ဂဇင်းစာအုပ်ကို ချိုင်းကြားညှပ် လှေကားမှ ပြေးဆင်းလာခဲ့၏။ အန်တီလေးက ကျောင်းသွားရန် ဆင်ပြီး ခြင်းတောင်းယူ၍ နောက်ဖေးမှ ထွက်လာစဉ် ထိုးမိတော့ သည်။

"ဟာ ... တီချယ် ... မွှေးမွှေး ... "

"ဟယ် ... လာမနမ်းနဲ့ ငါ့ကို ပေကုန်မယ် ... မိနီ ... ဒါက သလဲ ... "

"စာအုပ်ဆိုင် ... "

"ဘယ်စာအုပ်ဆိုင်လဲ ... "

"သုခလမ်းထိပ် ... "

"မသွားရဘူး ... "

"ဟာ ... အန်တီလေးကလည်း ခါတိုင်း သွားနေကျကို"

"ခါတိုင်းနဲ့ အခု တူတာမှမဟုတ်ဘဲ ... မသွားရဘူး ... အကြိုင် ... "

"ရှင် အန်တီလေး ... "

"ဒီမှာ နင့်မမစာအုပ်ကို သွားအပ်ပေးလိုက် ... နောက် ဘာငှား ပဲ တစ်ခါတည်းမှာလိုက် ... "

"နီလည်း သွားမယ် ... "

"မရဘူး ... ခြံထဲကနေ အပြင်ထွက်ဖို့ မစဉ်းစားနဲ့"

"အာ ... လူကို အကျဉ်းချုပ်နေတာလား အန်တီလေးနော်"

"နင့်အပြစ် နင်သိပေါ့ ... ဒီလောက် အန္တရာယ်ရှိနေတာကို၊ သချာမှာသွားတယ် ... ငါ နင့်ကို အခန်းထဲ ပိတ်ထားရမလား"

"မပိတ်ပါနဲ့ ... မသွားနဲ့ဆိုလည်း မသွားပါဘူး ... ဘယ့်နှယ်"

"လျှာမရှည်နဲ့ ... ခြံတံခါးပါ သော့ခတ်နေ"

"နို့ကို လာထိရင် မီးပွင့်သွားမှာပေါ့ ... ဒီမှာ လက်တွေခြေထေ
ရှိနေတာပဲဟာ ..."

"ကြည့် ... ပြောလိုက်ရင် အကြောက်အလန့်က မရှိ ... မိန်း
ညည်းက မိန်းကလေးနော် ... ဘာမှတ်နေလဲ ... တစ်ခုခုဖြစ်သွားရင်
နာမည်ရောဘဝပါ ပျက်မှာ သိလား ..."

"အာ ... ဒီအတိုင်းကြီး မနေတတ်ဘူး ... ပျင်းစရာကြီး"

"ပျင်းရင် ကိုခန့်ဆီ သွားလည် ... ခြံဘေးမှာ တံခါးပေါက်ဖေ
ထားတယ် ... ခြံပြင်ထွက်ဖို့ မစဉ်းစားနဲ့"

"ပြီးရော ... ပြီးရော ..."

သူမ ဂါဝန်အနီပွင့်လေးကို မ,ကာ ခြံဘေး သံဇကာတံခါးလေ
မှ တစ်ဆင့် သူ့ခြံထဲ ပြေးဝင်ခဲ့ပါ၏။ နောက်ဖေးမှာ အသံကြားတာ
မီးဖိုချောင်တံခါးဆီ အသာလေး လျှောက်လာခဲ့သည်။ သူက ခေါက်
ခေါက်တွေကို ရေဆေးဖျော၍ ဇကာထဲ ဆယ်ထည့်နေလေ၏။ မီး
တံခါးကို အသာတွန်း၍ သူမ ဝင်ခဲ့ပါသည်။

"အသံမပေး ဘာမပေးနဲ့နော် ... ဘရောင်နီဆွဲမှ ငယ်သံ
အောင် မအော်နဲ့ ..."

"ကြည့် ... တွေ့လား ... နီက ဦးကို ခြောက်မလို့ပါဆိုနေ

သူ ပြုံးလိုက်ပြီး အသီးအရွက်များကို ရေဆေး၍ ပါးပါးလှီး
၏။

"ဘာလုပ်ဖို့လဲဟင် ..."

"ခေါက်ဆွဲကြော် စားမယ်လေ"

"အများကြီးပဲ ..."





"ညှိသည်လာမယ် နီနီရဲ့ ..."

"ညှိသည်က ယောကျ်ားလား မိန်းမလား ..."

သူ ဘာမှပြန်မပြောဘဲ အုပ်ဆောင်းအောက်မှ ဝက်သားပြုတ်နှင့်
ာ်အူချောင်းပန်းကန်ကို ထုတ်လိုက်၏။

"ဦး ... ပြောလေ"

"လာရင် သိမှာပေါ့ နီနီရယ် ... ဝိုင်းမကူရင်နေ နားပူအောင်
ပ်နဲ့ ..."

"နီမှ မလုပ်တတ်တာကို ..."

"မိန်းကလေးက ဒါမှမတတ်ရင် ယောကျ်ား ဘယ်လိုယူမှာလဲ"

"အဟင်း ... ချက်တတ်တဲ့ယောကျ်ား ရှာယူမှာပေါ့ ဦးရဲ့"

"အေး ... ယောကျ်ားက နေ့တိုင်း ဖနောင့်စာ ကျွေးမှာ မြင်
ာင်သေး"

"အမယ် ... နီ့ကို ဖူးဖူးမှုတ်ထားတဲ့ ယောကျ်ားမျိုးမှ ယူမှာ
..."

"အပြောကတော့ ဟုတ်နေတာပဲ ..."

"တင်း ... တောင် ..."

"ဟော ... ခေါင်းလောင်းမြည်နေပြီ၊ သွားဖွင့်ပေးဦး ..."

"မိန်းမဆို လုံးဝမဖွင့်ပေးဘူး ..."

"စိတ်က ပုပ်ပြန်ပြီ ... သွားလေ"

သူမ အိမ်ရှေ့ထွက်ကာ ပြတင်းပေါက်မှ အသာချောင်းကြည့်
ာ့ ယောကျ်ားလေးဘောင်းဘီကို မြင်လိုက်သဖြင့် ကြိတ်ပြုံးလိုက်
ံခါးကို ဖွင့်လိုက်ပါသည်။

"ဗုဒ္ဓေါ ..."

"ဟာ ... နီနီ ..."

"နင် ဘာလာလုပ်တာလဲ ..."

"ဒါ ကိုယ့်လေးလေးအိမ်လေ၊ လေးလေးခေါ်လို့ လာခဲ့တာ ပေါ့ ..."

"ဟွန်း ..."

သူမ တံခါးကို ပြန်ပိတ်လိုက်ပြီး ခြေဆောင့်၍ မီးဖိုခန်းထဲ ပြန် ဝင်လာခဲ့သည်။

"ဦး ... အာကာဇိုလ်က ဦးတူဆို ..."

"ဟုတ်တယ်လေ နီနီရဲ့ ..."

"လေးလေး ... ကျွန်တော့်ကို ပြောတာ သူလား"

"အေး ..."

"ဟင် ... ဘာကိုလဲ ဦးရဲ့ ..."

"နီနီ့ကို စောင့်ရှောက်ဖို့လေ၊ အဲဒါ သူ့ကို တာဝန်ပေးမလို့"

"သူ့ကို ..."

"အင်းလေ နီနီရဲ့ ..."

"ဟာ ... သေပါပြီ ဦးရာ .. အဲဒါကမှ ပိုဆိုးတာ"

"ရော် ... ဘာဖြစ်လို့လဲ"

"ဦး တူကလေ ..."

ဇိုလ်က တဟားဟား အော်ရယ်လိုက်သဖြင့် သူမ နှုတ်ခမ်း ကိုက်လိုက်ပြီး ဇိုလ်၏ကျောကုန်းကို ဇွန်းခနဲ ထုထုလိုက်၏။

"အား ... နီနီရယ် အချစ်ကြမ်းလိုက်တာ ..."

"ကြည့်စမ်း ... နင် စလာပြီ၊ ငါ့ကို ဘာမှတ်နေလဲ"

သူမက ဇိုလ့်ကို ဆွဲလိမ်လိုက်တော့ ဇိုလ်က နာသလိုနှင့် သူ





က်လေးကို ဖမ်းကိုင်ထားလိုက်၏။

"ဇိုလ်နော် ..."

"ဗျာ ..."

"ဦး ... ဦးတူကို ကြည့်ဆုံးမထား ... နီ ကြည့်လို့မရတဲ့သူကိုမှ အလုပ် ပေးရတယ်လို့ ..."

"နီနီ့အတွက်ပါကွာ ... ဘာဖြစ်လဲ သူငယ်ချင်းဆိုတော့ ရင်း းနှီးနှီးပေါ့ ..."

"မရင်းနှီးချင်ပေါင် ..."

သူမက စားပွဲဘေးခုံမှာ ဝင်ထိုင်လိုက်၏။ ဇိုလ်က သူ လှီးထား သည့် အသီးအရွက်တွေကို ရေဆေးကာ ဇကာဖြင့် စစ်ထားလိုက် သည်။

"ဘာလုပ်ဖို့ ကျန်သေးလဲ လေးလေး ..."

"ကြက်ဥခေါက်ဖို့ ..."

"နီနီ ခေါက်ပေးပေါ့ ..."

"မလုပ်တတ်ဘူး ... လာမနိုင်းနဲ့"

"ဒါဖြင့် နင် ဘာလုပ်တတ်လဲ ..."

"စားတတ်တယ် ... စားဖို့ အသင့်စောင့်နေတာ သိလား"

"တော်တော်ဟုတ်တဲ့ မိန်းကလေးပဲ ..."

သူက ဆီအိုးထဲ ကြက်သွန်နီ ဆီသတ်၍ အသီးအရွက်များကို င်ကြော်၏။ ထို့နောက် အသားများထည့်သည်။ ပြီးမှ ပဲငံပြာရည် နယ်ထားသည့် ခေါက်ဆွဲထည့်ကာ ခဏအုပ်ထား၏။ ဇိုလ်က က်ဥသုံးလုံးကို ကြေနေအောင် ခေါက်ကာ ဆားအချိုမှုန့်ထည့် ည်။ ခေါက်ဆွဲကျက်တော့ ကြက်ဥခေါက်ထားတာကို အပေါ်မှ ခပ်

ဝိုက်ဝိုက်လေး ဖြန့်ထည့်ကာ ပြန်အုပ်လိုက်၏။

"သူက ချက်တတ်တဲ့ယောက်ျားပဲ ယူမယ်တဲ့ သားဗိုလ်ရဲ့"

"ဟုတ်လား ... ဒါဆို ကျွန်တော် မေမေ့ဆီမှာ သင်တန်းတက်ဦးမယ် ... လေးလေးပြောတာ သေချာပါတယ်နော် နီနီ ... "

"သေလိုက်ပါလား ... "

သူမ နှုတ်ခမ်းစူ၍ ထိုင်နေလိုက်သည်။ သူက ပါးပါးလှီးထားသည့် ဂေါ်ဖီပန်းကန်ထဲသို့ Sauce လောင်းထည့်ကာ နယ်လိုက်၏။ ထို့နောက် ပန်းကန်သုံးချပ်ထဲသို့ ခေါက်ဆွဲထည့်ကာ သူမရှေ့မှာ တစ်ပန်းကန် ချပေးလိုက်သည်။ ဗိုလ်က ဖွန်းနှင့်ခက်ရင်းကို ရေဆေး၍ သုတ်ကာ သူမပန်းကန်မှာ တပ်ပေး၏။ သူနှင့်ဗိုလ်က တူဖြင့်စားလေသည်။

"စားပါ နီနီ ... နောက် စားချင်တာမှန်သမျှ ကိုယ့်ကိုပြောသိလား ... ကိုယ် အကုန်သင်ထားပြီး ချက်ကျွေးပါ့မယ်"

သူမ မျက်စောင်းထိုးလိုက်တော့ သူက ခပ်ပြုံးပြုံးဖြင့် သူမကိုငေးကြည့်နေလေ၏။ သူမ ရင်ထဲမှာ ကလိကလိ ယားလာတော့သည်။ ခွေးနာဗိုလ် ... ငါ့အကြောင်း သိမယ်။





(၂၁)

"နီနီ ... မိုးလင်းနေပြီ၊ မထ,သေးဘူးလား ... အောက်မှာ Tennis ကစားဖို့ ဗိုလ် စောင့်နေတယ်"

"အာ ... စောစောစီးစီး ... "

"မိန်းကလေးဖြစ်ပြီး ဒီလောက်အပျင်းကြီးရလား ... ခါတိုင်းဆို အစောကြီးထပြီး အောက်မှာ ကိုယ်နဲ့ရွယ်တူ ယောက်ျားလေး ပြန်စောင့်နေရတာ မရှက်ဘူးလား ... "

"မရှက်ပါဘူး ... ဒင်းလောက်များ စာရင်းထဲတောင် မထည့်ဘူး ... "

"ပြောလိုက်ရင် ဒီလိုပဲ ... ထ,တော့ ... စကိတ်မစီးရလို့ Tennis ကစားတာတောင် ဂဂျီဂဂျောင်က ကျချင်သေးတယ်"

သူမ ရေချိုးခန်းထဲဝင်၍ သွားတိုက် မျက်နှာသစ် ကိုယ်လက်

သန့်စင်ကာ ... အားကစားဝတ်စုံအဖြူရောင်ကို ထုတ်ဝတ်လိုက်၏။ ဆံပင်ကို သေချာဖြီးကာ ခပ်မြင့်မြင့်လေး စည်းလိုက်သည်။ နံရံမှာ ချိတ်ထားသည့် ဘက်တံကို ဖြုတ်၍ ရှူးဖိနပ်ကို ယူခဲ့၏။ သူမ ဆင်းလာတော့ ဗိုလ်က မီးဖိုခန်းထဲ ရောက်နေလေပြီ။

"ကျွန်တော် ကြိုက်တယ် အန်တီသင်းရဲ့ ... အမှားကြီးစားမှာနော် ... "

"စားပါရှင် စားပါ ... သားနဲ့လေးလေးကိုပါ ပြောလိုက်ဦး"

"ဟုတ်ကဲ့ ... လေးလေး ဆေးခန်းက ပြန်လာတော့ ပြောလိုက်မယ် အန်တီ"

"ဟဲ့ ... အငတ် ... ငါ့အိမ်လာပြီး ဘာတော်ကြီးကျနေတာလဲ"

"အန်တီသင်းက မုန့်ဟင်းခါးချက်စားလို့ အဝလာစားတဲ့ နီနီရဲ့ ... "

"မာမီကလည်း ... နီက ဦးကိုပဲ ကျွေးချင်တာ ... သူ့ကို မကျွေးချင်ပါဘူး ... "

"သမီးနော် ... အစားအသောက်ကို အဲဒီလို မတွန့်တိုကောင်းဘူး ... "

"ဟုတ်တယ်နော် ... သေရင် ပြိတ္တာဖြစ်တတ်တယ်တဲ့"

"နင် ပြောပြန်ပြီ"

"အား ... နာတယ်ဟ ... "

သူမ ဗိုလ့်နားရွက်ကို လိမ်ဆွဲတော့ မာမီနှင့် အန်တီလေးကပါ ဝိုင်းဆူကြလေ၏။

"နီနီနော် ... ဗိုလ့်ကို သိပ်နိုင်စားတာပဲ"

"ဟာ ... အန်တီလေးကလည်း ဒီကောင်ရောက်လာမှပဲ နီ





ပေါ် အချစ်တွေလျော့ကုန်ကြပြီ ... "

"မလျော့ပါဘူး နီနီရာ ... ကိုယ် ပိုပြီး ချစ်ပါ့မယ်"

"ကြည့် ... ခွေးနာ ... "

အနားနား ကပ်ပြောလိုက်သည့် ဗိုလ့်နောက်ကို သူမ ပြေးက်ရင်း သူ့ခြံထဲသို့ ကူးလာခဲ့၏။ ဗိုလ်က ကစားကွင်းတစ်ဘက်မှာကို အသင့်စောင့်နေပါသည်။

"ကဲ ... စမယ် ... (၈)မှတ်ဆို ကွင်းချိန်းမှာနော် ... ဆာဗင်ဒ် ... "

သူက သူမထံ Tennis ball ကို စပို့၏။ သူမ အပြေးလိုက်ပါသော်ည်း ဘောလုံးက သူမထက်မြန်နေသဖြင့် ဗိုလ်သာဆာဗင်စရ၏။ ားခိမ့်စိမ့်ဖြစ်နေရာမှ ချွေးတို့စို့ရွှဲလာ၏။ ဟိုဒီရှေ့နောက်ပြေးရင်း သူမဟိုက်လာသည်။

"ဗိုလ်နော် နင်မညစ်နဲ့"

"ဘာညစ်လို့လဲ ... ဒီလိုပဲရိုက်တာကို ... "

"ငါ အရှေ့ရောက်ရင် နင်အနောက်ပို့ပြီးတော့ ... ဟော ... လား ... "

"ဟဲဟဲ ... ၈–၅ပါ ... ကွင်းချိန်းမယ် ... ရှုံးတဲ့လူက လိမ္မော်ကျွေးကြေးနော် ... "

"နင်ညစ်ပြီးတော့ ... "

"မရဘူးလေ ... ကဲ ... စပြီ"

ဒုတိယပိုင်းဆက်ရိုက်တော့ သူမ ဇက်လပ်ဗ်နှင့်ရှုံးလေ၏။ က အိမ်ထဲမှ လိမ္မော်သီးကိုပြေးယူ၍ သူမထံပြန်လျှောက်လာ သူမက မြက်ခင်းပြင်ပေါ် ဒီအတိုင်းထိုင်ချလိုက်၏။

"ကဲ ... ရော့ ... အစအဆုံးနွှာပြီး တစ်လုံးကုန်အောင်ခွဲကျွေး"
"ဟော့အေး ... တစ်ခြမ်း"
"မရဘူးနော် နီနီ တစ်လုံး"
"တစ်ခြမ်း ..."
"ကိုယ့်ကို အသည်းယားအောင်မဆွနဲ့နော်"
"ဟွန်း ... ပေးပေး ... တကတည်းမှ ညစ်စုတ်ကြီး"
သူမက သူ့လက်ထဲမှ လိမ္မော်သီးကိုယူ၍ အခွံကိုနွှာလိုက်သည်။ အမြွာလေးများမှ အမျှင်လေးများကို စင်အောင်ခွာလိုက်၏။
"ဟိုမှာ ကျန်သေးတယ် ... မစင်သေးဘူး"
"ခွေးစုတ် ... ရော့"
"ဟာ ... အပြူးလိုက်ကြီးမခွံ့နဲ့လေ ... တစ်မြွာချင်းခွံ့ မညစ်နဲ့ ..."
"ကြာတယ် ... ရော့"
ဗိုလ်က ပါးစပ်အသာဟပေးလိုက်၏။ သူမ တစ်မြွာပြီးတစ်မြွာ အဆက်မပြတ်ခွံ့နေ၍ ဗိုလ်က သူမလက်ကိုဖမ်းဆုပ်ထားလိုက်သည်။
"နေဦးလေ ... အတင်းပဲ"
"မြန်မြန်စားပေါ့ ... နီရေချိုးချင်ပြီ ..."
"အေးပါ ... နှစ်စိတ်ပဲကျန်တော့တာကို ... ကျွေး"
သူမ ဗိုလ့်ပါးစပ်ထဲ ထည့်ပေးသည့် နောက်ဆုံးအမြွာကိုစားရင်း ဗိုလ်က သူမလက်ချောင်းလေးကို အသာကိုက်လိုက်လေ၏။
"အား ... ကိုက်ရလားဟဲ့ ခွေးနာရဲ့ ... ကဲ ..."
သူမက ဗိုလ့်ကို ပိတ်တွန်းလိုက်စဉ် ဗိုလ်က သူမလက်ကိုဆွဲ၍ မြက်ခင်းပေါ်လှဲချလိုက်သဖြင့် ဗိုလ့်ကိုယ်ပေါ်သို့ သူမလဲကျလေ၏





...ကွင်းကိုဖြတ်နေရာမှ မြင်ကွင်းလေးကို သူငေးကြည့်နေမိသည်။ ...ည့်စမ်း ဗိုလ်က သူမခါးကိုဖက်၍ မြက်ခင်းပေါ်လှဲလိုပါလား၊ သူမက ...့ကိုထုရိုက်ပြီး ကျုံးထကာ သူမအိမ်ဘက်သို့ ပြေးသွားတော့၏။ ...က သူမနောက်ကျောလေးကို ခပ်ပြုံးပြုံးဖြင့် ငေးကြည့်နေဆဲ၊ တံခါး ...သံကြောင့် ဗိုလ်လှည့်ကြည့်လိုက်၏။
"ဟာ ... လေးလေးတောင်ပြန်လာပြီ ... လေးလေးရေ ... ...နတ်သင်းက ဒီနေ့ မုန့်ဟင်းခါးချက်စားလို့ ထမင်းမချက်နဲ့တဲ့"
"အေးအေး ..."
"လေးလေး ဘာတွေဝယ်လာတာလဲ ..."
"ဒီလိုပဲ လိုအပ်တာလေးတွေပေါ့ ..."
"ကျွန်တော့်ကိုပေးလေ ..."
သူ ဗိုလ့်ထံ အိတ်ကိုလှမ်းပေးပြီး အိမ်ထဲဝင်ခဲ့၏။ ဗိုလ်က သူ ...လာသည့်ပစ္စည်းများကို အရင်သိမ်းဆည်းလိုက်ပြီးမှ ရေချိုးသည်။ ...ချိုးပြီး သူရေချိုးစဉ် ဗိုလ်က ဂစ်တာကိုယူ၍ အိမ်ရှေ့မြက်ခင်းပြင် ထိုင်ချလိုက်ပါ၏။
သူပန်ထားတဲ့ပန်းနီနီ နေရာဓလေ့လဲချင်သည် xxx
ကြင်နာသူလေးလှဖို့ အစွမ်းကုန်ကြိုးစားမည် xxx
ရင်မှာဒီလောက်ချစ်ပါသည် xxx သူပျော်တာအမြဲတွေ့ချင် သည် xxx
သူ့အရိပ်အဖြစ် အမြဲရှိနေတတ်ပြီ xxx
သူဆင်မြန်းတဲ့ဖိနပ်နီနီ xxx နေရာဓလေ့လဲချင်သည် xxx
ကြင်နာသူပေး ခလုတ်မထိဖို့ ကိုယ်ကြိုးစားမည် xxx
ရင်မှာဒီလောက်ချစ်ပါသည် xxx ဘာမဆို ကိုယ်အဆုံးရှုံးခံ

မည်×××

အလှမ်းဝေးတဲ့ ပန်းကလေး မြနှင်းဆီ ×××

ကျောင်းသွား ကျောင်းပြန် အချိန်မှန် အမြဲစောင့်လို့ကြည့်သည် သူ့မျက်ဝန်းနှင့်ဆုံရင် ရင်ခုန်သည် ××× သူ့အပြုံးလေးများမြင်ရင် အမောလွန်ပြီး အိပ်မရတော့ပြီ ××× သိပ်ချစ်တဲ့အကြောင်းကို ကဗျာတွေရေးမည် ×××

နေရိပ်မိုးတဲ့ ထီးနီနီ ××× နေရာခဏလဲချင်သည် ×××

ကြင်နာသူလေး အေးမြဖို့ ကိုယ်ကြိုးစားမည် ×××

ရင်မှာဒီလောက်ချစ်ပါသည် ××× ဒါကို သူလည်းသိနေပြီ ×××

တစ်နေ့နေ့တော့ ချစ်၍လာလိမ့်မည် ×××

ရုပ်ကြယ်သီးတပ်နေရာမှ သူ ပြုံးလိုက်မိ၏။ နီနီ့အတွက် Feeling အပြည့်နဲ့ ဗိုလ်ဆိုနေတာပဲ၊ ကိုယ်ဝမ်းသာပါတယ်နီနီ၊ မင်းနဲ့ဗိုလ်က သက်တူရွယ်တူမို့ တင့်တယ်ပါတယ်ကွယ်၊ မှန်ထဲကို သူကြည့်လိုက်တော့ ကြေကွဲနေသည့် သူ့မျက်ဝန်းများကို ပြန်မြင်လိုက်ရသဖြင့် သူ အထိတ်တလန့် ဖြစ်မိသွားသည်။ ဘယ်လိုများဖြစ်တာပါလဲ။

အိမ်ထဲကို သူတို့ဝင်လာတော့ ဧည့်ခန်းမှာ နီနီက ဖုန်းပြောနေလေ၏။ ဗိုလ်က သူမဆံပင်တွေကို 'နောက်ကျောမှ ဆွဲ၍စလိုက်တော့ သူမက ဗိုလ့်ကိုလှမ်းရိုက်လိုက်သည်။ ပြန်မထိသဖြင့် ဗိုလ်က အနိုင်ပိုင်းကာ နောက်ဖေးသို့ ဝင်သွားလေ၏။

"နင်တို့လာခဲ့လေ ... အေး ... ငါအိမ်မှာစောင့်နေမှာပေါ့ ... ငါ့ကို တစ်ယောက်တည်းတော့ လွှတ်မှာမဟုတ်ဘူး ... အင်း ... အန်တီလေးတော့ ဘယ်လိုက်မလဲ ... တစ်ယောက်ယောက်ထည့်ပေးမှာပေါ့ ... လာသာလာခဲ့ပါဟာ ... ဒီနေ့ အိမ်မှာ မုန့်ဟင်းခါးချက်စားတယ်ဟ





...အေး ... လာခဲ့ ... ဒါပဲ ... "

သူက စန္ဒရားရှေ့မှာ အသာရပ်၍ နားစွင့်နေမိသည်။ သူမက ...းချ၍ ထလိုက်စဉ် ဖုန်းသံက ပြန်မည်လာပြန်၏။

"ဟာ ... ကျွတ် ... ဒီဖုန်းကလည်း ... ဟဲလို"

"နီလား ... ကိုယ်ပါ ... "

"ရှင် ... ရှင် ... ဘာကိစ္စနဲ့ နီ့ဆီဖုန်းဆက်ရတာလဲ ... "

"ကိုယ်တောင်းမန်နေတာပါနီ ... ဟိုနေ့က ... ဟိုနေ့က ကိုယ် ...က်တော်မူးနေလို့ပါ ... မဖြစ်သင့်တာတွေဖြစ်ခဲ့ရတာ ... ကိုယ် ...မကောင်းဘူး ... ကိုယ်တောင်းပန်ပါတယ် ... ကိုယ် နီနဲ့ဟိုလူကြီး ...ုတွဲတာကို လက်မခံနိုင်ဘူး ... ကိုယ် အူတွေတိုရင်း ဖြစ်ခဲ့တာပါ ... ကိုယ် အနူးညွတ်တောင်းပန်ပါတယ် ... ခွင့်လွှတ်ပါ ... ကိုယ် ... "

"ကိုယ့်ကိုပေးပါနီနီ ... "

သူမ သူ့လက်ထဲသို့ ဖုန်းကိုထည့်ပေးလိုက်ပါ၏။ သူက ဖုန်းကို နားထောင်လိုက်ပါသည်။

"ချစ်တယ် ... ရင်ထဲကပြောတဲ့စကားတွေကို ယုံပေးပါနီရယ်"

"တော်သင့်ပြီပေါ့ သူရိန် ... နောက်ကို နီနီနဲ့ ဘယ်တော့မှ ...ဆက်သက်ပါနဲ့ ... မင်းကြောင့် နီနီထပ်ပြီး အရှက်မရပါစေနဲ့ ... မင်း ...ကြီးလူကောင်းဆိုရင် နားလည်မှာပေါ့ ... "

"ကြည့်စမ်း ... ခင်ဗျားကြီး ... ခင်ဗျားကြီးက နီ့အိမ်ပေါ် ...င် ရောက်နေတယ် ... လူပါးဝလှချည်လား ... "

"နီနီ့အိမ်က ငါ့အိမ်ပဲသူရိန် ... နီနီနဲ့ငါ သူစိမ်းတွေမဟုတ်ဘူး၊ ...ရင် မင်းသဘောပေါက် ... မင်းနောက်ဆုတ်ဖို့ပဲပြင်ပါ"

"ခင်ဗျားကြီး ကိုယ့်အသက်အရွယ်မှမထောက် ကိုယ့်သမီးအရွယ်လေးကိုမှ ကြံရသလား ... "

"မင်းမစော်ကားနဲ့သူရိန် ... မမိုက်ရိုင်းနဲ့ ... "

"ခင်ဗျားကြီးမှ မိုက်ရိုင်းတာ ... နွားအိုကြီးက မြက်နုလေးမှ စားချင်ရတယ်လို့ ... နွားသိုးကြီး ... "

သူ ဖုန်းကို ဝှက်ခနဲချလိုက်၏။ ဒေါသကြောင့် လက်တွေက တဆတ်ဆတ်တုန်နေသည်။ သူမက သူ့ကို တအံ့တသြ မော့ကြည့်နေ၏။

"ဦး ... ဘာတဲ့လဲဟင် ... "

"မသိချင်နဲ့ ... "

သူ အိမ်ထဲမှလှည့်ထွက်ခဲ့တော့ သူမ အနောက်မှ ပြေးလိုက်လာပြီး သူ့လက်မောင်းကို ဆွဲထားလိုက်၏။

"ဦး ... မုန့်စားရဦးမှာလေ ... "

"ကိုယ်မစားတော့ဘူးနီနီ ... လက်ကိုလွှတ် ... "

"ဦးမစားရင် နီ ဦးကိုမခေါ်တော့ဘူးနော် ... "

"သဘောပဲ ... "

သူ သူမလက်ကလေးကို ဖြုတ်ချလျက်ပြန်ခဲ့သည်။ စိတ်ထဲမှာ ရှုပ်ထွေးကာ ခေါင်းထဲနောက်ကျိနေ၏။ အိပ်ရာပေါ်ပစ်လှဲချလိုက်သည်။ ရင်ထဲမှာ တစ်မျိုးကြီးပဲကွာ ...





(၂)

"စိတ်ချမယ်နော်ဗိုလ် ... ကားကိုလည်း ဂရုစိုက်မောင်းဦး ... ဗိုလ့်နားကမခွာနဲ့နော် ... ပုလဲနဲ့ဒါဒါလည်းမှာထားတာမမေ့နဲ့ ... တီတို့က သိပ်လွှတ်ချင်တာမဟုတ်ဘူး ... ကလေးတွေပျော်ပါစေ ပြီး လွှတ်ရတာ ... "

"ဟုတ်ကဲ့ပါအန်တီလေး ... ဒါဒါတို့ နီနီ့အနားမှာပဲ အမြဲရှိမှာ ... "

ကားလေးက ခြံထဲမှထွက်လာ၏။ သူမတို့သူငယ်ချင်းသုံးဦး ပင်၍ ဂါဝန်အနက်ရောင်ကိုသာဝတ်ခဲ့ကြသည်။ ဗိုလ်က အဖြူ င်ဝတ်စုံနှင့် ...

"အဲဒီချစ်စုတစ်ယောက်ကတော့ ရာရာဖွေဖွေလုပ်တတ်တယ်၊ ဖြစ်လို့ မျက်နှာဖုံးစွပ်လာခိုင်းတာလဲ ... "

"မဲနှိုက်ပြီးတွဲကဖို့တဲ့ပြောတာပဲ ... မျက်နှာဖုံးတပ်ထားတော့ တစ်ယောက်နဲ့တစ်ယောက် ရှက်စရာမလိုတော့ဘူးတဲ့ ... အလိုက်ဖက်ဆုံးအတွဲတွေကို ဆုပေးမယ်တဲ့ ..."

"အင်း ... ပျော်တော့ ပျော်စရာကြီးပဲ ... ငါတို့သုံးယောက်က ဆင်တူနော် ... မျက်နှာဖုံးက ဘာပုံလဲ ..."

"ဟီးဟီး ... စုန်းမကြီးပုံ"

"ဟားဟားဟား ... ဒါဆို တို့နဲ့တွဲကရဲဖို့ လူရှိမှာမဟုတ်ဘူး ဗိုလ်ကရော ..."

"ဒရက်ကူလာ ..."

"အား ... ကြောက်စရာကြီး ..."

သူမတို့ လွတ်လပ်စွာရယ်လိုက်ကြ၏။ ကားက ခြံကြီးတစ်ခြံထဲသို့ ဝင်ခဲ့သည်။ သူမတို့လေးယောက်သား မျက်နှာဖုံးကိုယ်စီစွပ်လိုက်ကြ၏။ မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့မှာ အပေါက်လေးများပါသဖြင့် အစားအသောက်စားလို့ရသေး၏။ အပြာရောင်ဝတ်စုံဖြင့် ဗိုလ်က သူမတို့ကို လှည့်၍ဖြဲခြောက်လိုက်လေသည်။

"ဟာ ... သွေးစုပ်မယ်လာခဲ့ ..."

"အား ... လန့်လိုက်တာဗိုလ်ရာ ... သွား"

သူမတို့သုံးဦးတိုင်ပင်၍ ဆံပင်တွေကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်လာသဖြင့် အတိုအရှည်သာကွာခြားကြ၏။ ဂါဝန်ကလည်း ဆိုက်တူပုံစံတူ၊ ဖိနပ်လည်း တံဆိပ်တူ မျက်နှာဖုံးလည်းတူမို့ သုံးမြွှာပူး စုန်းညီအစ်မတွေဖြစ်နေကြသည်။ ဗိုလ်က ဝတ်လာသည့် ကုတ်ကို ကား၍ ခါးထောက်လျက် အိမ်ထဲဝင်လာသဖြင့် အထဲမှ လူအုပ်ကြီး ဝေါခနဲ ရယ်မောလိုက်ကြသည်။





ဘူဖေးစားပွဲမှ စားစရာတို့ကို အနည်းငယ်စီစားကာ အချိုရည် သင်းကို ပိုက်ဖြင့်စုပ်နေစဉ် မဲလိပ်လေးများ လာနှိုက်မိုင်း၏။ သူမ က်၍ကြည့်တော့ Prince ဟု ရေးထားသည်ကိုတွေ့ရသည်။ ဟိုက် းမကြီးနဲ့ မင်းသားလေးဆိုပါလား။ ခဏအကြာ မီးမှိန်သွား၏။ တိတ်ပေါ်သို့ ဆင်ဒရဲလားလေးတက်လာသည်။

"အားလုံး ငြိမ်ကြပါ ... မဲလိပ်လေးတွေအတိုင်း တွဲကရမှာဖြစ် တယ် ... အလိုက်ဖက်ဆုံးအတွဲတွေကို ဆုပေးမှာဖြစ်ပါတယ်ရှင် ... က မွေးနေ့ရှင်ရဲ့ဆန္ဒအရ အစီအစဉ်ကို ပြုလုပ်ရခြင်းဖြစ်ပါတယ် ... းလုံးပြန်ရင် လက်ဆောင်လေးတွေယူပြီးမှ ပြန်ဖို့ မမေ့ကြရပ်ခံပါ ယ်ရှင် ... ဟုတ်ကဲ့ ... အခုပွဲထဲမှာ Witch က သုံးယောက်ဖြစ်နေလို့ မတို့ 1, 2, 3 ခွဲထားပါတယ်၊ ဆံပင်အရှည်ဆုံးက 1 ပါ၊ နည်းနည်းတို က 2ပါ၊ အတိုဆုံးက 3 ပါရှင်၊ ရှင်းပါတယ်နော်၊ ဟုတ်ကဲ့ အားလုံး င်ပါပြီ၊ တစ်ယောက်နဲ့တစ်ယောက် လွဲနေမှာစိုးလို့ ယောက်ျား းများက ဒီစတိတ်ပေါ်မှာ ကိုယ်နဲ့တွဲရမယ့်သူကို လာခေါ်ပါရှင်၊ းဇူးတင်ပါတယ်"

ကောင်လေးတစ်ယောက်က စတိတ်ပေါ်အရင်တက်လာ၏။ နှာက စုန်းထီးပုံတပ်ထားသည်။

"Wizard အတွက် Witch 3 ပါ ... အပေါ်တက်ခဲ့ပါ"

"ဟေး ... စုန်းထီးနဲ့စုန်းမ လိုက်ဖက်တယ် ဆုပေးပါ"

ပုလဲ စတိတ်ပေါ်တက်သွားတော့ လမ်းသရဲမျက်နှာနှင့်လူက နှစ်ယောက်ကို စာအိတ်တစ်လုံးစီပေးလိုက်ပါသည်။ သူတို့နှစ် က်ဆင်းသွားတော့ နောက် ကျားမျက်နှာလေးနှင့်တစ်ယောက် လာ၏။

"Tiger အတွက် Rabbit ပါ ... ကိုက်စားမှာပဲ"

ရယ်သံတွေ ဝေါခနဲထွက်လာ၏။ ယုန်မျက်နှာနှင့် ကောင်မလေးတက်သွား၏။ ဗိုလ်တက်လာသည်။

"Dragular အတွက် Princess ပါ ... ဟီးဟီး ... သွေးစုပ်မှာပဲ"

ရယ်သံတွေ ထပ်ထွက်လာပြန်၏။ မင်းသမီးမျက်နှာဖုံးနှင့် ကောင်မလေးတက်သွားပြီး မင်းသားမျက်နှာဖုံးနှင့်ကောင်လေးထပ်တက်လာ၏။ အသံတွေဆောတိတ်သွားပါသည်။

"Witch 1 ကို ဖိတ်ခေါ်ပါရစေ"

သူမရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ ဒါဒါက လက်မောင်းကို တွန်းလိုက်သဖြင့် သူမ စတိတ်ပေါ်သို့ တက်လာခဲ့သည်။ Prince က သူမလက်ကို ဖျတ်ခနဲဆွဲကာ ဘေးပေါက်မှ ဆင်းခဲ့၏။ အကခန်းထဲမှ စုံတွဲတော်တော်များများရောက်နေလေပြီ။ တဖွဲဖွဲဝင်လာသည့် အင... တွေက အလယ်ကိုတဖြည်းဖြည်းစုလာ၏။ မီးက ဖျတ်ခနဲမှိတ်သွား... Disco Light တွေ ထွန်းလိုက်သည်။ ဆူညံတဲ့သံစဉ်တွေဖြ... လှုပ်ယမ်းက နေကြသည်။ သီချင်းတစ်ပုဒ်ဆုံးသည့်အချိန်ထိ သူ... ဝင်မကဖြစ်ဘဲနံရံ ဘေးကပ်ရပ်၍ ကနေကြသူတွေကို ငေးကြည့်နေ... Disco Light တွေ ပျောက်သွားပြီး အပြာရောင်မီးသီးတွေ... လင်းလာသည်။ Prince က သူမလက်ကိုဆွဲ၍ အလယ်ကိုခေါ်လာခဲ့...

သူမလက်တစ်ဖက်ကို သူ့ပခုံးပေါ်တင်စေ၍ လက်တစ်ဖက်... ဆုပ်ကိုင်ထားလိုက်၏။ သူ့လက်တစ်ဖက်က သူမ ခါးသိမ်သိမ်လေး... ပေါ်ရောက်လာသည်။ သာယာငြိမ့်ညောင်းသည့် တီးလုံးသံများ... အောက်မှာ အလိုက်သင့်လေးကနေကြ၏။ ရုတ်တရက် သူမလက်မှ... တွေ အေးစက်လာသည်။ မှိုဝါးဝါးအလင်းအောက်မှာ သူမနှင့်အနီး...





...နေသည့် လူမျက်နှာကို မြင်ခွင့်မရ၊ ရုတ်တရက် သူက သူမကို ရင်ချင်းအောင် ဆွဲကပ်လိုက်သည်။ သူမ ဒိတ်ခနဲရင်ခုန်သွားပြီး ရုန်းလိုက်ပါ... ချောင်ကျကျနေရာမှ ခွဲထွက်၍ ဘေးပေါက်မှတစ်ဆင့် အပြင်သို့ ...ဖြည်းဖြည်းခေါ်ထုတ်သွားသည်။ မှောင်ရိပ်ကျရာနေရာမှာ သူမ ...်နှာဖုံးကို ဆတ်ခနဲဆွဲချွတ်၍ သူ့မျက်နှာဖုံးကိုလည်း ချွတ်လိုက်ပါ... ဘုရားရေ သူရိန် သူရိန်ဖြစ်နေပါရောလား။

"နီ ... ကိုယ် နီ့ကို သိပ်ချစ်တယ် ..."

"ဟင့်အင်း ... ဟင့်အင်း"

သူမ အတင်းရုန်းတော့ သူရိန်က သူမခန္ဓာကိုယ်လေးကို ဆတ်...ပွေ့ဖက်လိုက်ပြီး သူရိန့်မျက်နှာက သူမအနီးသို့ ကပ်လာ၏။ ဝေါင်း...ခိုက်ခနဲဖြစ်သွားကာ သူမ ကျုံးအော်လိုက်သည်။ အသံတို့က လည်...ချောင်းဝမှ ထွက်မလာခဲ့။ ခဏအကြာမှာ လူချင်းခွာလိုက်တော့ သူမ...ကြောက်စွာဖြင့် ငိုချလိုက်ပါသည်။

"နီနီရေ ... နီနီ"

"နီနီ ..."

အဝေးမှထွက်လာသည့် အသံများကြောင့် သူရိန်က သူမလက်...၍ ခန်းမအနီးပြန်လာခဲ့၏။ သူမ သူရိန့်လက်ထဲမှ ရုန်းကန်လျက်...လာခဲ့ရသည်။

"နီနီ ... ဘာဖြစ်"

ဗိုလ့်အသံက တစ်ဝက်တစ်ပြတ်နှင့် ရပ်သွား၏။ ချစ်စုက Prin-...မျက်နှာဖုံးကိုဆွဲခွာ၍ သူမတို့နားရောက်လာသည်။

"ကိုကို ... အဲဒါ ဘာလုပ်တာလဲ"

"ကိုယ့်ချစ်သူကို ခဏခေါ်ထုတ်သွားတာပါ Kitty ..."

"ဟာ ... ပွဲတော့ ပျက်တော့မှာပဲ ... "

"မပျက်ပါဘူး ... Never mine ... "

ဗိုလ်က ရုတ်တရက်မို့ ကြောင်နေ၏။ နီနီပြောဖူးတဲ့ ချစ်ဆိုတာများလား ...

"ဗိုလ် ... ပြန်မယ်"

"မပြန်ရသေးပါဘူး ... ကိုယ် နီနဲ့ပြောစရာတွေကျန်သေးတယ်"

"မကြားချင်ဘူး ... နီပြန်တော့မယ် ... ဗိုလ်ရေ ... လုပ်ပါဦး"

"ဟေ့လူ ... "

ဗိုလ့်စကားမဆုံးခင် သူရိန်က ဗိုလ့်မျက်နှာကို ခွက်ခနဲထိုး လိုက်၏။ ပုလဲတို့ထံမှ အာမေဋိတ်သံတွေ ထွက်လာသည်။ ဗိုလ် သူရိန့်ကို ပြန်ထိုး၏။ အိမ်ဘေးဘက်မှာဖြစ်နေသည်မို့ အထဲမှာ ဆူညံ သဖြင့် ဘယ်သူမှ မသိမကြား၊ သူရိန့်လက်ချက်ဖြင့် ဗိုလ်လဲကျသွား တော့ သူမ သူရိန့်ကို အားကုန်တွန်းပစ်လိုက်သည်။ သူရိန်က ယိုင်သွား ပြီး သူမလက်ကို ဖျတ်ခနဲ ဆွဲလိုက်လေ၏။

"ကိုယ်နဲ့လိုက်ခဲ့တော့နီ ... ကိုယ် မင်းကို မခွဲနိုင်တော့ဘူး"

သူရိန်ဆောင့်ဆွဲရာဆီ သူမ ပါသွားတော့ ချစ်စုထံမှ အော် အကျယ်ကြီးထွက်လာလေ၏။

"ကိုကို ... မလုပ်နဲ့ ... အဲဒါ Kitty သူငယ်ချင်းနော် ... မလုပ် နဲ့ ... "

"တိတ်စမ်း Kitty ... ဒါကိုယ့်ချစ်သူပဲ ... နင့်ယောက်မဖြစ်လာ မယ့်သူကို ဘာကြောင့်တားနေတာလဲ ... သွား ... အထဲပြန်ဝင်"

"လွှတ် ... လွှတ်နော် ... ဗိုလ်ရေ ... "

ဗိုလ်က မူးလဲသွားရာမှ ကျုံးထလာပြီး သူမကိုပြေးဆွဲလိုက်၏





နိန်က ဗိုလ့်မေးရိုးကို အားကုန်ထိုးချလိုက်ပါသည်။

"ခွပ် ... "

"အား ... သေပါပြီ"

သူရိန် သူမလက်ကိုပြန်ဆွဲ၍ ကားရှိရာဆီအလှမ်း ခြံထဲသို့ ကား စီးဝင်လာလေသည်။ ကားမီးရောင်က သူမတို့ထံ ဖြာကျလာ၏။ လှမ်းတို့က အံ့အားသင့်၍ရပ်သွားရာမှ ငေးကြည့်လိုက်စဉ် ကား မှ လူတစ်ယောက်ဆင်းလာ၏။ ဦး ... နီ့ရဲ့ဦးပါလား။

"ဦး ... "

"နီနီ ... "

"တောက် ... ခင်ဗျားကြီး ဘာလာရှုပ်ပြန်ပြီလဲ ... "

သူရိန်က သူမလက်ကိုဖြုတ်ချလိုက်ပြီး သူ့ထံအပြေးဝင်သွား၏။ စ်ပြန် ကိုယ့်တစ်ပြန် ထိုးကျိတ်သည့်မြင်ကွင်းကို မျက်လုံးအပြူး ဖြင့် သူမ ကြည့်နေ၏။ သူ့လက်ချက်ကြောင့် သူရိန်ခပ်ဝေးဝေးသို့ သွားပြီး ပြန်ထလာစဉ် လက်ထဲမှ လက်ခနဲဖြစ်သွားသည့် ဓါးလှတ် တွေ့လိုက်ရသည်။

"ဦး ... "

"နီနီ ... မလာနဲ့"

သူမ သူ့ရှိရာဆီအပြေး သူရိန်က သူ့ကို ဓားဖြင့်တွက်လိုက်၏။ ာ်မောင်းမှ ဖြာခနဲထွက်လာသည့်သွေးတို့နှင့်အတူ သူရိန် ဗိုင်း အကျ သူမ ကြောင်တောင်တောင်ဖြင့် ရပ်နေ၏။

"နီနီ ... နီနီ"

သူ စိုးရိမ်တကြီးဖြင့် သူမကို လှုပ်ယမ်းလျက်ခေါ်စဉ် သူမ လဲကျသွားသဖြင့် သူမကိုယ်လုံးလေးကို ခွေ့ခနဲပွေ့ချီလိုက်ရ၏။

ဗိုလ်သတိပြန်ရစဉ် လူကြီးတွေအနီးသို့ ရောက်လာကြသည်။

"သားဗိုလ် ... သူငယ်ချင်းတွေကို အိမ်ပြန်ပို့ပေးလိုက်ပါ"

"လေးလေး ... ရရဲ့လား ..."

"ရတယ် ..."

သူ သူမကို ကားပေါ်တင်လျက် အိမ်သို့ပြန်လာခဲ့လေ၏ ကလေးရယ် မင်းအတွက် ကိုယ်ဘယ်လောက်အထိ စိုးရိမ်ပူပန်ေ သလဲဆိုတာ လက်တွေ့ကျကျကိုယ်သိလိုက်ရတော့ ကိုယ်နောက်ကျ သွားခဲ့ပါပြီ။ မင်းနဲ့သားဗိုလ်က အရင်းနှီးဆုံးသူတွေ ဖြစ်နေခဲ့ပြီ မဟုတ် လား။





***I have decide not to love anyone, but I can't help loving you.***

**ဘယ်သူ့ကိုမှ မချစ်တော့ဘူးလို့ ကိုယ်ဆုံးဖြတ်ခဲ့တာ ...**

**ဒါပေမဲ့ ... မင်းကိုတော့ ကိုယ်မချစ်ဘဲ မနေနိုင်ဘူး ...**

## (၂၃)

လေးပင်သည့်မျက်ခွံတို့ကို အတင်းဖွင့်လိုက်ရ၏။ မာမီနှင့် ဒက်ဒီမျက်နှာ ပြီးတော့ ဗိုလ့်မျက်နှာ ...

"သမီး ... နီနီ ... "

"ဦး ... ဦးရောဟင် ... "

"ရှိတယ်နီနီ ... အန်တီလေးဆေးထည့်ပေးနေတယ်"

"ဘယ်မှာလဲ ... "

"ဧည့်ခန်းမှာ ... "

သူမ အိပ်နေရာမှ ဖျတ်ခနဲ ထလိုက်၏။ မေမေက သူမကို ထိန်းကိုင်ပေးသည်။ သူမ ခပ်သုတ်သုတ်ခြေလှမ်းဖြင့် လှေကားမှဆင်း လာခဲ့၏။ ဧည့်ခန်းထဲမှာ သူ့လက်မောင်းကို အန်တီလေးက ပတ်တီး စည်းပေးနေသည်။ သူမ အတန်ကြာရပ်ကြည့်နေမိ၏။ သူက စပယ် ပတ်တီးစည်းပေးသည် ငုံ့ကြည့်နေရာမှ ဖျတ်ခနဲ လှေကားဆီကြည့်





က်ပါသည်။

"နီနီ ... ဘာလို့ အခန်းထဲ လှဲမနေတာလဲ ... "

သူမ သူထိုင်နေသည့်နေရာအနီးသို့ လျှောက်လာခဲ့ရင်း ကြမ်း ပေါ် ထိုင်ချလိုက်ကာ သူ့ပေါင်ပေါ် ခေါင်းငုံ့ချလျက် ငိုလိုက်မိ သည်။ သူက သူမခေါင်းလေးကို အသာပုတ်ပေးပါ၏။

"မငိုနဲ့တော့လေ ... ကလေးအရမ်းပင်ပန်းနေပြီ ... အနားယူမှ ... ဘာမှ စိုးရိမ်မနေပါနဲ့ ... ကိုယ် အချိန်မီလိုက်လာပြီးပြီပဲ"

"တော်သေးတာပေါ့ ကိုခန့်ရယ် ... ကိုခန့်စိတ်ထဲလေးတယ်ဆို ထလိုက်သွားလို့သာပေါ့ ... နီ့မို့ စပယ်မတွေးရဲတော့ဘူး"

"ကျွန်တော်တို့လည်း သတိထားနေတဲ့ကြားက ... လှစ်ခနဲ က်သွားတာ ... ဒီကောင် အရမ်းလက်ရဲတာပဲ ... "

"သူက လူကောင်လည်းတောင့်တော့ သားဗိုလ်ခံရတာပေါ့ ... ... အတော်အားကိုးရတဲ့ Bodyguard ပဲ ... တစ်ခါတည်းမှောက် ဘာကိုး ... "

လူကြီးတွေ ခပ်တိုးတိုးရယ်လိုက်ကြ၏။ သူက သူမမျက်နှာကို စလျက် မျက်ရည်တို့ကို သုတ်ပေးလိုက်ပါသည်။

"အပေါ်မှာ တက်ထိုင်လေနီနီ"

သူမ သူ့အနီးမှာပင် ဝင်ထိုင်လိုက်၏။ အန်တီလေးက ဗိုလ့် နှာကို ကြပ်ထုပ်ထိုးပေးသည်။

"တော်တော် ယောင်သွားတာပဲ ... နှုတ်ခမ်းလည်းကွဲသွားပါ ား ... ဖြစ်မှဖြစ်ရလေ ... ငါ့တူချောချောလေးတော့ မိနီကြောင့် ်းပါပြီ ... "

"ဟွန်း ... အန်တီလေးက နီ့ထက် ဗိုလ့်ကို ပိုချစ်တာမဟုတ်

လား ... ကုပေးပေါ့ ..."

"သမီးနော် ..."

ဒက်ဒီ ဝင်ဟန့်လိုက်၍ သူမ နှုတ်ခမ်းစူလျက် ဗိုလ့်ကို မျက်စောင်း လှမ်းထိုးလိုက်သည်။

"တော်ပြီ ... နောက်ကို နီနီဘယ်ကိုမှ မသွားရတော့ဘူး"

"ဟင် ... ဒက်ဒီကလည်း နီ Final တက်ရဦးမှာလေ"

"အေး ... ဖယ်ရီစီးဖို့မလိုဘူး ... အိမ်ကကားနဲ့လိုက်ပြီး ကြို လုပ်ပေးမယ် ..."

"ဘယ်သူ့ကို မောင်းခိုင်းမှာလဲ ... ဗိုလ့်ကိုလား ... အားကိုး ရတာကိုး ..."

"နီနီနော် ... ကပ်ဖိုးကပ်ဖဲ့ပြောပြန်ပြီ ..."

"တွေ့လား ... အန်တီလေးနော် ... သူတူဘက်ကနာပြန်ပြ

"မောင်ခန့် ... မနက်ဆေးခန်းဖွင့်နိုင်ပါ့မလား ..."

"နှစ်ရက်လောက်တော့ ပိတ်လိုက်မယ်အစ်ကိုကြီး ... လှုပ်လှု ရှားရှားထပ်ဖြစ်ရင် သွေးပြန်ထွက်မှာစိုးလို့ ..."

"အေးလေ ... ဗိုလ်ရှိနေလို့ တော်သေးတာပေါ့ ..."

"ကဲ ... ရပြီ ..."

"ကျေးဇူးပဲနော် အန်တီလေး ..."

"အမလေးနော် ... အန်တီလေးတို့က ... ဗိုလ်တို့တူဝရီး ကျေးဇူးတင်ရမှာပါ ..."

"တော်တော်တောင်မှောင်နေပြီ ... ကျွန်တော်တို့ ပြန်လိုက် ဦးမယ် ... ခွင့်ပြုပါဦးနော် ..."

"အေးအေး ..."





"စပယ် ... နီနီ့ကို အိပ်ဆေးတိုက်ပြီးမှသိပ်ပါ ..."

"ဟုတ်ကဲ့ ကိုခန့် ..."

သူမ သူ့ကို အိမ်ဝအထိ လိုက်ပို့ပေးပါ၏။ သူက ဖိနပ်ဝတ်နေစဉ် သူမကို တိုးတိုးပြောလိုက်လေသည်။

"အိပ်ပျော်အောင်အိပ်နော် ... ဘာမှလျှောက်မတွေးနဲ့ ... ကြား ား ..."

"ဟုတ်ကဲ့ ..."

"အေးတယ် ... နွေးနွေးထွေးထွေးဝတ်အိပ် ..."

"ဦးလည်း အထွေးထည်ဝတ်ဦးနော် ..."

သူ လှစ်ခနဲပြုံးလိုက်မိသည်။ သူမခေါင်းကို အသာပုတ်လိုက်ပြီး ည့်ထွက်လာခဲ့၏။ လရောင်က သိပ်မလင်း။ ခြံထဲမှာ တအောင့်ထိုင် ပြီးမှ အိမ်ထဲပြန်ဝင်လာခဲ့သည်။ ဘယ်လက်မောင်းကို ထိသွားတာမို့ က်သေး၏။ ခြေလှမ်းက ပန်းချီခန်းကို အလိုလိုဦးတည်ပြီးသားဖြစ် သည်။ အထဝင်၍ တံခါး Lock ကို ချလိုက်၏။ အဆင်သင့်တင်ထား သည့် Board ပေါ်မှာ ခဲရာစတင်သည်။ မျက်ဝန်းကြားမှ မျက်ရည်ဥတို့ ွဲနေပုံလေး၊ အာရုံထဲမှာ ဖျောက်မရ၊ သြော် ကလေးရယ်။

သားဗိုလ်အခန်းမှ ကက်ဆက်သံတိုးတိုးလေး လွင့်ပျံထွက်လာ ဆွဲလက်စ ခဲတံက အလိုလိုရပ်သွားတော့သည်။

အပြုံးနဲ့မေးစက်တော့ချစ်သူရေ xxx ထပ်ပြီးတော့ မဝေးတော့ : xxx ငြိမ်းချမ်းလှပတဲ့ ကိုယ့်အချစ်များစွာယူ xxx

အလွမ်းများကြောင့် ကျခဲ့တဲ့မျက်ရည်တွေ xxx ဒီအချိန်မှာ ်လိုက်တော့ xxx မျှော်လင့်ခဲ့ရတဲ့အချစ်ညလေး xxx အတူတူ က်ရှိခဲ့ပေါ့ xxx အတူရောက်ရှိခဲ့ပေါ့ xxx

အပြာရောင်အချစ်ည ××× မင်းလှမ်းကြည့်လိုက်စမ်း ××× မိုးကောင်းကင်ထက်များတဲ့တို့အချစ်များ ××× ကြယ်စင်အားလုံးထက်လင်းတဲ့ တို့အချစ်များ ××× အပြာရောင် အချစ်ညကမ္ဘာမှာ ×××

အနမ်းလေးနဲ့ ချော့သိပ်ချင်တယ် ××× ဒီရင်မှာ အိပ်စက်တော့၊ ပျောက်ဆုံးမသွားတော့မယ့်အချစ်ညလေး ××× ထာဝရသိမ်းထားလိုက်တော့ ××× အို သိမ်းထားလိုက်တော့×××

သူ ခဲတံကို ချက်ထဲပြန်ထည့်လိုက်ပြီး အခန်းပြင်သို့ ပြန်ထွက်လာခဲ့သည်။ ခြံထဲရောက်တော့ ပန်းရနံ့တို့က ခပ်သင်းသင်း၊ မြက်ခင်းထက်လှဲချလိုက်မိ၏။ ဒီမြက်ခင်းပေါ်မှာ သားဗိုလ်နဲ့နီနီ ရင်ချင်းအပ်ကျိစယ်နေခဲ့တာလေ။ မျက်လုံးအစုံကို မှိတ်လိုက်သည်။

ဘယ်သူ့ကိုမှ ကိုယ်ထပ်ချစ်ဖို့ ရည်ရွယ်မထားပါဘူးနီနီ၊ ဒါပေမဲ့ မင်းက ကိုယ့်အနီးဆုံးကို ရောက်လာခဲ့တာလေ။ မင်းနဲ့ကိုယ် စတွေ့တုန်းက နှစ်ယောက်သား ထွေးပွေ့ပြီးသားအခြေအနေပါ။ ကိုယ့်လည်ပင်းကို ပတ်ခဲ့တဲ့ မင်းဆံနွယ်တွေဆီက ရှမ်ပူနံ့သင်းသင်းကို ယခုတိုင်ကိုယ်သတိရနေဆဲပါပဲ၊ မင်းခြေထောက်သွယ်သွယ်လေးကို ကိုယ်အရင်ဆုံး ကိုင်ခွင့်ရခဲ့တာပါ။ ဒါတွေကို မင်းမှတ်မိနေပါ့မလား။

ကိုယ့်အပေါ် နွဲ့ဆိုးဆိုးဝံ့တာ မင်းစိတ်ထဲ သန့်ရှင်းလို့ပေါ့နော်။ ရင်ခွင်ထဲ ထွေးခနဲရောက်လာတဲ့ မင်းကိုယ်နံ့သင်းသင်းလေးကို ကိုယ်စွဲလမ်းမိနေပါရောလား၊ ခက်ပြီကလေးရယ် ... အသက်နှစ်ပြန်စာကွာလွန်းတဲ့ မင်းကို အခုလိုစိတ်ရိုင်းတွေဝင်လာမိတာ ကိုယ့်ကိုယ်ကိုယ်သိပ်ရှက်ပါတယ်။ ဒါပေမဲ့ ဒါပေမဲ့ပေါ့ကွယ် ...

ကိုယ်ဆင်ခြင်ရမှာပေါ့။ အနေအထိုင် အပြောအဆို အကြည့်တွေကအစ ကိုယ်ဆင်ခြင်ဖို့ ဝတ္တရားရှိခဲ့ပြီး မင်းရဲ့မိဘတွေအမြင်မှာ





ယ့်အမြင်မှာ ပြီးတော့ သားဗိုလ်ရဲ့အမြင်မှာ မင်းအပေါ် ကိုယ်ဖြူစင်ပြင်ဆင်သင့်ပါပြီ။ ဖြစ်နိုင်ရင် မင်းနဲ့အဝေးဆုံးကို ကိုယ်ထွက်ပြေးက်ချင်ပြီကလေးရယ်။ ကိုယ် ဒီနေရာကိုပြောင်းလာမိတာ ကိုယ့်သတွင်းကိုယ်တူးသလို ဖြစ်နေပြီလား။

စိန့်နဲ့ပတ်သက်ပြီး သေဆုံးသွားခဲ့တဲ့နှလုံးသားဟာ ဘယ်အချိန်တည်းက ကိုယ့်ရင်ထဲ ခုန်ပေါက်လာသလဲဆိုတာကိုတောင် ကိုယ်တိမထားမိခဲ့ဘူး။ မင်းနဲ့ပတ်သက်လာရင် မင်းရဲ့အန္တရာယ်မှန်သမျှရှေ့က မားမားမတ်မတ်ရပ်တည် ကာကွယ်ပေးချင်ခဲ့တာ မင်းဘွက် သက်စွန့်ဆံဖျား ရန်ပွဲဆင်နွှဲခဲ့ရတာ၊ မင်းအတွက် အဆုံးစွန်သိ စိုးရိမ်ပူပန်နေခဲ့တာတွေဟာ အချစ်တဲ့လား ...

သေချာပါတယ် ... ဖျတ်ခနဲ ရှင်သန်လာခဲ့တဲ့ ကိုယ့်ရင်ထဲကချစ်သစ်ပင်ကို ကိုယ်ပြန်သတ်ရမှာအမှန်ပဲ။ ကိုယ့်အရွယ် ကိုယ့်ပညာသ့်သိက္ခာကို ကိုယ်ပြန်ငဲ့ကြည့်ရမှာလေ။ လူတွေကြားထဲမှာ ကိုယ့်ဘြင့် ကလေးကို ဝိုင်းပြီးမေးငေါ့ကြတာမျိုးကို မလိုလားပါဘူး၊ ဘွကို မင်းသိပါရဲ့လား။

စကားပန်းတစ်ပွင့်က ဝေ့ဝဲ၍ကြွေကျကာ သူ့ရင်ဘတ်ပေါ်လာ၏။ တိုက်ဆိုင်မှုလေလား၊ လှုပ်ခနဲခုန်သွားသည့် ရင်ခုန်သံနှင့်ားပွင့်လေးကို ခပ်ဖွဖွကိုင်လျက် သူ နမ်းရှိုက်လိုက်မိသည်။ ညဦးယံဘ့ဝါတို့၏အော်သံက ဟိုနားဒီနား နေရာအနှံ့မှ ကြားနေရ၏။ မှုံပြပြရောင်ကတော့ ထွန်းလင်းနေဆဲ။ လှဲနေရာမှ ထလိုက်တော့ သူမန်းဆီမှ ရိုပ်ခနဲဖြတ်သွားသည့် အရိပ်လေးကို တွေ့လိုက်ရ၏။ မအိပ်ဘူးလားကလေးရယ် ညဦးနက်နေပြီလေ ... ။

## (၂၄)

သားဗိုလ် အညှော်လုပ်နေသဖြင့် တစ်ဘက်ခြံသို့ ကူးလာခဲ့
ခြံထဲရှိ ဒန်းပေါ်ထိုင်လိုက်စဉ် သူမအသံစာစာလေးကို ကြားလိုက်ရ
သည်။

"အကြိုင်ရေ ဘယ်သူမှမရှိကြဘူးလား ... ဟပ်ချိုး ... "

"အကြိုင်ဈေးသွားတယ် နီနီရေ ... ဘာခိုင်းမလို့လဲ ... ဒီမှာ
ကြီးမြဟင်းရွက်သင်နေလို့ ... "

"နေနေ ... ဒုက္ခပါပဲ ... ဒီနေ့မှ အနံတီလေးကလည်း ကျောင်း
အစောကြီးသွားတယ် ... ဟပ်ချိုး ... အအေးတော့မိပါပြီ ... "

သူမက တဘက်တစ်ထည်ဖြင့် ခေါင်းသုတ်ရင်း အိမ်ရှေ့ထွက်
လာတော့ သူ့ကိုမြင်သွားလေသည်။

"ဟာ ... ဦးရောက်နေပြီ ... အတော်ပဲ ... နီ့ကို ခေါင်းသုတ်ပေး





ဦး ... "

"ဟောဗျာ ... ဘယ်လိုဖြစ်ရတာလဲ ... "

"ခေါင်းမကြည်လို့ လျှော်လိုက်တာဦးရဲ့ ... နီ့ဆံပင်တွေ နီမနိုင်
... ခဏလေး ... တဘက်နောက်တစ်ထည်သွားထပ်ယူလိုက်ဦး
မယ် ... "

သူမ အိမ်ပေါ်သို့ ပြန်ပြေးတက်လိုက်ပြီး ဗီရိုထဲမှ တဘက်တစ်
ထည်ကို ထပ်ယူလိုက်ပါသည်။ အိမ်ရှေ့ဒန်းပေါ်ထိုင်နေသည့် သူ့လက်
သို့ တဘက်ကိုထည့်ပေးလိုက်ပြီး မြက်ခင်းပေါ်ထိုင်ချလိုက်ပါ၏။
တဘက်ကိုဖြန့်လိုက်ပြီး သူမဆံပင်လေးတွေကို စတင်သုတ်ပေးပါ
သည်။ သူမ ဖျတ်ခနဲ လှည့်ပြောလိုက်၏။

"ဦး ... ဖြည်းဖြည်းလည်းသုတ်ဦးနော် ... တော်ကြာ လက်
ထဲက သွေးပြန်ထွက်နေဦးမယ် ... "

"အင်းပါ ... "

ခပ်ဖြည်းဖြည်း သုတ်ပေးနေရင်း အဖျားအထိရောက်လာသည်။
ဘားမျှင်လို နူးညံ့ပျော့ပျောင်းနေသည့် ဆံနွယ်တို့က သူ့ပေါင်ပေါ်
ရောက်နေလျက်သား။ စံ ဆံနွယ်တွေတောင်မှ သူ တစ်ခါမှ မကိုင်ခဲ့ဘူး
အခုတော့ဖြင့် မထင်မှတ်ဘဲ သူမ၏ဆံပင်တွေကိုမှ သူသုတ်ပေး
နေပါရောလား။

"ဦး ... "

"ဟင် ... "

"မွှေးလား ... "

"ဘာကိုလဲ ... "

"ရှမ်ပူနံ့လေ ... "

"ဘာမှမရပါဘူး ... "

"နို့ရှမ်ပူက မွေးကြည့်မှသိတာဦးရဲ့ ... "

"ကဲ ... ငြိမ်ငြိမ်နေပါနီနီရယ် ... အတွင်းဘက်တွေကျန်နေ
သေးတယ် ... "

သူပြောလိုက်တော့ သူမက ငြိမ်ငြိမ်လေးနေပေးလိုက်ပါသည်
အတော်ကြာကြာသုတ်ပြီးသွားတော့ သူက ပါးဖြင့် အသာလေးက
ကာ ရေခြောက်မခြောက် စစ်လိုက်၏။ ပါးမှာ ရေမစိုမှ စိတ်တိုင်းကျ
သွားရသည်။

"ရပြီ ... "

"ရရင် ဆံပင်ရှင်းပေးဦးနော် ... "

သူ့လက်ထဲ ဘီးကျဲတစ်ချောင်းရောက်လာ၏။ ခက်တော့နေ
ပြီနီနီရယ်။ ကိုယ်က မင်းနဲ့ဝေးဝေးနေဖို့ ညကပဲ ဆုံးဖြတ်တယ်။ အ
မနက်ကျတော့ မင်းက ကိုယ့်အနီးကပ်နေတော့တာပါပဲလား။

"အား ... နာတယ်ဦးရ ... "

"ဉီဖ ... ဉီဖ"

သူမက သူ့နှုတ်မှ ချော့သံကိုကြားလိုက်၍ ပြုံးလိုက်မိသည်
နို့ဦးက အရမ်းလိမ္မာတာပဲနော်။ နီလုပ်ခိုင်းတာမှန်သမျှ အကုန်လို
လုပ်ပေးနေတော့တာပါပဲလား။ ခေါင်းဖြီးပြီးသွားစဉ် အကြိုင်ရေ
ပြန်လာသဖြင့် သူမက တဘက်နှင့်ဘီးကိုပေးလိုက်လေ၏။ ပြီးနော
သူနှင့်အတူ ဒန်းပေါ်မှာတက်ထိုင်လိုက်လေသည်။

"ဦး ... "

"ရော် ... ဘယ်လိုဖြစ်လို့ ခဏခဏခေါ်နေတာလဲ ... "

"ခေါ်လို့ကောင်းတာကိုးလို့ ... "





"ကိုယ်အညှော်ရှောင်ရင်းလာခဲ့တာ ... ခဏနေပြန်မှာနီနီရဲ့"

"နေပါဦး ဦးရာ ... နီနဲ့အေးအေးဆေးဆေး စကားမပြောဖြစ်
ာ ဘယ်လောက်ကြာပြီလဲ ... ဗိုလ်ရောက်လာပြီးကတည်းက သူနဲ့ပဲ
ာင်ဂျိန်ချနေရတာ ... "

"နီနီပျော်တယ်မဟုတ်လား ... "

"ဟွန်း ... ဝေးသေး ... "

သူမက သူ့လက်ဝါးတစ်ဖက်ကို ကိုင်လိုက်၏။ သူ အသာလေး
ခံနေလိုက်ရသည်။

"ဦးလက်ကဝလေးတွေက အနုပညာသမားလက်လိုပဲနော် ...
ဘယ် ... ဒီလက်တွေက ကရာတေးပညာလည်းတတ်တယ် ...
တော့ လူတွေရဲ့အသက်ကိုလည်း ကယ်တင်နိုင်တယ် ... တန်ဖိုးရှိ
က်တာ ... "

"ဟင်းဟင်း ... ရူးပေါ့ နီနီရယ် ... "

"ဟင် ... အဟုတ်ပြောနေတာပါဦးရဲ့ ... နေဦး ... ဦး စန္ဒရား
းတတ်လားဟင် ... နီတို့အိမ်က စန္ဒရားကိုအမြဲကိုင်ကိုင်နေပြီး
ဘူ"

"တီးတော့တီးတတ်တယ် ... ဒါပေမဲ့ မတီးချင်တော့ဘူး"

"ဘာလဲ ... ဦးရဲ့ချစ်ချစ်ကို သတိရမှာစိုးလို့လား ... "

သူ ရုတ်တရက် လက်ကိုပြန်ဆွဲယူလိုက်ပါ၏။ မင်း တမင်ပဲ
ပေးလိုက်တာလားနီနီရယ်။ ကိုယ် စုံကို မေ့ထားချင်တာ တမင်
ခုံကိုသတိရနေတဲ့အချိန်တိုင်းမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်
သာ ဖြစ်လာတတ်တာမို့ ကိုယ် သတိမရချင်တာပါနီနီ။ ဒါကိုမင်း
ျက်နဲ့များ တမင်တကာ ပြောလိုက်တာလားကွယ် ...

"ဦး ... နှီ့ကို စိတ်ဆိုးသွားတာလားဟင် ... "

"မဆိုးပါဘူး ... "

"မဆိုးဘူးသာပြောတယ် ... ဦးမျက်နှာက အရမ်းတည်သွားတာပဲ ... ဦး အဲဒီလိုမျက်နှာမျိုးဖြစ်သွားရင် နှီမနေတတ်ဘူး ... နှီ ငိုချင်လာပြီနော် ... "

"ကိုယ် ... ပြန်တော့မယ်နှီနှီ ... ဒီအချိန်လောက်ဆို အညှော် လုပ်တာ ပြီးလောက်ပါပြီ ... "

သူ ဒန်းပေါ်မှထရပ်လိုက်၏။ သူမက ဝေ့တက်လာသည့် မျက်ရည်တို့ဖြင့် သူ့ကို ငေးကြည့်နေမိသည်။ သူက တစ်ဘက်ခြံသို့ ခပ်မှန်မှန်ခြေလှမ်းတို့ဖြင့် ပြန်သွားလေ၏။ ဒီလိုနဲ့ တဖြည်းဖြည်းဝေးကြရတော့မှာလားဦးရယ်။ ဦးရင်ထဲက အလွမ်းတွေက အခုချိန်ထိ မပြယ်သေးဘူးလား။ နှီက နှီက ဦးရင်ဘတ်ထဲထိရောက်ဖို့နေနေသာသာ ဦးရဲ့ အိပ်မက်တွေထဲကိုတောင် လာခွင့်မရှိဘူးပေါ့နော်။

နှီ့အတွက် စိုးရိမ်ပူပန်ခဲ့တာတွေဟာ ဘာလဲ ... နှီ့အတွက် အသက်ကိုတောင်မမှုဘဲ ကာကွယ်ခဲ့တာကရောဘာလဲ ... လျှပ်တစ် ပြက်မြင်ရတတ်တဲ့ သံယောဇဉ်တွေက ခဏတဖြုတ်ပဲလား ဦးရယ်။ နှီ မက်လေ့ရှိတဲ့အိပ်မက်တွေထဲမှာ ဦးဟာ နှီ့ရဲ့မင်းသားလေးပါ။ ဦးသာ နှီ့ရဲ့ Hero လေ။ ဦးသာ နှီ နားခိုမှေးစက်ရာ ဘုံဗိမာန်လေးတစ်ခုဆိုတာ တွေကို ဦးသိခွင့်ရှိအောင် နှီ ဘယ်လိုပြောရမလဲ။

အိမ်ထဲသို့ နှေးကွေးစွာဖြင့် ပြန်ဝင်ခဲ့တော့ ဖုန်းသံက မြည်လာ၏။ သူမ ထိတ်ခနဲ ဖြစ်သွားမိသည်။ ဘယ်သူများလဲ။

"ဟဲလို ... "

"နှီနှီ ... ငါပါ ဒါဒါ ... "





"ပြောလေဒါဒါ ... "

"ဟဲ့ ... သဘက်ခါ ကျောင်းတွေစဖွင့်ပြီလေ ... အဲဒါ နှင့်ကို တိပေးတာ ... "

"ငါသိပါတယ် ... ဒါပေမဲ့ ငါ နှင်တို့နဲ့ ဖယ်ရီစီးလို့မရတော့ဘူး၊ ဒီက ငါ့ကို ကြိုပို့လုပ်ပေးမှာတဲ့ ... "

"ဟယ် ... နှင်ကလည်း ... အေးလေ ... အဲဒါပဲ နှင့်အတွက် ကောင်းပါတယ် ... "

"နှင်တို့အားရင် ငါ့ဆီလာလည်ကြဦးလေဟာ ... "

"အာ ... မျှင်းစရာကြီး ... ငါနဲ့ပုလဲ Shopping ပဲထွက်နေကြ ... "

"နှင်တို့ ငါ့ကို တစ်ယောက်တည်း ပစ်ထားရက်တယ်ပေါ့လေ"

"နှင့်မှာ ဦးတစ်ယောက်လုံးရှိတာပဲ ... ဒီကြားထဲ ဗိုလ်က ည်း အပန်းပြေရှိသေးတာ ... "

"အဲဒီ ဦးက သံချောင်းကြီးလို မာတောင့်နေတာဟဲ့ ... ငါ မှ လုပ်လို့မရတော့ဘူး ... "

"နှင်ပဲ မရ ရအောင်လှုပ်ပြမယ်ဆို ... "

"ငါ့မှာ အင်အားမရှိတော့ပါဘူး ဒါဒါရယ် ... နှင်တို့ကတော့ ကွယ်ရာမှာလှောင်နေကြမှာပဲ ... ငါ ... ငါ ... ဦးကို တကယ် နေတာပါ ... နှင်တို့ကို ငါအပြောင်အပျက်ပြောနေတာမဟုတ်ပါ ငါ့ရင်ထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲကြီးကို မြတ်နိုးနေမိတာ၊ ရင်ခွဲပြီးပြလို့ရရင် ပြလိုက်ချင်တာပဲ သိလား ... "

"ဟယ် ... မလုပ်ပါနဲ့နှီနှီရယ် ... ငါနားလည်ပါတယ် ... ဖူးစာ တစ်နေ့ နှင့်ကို နှင့်ဦး ပြန်ချစ်မှာပါဟယ် ... နှင့်ဘက်ကသာ

သူ့ကို မေတ္တာမှန်မှန်ပို့ ... ကြားလား ... နင့်ဦးက နင့်ကိုမရိုးမသား စိတ် မထားပေမဲ့ သံယောဇဉ်တော့ တော်တော်ကြီးရှာပါတယ် ... သူ့မျက်ဝန်းထဲမှာ နင့်ကိုကြည့်လိုက်တဲ့အခါ အရောင်လေးတွေ လက်နေတာ ငါမြင်ဖူးတယ်ဟဲ့ ... ဗိုလ်ကတော့ တစ်မျိုးပေါ့ ..."

"ကျေးဇူးတင်ပါတယ် ဒါဒါ ... တကယ်ပါ ... ငါ အားတွေယုတ်နေတာ ပြန်ပြည့်သွားသလိုပဲ ... ကဲ ... သဘက်ခါ ကျောင်းမှာတွေ့ကြမယ်နော် ..."

"အေး ... ဒါပဲ ..."

သူမ ဖုန်းချလိုက်ပြီး အပေါ်ထပ်သို့တက်ခဲ့စဉ် လှေကားမှာ ကြမ်းတိုက်၍ ဆင်းလာသည့် အကြိုင်နှင့်တိုးတော့၏။ အကြိုင်က ရေဇလုံဖြင့် ဆင်းလာစဉ် ခြေချော်ကာ ဇလုံကို လွှတ်ချလိုက်ပြီး လှေကားလက်ရန်းကို ဆုပ်ကိုင်ထားလိုက်ပါသည်။

"အား ..."

"ဗွမ်း ..."

"ဟာ ... အကြိုင်တော့ လုပ်ချလိုက်ပြန်ပြီ ... ဒီမှာ နို့တစ်ကိုယ်လုံး ကျီးရေတွေရွှဲကုန်ပြီ ... နီ ရေချိုးပြီးသားဟဲ့ ... သွားပါပြီ"

"ကန်တော့ ... ကန်တော့ပါ မမလေး ... အကြိုင်ခြေချော်သွားလို့ပါ ..."

"အေး ... နင့်ဇက်မကျိုးတာ ကံကောင်း ... သွား ... ရေလည်းကွဲပြီ ... လှေကားကို မြန်မြန်ခြောက်အောင်ပြန်သုတ် ... တော်ကြာ ထပ်လဲနေကြဦးမယ် ..."

ကျွတ် ... ရေတော့ ထပ်ချိုးရတော့မှာပဲ။ သူမ ရေချိုးခန်း ဝင်ခဲ့လေ၏။ ဆံပင်တွေပါ စိုကုန်သဖြင့် နောက်ထပ်တစ်ကြိမ် ရေ





က်သွက်ချိုးကာ ခေါင်းထပ်လျှော်ရတော့သည်။ ရေချိုးခန်းက ထွက် တော့ နှာချေသံက မစဲတော့။ ကော်ဖီတစ်ခွက်နှင့် ဆေးတစ်လုံး သောက်ကာ အိပ်ရာထဲခွေနေတော့သည်။ မနက်စာတောင် မစား ပ်။ နာရီက နှစ်နာရီထိုးသံလား မျက်ခွံတွေအလိုလိုလေးလာ၏။ ခေါင်းထဲမှာ ပူခြစ်နေသည်။ ကိုယ်လက်တွေ ကိုက်ခဲလိုက်တာ။ ပင်တွေကိုလည်း ခြောက်တဲ့အထိမသုတ်နိုင်တော့။ စောင်ကိုသာ ခြုံလျက် ကွေးကွေးလေးအိပ်နေမိ၏။

သဘက်ခါကျောင်းတက်ရင် ဦးအကြိုက် အဝါနုရောင်ဝတ်စုံ သစ်လေးဝတ်သွားမည်။ ပန်းတော့ မပန်တော့ပါဘူး။ တော်ကြာ ချစ်သူကို ပြန်သတိရနေမှအခက်။ တစ်နေ့တစ်နေ့ ထဘီမကျွတ်ကျ အောင် ဝတ်ကျင့်နေရသည်ကအမော။ ထဘီခေါက်ပေးရသည့် အကြိုင် တော့မသိ၊ ဝတ်ကျင့်သည့် သူမမှာတော့ လက်တွေကို ညောင်း ၏။

ကျောင်းကို ဦးကြိုပို့လုပ်ပေးရင် သိပ်ကောင်းမှာပဲ။ ဟင်း မဖြစ် ပါဘူး။ ဦးမှာလည်း ဆေးခန်းကတစ်ဖက် ဟိုကောင်ဗိုလ်နဲ့တော့ ိုင်း နှောင်ကြိုးချနေရဦးမှာပဲ။ ဘာပဲပြောပြော ဗိုလ်က သူမအပေါ် တော့ စေတနာကောင်းကောင်းထားရှာသား။ ဒါပေမဲ့ လစ်ရင်လစ် သလို ရှိသဲ့သဲ့လုပ်တာကိုတော့ သူမ စိတ်ညစ်ရ၏။ အား ... ခေါင်းထဲ ခဲနေတာပဲ။ မျက်စိတွေပါ ပူလာပါလား။ မှေးခနဲ သူမ အိပ်ပျော် လေသည်။

# (၂၅)

ဆံပင်ရှည်တို့ကိုဆေးအနက်ထပ်တင်လိုက်သဖြင့် နက်မှောင်ကာ ပြောင်တက်လာသည်။ နှုတ်ခမ်းဖူးဖူးလေးကို ပန်းရောင်အရောင်တင်ပေးပြီး ပန်းချီကားကို နောက်နည်းနည်းဆုတ်၍ ခပ်ဝေးဝေးကြည့်လိုက်၏။ မျက်ရည်ဥတို့ ခိုတွဲ၍ ဝမ်းနည်းမှုဖြစ်တည်နေသည့် ဟန်လေးကအပြည့်။ ရင်ထဲမှာ အေးချမ်းစေတဲ့ အလှလေးပါလား ကလေးရယ် တဖြည်းဖြည်းနဲ့ မင်းအတော်လေး တည်ငြိမ်လာတာကို ကိုယ်မြင်နေသိနေပါတယ်။ ဒါပေမဲ့ ဒီအလှဟာ ကိုယ့်အတွက်မဟုတ်ဘူးပေါ့နော်။

သက်ပြင်းတစ်ချက်ကိုချလိုက်ရင်း စုတ်တံကိုဆေးလျက် ဘူးထဲမှာထောင်ထည့်လိုက်သည်။ အခန်းတံခါးကိုဖွင့်ထွက်ကာ တံခါးကို ock ချလိုက်စဉ် အိမ်ပေါက်ဝမှ စပယ်ပေါ်လာလေ၏။ အဖြူအစိမ်းဆင်





သဲရသေးဘဲ ရေးကြီးသုတ်ပျာဟန်ကြောင့် သူ့ရင်ထဲ ဒိတ်ခနဲဖြစ်သွားသည်။

"ကိုခန့် ... နီနီ ... နီနီ"

"နီနီ ဘာဖြစ်လို့လဲစပယ် ... "

"ခေါ်လို့မရတော့ဘူး ... ကိုယ်တွေလည်းပူခြစ်နေတာပဲ"

"ဟာ ... ကျွတ် ... အအေးမိဖျားပြီထင်တယ် ... "

"အကြိုင်ပြောတာတော့ ရေနှစ်ခါချိုးပြီး ခေါင်းနှစ်ခါလျှော်တယ် ... "

"ဖြစ်ရမယ် ... နေဦး ... ကိုယ် ဆေးသေတ္တာယူလိုက်ဦးမယ်"

သူ ဆေးသေတ္တာကိုယူ၍ စပယ်နှင့်အတူ တစ်ဘက်အိမ်သို့ ကူး၏။ လှေကားထစ်တွေကို ခပ်မြန်မြန်တက်ခဲ့ပြီး သူမအခန်းထဲသို့ ခဲ့တော့ အိပ်ရာထဲမှာ ကယောင်ကတမ်းပြောနေသည့် သူမကို တွေ့သည်။

"ရေပတ်တင်ဖို့လုပ်ပါစပယ် ... ရေခဲရှင် ရေခဲနဲ့လုပ်ပေးပါ"

"အင်း ... အင်း"

စပယ်အောက်ထပ်ပြန်ဆင်းသွား၏။ သူ Thermometer ကို သူမ ပ်ထဲထည့်တိုင်းလိုက်တော့ အဖျားက 104°F ... ဟား ... တော် အပူရှိန်များနေတာပဲ။ တစ်ခါသုံးအပ်ကို Packing ဖြဲ၍ ဆေးး စပ်ကာ ထိုးပေးလိုက်သည်။

စပယ်က စတီးဇလုံနှင့် ရေခဲတုံးယူလာပြီး ဗီရိုထဲမှ ချွေးသုတ် စ်ထည်ကိုထုတ်လိုက်သည်။

"ကိုယ်လုပ်ပေးထားမယ် စပယ် ... ယူနီဖောင်းသွားလဲဦး ... နေ သူချွေးထွက်လာရင် အဝတ်လဲပေးဖို့ပြင်ထား ... "

"ဒါဖြင့် ခဏနော် ကိုခန့် ..."

စပယ် တစ်ဘက်ခန်းကို ဝင်သွားတော့ သူက သူမနဖူးပေါ် ရေပတ်တင်ပေးပါ၏။ အဖျားတက်နေချိန်မို့ ခေါင်းက မငြိမ် ဟိုဒီယိမ်းနေသဖြင့် သူ ခုတင်ပေါ်ဘေးတိုက်ထိုင်လိုက်ရင်း သူမမေးဖျားလေးကို ထိန်းကိုင်ထားပေးရသည်။ ပူခြစ်နေသည့် လက်ကလေးတစ်ဖက်က သူ့လက်ကိုလာထိ၏။ သူ သူမလက်ကလေးကို အသာဆုပ်ထားလိုက်မိသည်။ သေးသေးသွယ်သွယ်လက်ကလေးက သူ့လက်ထဲမှာ ပျောက်သွားရ၏။ ခဏအကြာ စပယ်ပြန်ဝင်လာသည်။

"ဆံပင်တွေ မခြောက်သေးဘူးထင်တယ်စပယ် ... Dryer နဲ့ လုပ်ပေးပါ ..."

စပယ်က ခေါင်းရင်းမှာထိုင်၍ သူမဆံပင်တွေကိုဖြန့်ပြီး Dryer မှုတ်တော့ ရေပတ်တင်ခြင်းကို သူရပ်ပစ်လိုက်ပါသည်။ သူမလက်ကလေးက သူ့လက်ကို ဆုပ်ကိုင်ထားဆဲ သူ သူမ လည်ပင်းနေရာလေးကို လက်ဖြင့်စမ်းလိုက်၏။ ချွေးတို့စထွက်နေလေပြီ။

"အဝတ်လဲပေးတော့စပယ် ... သူနိုးရင် အစာတစ်ခုခုကျွေးပြီး ဆေးတိုက်ရအောင် ... Pneumonia ဖြစ်မှာ စိုးရတယ် ..."

"ဒုက္ခပါပဲ ... ကိုကိုနဲ့မမက မန္တလေးသွားတာ သုံးရက်ကြာမယ် စပယ်ကလည်း ကလေးတွေ စာမေးပွဲနီးနေလို့ ခွင့်ယူလို့မရဘူး"

"မစိုးရိမ်ပါနဲ့ စပယ်ရယ် ... ကိုယ်တစ်ယောက်လုံးရှိနေတာကို စိတ်အေးအေးထား ... ညဘက်လည်း ကိုယ်ပိုင်းစောင့်ပေးမယ် — ကဲ ... အဝတ်လဲပေး ..."

သူ အသာရှောင်၍ အောက်ထပ်ကိုဆင်းခဲ့သည်။ အကြိုင်က နောက်ဖေးခန်းမှ ထွက်လာ၏။





"အကြိုင် ... နင့်မမဖို့ ကော်ဖီဖြစ်ဖြစ် တစ်ခုခုလုပ်ပေး"

"မမလေးက ကော်ဖီမကြိုက်ဘူး ဦးဦးရဲ့ ..."

"ဒါဖြင့် ဘာကြိုက်တာလဲ ..."

"Teamix ..."

"မဖြစ်ဘူး ... ပြန်အန်လိမ့်မယ် ..."

"နွားနို့တော့ကျိုထားတယ် ... ကြီးမြ ဆန်ပြုတ် ပြုတ်နေပြီ"

"ဘာနဲ့ပြုတ်တာလဲ ..."

"ဒီအတိုင်းအလွတ်ပဲ ... ငါးကြော်နဲ့ကြက်ဥကြော်ရှိတယ်"

"အေးအေး ... နွားနို့အရင်ယူလာပေးနော် ..."

"ဟုတ်ကဲ့ ..."

သူ လှေကားမှ ပြန်တက်လာ၏။ စပယ်က သူမကို အဝတ်လဲပြီး စောင်အထူပြန်ခြုံပေးသည်။

"စောင်အပါးလေးနဲ့လဲလိုက်ပါစပယ် ... သိပ်ထူရင် မကောင်း ..."

ခဏအကြာ အကြိုင် နွားနို့ပန်းကန်လုံးနှင့် ရောက်လာ၏။ ...ံမှနာရီကိုကြည့်လိုက်သည်။

"နှိုးပြီး ဆေးတိုက်ရအောင်"

စပယ်က ခုတင်ပေါ်ထိုင်၍ သူမကို အသာလှုပ်နှိုးလိုက်၏။ ...ံစိက မဖွင့်ချင်ဖွင့်ချင်ဖြင့် သူမ နိုးတစ်ဝက်ထထိုင်သည်။

"ဆေးသောက်ရအောင်နိနိ ... နွားနို့အရင်သောက်ဦး"

စပယ်က နွားနို့ပူပူကိုမှုတ်၍ သူမကို ကိုယ်တိုင်တိုက်၏။ ...ကန်လုံးတစ်ဝက်ရောက်စဉ်မှာ ခုတင်ဘေးသို့ကိုင်းလျက် သူမ ...ချလိုက်လေသည်။

"ဝေါ် ... "

"ဟယ် ... ဒုက္ခပါပဲ ... အကြိုင် ... ထွေးခံယူခဲ့ဦး"

သူက ရေသန့်ဘူးထဲမှရေကို ဖန်ခွက်ထဲ ငှဲ့ထည့်လိုက်ပြီး စပယ်ကို လှမ်းပေးလိုက်ပါ၏။

"ပါးလုပ်ကျင်းနိုင်းလိုက် ... ခဏပြန်မှေးထားဦး ... ဆေးမဝင်လို့မဖြစ်ဘူး ... "

ခုတင်ပေါ် ပြန်လှဲချရင်း သူမ ခေါင်းလေးကို ခါယမ်းပြလိုက်၏။ စပယ်က သူမ အန်ထားသည်တို့ကို အကြိုင်နှင့်အတူ ကျုံးနေသဖြင့် ခုတင်ပေါ်တက်ထိုင်ကာ ခပ်တိုးတိုးမေးလိုက်ပါသည်။

"ဘာလဲနီနီ ... ဘာကိုပြောတာလဲ ... "

"နို့မသောက်ချင်ဘူး ... "

"တစ်ခုခုစားမှပေါ့နီနီ ... ဆေးသောက်ရမယ် ... အစာမရှိရင် နီနီအစာအိမ်ပေါက်မှာ ... ကိုယ်ပြောတာ နားလည်လား ... "

"ဟင့်အင်း ... ဘာမှ မစားချင်ဘူး ... "

"မစားလို့ မရဘူးလေ ... ကလေးက လိမ္မာပါတယ် ... ဆန်ပြုတ်သောက်ချင်လား ... ကြိုးမြပြုတ်ထားတယ် ... သောက်လိုက်နော် ... "

"ဟင့်အင်း ... "

"ကျွတ် ... ခက်တာပဲ ... "

"အကြိုင် နင့်ဦးကို ထမင်းကျွေးဖို့သွားပြင် ... ဗိုလ်ကိုသွားခေါ်ဦး ... ဦး အိမ်မှာပဲအိပ်မှာလို့ ... အိမ်တံခါးတွေသေချာပိတ်အိပ်လို့ကြားလား ... "

"ဟုတ်ကဲ့ အန်တီလေး ... "





"ဘာမှမလုပ်နဲ့အကြိုင် ... ကိုယ်စားလို့ရမှာမဟုတ်ဘူး ... နီနီ့အတွက် ဆန်ပြုတ်သာ များများလေးထည့်လာခဲ့ ... "

"ဟင် ... မစားချင်ဘူးဆို ... "

"ကိုယ်နဲ့အတူတူစားမယ်လေ ... မစားဘူးလား"

သူမ အသံလေးတိတ်သွားသည်။ စပယ် ... ပြုံးလိုက်ပါ၏။ သရောဝန်နှင့်လူနာကတော့ အပေးအယူတည့်သား။ သူမ ခေါင်းကိုတ်လိုက်ပါသည်။

"ဒါဆို စပယ်ထည့်လာပေးမယ် ... အကြိုင် ... နင့်အစ်ကိုကိုးပြော ... "

စပယ်တို့ အောက်ထပ်ဆင်းသွားတော့ သူက သူမကို ခုတင်မှီထိုင်စေသည်။ ခေါင်းအုံးကိုထောင်၍ သူမကို ထူမပြီး မှီခိုင်းစဉ်င်သက်ငွေ့ငွေ့က သူမနဖူးလေးကို ရှပ်တိုက်သွား၏။ သူမရင်ထဲဟိုက်နေရာမှ နွေးခနဲဖြစ်သွားမိသည်။

စပယ်က လင်ဗန်းတစ်ချပ်ကိုင်၍ အခန်းထဲပြန်ရောက်လာ၏။ ခုတင်ဘေးစားပွဲနေရာကို ရှင်းပေးလိုက်သည်။

"စပယ်ကျွေးမယ်လေ ကိုခန့် ... "

"ရတယ် ... ကိုယ်ပဲခွံ့ကျွေးပါ့မယ် ... စပယ်လည်းဆာရောပေါ့၊ ဘာကတည်းက မောမောနဲ့လုပ်ပေးနေရတာ ... "

"ဒါဆို စပယ် ထမင်းသွားစားဦးမယ် ... သူ့ကို ဆေးတိုက်ပြီးကိုခန့်နားတော့နော် ... စပယ်ဆက်စောင့်ပေးမယ် ... "

"အင်းပါ ... "

သူ မှန်တင်ခုံပေါ်ရှိ ဘူးထဲမှ ခေါင်းစည်းကြိုးတစ်ကွင်းကိုယူ၍ ဆံပင်တွေကို ဖြီးသင်ကာ စည်းပေးလိုက်၏။ ဆန်ပြုတ်ပန်းကန်

လုံးထဲသို့ ငါးကြော်ကို ဇွန်းခက်ရင်းဖြင့် နှာကာထည့်ပြီး သူမကို ခွံ့ကျွေးသည်။

"ဦးရော တကယ်စားမှာလား ..."

"စားမှာပေါ့ ..."

"ဒါဖြင့် ဦးအရင်စား ..."

သူ နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး ဆန်ပြုတ်တစ်ဇွန်းကို သူမကျေနပ်အောင် သောက်လိုက်ပါ၏။ ပြီးမှ သူမကို တစ်ဇွန်းပြီးတစ်ဇွန်းခွံ့ကျွေးသည်။ သူမက လက်ကာပြရင်း သူ့ကိုသောက်ခိုင်းပြန်၏။ တစ်ယောက်တစ်လှည့်သောက်ရင်းဖြင့် ဆန်ပြုတ်တစ်ပန်းကန် ခဏလေးနှင့် ကုန်သွားပါသည်။ စပယ်ထားပေးသွားသည့် ဓာတ်ဘူးထဲမှ ရေနွေးကို အေးအောင်မှုတ်ကာ သူမကိုဆေးတိုက်လိုက်၏။

"ချက်ချင်းပြန်မလှဲနဲ့ဦးနီနီ ... တော်ကြာ အကုန်ပြန်အန်ထွက်လိမ့်မယ် ... ခဏထိုင်ဦး"

သူမက ခေါင်းကို ခပ်စောင်းစောင်းလေးမှီထိုင်ရင်း ... မျက်တောင်လေးစင်းလျက် ငြိမ်နေသည်။ နဖူးပေါ်ဝဲကျနေသည့် ဆံစလေးများကို သူ သပ်တင်ပေးလိုက်တော့ သူမ တီးတိုးပြောလာ၏။

"ဘာပြောတာလဲ နီနီ ... ကိုယ်မကြားရဘူး ..."

"ကြာသပတေးနေ့ ကျောင်းတက်ရမယ် ..."

"နေကောင်းမှ တက်လို့ရမှာပေါ့ ..."

"ဦးလိုက်ပို့ပေးပါလားဟင် ..."

"လိုက်ပို့မယ် ... နေကောင်းအောင်နေ ... ဟုတ်လား"

သူမ ခပ်နွမ်းနွမ်းလေးပြုံးလိုက်မိသည်။ နေမကောင်းဖြစ်နေသည့်အလိုလိုက်နေတာလားဦးရယ်။ နီ နေပြန်ကောင်းသွားတာနဲ့ ဦးဆီက





*you are the one I love.*
*When the blue right is over my face*
*on the dark side of the world in space*
*when I'm all above with the stars above*
*you are the one I love.*

*When I'm all alone with the stars above*
*you are the one I Love ... '*

သူမမျက်နှာပေါ်မှ ကျေနပ်ပြုံးကို သူတွေ့နေရ၏။ ဆုပ်ကိုင်းသည့်လက်ကို ထပ်တိုး၍ တင်းတင်းဆုပ်လျက် သူမ မျက်လုံးများ တဖြည်းဖြည်းမှေးစင်းလျက် အိပ်ပျော်သွားတော့သည်။ ပွင့်သံနှင့်အတူ စပယ်အခန်းထဲဝင်လာ၏။ သူ့အနီးမှာ Dreamဘစ်ခု ချပေးပါသည်။

"ကိုခန့် ဒီမှာလှဲနော် ..."

"စပယ်ပဲအိပ်ပါကွာ ... ကိုယ် မျက်စိကြောင်နေလို့ အပြင်ခဏဦးမယ် ..."

"ကိုခန့်လည်း ပင်ပန်းနေပါပြီ ..."

"ရပါတယ်စပယ် ... မရင်းနှီးတဲ့သူစိမ်းတွေမှ မဟုတ်တာပဲ"

သူ ... သူမလက်ကလေးကို အသာဖြုတ်လိုက်ပြီး လသာဘက်ထွက်ခဲ့သည်။ လက ဒီညတော့ ထိန်ထိန်သာနေပါရောလေအေးတို့က သူ့ထံသို့ ခပ်ဖြည်းဖြည်းတိုက်ခတ်နေလေ၏။

***It is needed to be understandable for men and women. ithout understanding each other, everything will be fainted love.***

နားလည်မှုဆိုတာ ယောကျ်ားနဲ့မိန်းမနှစ်ဦးစလုံးအတွက် အမှန် ကယ်လိုအပ်ပါတယ် ... နားလည်မှုမရှိတော့ဘူးဆိုရင်တော့ ဘယ် ဘက်အထိ ချစ်ခင်ရင်းနှီးကြပါစေ အားလုံးဟာ မှေးမှိန်ဖျော့တော့သွား ပါပဲ ...

ရွှေပဒေသာစာပေ

## (၂၆)

အဝတ်အစားလဲ၍ အောက်ထပ်ကို ဆင်းခဲ့တော့ ညှော်ခန်း
ထိုင်စောင့်နေသည့် ဗိုလ့်ကိုတွေ့ရ၏။

"ဦးရော ..."

"ရေချိုးနေတုန်း ..."

"နင် မနက်အဆာပြေ ဘာစားပြီးပြီလဲ ..."

"ဟင့်အင်း ... ဘာမှမစားရသေးဘူး ..."

"ဒါဆို အိမ်နောက်ဖေးမှာသွားစားလေ ... အန်တီလေး ထ
ကြော်ပေးထားတယ် ... နီက ရင်ပြည့်မှာစိုးလို့မစားတော့ဘူး ...
နဲ့ ပေါင်မုန့်စားပြီးပြီ ... နင်ပြန်ထွက်လာရင် ထမင်းချိုင့်ယူလာခဲ့
နော် ..."

"အေးပါ ..."





သူမ အိမ်ဝရောက်တော့ လက်ထဲမှ နှင်းဆီဝါလေးကိုင်လျက်
ရောက်လာ၏။ သူမ နှစ်ခြိုက်စွာ ပြုံးလိုက်မိသည်။

"နီနီပန်ဖို့ ..."

"နီ ဆံပင်မကျစ်ရသေးဘူးလေ ဦးရဲ့ ..."

"စပယ်ရော ..."

"အန်တီလေးက စာမေးပွဲခန်းစောင့်ရမှာမို့ အစောကြီးသွားပြီ"

"နီနီ့ဟာနီနီကျစ်လေ ..."

"မကျစ်တတ်လို့ပေါ့ဦးရဲ့ ... စိတ်ညစ်လာပြီနော် ... ဒီဆံပင်
ညကြောင့် ခဏခဏဖျားရပေါင်းများပြီ ... လမ်းထိပ်ကဆိုင်မှာ
သုပ်မိတော့မယ် ..."

"အဲဒီလိုတော့ မလုပ်ပါနဲ့နီနီရယ် ... မိန်းကလေးဆိုတာ ဆံပင်
လေးနဲ့မှတင့်တယ်တာ ... ကဲ ... လာလာ ... ကိုယ်ပဲကျစ်ပေးပါ့
..."

သူမက ခုံပုလေးပေါ်ထိုင်၍ သူ့လက်ထဲသို့ ဘီးနှင့်ခေါင်းစည်း
အနက်လေးကို ပေးလိုက်ပါ၏။ သူက နောက်ကျောရှိ ဆက်တီမှာ
၍ သူမဆံပင်များကို စဖြီးသင်လိုက်သည်။ စုံဆံပင်တွေထက် နီနီ့
တွေက ပိုအုံထူသလိုပါပဲလား။

"ဦး ... ကျစ်ကျစ်လေးနော်"

"အေးပါ ... ငြိမ်ငြိမ်နေ ... ရွဲ့ကုန်တော့မှာပဲ"

သူ့လက်များက ပျော့ပျောင်းနက်မှောင်သည့် ဆံနွယ်ရှည်တို့ကို
ဖြည်းချင်း ကျစ်ပေးလိုက်ကာ နှင်းဆီပန်းကို ညာဘက်အောက်
လေးမှာ ပန်ပေးလိုက်ပါ၏။

"နီနီက တစ်နေ့ အိမ်ထောင်ပြုမှာမို့ ဘယ်ဘက်မှာ မပန်ပေး

တာ"

"အမယ် ... တယ်ဆိုတဲ့စာပါလားဦးရဲ့ ... ဘယ်ဘက်မှာပန်ရင်ဘာဖြစ်မှာလဲ ..."

"အပျိုကြီးဖြစ်တတ်တယ်တဲ့ ..."

"ဟင် ... မယုံပေါင် ..."

"မယုံရင် စပယ့်ကိုပဲကြည့်လေ ... နီနီ့အန်တီလေးက ပန်းပန်ရင် ဘယ်ဘက်မှာပဲ ပန်လေ့ရှိတာ ... သတိမထားမိဘူးလား ..."

"ဦးက သတိထားမိတယ်ပေါ့ ..."

"ဟော့ဟော့ ... မစနဲ့လေ ... စပယ်နဲ့ကိုယ်နဲ့က မူလတန်းကတည်းက သူငယ်ချင်းတွေ ..."

သူ ကမန်းကတန်း ကာကွယ်တော့ သူမက ညှင်းသွဲ့သွဲ့လေး ရယ်လိုက်မိသည်။ အဝါနုရောင်ဖြောင်ရင်စေ့အင်္ကျီနှင့် အစိမ်းရင့်ခံပေါ်မှာ ပန်းအဝါခက်လေးများပါသည့် လုံခြည်ကို တွဲဝတ်ထားတာကြောင့် ကြွေရုပ်လေး လှပနေလေ၏။

"ကျောင်းရောက်ရင် နီ့ကို မုန့်ဝယ်ကျွေးပြီးမှ ပြန်ရမယ်နော်"

"အင်းပါ ..."

ဗိုလ် ညှော်ခန်းပြန်ထွက်လာတော့ သူမက အဖြူရောင်လွယ်အိတ်လေးကိုလွယ်၍ စလစ်ပါအဖြူလေးကို စီးလိုက်ပါ၏။ သူက ရှေ့အရင်ထွက်ကာ ကားကို စက်နှိုးလိုက်ပါသည်။

"ဗိုလ် ... နောက်ကထိုင်နော် ... နီ ရှေ့မှာထိုင်မယ် ..."

"ဟာ ... မရဘူး ... ငါ ရှေ့ခန်းကပဲထိုင်တတ်တယ်"

"ဗိုလ်နော် ... နင်မညစ်နဲ့ ... ကျောင်းစတက်တာနဲ့ ရန်ဖြစ်ပြီ ..."





"ငါက ယောကျာ်းလေးဖြစ်ပြီး နောက်ကထိုင်လိုက်စရာလား၊ းလေး နောက်ကထိုင်ဗျာ ... ကျွန်တော်ပဲမောင်းမယ်"

"နီနီကတော့လေ ..."

"ဒါဆိုရင် နင်ရှေ့ခန်းမှာပဲထိုင်မှာလား"

"ဟင့်အင်း ... နောက်ကပဲ ထိုင်တော့မယ်"

"တွေ့လား ... လေးလေးတူမ ကပ်ဖိုးကပ်ဖဲ့"

"ကဲ ... မောင်းမှာသာမောင်းပါ သားဗိုလ်ရယ် ... လေးလေး ြန်နောက်ကျဦးမယ် ... ဆေးခန်းကို အချိန်ရွှေ့ထားရတာ သိရဲ့ းနဲ့ ..."

"အဲဒါ ... အဲဒီဥစ္စာမကြောင့်ပဲဟာ ..."

- "အံမာ ... နင်သာဥစ္စာ ... သေနတ်စာ ... အမြှောက်စာ"

သူ နောက်ခန်းမှာ ဝင်ထိုင်လိုက်ရင်း ပြုံးလိုက်မိ၏။ ဘယ်လို လေးနှစ်ယောက်ပါလဲ သူ အကဲခတ်၍မရချေ။ သားဗိုလ်ဘက်က ့ သူမအပေါ် စိတ်ဝင်စားနေတာ သိသာလွန်းပေမယ့် သူမဘက် သိပ်မသေချာ။

"ကျောင်းရောက်ရင် အတန်းထဲမှာပဲနေနော် ... ကင်တင်းတွေ တွေလျှောက်မထိုင်နဲ့ ... သူငယ်ချင်းတွေခေါ်လည်း လိုက်မထိုင် .. မုန့်တွေဘာတွေစားချင်ရင် ပုလဲတို့ ဒါဒါတို့ကိုပဲဝယ်ခိုင်း ... က နီနီ့အနားကနေ ဘယ်လိုမှ လျှောက်သဝေမထိုးနေနဲ့ဦး ... းလား ..."

"ဟုတ်ကဲ့ပါ ..."

"ညနေ ကိုယ်လာကြို့မှ အခန်းထဲကထွက် ..."

"ဦးက နောက်ကျရင်ရော ..."

"နောက်မကျအောင် လာမှာပေါ့ ..."

"နေ့တိုင်း ကြိုပို့မှာလားဟင် ..."

"အင်း ... တစ်ပတ်လောက်တော့ အခြေအနေကြည့်ဦးမယ်၊ အေးပြီဆိုရင်တော့ ဗိုလ့်ကိုပဲ ကားပေးလိုက်မယ် ..."

"ဟင် ... တစ်ပတ်တည်းလား ... ဦးကလည်း"

"ဟာ ... လေးလေးမှာလည်း အလုပ်တွေရှိတဲ့ဟာ ... နားလည်မှပေါ့ ... နင် ငါ့လေးလေးကို အပိုင်ယူဖို့စိတ်မကူးနဲ့ ... နင့်အန်တီလေးကို အဲဒီလို ငါနိုင်စားရင် နင်ကြိုက်မလား ..."

"အမယ် ... ငါ့အန်တီလေးကိုများ နိုင်စားချင်လို့ရမလား ... ဟွန်း ..."

"စိတ်ပုပ်မ ..."

"နင်ကမှ စိတ်ပုပ်ကောင် ..."

ကျောင်းရောက်တော့ ကားပေါ်မှဆင်း၍ မုန့်ဝယ်ဖေးသည်။ အတန်းထဲအထိ လိုက်ပို့တော့ ပုလဲနှင့်ဒါဒါက သူမကိုစလေ၏။

"ဟော ... မူကြိုကျောင်းသူလေးလာပြီကိုး ..."

"အံမာ ... မနာလိုမရှိပါနဲ့နော် ... ကိုယ့်ကုသိုလ်နဲ့ကိုယ်ပါဟဲ့"

"အေးပါ ... အေးပါ ... ပြောအားရှိတုန်းတော့ ပြောထားပေါ့ တော်ကြာ ..."

"ဟဲ့ ... သာလိကာမတွေ ... လေရှည်လိုက်တာ ... နီ မုန့် မကျွေးဘဲနေလိုက်မှာနော် ..."

"ကြားသားမိုးကြိုး ... မုန့်တွေဘာတွေဝယ်စားလို့"

"ဝယ်မစားပါဘူး ... ဦးဝယ်ကျွေးတာပါ ... နော်"

သူ့ကို မျက်စပစ်၍ပြောလိုက်သည့်ဟန်လေးကြောင့် ရင်ထဲမှာ





ခနဲဖြစ်သွားရ၏။ သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်မိသည်။

"ပုလဲတို့လည်း နီနီ့ကို ဂရုစိုက်ပေးကြနော် ... ရော့ ... သား ... လေးလေး Hand Phone ယူထား ... အရေးကြီးရင် ... ကြောင်းထူးရင်ဆက်ပါ ... ကဲ ... အားလုံးပဲသွားပြီ ... ကိုယ်လာမှ ပြန်ရမယ်နော် ..."

"ဟုတ် ..."

သူ လှည့်ထွက်၍ပြန်သွားတော့ ပုလဲနှင့်ဒါဒါက သူမပေါင်ကို ဆွဲဆိတ်လိုက်ကြ၏။ သူမ အံကြိတ်ပြရင်း ဗိုလ့်ကိုမေးငေါ့ပြလိုက် ဒါဒါက သူမနားသို့ကပ်ကာ တိုးတိုးလေးပြောလေ၏။

"အခြေအနေ ဘယ်လိုလဲ ..."

"ဘယ်လိုမှ မလဲသေးဘူး ... ငုတ်တုတ်ကြီးပဲ ..."

"ဟင် ... နင့်ဟာကလည်း ... ဒုံရင်းက ဒုံရင်းပါပဲလား ..."

"နည်းနည်းတော့ တိုးတက်လာပါတယ်ဟဲ့ ... နီ နေမကောင်း ဘာ့ သူ့မှာ ဆေးကုပေးရတာနဲ့ ... ဆန်ပြုတ်ခွံ့ကျွေးရတာနဲ့ ... းဆိုပြပြီး သိပ်ရတာနဲ့ ပင်ပန်းရှာတယ် ..."

"အံမယ် ... အံမယ် ... လူမမာ အူမြူးခဲ့တာပေါ့လေ ..."

"ဒါပေါ့ ... နီ့ဆံပင်တွေကို ခြောက်အောင်သုတ်ပေးတဲ့အဆင့် နေပြီသိလား ... ဒီမှာကြည့် ... ဒီဆံပင်တွေ သူကျစ်ပေးတာ၊ လည်း သူကိုယ်တိုင်ပန်ပေးတာရှင့် ... နင်တို့စဉ်းစားကြည့် ... ဘယ်လောက် ကြည်နူးနေသလဲဆိုတာ ..."

"သြော် ... သြော် ... ဒါကြောင့် ငါတို့နီနီ ကြွတက်နေတာကိုး"

"တက်ကြွတယ်လုပ်စမ်းပါမိဒါရယ် ... နင့်ဟာကလည်း"

သုံးယောက်သား တီးတိုးရယ်လိုက်ကြစဉ် ... အတန်းထဲသို့

ဆရာမဝင်လာတော့သည်။ ညနေကျောင်းမဆင်းမီ အတန်းရှေ့မှာရပ်စောင့်နေသည့် သူ့ကိုကြည့်ရင်း အတန်းထဲမှကောင်မလေးတွေကျွတ်စီကျွတ်စီဖြင့် တွတ်ထိုးနေကြ၏။ ရုပ်အဖြူနှင့် ပလေကပ်အကွက်စိပ်စိပ်လေးဝတ်ထားတာမို့ သူ့ပုံစံက ရှင်းသန့်နေသည်ကိုး။ ကျောင်းခေါင်းလောင်းထိုးတော့ သူမတို့အုပ်စု အတန်းထဲမှ ထွက်လာခဲ့သည်။ သူက သူမလက်ထဲမှ ထမင်းချိုင့်ကိုလှမ်းယူစဉ် English Department မှ Tutor တစ်ဦးက နှုတ်ဆက်လေ၏။

"ဒေါက်တာမင်းခန့်အိမ် ..."

"ဗျာ ... ဩော် ... ဆရာနေမင်းအောင်ပါလား ..."

"ဆေးခန်းမထိုင်ဘဲ ကျောင်းကိုဘာလာလုပ်တာလဲ ..."

"ကျွန်တော့်တူနဲ့တူမကို လာကြိုတာပါ ..."

"ကလေးတွေလည်း မဟုတ်ဘဲနဲ့ ..."

"အကြောင်းရှိလို့ပါဗျာ ... သွားပြီနော် ..."

"ဟုတ်ကဲ့ပါ ..."

သူမတို့ ကားဆီသို့လှမ်းလာခဲ့၏။ ပုလဲတို့က ဖယ်ရီပေါ်မှ လက်ပြသွားကြသည်။ ဗိုလ်က ရှေ့ခန်းမောင်းသူနေရာမှာပဲ တက်ထိုင်လိုက်သဖြင့် သူနှင့်သူမ နောက်ခန်းမှာသာ ထိုင်ဖြစ်လေသည်။





(၂၇)

Tennis ကွင်းထဲမှာ ပုလဲနှင့်ဒါဒါကတစ်ဖက် ဗိုလ်နှင့်သူမက စ်ဖက် ကစားနေကြ၏။ သူက ကော်ဖီခွက်ကိုကိုင်၍ အိမ်ရှေ့မှာရပ်ကြည့်နေမိသည်။ ဘရောင်နီက ကွင်းဘေးမှာ ငုတ်တုတ်ထိုင်၍ ကစားကို စိတ်ဝင်စားနေ၏။

"ဗိုလ် ... နင်တို့ မညစ်နဲ့လေ ..."

"အံမာ ... ကိုယ်ညံ့ရင်ညံ့တယ်ဝန်ခံစမ်းပါဟ ... အခုထိ (၃) နေ မတက်သေးဘဲနဲ့များ ..."

သူမထံမှ ရယ်သံထွက်လာ၏။ စပယ်က တစ်ဘက်ခြံမှ ကူးကာ သူမတို့အုပ်စုကို လှမ်းပြောလိုက်သည်။

"ဟိုကလေးတွေ ... ကစားဝိုင်းပြီးရင် အိမ်မှာ ကတ်ကြေးကိုက်စားတော့ ..."

"အစ်ကိုကြီးတို့ ဒီညနေရောက်မယ်ဆို စပယ် ... "

"ပြောတာပဲ ကိုခန့်ရဲ့ ... ဟော ... ကိုခန့်ရင်ဘတ်ပေါ် ခါချဉ် တက်သွားပြီ ... "

"ဘယ်မှာလဲ ... "

"ကုပ်ပေါ်ရောက်ပြီထင်တယ် ... ကိုက်တော့မှာပဲ"

သူမ သူ့ထံ ဖျတ်ခနဲအကြည့် အန်တီလေးက အနီးမှာရပ်၍ သူ့လည်ပင်းကိုကိုင်လိုက်သည်ကိုတွေ့ရစဉ် မျက်စိထဲပြာသွား၏။ Tennis ball က သူမရင်ဘတ်ကို ဝင်ဆောင့်တော့၏။

"အ ... "

"ဟယ် ... နီနီ"

"နီနီ ... ဘာဖြစ်သွားလဲ ... "

ခွေခနဲလဲကျသွားသည့်သူမကို ဗိုလ်ပွေ့လိုက်စဉ် သူ့လက်ထဲမှ ကော်ဖီခွက်က ခွမ်းခနဲ ကျကွဲလေ၏။ လူက အလျင်အမြန်ပြေး၍ သူမထံ လျှပ်တစ်ပြက်ရောက်သွားသည်။

"နီနီ ... နီနီ"

"ဘေးကိုဖယ်လေ ... အုံမနေနဲ့ ... အရှိက်ကိုထိသွားလား"

"မသိဘူး ... ရင်ဘတ်ကိုဖိပြီးလဲတာပဲ ဦးရဲ့ ... "

"နီနီ ... "

ဗိုလ့်လက်ထဲမှ သူမကို သူပွေ့ယူလိုက်သည်။ မေးဖျားလေးကို ကိုင်လှုပ်၍အော်ခေါ်လိုက်၏။ ရင်ထဲမှအပူလုံးက ရင်ဝကိုဆောင့်တက်လာသည်။ ဘုရား ... ဘုရား ... ကလေး ဘာမှမဖြစ်ပါစေနဲ့။

"နီနီ ... သတိရရဲ့လား ... နီနီ"

"အင်း ... ဟင်းဟင်း"





ညည်းသံတစ်ချက်နှင့်အတူ သူ့ရင်ဘတ်ကိုဆုပ်ကိုင်၍ သူမ ငိုချ က်လေ၏။ သူ သူမကို ဗိုလ့်အကူအညီဖြင့် ပွေ့ချီ၍ သူမအိမ်ဘက်ကို ယ်ခဲ့တော့သည်။

"စပယ် ... သောက်ရေအေးအေးလေးတစ်ခွက်ယူလာခဲ့"

ဧည့်ခန်းရှိ ဆက်တီပေါ်မှာပင် အသာချပေးလိုက်၏။ သူမက ရှုံ့ရှုံ့နှင့်ငိုနေဆဲ ... အန်တီလေးယူလာပေးသည့် သောက်ရေကို သောက်ချင်ပါဘဲ ဖျစ်ညှစ်မျိုချလိုက်ရသည်။

"ရင်ဝအောင့်နေသေးလား ... "

"အင်း ... "

"ဆေးလူးရမယ် ... ကိုယ့်ဟာကိုယ်လူးမလား ... စပယ့်ကို ခိုင်းမှာလား ... "

"ဟင် ... နို့ဟာနီလိမ်းမယ် ... "

"ပြီးရော ... ဗိုလ် ... လေးလေးဆေးသေတ္တာထဲက ဘူးအပြာ းယူလာခဲ့ ... "

"ဟုတ်ကဲ့ ... "

"ကဲ ... ဘာမှမဖြစ်တော့ပါဘူး ... ကလေးတွေ မုန့်သွားစား တော့လေ ... "

"ကိုခန့်လည်း လာလေ ... "

"အင်းပါ ... ကိုယ်လိုက်လာခဲ့မယ် ... "

စပယ်က ကလေးနှစ်ယောက်ကိုခေါ်၍ အိမ်နောက်သို့ဝင်သွား ၏။ ဗိုလ်ရောက်လာတော့ သူက ဆေးဘူးကိုယူလိုက်ပြီး သူမ ်ထဲသို့ထည့်ပေးလိုက်သည်။

"ခြွေးတွေသုတ် ... ရေမချိုးနဲ့ဦး ... ချည်သားအင်္ကျီပြောင်းဝတ်

ဆေးလူးပြီးမှဆင်းလာ ... "

သူမက ပေကပ်ကပ်နှင့်မထသေးဘဲ သူ့မျက်နှာကိုကြည့်လိုက်၏။

"ဘာဂျစ်ဦးမလို့လဲ ... "

သူမ မျက်ရည်တို့ဝေ့သွားပြီး ခေါင်းခါပြကာ အိမ်ပေါ်သို့ ပြေးတက်သွားပါသည်။ သူ သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်ပြီး အိမ်နောက်ဘက်လိုက်ဝင်လာခဲ့၏။

"အန်တီလေး ... ဗိုလ့်ပန်းကန်က အသားများနေတယ်"

"ဟဲဟဲ ... ကိုယ့်ကုသိုလ်နဲ့ကိုယ်ပါဗျာ ... "

"နင်က မိန်းကလေးတွေ ဦးစားမပေးဘဲ အရင်လုတာကိုး"

"မတူဘူးလေ ... ဒါက ငါ့အန်တီလေးကိုး"

"အံမာ ... ငါတို့အန်တီလေးပါဟဲ့ ... နင်က နောက်မှပေါက်ပြီး ရွှေကြာပင်မဖြစ်ချင်နဲ့ ... မြှက်ကမြှက်ပဲ ... "

"ငါ့ကို အန်တီလေးက နင်တို့အားလုံးထက်ပိုချစ်တာ ... မယုံရင် မေးကြည့် ... နော် ... အန်တီလေး"

"ကဲပါဗိုလ်ရယ် ... သူငယ်ချင်းတွေကို တည့်အောင်မနေဘဲ လိုက်စနေ ... ကိုခန့်ထိုင်လေ ... နီနီရော"

"ဆေးသွားလိမ်းနေတယ် ... "

"ဒီကလေးမလေးလည်း ခုတလော ဘာဖြစ်မှန်းကိုမသိဘူး ... သိပ်ချူချာတာပဲ ... သူလောက် ကျန်းမာရေးလိုက်စားတာလည်း သူပဲ ဒါတောင်မှ ... "

စပယ်က စကားကိုဖြတ်လိုက်ပြီး သူ့ရှေ့မှာ ကတ်ကြေးကိုက်ပန်းကန်ပြားကိုချပေးလိုက်၏။ ခဏအကြာ သူမ ထမင်းစားခန်းထဲဝင်





ပြီး သူ့ဘေးခုံမှာ ဝင်ထိုင်လိုက်သည်။

"အန်တီလေးရေ ... ဗုန်းလာနေတယ်"

"သြော် ... အေးအေး ... အကြိုင် ... ဒီမှာ နင့်မမကို ထည့်ပေးက်ဦး ... "

"ဟုတ်ကဲ့ ... "

အကြိုင်မီးဖိုခန်းထဲဝင်သွားစဉ် သူမက သူ့ပန်းကန်ကိုလက်ညှိုးးပြလိုက်ပါ၏။ သူက ဇဝေဇဝါဖြင့် သူမကို မေးဆတ်ပြလိုက်တော့မက ဘဲဥကြော်ကို ထပ်ထိုးပြ၍ သူမ ပါးစပ်ကို ပြန်ညွှန်ပြလိုက်သည်။

"စားမလို့လား ... "

"အင်း ... "

သူ ဘဲဥကြော်နှင့်အသားဖတ်ကို ဇွန်းဖြင့်ခပ်၍ သူမကို ခွံ့ကျွေးက်၏။ ဗိုလ်က ခေါင်းငုံ့စားနေသည်မို့ မမြင်လိုက်သော်လည်း ပုလဲဒါဒါက တွေ့သွားသဖြင့် မျက်လုံးပြူးသွားကြသည်။ သူမက မထီလေးပြုံးလိုက်လေ၏။ အကြိုင်ထည့်ပေးသည့် ပန်းကန်ကို သူမ၍ ခပ်စားလိုက်ပါသည်။

"ဟယ် ... မမတို့ပြန်လာပြီ ... နီနီရေ ... မာမီတို့ပြန်လာပြီ"

သူမ စားလက်စကိုချ၍ အိမ်ရှေ့ပြေးထွက်ခဲ့၏။ မာမီက လက်ဆောင်ပေးစရာအထုပ်တွေကို သီးသန့်ဖယ်ခိုင်းနေသည်။

"မာမီ ... နီ့ဖို့ ဘာပါလဲ ... "

"အများကြီးပေါ့ သမီးရယ် ... ဟဲ့ ... ငါ့သမီးပိန်သွားသလား ... "

"ပိန်မှာပေါ့ ... မမတို့သွားတဲ့နေ့ပဲ ဖျားတာ ... တော်တော်ဆိုး

တယ် ... "

"အမလေး ... ရှားရှားပါးပါးသမီးလေးကို ဂရုမစိုက်ကြဘူး လား ... မဖြစ်သေးပါဘူး ... ငါ့သမီးကို အားဆေးဝယ်တိုက်ဦးမှပဲ"

"အာ ... သောက်ချင်ပါဘူး ... မာမီကလည်း ... "

"ဟော ... လူစုံတက်စုံရောက်နေကြတာကိုး ... လာလာ ဗိုလ် ... ဟောဒါ သားတို့တူဝရီးအတွက် သမီး ဒါဒါနဲ့ပုလဲက ဒီအိတ် လာယူ ... "

"ဟေး ... "

"အားနာစရာ အစ်ကိုကြီးရယ် ... တကူးတကဝယ်လာရတယ် လို့"

"ဩော် ... ပြေးကြည့်မှ ဒီအသိုင်းအဝိုင်းလေးပဲရှိတဲ့ဟာ အဲ ... သမီးဒါဒါ ... ဒီမှာအိမ်အတွက် ထိုးမုန့်ယူသွားဦး ... ပုလဲတစ်ထုပ် သမီးတစ်ထုပ် ... ဗိုလ်က မပြန်နဲ့ဦးလေ ... "

"ဟုတ်ကဲ့ပါ အန်ကယ် ... "

ပုလဲတို့နှစ်ယောက်ပြန်သွားပြီး နည်းနည်းအကြာမှ သူတို့ တူဝရီးပြန်ခဲ့၏။ ညေ့ခန်းရှိ ခုံမှာထိုင်၍ စာဖတ်နေစဉ် ဗိုလ်က သူ့အနီး မှာ ဂစ်တာကို ကြိုးညှိနေလေသည်။

"လေးလေး ... "

"ဘာလဲဗိုလ် ... "

"အချစ်ဆိုတာ အနေနီးစပ်ရုံနဲ့ ဖြစ်မလာဘူးလားဗျာ"

"ဟ ... ထူးဆန်းလှချည်လား ... ပြောပါဦး"

"လေးလေး ... အန်တီစန္ဒကူးပြန်မချစ်ခင်က ဘယ်လိုခံစား လဲ"





"အာ ... ဟေ့ကောင် ... ဘာတွေ လာမေးနေတာလဲ"

ဗိုလ်က ဂစ်တာကိုထောင်ထားလိုက်ပြီး သူ့ရှေ့စားပွဲပေါ်မှာ ိုင်လိုက်ပါသည်။

"ပြောပြပါလေးလေးရာ ... လေးလေး ခံစားချက်တွေကို သိဖူး ်င်လို့ပါဗျ ... "

"ဟေ့ကောင်ဟေ့ကောင် ... ဒါ ထုတ်ပြောသင့်တဲ့အရာမှ ဟုတ်တာဘဲဟာ ... "

"လေးလေးရာ ... တူဝရီးချင်းကို လျှို့မထားပါနဲ့ ... "

"ကျွတ် ... ခက်တာပဲ"

"အန်တီစန္ဒကူးက လှလားဟင်"

"လှတာပေါ့ ... "

"နီနီနဲ့ ဘယ်သူပိုလှလဲ ... "

သူ ဟက်ခနဲရယ်ချလိုက်၏။ ဗိုလ်တစ်ကောင်တော့ လုပ်လာ ကိုယ့်ဟာကိုယ် နီနီ့ကိုကြိုက်ချင်တာ မကြိုက်ဘဲ သူ့ရင်တွင်းခံစား ်ကို လာဖျစ်ညှစ်ထုတ်နေရတယ်လို့။

"တစ်ယောက်တစ်မျိုးစီလှတာပေါ့"

"တစ်ယောက်က နည်းနည်းလေးတောင်မှ မပိုဘူးလား"

"ဟင်း ... မင်းတော့ မလွယ်ပါလားကွာ ... "

"ပြောပါ လေးလေးရာ ... "

"စံက တည်ငြိမ်ရင့်ကျက်တဲ့ အလှပိုင်ရှင် ... နီနီက အရွယ် ်ကာလစ အလှသွေးကြွယ်တဲ့အလှ ... တစ်ယောက်တစ်မျိုးပေါ့"

"အန်တီစန္ဒကူးရဲ့ ဆံပင်ကရော ... "

"နီနီ့ထက်ပိုရှည်တယ် ... ခြေသလုံးထိရှိတာ ... "

"အင်း ... နီနီက တင်ပါးဖုံးရုံပဲရှည်တာနော် ... "

"ဒါပေမဲ့ ... နီနီ့ဆံပင်အသားက ပိုကောင်းတယ် ... ပိုသန့်တယ် ... "

"အဲဒါ လေးလေးဘယ်လိုသိလဲ ... "

သူ ကွက်ခနဲ မျက်နှာပျက်သွားရ၏။ ဟုတ်သားပဲ။ ဗိုလ်က သူမကို စိတ်ဝင်စားနေတာ သူ မေ့မိတော့မလို့ပါလား ... ။

"သူ နေမကောင်းဖြစ်တဲ့နေ့က စပယ်နဲ့ ဝိုင်းသုတ်ပေးခဲ့ရတာကိုး ... "

"အရုပ်အမောင်းကရော ... "

"နီနီက ပိုမြင့်တယ် ... "

"ကိုယ်လုံးကိုယ်ပေါက်ကရော ... "

"နီနီက ပိုပြည့်တယ် ... စံကသွယ်တယ် ... "

"အန်တီစန္ဒကူးဆီမှာ လေးလေးအကြိုက်ဆုံးက ဘာလဲ"

သူ တွေခနဲဖြစ်သွား၏။ အကြိုက်ဆုံးက ဘာတဲ့လဲ စံ။ ကိုယ့်စိတ်တွေက စံမဟုတ်တဲ့ မိန်းကလေးဆီ ကူးချင်နေတာကို တစ်နေ့ကနေ စံ အသိပေးလေပြီလား။ ရင်ထဲမှာ ပူလောင်လာလေသည်။

"နှုတ်ခမ်း ... "

"ကျွန်တော်က နီနီ့ကို မျက်လုံးလေးတွေ ပိုချစ်တာ ... "

"အင်း ... နီနီက မျက်လုံးတော်တော်လှတာကိုး ... "

"လေးလေးက တော်တော်အစွဲအလမ်းကြီးတယ်နော် ... လောက်နှစ်တွေကြာလာတဲ့အထိ အန်တီစန္ဒကူးကို မမေ့နိုင်သေး သစ္စာရှိရှိချစ်နေခဲ့တာ ... ကျွန်တော်ဆို အဲဒီလောက်နေနိုင်ပါ့မလား နီနီ့ကိုချစ်တာကတော့ ချစ်တာပါပဲ ... ဒါပေမဲ့ ... လေးလေးလို





ကျွန်တော် နေနိုင်မယ်လို့ မထင်ဘူး ... "

ထင်တာတွေမှားနေပါပြီ ဗိုလ် ... ။ လေးလေးရင်ထဲမှာ စံ မဟုတ်တဲ့ မိန်းကလေးတစ်ယောက်ရှိနေတာကို ဘယ်လိုဖွင့်ပြောရ လဲ။ ဖွင့်ပြောပိုင်ခွင့်လည်း ရှိမှာမဟုတ်ပါဘူး။ လေးလေးက အရွယ် လွန်ခဲ့ပါပြီလေ။ အရွယ်လွန်အချစ်ကို ငယ်ရွယ်တဲ့ကောင်မလေးက ပြန် ပြန်မှာမှ မဟုတ်တာဘဲ။

*Security has always been important to me not financial*
*y of been loved.*

ကိုယ့်အတွက် ငွေရေးကြေးရေး အာမခံမဟုတ်ပေမဲ့ ... အချစ်အာမခံချက်တော့ အစဉ်အရေးကြီးနေပါတယ် ...

(၂၈)

"Happy Birthday"

"ဖြောင်းဖြောင်း ... ဖြောင်းဖြောင်း ... "

ကိတ်မုန့်တုံးပေါ်မှ ဖယောင်းတိုင်များကို မီးမှုတ်အပြီးမှာ
ခုပ်သံတွေ အကျယ်ကြီးထွက်လာ၏။ သူမက အနီရဲရဲဂါဝန်
ဝတ်ထားပြီး ဆံပင်ကို အုပ်လုံးသိမ်း၍ ဖြန့်ချထားသည့် ဆံပင်
မှာ ကျစ်ဆံမြီးသေးသေးလေးတစ်ချောင်းကို ကျစ်ထား၏။
လက်ဖောင်းလေးမို့ ရှိရင်းစွဲအသက်ထက်ပို၍ ငယ်သွားသယော
ပြော် ... သူမတောင် အသက်(၂၀)ရှိခဲ့ပြီပဲ။

ကိတ်မုန့်တုံးကြီးကိုလှီး၍ ပန်းကန်ပြားသေးသေးလေး
ထည့်ကာ ဧည့်သည်တွေကိုဝေပေးသည်။ ပုလဲ၊ ဒါဒါနှင့် ဗိုလ်
လမ်းထဲမှလာသည့် ဧည့်သည်တွေကို လက်ဆင့်ကမ်းဝေ





မက ပန်းကန်ထဲထည့်လိုက်သည့် ကိတ်မုန့်တုံးကို ဇွန်းဖြင့်ဖဲ့၍ မာမို့
အရင်ခွံ့သည်။ ပြီးတော့ ဒက်ဒီ။ နောက် အန်တီလေး။ ထို့နောက်
ကို မျက်လုံးလေးဖြင့် လိုက်ရှာနေ၏။ သူက ပန်းချီအကွယ်သို့ရွှေ့
နေလိုက်သည်။

သူမမျက်ဝန်းမှ မျက်ရည်တို့ စို့တက်လာ၏။ အနားရောက်လာ
သည့်ဗိုလ့်ကို လှမ်းမေးလိုက်သည်။

"ဗိုလ် ... ဦးရော ... "

"လာတယ်လေ ... ခုနပဲ တွေ့လိုက်သေးတယ် ... "

"နီ ရှာမတွေ့ဘူး ... "

"ရှိပါတယ် နီနီရာ ... "

"ဘယ်မှာလဲ ... "

သူ ခြေလှမ်းတို့ကို နောက်ဆုတ်၍ အိမ်ဘေးသို့ ပတ်လျှောက်
ပြီး မီးဖိုခန်းထဲဝင်ခဲ့သည်။ သူ အိမ်ထဲကိုရောက်တော့ နီနီက အိမ်
ရောက်သွားလေပြီ။ သူ အပေါ်သို့တက်လာခဲ့ပြီး သူမ ခုတင်ဘေး
ခွဲပေါ်မှာ ပန်းချီကားကို ထောင်တင်လိုက်သည်။ စက္ကူပါးပါးအုပ်
သည်မို့ ရုတ်တရက် ဘာပုံမှန်း သူမ သိလိမ့်မည်မဟုတ်ပေ။

တံခါးကို အသာပြန်စေ့ခဲ့ပြီး အောက်ထပ်သို့ပြန်ဆင်းလာခဲ့၏။
ကက်ဖေးပေါက်မှာ ရှူးဖိနပ်ကို ပြန်ဝတ်နေစဉ် သူ့အကျႌစကို ဆုပ်
လိုက်သဖြင့် လှည့်ကြည့်လိုက်သည်။

"ဦး ... "

"နီနီ ... အရှေ့မှာမနေဘဲ ဘယ့်နှယ်အနောက်ရောက်လာတာ
... "

"ဦးက ဘယ်လျှောက်သွားနေတာလဲ ... "

မီးဖိုခန်းထဲသို့ အန်တီလေးဝင်လာ၏။ သူမ ဆတ်ခနဲ သူ့ကို မော့ကြည့်လိုက်သည်။ ဦးနှင့် အန်တီလေးက ... ဒီနောက်ဖေးမှာ ဒီနောက်ဖေးမှာ ... ။

"ဟဲ့ ... နီနီ ဘာလုပ်နေတာလဲ ... အိမ်ရှေ့မှာနေလေ ကိုခန့်က ပြန်တော့မှာလား ... "

"အင်း ... "

"ဘာမှမစားတော့ဘူးလား ... "

"အရှေ့မှာစားပြီးခဲ့ပြီးပြီ စပယ် ... တော်ပြီ ... "

သူက ဖိနပ်ဝတ်ပြီးပြီမို့ ကိုယ်ကိုပြန်မတ်လိုက်၏။ သူမက သူ့ကို ငေးကြည့်နေဆဲ။ သူ ... သူမလက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

"Happy Birthday ပါ နီနီ ... အခု (၂၀)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းတစ်ရာကျော်သည်အထိ စိတ်ရောကိုယ်ပါ ကျန်းမာ ကြည်နူးရှင်သန်ခွင့်ရပါစေလို့ ကိုယ်ဆုတောင်းပေးပါတယ် ... ကဲ ကိုယ်ပြန်ဦးမယ် ... "

သူ ... သူမလက်ကလေးကို ဖြုတ်ချ၍ အမှောင်ထဲသို့ ရောက်ပျောက်ကွယ်သွားလေ၏။ ညှိသည်တွေပြန်သွားသည့်အ ထိ ငိုချင်စိတ်ကို မနည်းတင်းထားရသည်။ အိမ်ပေါ်သို့ တဖြည်းဖြည်း တက်လာခဲ့ပြီး အခန်းတံခါးကိုဖွင့်လိုက်တော့ ကော်ဇောပေါ်မှာ ဆောင်ထုပ်တွေ ပုံထားသည်ကို တွေ့ရ၏။ တံခါးကို Lock ချ ခုတင်ဆီသို့အလှမ်း စားပွဲပေါ်ထောင်ထားသည့်အရာကို သူမမြင်လို ၏။ အပေါ်ယံဖုံးထားသည့် စက္ကူပါးကို အသာဆွဲခွာလိုက်သည် နှလုံးသားပုံရိုပ်ပန်းချီကားပဲ။ အောက်နားဆီသို့ အကြည့်ဆေးဖြင့် ထားသည့် လက်ရေးစောင်းစောင်းလေးများ။





*"ကလေးအတွက်*

*အသက်(၂၀)ပြည့်နှစ်မြောက်*

*မွေးနေ့လက်ဆောင်*

*ကလေးရဲ့ဦး ... "*

သူမ ဝမ်းနည်းဝမ်းသာဖြင့် ငိုချလိုက်မိသည်။ ဦးရယ် ... နီ့ကို ဘယ်လိုဝေဒနာမျိုးတွေပေးနေတာလဲ။ ဦးရင်ထဲမှာရှိတာ နီလား။ ဒါမှ မဟုတ် အန်တီလေးလား။ နီအထင်မှားတာ မဟုတ်တဲ့မြင်ကွင်းမျိုးနဲ့ ကြုံရတာ နှစ်ခါရှိနေပြီနော် ... ။ နီပြောမိတုန်းက ဦးပြန်ပြောခဲ့တာ လတန်းကတည်းက သူငယ်ချင်းဆို။ အန်တီလေးနဲ့ တွဲစတာ မကြိုက် ဘူးဆို။ ခုတော့ ...

ဦးက သိပ်ကို ပဟေဠိဆန်လွန်းပါတယ်။ နီ့ကို အိပ်မက်တွေထဲ မှာ နစ်မြောအောင် ပြုစားနေဦးမှာပဲလား။ ဦးဆုပ်ကိုင်ခဲ့တဲ့ လက် ဦးထွေးပွေ့ဖူးတဲ့ ခန္ဓာကိုယ် ... အို ... ဦးရယ် ... နီ့အပေါ် တကယ်ပဲ ဖြူစင်ရိုးမှန်ရင် နီ နောက်ဆုတ်လိုက်ပါတော့မယ်။ ဦးနဲ့ အန်တီလေး ကို နီ မနှောင့်ယှက်ဝံ့တော့ပါဘူး။ ဦးဘဝမှာ အန်တီလေးကို အစားထိုး ခွင့်ရရုံနဲ့တင် နီ ကျေနပ်ပါပြီ။ နီ ... နီ ... ဦးကို ... ဦးမသိအောင် တိတ်တိတ်လေးချစ်ခွင့်ရနေရုံလေးနဲ့ သေပျော်ပါပြီလေ ... ။

လက်တို့က ဆီဆေးကားပေါ်မှာ အပြေးအလွှားသွားနေ၏။ ခန်းချီခန်းထဲက ဗီရိုကြီးထဲမှာ အထပ်လိုက်ဖြစ်နေသည့် သူမ၏ပုံတို့ ကို ဗိုလ်မမြင်အောင် ဖွက်ရတာအမော။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ငင်းကိုယ့်အနားက ခွာသွားခဲ့ရင် ကိုယ်အလွမ်းပြေကြည့်ဖို့ ရေးဆွဲနေ ခဲ့တာ ကြာနေပါရောလား နီနီ။ တူအရီးနှစ်ယောက် မိန်းကလေးတစ် ဦးကို ပြိုင်ပိုးနေရင်း တကယ်တမ်း နောက်ဆုတ်သင့်တာက သူပဲ

မဟုတ်လား ... ။

စိတ်ထဲမှာ မကောင်းဘူး ကလေးရယ် ... တစ်ခါကွဲဖူးတဲ့ အသည်း နောက်ထပ်တစ်ခါ ထပ်ကွဲရုံအပြင် ဘာများရှိတော့မှာလဲ။ သေချာတာတစ်ခုကတော့ ကိုယ် ကလေးကို အသည်းနှင့်အောင်ချစ် တာပါပဲ ... ။ သူ သူမပန်းချီကားလေးရှေ့မှာ ဒူးထောက်ထိုင်ချလိုက် ပါ၏။ မျက်ဝန်းမှ မျက်ရည်ပေါက်က ကော်ဇောပေါ်ကျသွားသည်။

ငိုမိပြန်ပြီလား။ စံမရှိတော့တဲ့အချိန်မှာ မောင် တစ်ခါမှ မျက် ရည်မကျတော့တာ ကြာပြီလေ။ စံရေ ... မောင်တော့ စံ့အပေါ်မှာ သစ္စာမဲ့လို့ သစ္စာတော်စူးပြီလားကွယ်။ စံ့အပြင် နောက်ထပ် ဘယ်သူ့ ကိုမှ ထပ်မချစ်တော့ဘူးလို့ မောင် ဆုံးဖြတ်ထားခဲ့တာပါ။ ဒါပေမဲ့ ဒါပေမဲ့ စံရယ် ... နီနီဟာ မောင့်နှလုံးသားကို လှုပ်ခါခဲ့တယ်။ မောင့် ကို အသက်ရှူမှားစေခဲ့တယ်။ မောင့်ရင်ခုန်သံတွေကို မြန်စေခဲ့တယ်။ အဲဒါတွေဟာ အမှန်ပါ။

ဒီဝေဒနာတွေကို ခံစားနေရတာ အချစ်မဟုတ်ဘူးလား။ အချစ် ဆိုတာ ဘဝမှာ တစ်ကြိမ်တစ်ခါပဲ ရောက်လာတတ်တယ်လို့ သူ ထင် ထားခဲ့တာ အမှားကြီးမှားခဲ့ပါပြီကော။ သူ့အသက်၊ သူ့သိက္ခာ၊ သူ့နာမည် အားလုံးဟာ သူမခြေရင်းမှာ စုပုံနေခဲ့လေပြီ။ ဩော် ... ကလေးရယ်။

မင်းကိုချစ်မိတဲ့ချစ်စိတ်တွေကို ဖြေဖျောက်နိုင်ဖို့ ကိုယ် ဒီ နေရာကနေ အဝေးဆုံးကို ထွက်သွားရင်ကောင်းမလား။ မဖြစ်သေး ဘူး ထင်တယ်။ ကိုယ် ကလေးအနားမှာမရှိရင် ကလေးအပေါ်ကျ ရောက်လာမဲ့ အန္တရာယ်တွေကို ဘယ်သူကလာတားဆီးပေးမှာတဲ့လဲ။ ကိုယ် ဘယ်လိုလုပ်ပေးရမလဲ ကလေးရယ် ... မင်းအတွက်ဆိုရင် ကိုယ့် အသက်ကိုတောင်မှ ပေးဆပ်ဝံ့တဲ့အထိ ကိုယ် ရူးသွပ်နေခဲ့တာတွေကို





းသိနိုင်မှာ မဟုတ်ပါဘူး ... ။

ကလေးရယ် ... တွေ့စက ဣန္ဒြေမဲ့တဲ့ အဝတ်အစားမျိုးနဲ့ ထင်သေးခဲ့တဲ့ ကိုယ့်ကို မင်းကြာလာတာနဲ့အမျှ စံနဲ့တူတဲ့ စံ သိပ် ကြိုက်တဲ့ အဝတ်အစားမျိုးတွေ ဆင်ယင်တတ်လာလို့ မင်းကို ကိုယ် မှတ်တွေတစ်မှတ်ပြီးတစ်မှတ် တိုးပေးခဲ့တာပါ။ ကိုယ့်အပေါ်မှာ နိုင်ယူချင်စိတ်တစ်ခုတည်းနဲ့ မင်းဆိုးနွဲ့ခဲ့ရိုးမှန်ခဲ့ရင် ရှေ့ကိုဆက်တိုး ဘယ်ရတော့မှာလဲ။ သက်တူရွယ်တူ ရင်ခုန်သံတူဖြစ်မဲ့ ဗိုလ်နဲ့ ရင်းတနှီးဆက်ဆံတဲ့ မြင်ကွင်းကို ကိုယ် မေ့ဖျောက်လို့မရတော့ပါ ။

ဖျားခဲ့တဲ့ ညတစ်ညရဲ့ သံစဉ်တွေကို ကိုယ် ပြန်တမ်းတနေမိ အမှန်ပဲ။ မင်းသူငယ်ချင်းလေးရဲ့မွေးနေ့ပွဲကို သွားကြတုန်းက ကို လိပ်စာကြိုမေးထားမိလို့ ကံကောင်းခဲ့တာပါ။ ကိုယ် မထိရက် ရက်တဲ့ ပန်းပွင့်လေးကို ဟိုကောင်လေးက လက်ရဲဇက်ရဲနဲ့ ပြုမူဝံ့ ကိုယ့်အသည်းကို ဓားနဲ့မွှန်းသလိုပဲ အခံရခက်လွန်းစေပါတယ်။

ကလေးရေ ... မင်းအသက်(၂၀)ပြည့်တော့ ကိုယ်က (၃၈)နှစ် တော့မှာပေါ့။ အသက်သာ တစ်နှစ်ထက်တစ်နှစ် ပိုကြီးလာတယ်။ စိတ်တွေက မတည်ငြိမ်သေးပါလား။ အချစ်တွေနဲ့ အဆိပ်တက် င်း ဒီလိုနဲ့ ကိုယ် လုံးပါးပါးရတော့မယ်ထင်ပါရဲ့။ အခန်းတံခါးကို ထွက်ခဲ့တော့ ဖုန်းသံက မြည်လာလေ၏။

"ဟယ်လို ... "

"ဦး ... နီပါ ... "

"ပြောလေ နီနီ ... "

"ဦးပေးတဲ့လက်ဆောင်အတွက် ကျေးဇူးတင်ပါတယ်"

"ရပါတယ် နီနီ ... "

အသံက ရုတ်တရက် တိတ်ဆိတ်သွား၏။ သူ ဖုန်းကိုမချသေး ဘဲ ဆက်ကိုင်ထားမိသည်။

"ဦး ... "

"ဟင် ... "

"နီ့ကို နောက်နေ့ကစပြီး ကျောင်းလိုက်မပို့နဲ့တော့နော် ... နီနီ ဗိုလ်နဲ့ပဲသွားတော့မယ် ... ဒီလိုပြောလို့ ဦး တစ်မျိုးမထင်စေ ပါဘူး ... ဦးပင်ပန်းမှာစိုးလို့ပါ ... ဦးမှာ မအားတဲ့ကြားက နီ့ကို လုပ်ပေးနေရတာမို့ အလုပ်တွေပျက်ပေါင်းများပြီ မဟုတ်လား ... တွေအားလုံးအတွက် ဦးကို နီ တောင်းပန်ပါတယ် ... နီ့မှာ ... နီ ဦးလိုဆိုးနွဲ့ဖို့ အဖော်မျိုးမရှိခဲ့လေတော့ ... ဦးအပေါ်မှာ နီ တော်တော် ဆိုးမိခဲ့တာပါ ... နီ့ကိုယ်နီသိလျက်နဲ့ ဦးအပေါ် တဇွတ်ထိုးဆိုးနေ တုန်းပဲ ... ပြီးတော့ ... ဦးက နီဘယ်လောက်ဆိုးဆိုး သည်းခံခွင့်လွှ ခဲ့တယ်နော် ... နီ့ကြောင့် ဦး အိပ်ရေးတွေပျက်ခဲ့တယ် ... စိတ်ပင် လူပင်ပန်းခဲ့တယ် ... နီ့ကြောင့်ပဲ ဦးလက်မှာ ဒဏ်ရာတွေရခဲ့တာ ကို နီ ဘယ်တော့မှ မမေ့ပါဘူး ... ဒီနေ့ကစပြီး နီ လိမ္မာပါတော့ လို့ ဦးကို ကတိပေးပါတယ် ... ဦးပြောခဲ့ဖူးသလို မိန်းကလေးဆို ဆံပင်ရှည်နဲ့မှ တင့်တယ်တယ် မဟုတ်လား ... ဒီလိုပဲ ပိုပြီးတင့်တ ပြည့်စုံအောင် နီ့ကိုယ်နီ ပြုပြင်သွားမှာပါ ... သိပ်မကြာခင်ကာလ မှာ နီဟာ တန်ဖိုးရှိတဲ့မိန်းကလေး၊ ဣန္ဒြေသိက္ခာအပြည့်နဲ့ မိန်းက ဖြစ်နေပြီဆိုတာကို ဦး သိရပါစေမယ် ... ဦး ... ဒါပဲနော် ... နီ ဖုန်း လိုက်ပြီ ... "

သူ့ပါးပြင်ပေါ်သို့ မျက်ရည်တွေစီးကျသွား၏။ လက်မှာ ဒဏ်





ရခဲ့တာတဲ့လား။ သေချာရဲ့လား နီနီ။ ကိုယ့်ရင်ဘတ်ထဲက ဒဏ်ရာကို တော့ မင်း ထည့်မတွက်တော့ဘူးပေ့ါ။ အဲဒီဒဏ်ရာက ကိုယ်တတ်ထား တဲ့ ပညာနဲ့ ကုစားလို့မရတဲ့ အကြီးကျယ်ဆုံးသော ဒဏ်ရာပါ။ ဒါပေမဲ့ ကလေးရယ် ... ဒီဒဏ်ရာကို မင်း ကုစားပေးရင်တော့ ပျောက်ကင်း သွားမှာပါ။ ဒါကိုတော့ ကိုယ် ဒီတစ်သက် မင်းကို မပြောပြတော့ဘဲ မျိုသိပ်ထားလိုက်ပါတော့မယ် ... ။

***Feeling From Love and crying from feeling.***

ချစ်မိပြီဆိုရင် ခံစားရတယ် ... ခံစားရတယ်ဆိုရင် ငိုရတော့တာပါ
ပဲ ...

## (၂၉)

ဆေးခန်းတံခါးကို သော့ခတ်လိုက်စဉ် အနောက်မှာ ကားရပ်သံကြားလိုက်ရ၏။ သူ လှည့်ကြည့်တော့ ကားရှေ့ခန်းမှာ အတူတူထိုင်နေသည့် ဗိုလ်နှင့် သူမကို တွေ့လိုက်ရသည်။

"Phone ပါရဲ့လား သားဗိုလ် ... "

"ပါပါတယ် လေးလေး ... "

"ကားကို ဂရုစိုက်မောင်းနော် ... "

"ဟုတ်ကဲ့ ... "

"ကဲ ... သွားသွား ... ကျောင်းနောက်ကျဦးမယ် ... "

ပြောပြီးသည်နှင့် လှည့်ထွက်သွားသည့် သူ့နောက်ကျောကို လှည့်ပြန်ငေးကြည့်ရင်း သူမရင်ထဲမှာ ဆို့နင့်သွားသည်။ နို့ကို တကယ်ပဲ ဥပေက္ခာပြုလိုက်ပြီလား ဦးရယ် ... နိုက ... နိုက ... ဦးနဲ့ အနီးတီ





းတို့အတွက် အလိုက်တသိနောက်ဆုတ်ပေးလိုက်တာပါ။ အခုလို
ှ်ကိုတော့ သေချာစိုက်ကြည့်ပြီး မှာသင့်တာမှာပေမဲ့ နို့ကိုတော့
ာ်ခနဲတောင် မျက်စိနဲ့မကြည့်တာတော့ ရက်စက်လွန်းပါတယ်။ ဦး
သည်း ဒီလောက်အထိ မာလိမ့်မယ်လို့ ထင်မထားတာ တကယ်ပါ။

သူ အိမ်ပြန်ရောက်တော့ ဘရောင်နီ့ကို ထမင်းနယ်ကျွေးလိုက်
၏။ တစ်ဘက်ခြံမှာ အပင်တွေရွှေ့နေသည့် စပယ့်အသံကို ကြား
ာ်ရသည်။ စပယ်တို့ ကျောင်းတွေပိတ်ပြီပဲ။

"ဟဲ့ ... အဲဒီနေရာမဟုတ်ဘူးလေ ... ဟိုကိုတင်ရမှာ ... အေး"

သူ ခြံဘေးပေါက်မှ ကူးလာခဲ့၏။ စပယ်က နှင်းဆီပန်းအိုးဘေး ခြံစောင့်မောင်ထွန်းနှင့်အတူ နေရာချနေသည်။

"ဘာတွေအလုပ်ရှုပ်နေတာလဲ စပယ် ... "

"ဟော ... ကိုခန့် ... ဒီမှာလေ နီနီပူဆာလို့ ပန်းအိုးတွေဝယ်
ရတာ ... ကိုခန့်တူမတော့ တော်တော့်ကို ပြောင်းလဲသွားတာ
ဒီနေ့လည်း မနက်အစောကြီးကတည်းက စပယ်နဲ့ ဝိုင်းကူချက်ပြီး
ကျောင်းသွားတာ ... သူ့လက်ရာ လိုက်စားကြည့်ပါဦး ... "

"နေပါစေ စပယ်ရယ် ... "

"သြော် ... မြည်းဖူးတယ်ရှိအောင် လိုက်မြည်းပါဦး၊ မောင်ထွန်း
အဲဒါတွေ တန်းစီချပြီးရင် ရေလောင်းထားနော် ... လာ ကိုခန့်"

သူ စပယ့်နောက်ကို လိုက်ခဲ့၏။ စပယ်က အုပ်ဆောင်းအုပ်
သည့် စားပွဲပေါ်မှ ဟင်းတွေကို တစ်ခုပြီးတစ်ခု မြည်းနိုင်းလေ

"စားကြည့် ... ဒါ ငါးကြော်နှပ် ... "

"အင်း ... မဆိုးပါဘူး ... ဒါပေမဲ့ ငါးက အကြွပ်လွန်သွားတယ်"

"ဟုတ်တယ် ... ဒါက အမဲနှပ် ... "

"နည်းနည်းငံသလိုပဲ ... "

"ဒါက ဝက်သားပေါင်း ... "

"ဒီအရသာက အတော်ပဲ ... "

"ဒီမှာ သီးစုံဟင်း ... "

"အင်း ... နည်းနည်းပေါ့တယ် ... ဒါပေမဲ့ မဆိုးပါဘူး ... စပယ်ရဲ့ ... ဒီလောက်ဖြစ်တာပဲ တော်လှပြီ ... "

"စပယ်လည်း စိတ်ထဲမှာ ကြည်နူးမိတယ် ... အန်တီလေး ကျောင်းပိတ်တုန်း သင်ပေးပါဆိုပြီး လိုလိုချင်ချင်သင်တာ အံ့ဩစရာ ပဲ ... အပင်တွေဝယ်စိုက်တော့ ကိုခန့်ခြံထဲမှာရှိသားနဲ့ ဘာလို့ဝယ်စိုက်သလဲဆိုတော့ ဦးခြံထဲက အပင်လေးတွေ နှိုကြောင့် အလှပျက်ကုန် လို့တဲ့ ... စကားတွေကလည်း အဆန်းတကြယ်ပဲ ... ဗိုလ်နဲ့တောင် စကားမများကြတော့ဘူး ... ဗိုလ်စရင် အရင်တုန်းကလို ကတ်ကတ် လန်ပြန်ရန်မတွေ့ဘဲ ငြိမ်နေလို့ ဗိုလ်ကတောင် ကမ္ဘာကြီးပြောင်းပြန် လည်ကုန်ပြီလား ပြောသေးတယ် ... "

"ဘာပဲဖြစ်ဖြစ် သူ တည်ငြိမ်သွားတာက အမြတ်ပေါ့ စပယ် ရယ် ... "

"အင်း ... သူ့အတွက်ကတော့ အကောင်းချည်းပါပဲ ... ဒါပေမဲ့ စပယ်က သူ ကလေးစိတ်လုံးဝပျောက်သွားတာကို နှမြောတာ ... အစတုန်းကဆို အိမ်က နီနီအသံစာစာလေးနဲ့ စည်ကားနေခဲ့တာလေ အခုတော့ တိတ်ဆိတ်လို့ ... အားရင် မီးဖိုထဲဝင် ... အိမ်ရှင်း ... ပြီး တာနဲ့ အခန်းထဲဝင်အောင်းနေတော့တာပဲ ... အရင်လို အခန်းတံခါး ကို စေ့မထားတော့ဘူး ... Lock ချနေတတ်ပြီ ... စပယ်ဝင်တာတောင်





က မကြိုက်ချင်တော့ဘူး ကိုခန့်ရဲ့ ... ဘယ်လိုလေးမှန်းကို မသိ တော့ပါဘူး ... "

"စပယ့်ကို ဝိုင်းကူလုပ်တော့ စပယ် သက်သာတာပေါ့ ... "

"တစ်မျိုးကြီးပါပဲ ကိုခန့်ရယ် ... ကလေးလို မြူးမြူးကြွကြွဟန် တွေးက အရေခွံချွတ်လိုက်သလို ရုတ်တရက်ပျောက်သွားတာ ... သို့မျက်စိထဲမှာ တစ်ခုခုလိုနေသလို ဟာတာတာကြီး ... "

"အင်းလေ ... အသက်လည်း (၂၀)ပြည့်ပြီဆိုတော့လည်း သူ ည်ငြိမ်ပြီပေါ့ ... "

"စပယ်က သူ ချစ်သူတွေဘာတွေများရှိနေပြီလားလို့ စိုးရိမ် ... ချက်ချင်းကြီးပြောင်းလဲသွားတာ တစ်စုံတစ်ယောက်ကြောင့် ည်း ဖြစ်နိုင်တာပဲ ... ဗိုလ့်ကိုမေးကြည့်တော့လည်း ရေရေရာရာ မှမသိရဘူး ... "

သူ ခပ်နွမ်းနွမ်းပြုံးလိုက်မိသည်။ ဖြစ်နိုင်တာပေါ့ စပယ်ရယ်။ က ယောကျ်ားလေးတန်မဲ့ အစစအရာရာတတ်နေတော့ သူ မခံ ်တ်နဲ့ သင်တာပဲနေမှာပါ ... ။ အစက အတူမထိုင်တဲ့သူနဲ့ အခု တူထိုင်နေကတည်းက သူမ ကြည်ဖြူကြောင်း သက်သေပြလိုက် ပဲ မဟုတ်လား ... ။

"ကိုယ် ပြန်ဦးမယ် စပယ် ... ဪ ... ဒီည Dinnerပွဲရှိတာ ခဲ့ဦးနော် ... "

"ဟုတ်သားပဲ ... ကိုခန့်ပြောမှပဲ သတိရတော့တယ် ... "

သူ အိမ်ကိုပြန်ခဲ့၏။ ပန်းချီခန်းထဲမှာ အချိန်ကုန်အောင် ဝင်နေ ားဗိုလ်အသံကြားမှပဲ ပြန်ထွက်ခဲ့သည်။

"လေးလေး ... Dinner ရှိတယ်ဆို ... မပြင်သေးဘူးလား"

"စောပါသေးတယ်ကွာ ... အခုမှ ငါးနာရီခွဲပဲရှိသေးတဲ့ဟာ"

"ခုတလော ... နီနီ့ကြည့်ရတာ တစ်မျိုးကြီးဖြစ်နေတယ် လေးလေးရ ... ခါတိုင်းလို ရန်မဖြစ်၊ စကားမများရတော့ ပျင်းစရာကြီး ... "

"သူ စိတ်မရွှင်လို့နေမှာပေါ့ သားရယ် ... "

"ဒါပေမဲ့ အရင်ကထက်ပိုယဉ်ပြီး ချောလာတာတော့ အမှန်ပဲ လေးလေးရဲ့ ... ကျောင်းကကောင်တွေတောင် တော်တော်မျက်စိ ကျလာကြတာ ... ကျွန်တော်ရှိနေလို့ ... "

"ဟင်း ... မင်းက တော်တော်အားကိုးရတာကိုး ... "

"အဲဒီလိုတော့ မပြောပါနဲ့ဗျာ ... နီနီ့ကို ကျွန်တော် ဘယ် လောက်အထိချစ်သလဲဆိုတာ လေးလေးအသိဆုံးပါ ... "

"ဟုတ်ပါပြီ ... ချစ်စေဗျာ ... ချစ်စေ ... "

"ဒါပေမဲ့ ... နီနီက ကျွန်တော့်ကို သူငယ်ချင်းလိုပဲဆက်ဆံတာ ဆိုးတယ် ... ရင်မောစရာကြီးဗျာ ... စာမေးပွဲကနီးလာပြီ ... သူနဲ့ အတူတူတွဲခွင့်က သိပ်မကျန်တော့ဘူး ... "

"မပူပါနဲ့ သားရယ် ... စာမေးပွဲပြီးရင် သားအတွက် လေးလေး သူ့မိဘတွေဆီမှာ တောင်းပေးပါ့မယ် ... "

"ဗျာ ... တကယ်နော် လေးလေး ... အား ... ဒါမှ ငါ့လေးလေး ကွ ... "

"ဟာ ... ဟေ့ကောင် ... ငါလဲကျမယ်ကွ .. "

သူ့ကို ကျုံးဖက်လိုက်သည့် ဗိုလ့်ကို ဖမ်းထိန်းရင်း သူတို့ ဆက် တီပေါ်ထိုင်လျက် ကျသွားသည်။

"တစ်ခုတော့ရှိတယ်နော် ... သူသဘောတူမှဖြစ်မှာ ... သ





သဘောမတူရင်တော့ ရှေ့တိုးဖို့မစဉ်းစားနဲ့ ... သူ့မိဘတွေက သူတို့ သမီးလေးကို အရမ်းအလိုလိုက်တာ ... သူစိတ်ဆင်းရဲရမဲ့အလုပ်ကို အတင်းလုပ်ခိုင်းမှာ မဟုတ်ဘူး ... အဲဒါတော့ သား သဘောပေါက်"

"ပေါက်ပါတယ် လေးလေးရယ် ... သူ့သဘောပါပဲ ... "

"အေး ... ဒါဆို ပထမဆုံး လေးလေးပြောပေးမယ် ... Ok ဆိုမှ မဦးတို့ကို လိုက်တောင်းခိုင်းပေါ့ ... "

"ဟား ... ပျော်လိုက်တာဗျာ ... "

"ကဲ ... လေးလေး ရေချိုးတော့မယ် ... "

သူ ရေချိုးခန်းထဲဝင်ခဲ့၏။ ရင်ထဲမှာ မပေါ့ပါလား နီနီ။ မင်း ်မ်းကားရင် ကိုယ့်ဘက်ကလည်း အလိုက်တသင့်နေပေးရမှာပေါ့။ ဒီ ်လုပ်ဆောင်ရလို့ ရင်ထဲမှာ မချိပါလားကွယ်။ မင်း မျက်ရည်ကျတုန်း ်တော့ မင်းကို ကိုယ် သုတ်ပေးခဲ့တယ်။ အခု ကိုယ့်မျက်ရည်တွေကို ဘာ့ မင်း သုတ်မပေးနိုင်ပါလားလေ။

ရေချိုးပြီး အနောက်တိုင်းဝတ်စုံမီးခိုးရောင်ကို သပ်သပ်ရပ်ရပ် ်ဆင်ကာ တစ်ဘက်ခြံကိုလှမ်းခဲ့၏။ ဗိုလ်က သူ့ကားကို စပယ်တို့ ်ထဲမှာပင် ရပ်ထားတာမို့ အပြင်သွားရန် အဆင်သင့်ဖြစ်သွားပါသည်။ ်ခန်းဝရောက်စဉ် TV ရှေ့မှာ TV မကြည့်ဘဲ သိုးမွေးထိုးနေသည့် ်ကို စက္ကန့်ပိုင်းမျှ ငေးကြည့်နေမိ၏။ သူမက ဇက်ညောင်းလာသဖြင့် ဒီလှည့်ချိုးရင်း မော့လာတော့ သူ့ကို မြင်သွားလေသည်။

"ဦး ... လာလေ ... "

"မဝင်တော့ပါဘူး ... စပယ်ပြီးပြီလား ... "

"ဟိုမှာ ဆင်းလာနေပါပြီ ... "

စပယ်က အပြာနုရောင်ဘလောက်စ်လက်ပြတ်ဝမ်းဆက်ကို

အပေါ်မှ ဇာပဝါလေးခြုံလာ၏။ သူက အဝင်ဝမှာပင် ရပ်စောင့်နေလိုက်သည်။ စပယ် ဖိနပ်ဝတ်စဉ်မှာ ပဝါက လျှော၍ကျလာသဖြင့် သူ အသာဖမ်းကာ စပယ့်ကို လွှမ်းခြုံပေးလိုက်၏။ သူမက သူတို့ကို ငေးကြည့်နေပေသည်။

"အန်တီလေးသွားမယ် နီနီ ... (၁၀)နာရီကျော်မှ ပြန်ရောက်မယ် ... တံခါးတွေ သေချာပိတ်ပြီးမှအိပ်နော် ... "

"နီ စောင့်နေမှာပါ အန်တီလေးရဲ့ ... "

သူမက လက်ထဲမှ သိုးမွေးတောင်းလေးကိုချ၍ တံခါးဝနားကို လျှောက်လာ၏။ သူက စပယ့်ကို တံခါးဖွင့်ပေးလိုက်သည်။

"လိုက်ချင်လို့လား ... "

"ဟင့်အင်း ... မလိုက်ပါဘူး ... မီးထွန်းပွဲနေ့ကျရင်တော့ နီ့ကို လိုက်ပို့ပေးပါနော် ... "

"အဲဒီနေ့ အန်တီလေးတို့အားလုံး သွားကြမှာပဲလေ နီနီရဲ့"

"ဟုတ်ကဲ့ ... "

သူက သူမကို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်ပြီး ကားကို မောင်းထွက်လာခဲ့၏။ လရောင်က ခပ်မှိန်မှိန်သာနေသည်။ Dinner ပွဲမှာ သူနှင့် စပယ့်ကို တွဲစကြတော့ စပယ့်မျက်နှာလေး ရဲရဲနီနေ၏။ သူက ငြင်းတယ်လည်းမဟုတ်။ ခေါင်းလည်းမညိတ်ဘဲ အလိုက်သင့်လေး ပြောနေခဲ့သည်။ အပေါင်းအသင်းတွေကြားထဲမှာ တစ်ကိုယ်တည်းနေ လာခဲ့တာ တော်တော်ကြာခဲ့ပြီမို့ အဖော်အတင်းရှာခိုင်းနေသဖြင့် သူ ငြီးငွေ့သာပြုံးနေမိ၏။ သြော် ... ရင်ထဲကို ဘယ်သူမှ ဝင်ကြည့်လို့မရနိုင် တာဘဲလေ ... ။





(၃၀)

တန်ဆောင်တိုင်မီးထွန်းပွဲမို့ လူစည်ကားနေပါ၏။ အစ်ကိုကြီး ဒို့ဇနီးမောင်နှံကတစ်တွဲ။ သူနှင့်စပယ်ကတစ်တွဲ။ ဗိုလ်နှင့် သူမက တစ်တွဲ။ ပွဲခင်းဈေးလျှောက်လည်ကြ၏။ အရင်လို ဟိုဟာဒီဟာ မပူ ဘဲ ငြိမ်ငြိမ်သက်သက်လျှောက်ငေးနေသည်။ သူမနောက်မှ သူ ်က်ခဲ့သည်။

"ရေမုန့်စားရအောင် ... "

"စားလေ ... "

"လေးလေး ... ရေမုန့်ဆိုင်ဝင်မယ်နော် ... "

"အေး ... အစ်ကိုကြီးတို့ကို ပြောလိုက်ဦးလေ ... "

သူတို့အုပ်စု ရေမုန့်ဆိုင်ထဲ ဝင်ထိုင်လိုက်ကြ၏။ ရောင်စုံမီးလုံး းအောက်မှာ သစ္စာရောင်လေးဝတ်ထားသဖြင့် ကြည်ကြည်လင်

လင်လေးလှနေသည့် သူမကို ဗိုလ်က တငေးငေး။ သူ မသိမသာလေး ပြုံးလိုက်သည်။ ဘုရားပေါ်တက်တော့ ဆီမီးတစ်ထောင်ပြည့်အောင် ပူဇော်ရန် ဟိုဒီဖယောင်းတိုင်ထွန်းကြစဉ် သူမအနီးသို့ သူ ရောက်သွားကာ ဖျတ်ခနဲ လက်မောင်းချင်းတိုက်မိသွားပါသည်။

"ဆောရီး ..."

သူ အလျင်အမြန် နေရာပြန်ရွှေ့လိုက်သဖြင့် သူမ ခေါင်းကိုငုံ့ချလိုက်သည်။ ဘုရားဝတ်ပြုတော့ သူ့မလှမ်းမကမ်းမှာ အကြာကြီးရှိခိုးနေသည့် သူမကို တော်တော်ကြာသည်အထိ စောင့်ရ၏။ ဘုရားရှိခိုးပြီးသော်လည်း ချက်ချင်းမထဘဲ စေတီပေါ်ကို မျှော်ကြည့်၍ ထိုင်နေသည်မှာ အကြာကြီးမို့ ဗိုလ်က သူမအနားသို့ကပ်၍ တစ်ခုခုပြောလိုက်မှ ထလိုက်လာသည်။ အစ်ကိုကြီးတို့စုံတွဲက ဈေးထဲမှာ တစ်ခုပြီးတစ်ခု ဝယ်နေကြလေ၏။ ဗိုလ်ကလည်း အထူးအဆန်းပစ္စည်း ဆိုင်ရှေ့ရောက်သည်နှင့် ထိုင်ရွေးနေတော့သည်။ စပယ်ပါ ထိုင်လိုက်တော့ အနောက်မှာ သူနှင့် သူမသာ ရပ်ကျန်နေခဲ့၏။ ကလေးတစ်အုပ်က ပြေးသွားလျက် သူမအနောက်မှာ ဗျောက်အိုးပစ်ချသွားလေသည်။

"ဖောင်း ..."

"အမေ့ ..."

သူ့လက်မောင်းကို လှမ်းဆွဲလိုက်တော့ ... သူက သူမလက်ကလေးကို ဆုပ်ထားလိုက်မိ၏။ နောက်မှသတိရသွားပြီး အသာလေးပြန်လွှတ်ပေးလိုက်သည်။ သူ့နံဘေးမှာ သူမ ငြိမ်ငြိမ်လေးရပ်နေလေ၏။

"ဟော့ ... မင်းခန့် ..."

"ဟာ ... မျိုးသန့် ... ပွဲလာတာလား ..."





"အေး ... စပယ်ရော ..."

"ဟိုမှာလေ ... ကလေးမဟုတ် သူငယ်မဟုတ် ပစ္စည်းရွေးနေရဲ့ ..."

"သီတင်းကျွတ်တော့မယ်နော် ... ငါတို့ ဘယ်တော့စားရမှာ ..."

"ကျွတ် ... မင်းကလည်းကွာ ..."

"ဟော့ကောင် ... လျှိုမထားပါနဲ့ကွ ... မင်းသတင်းတွေ ငါတို့ းပြီးသား ... ငါတို့တော့ ထောက်ခံတယ်ဟေ့ ... ဒီလိုဖြစ်သင့်တာ ပြီ ... ဘယ့်နှယ် ... မုဆိုးဖိုကြီးကျနေတာပဲ ... ဆယ်နှစ်ဆယ်မိုး းနာကျနေတာ ..."

"ဟာကွာ ... စွပ်ပြောနေပြန်ပြီ ..."

သူ မျက်နှာအကြီးအကျယ်ပျက်နေတော့၏။ သူငယ်ချင်းမျိုး နောက်မှရောက်လာသည့်အုပ်စုကြောင့် သူ့နဖူးကို ဖတ်ခနဲပြန် မိတော့သည်။ သွားပါပြီ။ မျက်နှာတောင် ဘယ်နားထားရမလဲ တော့ပါဘူး။

"ဦး ... ပြန်ကြမယ်တဲ့ ..."

"ပြန်နှင့်ကြ နီနီ ... စပယ်ပြန်နှင့်တော့နော် ... ဒီမှာ ကိုယ့် ယ်ချင်းတွေနဲ့ ဆုံနေလို့ ..."

"အမယ် ... မျိုးသန့်အုပ်စုပါလား ..."

"နင်ကတော့ လှတုန်းပဲနော် ... ဒါကို လက်နှေးတဲ့လူကရှိ ..."

"ဟယ် ... ခွေးနာ ... ပြောစရာလား ... စပယ်တို့သွားပြီ နော့ ..."

"အင်း ... "

"ငါတို့ ဖိတ်စာမျှော်နေမယ်နော် စပယ် ... "

စပယ်က မျက်စောင်းလှည့်ထိုးရင်း ထွက်သွားတော့သည်။ သူ ကို ဘီယာဆိုင်သို့ အတင်းဆွဲခေါ်လာကြ၏။

"ဟဲဟဲ ... ငါတို့ မမေ့ပါဘူး မင်းခန့်ရယ် ... ဒီနေ့ မင်းမွေးနေ့ မို့ အခု ဘီယာအဝတိုက်ပေတော့ ... "

"သောက်ပါ ... သောက်ပါ ... တိုက်ပြီးသားပဲ ... "

"မင်းလည်း သောက်ရမယ်လေကွာ ... "

"မလုပ်ပါနဲ့ ... မဖြစ်လို့ပါကွာ ... "

"ဘာလဲ ... စပယ်က မကြိုက်လို့လား ... "

"ကျွတ် ... မဟုတ်ပါဘူး ... "

"ဒါဖြင့် ဘာလဲကွ ... ဒါဆို သောက်ကွာ ... "

"ဟာ ... အေးဟေ့ ... စပယ်က မကြိုက်ဘူးတဲ့ ... "

"အေး ... ဒီလိုဝန်ခံစမ်းပါကွ ... ကဲ ... အပေါင်းအသင်းရောင်း ရင်းတို့ရေ ... ငါတို့ဘော်ဒါကြီးရဲ့ မွေးစပ်ပွဲအကြိုလေး မှိဲလိုက်ကြစို့"

"OK ... "

"ရေခဲမုန့်တို့ ဒံပေါက်တို့ မြန်မြန်စားရပါစေ ... "

"အူဝဲလေးလည်း မြန်မြန်ရပါစေ ... "

"မင်းဘိုးအေကြီး အူဝဲလေး ... "

သူ စိတ်တိုသွားတော့ သူငယ်ချင်းတွေက ခပ်လှောင်လှောင် ရယ်လိုက်ကြ၏။ အတော်လေးညဥ့်နက်မှ သူတစ်ယောက်တည်း ပြ ခဲ့သည်။ ခြံထဲကိုဝင်တော့ မှောင်နေလေပြီ။ အိမ်နားကိုရောက်စဥ် သနပ်ခါးသင်းသင်းလေးကို ရလိုက်သဖြင့် သူ့ခြေလှမ်းတွေ အလိုလို





သွားရ၏။ အနောက်ကို ဆတ်ခနဲလှည့်ကြည့်လိုက်တော့ အလင်းမှုန် မှုန်အောက်မှာ ရပ်နေသည့် သူမကို မြင်လိုက်ရသည်။

"နီနီ ... "

"ဦး ... "

"မှောင်နေပြီလေ ... မအိပ်သေးဘူးလား ... "

"နီ ... ဦးအတွက် မွေးနေ့လက်ဆောင်ပေးမလို့ စောင့်နေတာ ပါ ... "

"တကူးတကကြီး နီနီရယ် ... မနက်မှပေးလည်းဖြစ်တဲ့ဟာပဲ"

"နီက အခုပေးချင်လို့ပါ ... "

သူ့လက်ထဲ ကမ်းပေးလာသည့် အထုပ်လေးကို လှမ်းအယူ အေးစက်စက်လက်ဖျားလေးနှင့် ထိမိသွား၏။

"နီနီ ... နေကောင်းရဲ့လား ... "

သူမ ဘာမှပြန်မပြောပေ။ မီးလုံးထွန်းထားသည့် အိမ်ထောင့် ...က်သို့ သူမကို ဖျတ်ခနဲ သူ ဆွဲခေါ်ခဲ့တော့ လက်ပြတ်အင်္ကျီလေး ...ဘ်ထားသည့် သူမကို မြင်လိုက်ရလေ၏။

"ကြည့်စမ်း ... ဒီလောက် ရာသီဥတုအေးနေတာ လက်ပြတ် ...းပဲဝတ်ထားရသလား ... "

"နီ ... နီ ... မချမ်းပါဘူး ... "

"မချမ်းဘဲနေမလား ... လက်တွေ ဒီလောက်အေးစက်နေတာ ... "

သူက အပေါ်မှထပ်ဝတ်ထားသည့် ဂျာကင်ကိုချွတ်၍ သူမ ...ပ်ပေါ်မှာ ခြုံပေးလိုက်ပြီး လက်ဖျားလေးများကို နွေးအောင်ဆုပ် ...းလိုက်မိသည်။ အချိန်တော်တော်ကြာသည်အထိ ဘာစကားမှ

မပြောဖြစ်ကြ။ ခေါင်းငုံ့ငြိမ်နေရာမှ သူမ အသံတိုးတိုးလေးထွက်လာ၏။

"Happy Birthday ပါဦး ... အခု အသက်(၃၈)နှစ်မှ အသက်(၁၀၀)ကျော်သည်အထိ ဦးချစ်မြတ်နိုးတဲ့သူနဲ့ ရာသက်ပန်ပေါင်းသင်းနိုင်ပါစေလို့ နီ ဆုတောင်းပေးပါတယ် ..."

သူမ ဖျတ်ခနဲ လက်ကိုပြန်ရုတ်ကာ တစ်ဘက်ခြံထဲသို့ ကူးသွားလေ၏။ ဒီဆုတောင်းက ပြည့်နိုင်မှာလား နီနီ။ ကိုယ်ချစ်မြတ်နိုးနေတဲ့သူဟာ ဘယ်သူလဲဆိုတာ မင်းသိလို့လား ... ။ မင်းမြင်လို့လားကလေးရယ် ... ။ မင်းတောင်းပေးတဲ့ဆုကို ကိုယ် မက်မက်မောမောလိုလားတာ အမှန်ပါ။ ဒါပေမဲ့ ... ဒီဆုတောင်းက ပြည့်မှာမဟုတ်တော့ပါဘူးကွယ် ... ။

မြက်ခင်းပြင်ထက်မှာ သူ လှဲအိပ်လိုက်၏။ သူမပေးသည့် လက်ဆောင်လေးကို ဖောက်ကြည့်တော့ အဖြူရောင်ဆွယ်တာလေးတစ်ထည်။ ဪ ... သူမကိုယ်တိုင်ထိုးပေးသည့် ဆွယ်တာလေးဖြစ်နေပါရောလား။ ဆွယ်တာကို ရင်ဘတ်ပေါ်တင်ထားရင်း ကောင်းကင်ကိုငေးကြည့်နေမိ၏။ မှုန်ပြပြကြယ်တွေကြားမှာ တစ်လုံးထဲတောက်နေသည့် Venus ကြယ်ကြီးကို သူ ကြည့်လိုက်သည်။ သောကြာကို ကိုယ်စားပြုသည့် အချစ်နတ်သမီးစံမြန်းရာနေရာပေါ့။ နာရီမှ တစ်နာရီထိုးသံမြည်လာ၏။

လှဲနေရာမှ အသာထလိုက်ပြီး အိမ်ထဲသို့ဝင်ခဲ့၏။ နောက်တစ်ရက်ကို ကူးပြန်ပါရောလား။ ဒီလိုနဲ့ပဲ မင်းနဲ့ ကိုယ် ဝေးကြမှာပဲပေါ့နီနီ။ ပန်းချီခန်းထဲဝင်၍ ဒေါက်တိုင်ပေါ်တင်ထားသည့်ပုံကို ငေးကြည့်လိုက်သည်။ အနီရောင်ဂါဝန်လေးနှင့် ပြုံးပျော်နေသည့် သူမ၏အပြုံ





င်းစင်သည့် မျက်နှာလေးကို တမေ့တမောငေးကြည့်နေရာမှ အသာ
က်၍ ဗီရိုထဲသို့ထည့်ကာ သော့ခတ်လိုက်လေသည်။ ဪ ... ဘာ
လိုနဲ့ သူမ ပန်းချီကားချပ်တွေ ဆယ့်ငါးကားရှိနေပါရောလား ... ။
ရာထဲဝင်ခဲ့တော့ (၁)နာရီခွဲနေလေပြီ။ ဪ ... မနက်မိုးလင်းရင်
ရုပ်ဆန်ဆန် လှုပ်ရှားရဦးမှာပါလား။ မျက်စိကိုမှိတ်၍ ကျိတ်မှိတ်
လိုက်ရတော့သည်။

***Life without love is just like that of living-death.***

ရှင်လျက်နဲ့ သေတယ်ဆိုတာ အချစ်နဲ့ကင်းတဲ့ဘဝပါပဲ။

ရွှေပဒေသာစာပေ

(၃၀)

"စာမေးပွဲဖြေပြီးပြီးချင်း ပြန်လာနော် ... ဟိုဟိုဒီဒီ လျှောက်ဝင်မနေနဲ့ ... ပျော်ပွဲစားထွက်ချင်ရင် တစ်ရက်ရက် အန်တီလေးတို့ လိုက်ပို့ပေးမယ် ... ကြားလား"

"ဟုတ်ကဲ့ ... "

"ဗိုလ် ကားကို ဂရုစိုက်မောင်း"

"ဟုတ်ကဲ့ပါ အန်တီလေးရဲ့ ... "

သူက လက်ပိုက်၍ ငေးကြည့်နေမိသည်။ မြေကြီးရောင်ဖြော်မှာ အမည်းရောင်အတုံးလေးတွေ ဖြန့်ကြဲထားသည့်လုံချည်နှင့် မင်းကြယ်သီးထိုးထားသော စိမ်းစားငါးပိရောင် လက်စကလေး ဝတ်ထားသည့် သူမပုံစံလေးက ဒီနေ့မှ ပိုလှနေသလိုပင်။ ခေါင်းပေါ်မှာ အဖြူရောင်နှင်းဆီပွင့်လေးက ပြုတ်ကျတော့မလို ကနွဲ့ကလျ ... ကားလေးမောင်းထွက်သွားတော့ စပယ့်ထံမှ အသံထွက်လာပြန်၏။





"စိတ်ထဲမှာ အရမ်းလေးတာပဲ ကိုခန့်ရယ် ... ကလေးတွေကို ိတ်မချဘူး ... စာမေးပွဲကလည်း နောက်ဆုံးရက် မဟုတ်လား"

"အပြန် ကိုယ်လိုက်ကြိုပါ့မယ် စပယ် ... မစိုးရိမ်ပါနဲ့"

"ညတုန်းကလည်း စပယ် အိပ်လို့မရဘူး ကိုခန့်ရဲ့ ... ရင်ထဲမှာ ာစ်ခုခုကို မတင်မကျကြီး လေးနေတာ ... "

"အဲဒီလို မဖြစ်ရဘူးလေ စပယ် ... မကောင်းဘူး"

"စပယ်လေ ... ညက အိပ်မက်ထဲမှာ စုံ့ကို တွေ့ရတယ် ... က စပယ့်ကို ပြောတယ် ... ဘာပြောမှန်းတော့ စပယ်လည်း သေချာ သိဘူး ... မျက်နှာလေးပြုံးနေတာတော့ မြင်တယ်"

"ကိုယ်လည်း မက်တယ် စပယ် ... ကိုယ်ကတော့ သူပြောတာ သေသေချာချာ ကြားရတာပါ"

"ဘာတဲ့လဲဟင် ... "

"သူ ကိုယ့်ဆီ ပြန်လာပြီတဲ့ ... "

"ဘာရယ် ... "

"ကိုယ်လည်း နာမလည်ဘူး စပယ် ... မနက်အစောကြီး နိုး းတော့ ခေါင်းက မကြည်တော့ဘူး"

"ဟင်း ... "

စပယ့်ထံမှ သက်ပြင်းချသံကို ကြားလိုက်ရ၏။ သူ ခြံထဲပြန်ဝင် ည်။ စာမေးပွဲပြီးရင် သားဗိုလ်အတွက် မင်းမိဘတွေကို ကိုယ် းလာပြောရတော့မယ် နိဒီ ... ။ ကိုယ့်မျက်နှာကို ဘယ်လိုထားရ ။ ရုပ်ပျက်ဆင်းပျက်ကြီးမဖြစ်အောင် ကိုယ် မနည်းကျင့်ရဦးမယ် မင်းတို့မင်္ဂလာဆောင်ပြီးရင်တော့ ကိုယ့်ရဲ့ နောက်ထပ် သီးသန့် ပန်းချီခန်းထဲမှာ မင်းပုံလေးတွေကို လွတ်လွတ်လပ်လပ်လေး ပြန်

ချိတ်ထားတော့မယ်။ ဒါပေမဲ့ ... ဒီအခန်းကို ကိုယ်ကလွဲလို့ ဘယ်သူမှ ဝင်ခွင့်မရှိစေရဘူး ... ဒါကတော့ သေချာပါတယ်။

စာမေးပွဲဖြေပြီးတော့ အဖြေလွှာအပ်ပြီး ဗိုလ်ကို စောင့်၏။ ဗိုလ်က အဖြေလွှာကို အပ်လိုက်ပြီး အမြန်ပြေးထွက်လာသည်။ ပုလဲတို့ကို ဖုန်းဆက်ရန် မှာပြီး ကားပေါ်တက်ခဲ့သည်။ ယာဉ်ကြောက ဒီနေ့မှ လာကြပ်နေရတယ်လို့။

"ကျွတ် ... "

ဗိုလ်က စိတ်မရှည်သလို စုတ်သပ်လိုက်၏။ ပျိုင့်မိနေတာက အကြိမ်ကြိမ်မို့ စိတ်က မရှည်ချင်တော့။

"ဖြတ်လမ်းကပဲ မောင်းချင်မောင်းပါလား ဗိုလ် ... "

"အဲဒီလမ်းက ကားဆက်ပြတ်လို့ နိုနိုရဲ့ ... "

"ရပါတယ်ဟယ် ... ပြန်တာနောက်ကျမှ အိမ်က ပိုစိတ်ပူမှာ"

"ဟာ ... Phone မေ့ခဲ့ပြီ ... ကျိုင်ပဲ"

"ကဲပါ ... ပြန်ပဲရောက်တော့မဲ့ဟာကို ... "

မီးပွိုင့်ကို လွတ်စဉ် ဖြတ်လမ်းကြားသို့ ကားကိုဝင်ခဲ့၏ ... နောက်ဘက်မှ ဟွန်းသံရှည်ဆွဲ၍ ကျော်တက်ရန်ကြံနေသည့်ကားကို ဗိုလ်က လမ်းဘေးကပ်မောင်း၍ လမ်းပေးလိုက်သည်။ ထိုကားက ကျော်တက်လိုက်ပြီး လမ်းပေါက်ကို ပိတ်ရပ်လိုက်လေ၏။ သူမရင်ထဲ ထိတ်ခနဲ ဖြစ်သွားကာ ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။ ကားပေါ်မှ သူရိန်နှင့်အတူ အဖော်နှစ်ယောက် ဆင်းလာလေ၏။

"ဆင်းခဲ့ပါ နိုနို ... စာမေးပွဲပြီးတဲ့အထိ ကိုယ် စိတ်ရှည်ရှည်နဲ့ စောင့်ပေးတာ အခု အချိန်စေ့ပြီ ... "

"အို ... ဘာကိစ္စ ဆင်းရမှာလဲ၊ မဆင်းဘူး ... "





"သူရိန် ... မင်း မနှောင့်ယှက်ပါနဲ့ ... ရှေ့က အခုချက်ချင်း ယ်ပေး ... "

"နှောင့်ယှက်နေတာက မင်းပဲ အာကာဗိုလ် ... နီက ငါနဲ့လုံး ားကွ ... ငါပိုင်မဲ့မိန်းကလေးကို မင်း တကပ်ကပ်နဲ့ ကပ်နေတာ ဒီ ာက်ဆို တော်ရောပေါ့ ... မိုက်ကယ် ဒီကောင့်ကို ကြည့်ထိန်းလိုက် ... "

သူရိန်က သူမဘက် တံခါးကို ဆွဲဖွင့်လိုက်ပြီး သူမ လက်ကို ၍ အောက်ကို ဆင်းခိုင်းလိုက်သည်။ ဗိုလ်က ဟိုဘက်မှဆင်း၍ လူ ်ယောက်နှင့် ယှဉ်ရတော့မည်။

"လွှတ်နော် ... နင် မမိုက်ရိုင်းနဲ့ ... လွှတ်"

"ငါ သွားနှင့်ပြီ မိုက်ကယ် ... ဖြစ်တယ်မဟုတ်လား"

"Ok ပါ သူရိန် ... ဒီကောင့်လောက်တော့ အသေးအဖွဲ့ပါ"

"နိုနို ... "

ဝရန်းသုန်းကားနှင့် တိုက်ပွဲက ချက်ချင်းဖြစ်သွား၏ ... ။ ကား ာက်ပြတ်သည့်လမ်းမို့ အကူအညီလုံးဝမရှိ။ အော်ဟစ်ရုန်းကန် ်ာ သူမ သူရိန့်ကားပေါ် ပါသွား၏။ စိတ်က နိုနို့ထံ ရောက်နေသည် နောက်ဘက်ကို သတိမထားမိစဉ် နောက်စေ့ ပူခနဲဖြစ်သွားပြီး ်စီတွေ ပြာကာ ဗိုလ် လဲကျသွားသည်။

"တူ တူ ... တူ တူ ... "

ကားရှေ့ခန်းဘုတ်ပေါ် တင်ထားသည့် Hand phone မှ မြည် သဖြင့် သူ ဖွင့်လိုက်၏။ မီးပွိုင့်မိနေသည်မို့ ပွိုင့်စိမ်းတာကို ကြည့် ရသည်။

"ဟဲလို ... "

"ဒေါက်တာ ... ဒေါက်တာလားဟင် ... "

"ဟုတ်ပါတယ် ... "

"ဒေါက်တာရေ ... သမီး ချစ်စုပါ၊ ကိုသူရိန်လေ နီနီ့ကို ခိုးပြေးမယ်ဆိုပြီး အနောက်က လိုက်သွားပြီ ... လုပ်ပါဦး"

"သူ ဘယ်ကိုပြေးမလဲဆိုတာ သမီး သိလား ... "

"မှော်ဘီလို့ ထင်တာပဲ ... အဲဒီမှာ သူခြံရှိတယ်၊ ခြံနံပါတ်နဲ့ လမ်းက ( )ပါ ... "

"Ok သမီး ... ကျေးဇူးပါပဲ ... "

သူ ကားကို ချက်ချင်း လမ်းတိုကို ဖြတ်မောင်းလိုက်၏။ ရှေ့နားမှာ နီနီတို့အိမ်က ကားကို မြင်ရသည်။ ကားနှင့် မလှမ်းမကမ်းမှာ လဲနေသည့် ဗိုလ့်ကို တွေ့ရသဖြင့် ကားပေါ်မှ သူ ဆင်းလိုက်၏။

"သားဗိုလ် ... သား ... "

အားယူ၍ မျက်လုံးကို ဖွင့်လိုက်၏။ မှုန်ဝါးဝါး အကြည့်မှာ လေးလေးမှန်း သိသဖြင့် အားတင်း၍ ပြောလိုက်သည်။

"လေးလေး ... နီနီ ... နီနီ ... ပါသွားပြီ"

"ငါ သိတယ် ... မင်း သက်သာရဲ့လား ... ရလား ဗိုလ်"

"ရတယ် ရတယ်၊ ကျွန်တော် လိုက်ခဲ့မယ် ... လေးလေး လိုက်သွားနှင့်ပါ"

"အေး ... ရော့ Phone ... ရဲစခန်းနဲ့ စပယ်တို့ဆီဆက်ပြီး မှော်ဘီ ( )ကို လိုက်ခဲ့ ... ငါ သွားပြီ"

သူ ကားပေါ်ပြန်တက်၍ မှော်ဘီဘက်ကို အမြန်ဆုံးမောင်းလာခဲ့၏။ ဘုရား ... ဘုရား ... အချိန်မီပါစေ။ ကလေး ဘာမှမဖြစ်ပါစေနဲ့ဦး။ ကလေး တစ်ခုခုဖြစ်လို့ကတော့ မင်း အသက်နဲ့ခန္ဓာ ခွဲရပြီ သူရိန်





"တောက် ... "

သူ လီဗာကို အရှိန်ကုန်တင်လိုက်၏။ လမ်းဘေးရှိ သစ်ပင်တွေ ... ရိပ်ခနဲ ရိပ်ခနဲဖြင့် နောက်ပါးမှာ ကျန်နေခဲ့လေသည်။ သွေးခုန်နှုန်း ... ကလည်း အဆမတန် ဆောင့်တိုးလာလေ၏။ အို ... ကလေးရယ် ဦး ... ိုက်လာပါပြီ။

တိုက်ပုလေးထဲ ဆွဲထည့်လိုက်ပြီး သံဇကာတံခါးကို ဆွဲစေ့ ... ိုက်၏။ အခန်းထဲထိ ဒရွတ်တိုက်နီးပါး ဆွဲလာသဖြင့် သူမ အားကုန် ... နီးကန်နေရသည်။

"လွှတ်နော် ... လူယုတ်မာ လူယုတ်မာ ... ငါ့မှာ ချစ်သူရှိပြီး ... ားနော် ... နင့်မယုတ်မာနဲ့"

"သွားစမ်းပါ ... ဒီသချိုင်းကုန်း မျက်စောင်းထိုးနေတဲ့ ရွှတ်တွ ... ္ခတကြီးကို စာရင်းထဲတောင် မထည့်ဘူး ... "

"နင် ငါ့ဦးကို အဲဒီလို မပြောနဲ့ ... "

"ဟား ... နာတတ်နေလိုက်တာကွာ ... ဒီမှာ ကြည့်စမ်း နီ၊ ... း ကိုယ့်ပါးကို ရိုက်ခဲ့ပေမဲ့ ကိုယ် မင်းကို စိတ်မနာနိုင်ဘူးကွ ... ဒါ မင်းကို သိပ်ချစ်လို့ ... ကိုယ့်နံဘေးမှာ မိန်းကလေးတွေ ဝိုင်းဝိုင်း ... ည်နေရဲ့သားနဲ့ မင်းတစ်ယောက်တည်းကိုမှ ကိုယ် ရွေးပြီး ချစ်ခဲ့တာ ... နားလည်စမ်းပါ ... "

"မသိဘူး ... မသိဘူး၊ ငါ နင့်ကို မချစ်ဘူး ... ငါ ဦးကိုပဲ ချစ် ... ... သေတဲ့အထိ ငါ ချစ်သွားမှာ ဦး တစ်ယောက်တည်းပဲရှိတယ်"

"မပြောနဲ့ ... မကြားချင်ဘူး ... မင်း ငါ့ကိုပဲ ချစ်ရမယ် ... ... ိုပဲ လက်ထပ်ရမယ် ... မင်းကို ငါ အပိုင်သိမ်းဖို့ ခေါ်လာတာ၊ နီ ... း ငါကလွဲပြီး ဘယ်ယောက်ျားကိုမှ မချစ်ရဘူး ... လက်မထပ်ရဘူး"

"လူယုတ်မာ ... ခွေးကျင့်ခွေးကြံ မကြံနဲ့ ... နင်နော်"

ခုတင်ပေါ် ရှန်းရင်းဆန်ခတ် လဲကျသွား၏။ သူရိန့်ကိုယ်လုံး အလေးကြီးအောက်မှာ သူမ ကိုယ်လုံးလေး ပိနေပြီ။ ဘုရား ... ကယ်တော်မူပါ။ အင်အားရှိသမျှတို့နှင့် ရုန်းကန်စဉ် သူမ ဝတ်ထားသည့် အင်္ကျီပါးလေး ဗြိခနဲ ပြဲသွား၏။ မျက်စိကို စုံမှိတ်၍ အသံကုန်အော်ဟစ်လိုက်စဉ် အာရုံမှာ ဦးမျက်နှာကို မြင်လိုက်ရပြီး သူမ အမြင်မှာ မှောင်အတိကျသွားတော့သည်။

ကုပ်မှဆွဲ၍ ထူလိုက်ပြီး မျက်ခွက်ကို လေးငါးချက် အားကုန်ထိုးချလိုက်၏။ လဲကျသွားသည့် သူရိန်က ဗီရိုပေါ်မှ အရက်ပုလင်းခွံကို နံရံနှင့် ပစ်ခွဲပြီး သူ့ကို ရင်ဆိုင်လိုက်သည်။ သံတိထားရင်း သူရိန့်ထံ သူ ဝင်တော့ သူရိန်က ရှောင်လိုက်ပြီး သူ့ထံ ပုလင်းကျိုးကို ဝိုက်လိုက်၏။ ခြေတစ်ဖက်မသန်သဖြင့် ခြေကို သူ အသုံးမချနိုင်တာက တစ်ပန်းရှုံး၏။ ရှေ့တိုးလာသည့် လက်ကို ပုတ်ထုတ်လိုက်ပြီး မေးစေ့ကို လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ လန်ကျသွားသော်လည်း ပုလင်းကျိုးက သူ့ဗိုက်ကို ရှပ်ထိသွား၏။ ဗီရိုပေါ်မှ ကြေးပန်းအိုးကို မ,ယူလိုက်ပြီး သူရိန့်ခေါင်းပေါ် ပေါက်ခွဲချလိုက်သည်။ ပွဲသိမ်းသွားပါပြီ။

ခုတင်ပေါ်မှာ အဝတ်အစား ဖရိုဖရဲနှင့် သတိလစ်နေသည့် သူမကို သူ့ရှပ်အင်္ကျီချွတ်လိုက်ပြီး ဝတ်ပေးလိုက်သည်။ ဝမ်းဗိုက်မှ သွေးထွက်လာ၏။ ကလေးကို ပွေ့လိုက်စဉ် ရဲသားများနှင့်အတူ ဗိုလ်ဇေစပယ်တို့ပါ ရောက်လာတော့သည်။

"လေးလေး ... ကျွန်တော် ပွေ့မယ် ပေး ..."

ဗိုလ့်လက်ထဲ ကလေးကို ထည့်ပေးလိုက်ပြီး ဗိုက်မှအနာငုံ့ကြည့်လိုက်၏။ အား ... တော်တော်ပြဲသွားတာပါလား။





"မောင်ခန့် ... ဆေးရုံကို အမြန်ဝင်တာကောင်းမယ်"

ရဲသားများက သတိလစ်နေသည့် သူရိန့်ကို သတိရအောင်လုပ်လက်ထိတ်ခတ်ကာ ကားပေါ်တင်သွားတော့သည်။ သူ အားတင်းကားပေါ်တက်လိုက်စဉ် ဗိုလ်က သူ့ကားကို မောင်းထွက်လာခဲ့၏။

ဘ်သေးတာပေ့ါ ကလေးရယ် ... ကိုယ် အချိန်မီရုံလေး ရောက်လာဘာပါလား။ မင်း တော်တော်လေး ကြောက်ရွံ့နေမှာကို ကိုယ် မြင်ာင်မိပါရဲ့။ သနားစရာ ကောင်းလိုက်တာ ကလေးရယ်။"

နောက်ကားမှာ ပါလာသည့် သူမကို လှည့်ကြည့်ရင်း သူ့မျက်းတွေ ပြာလာသည်။ သွေးထွက်လွန်ပြီထင်သည်။ စွပ်ကျယ်ဖြူဖြူနီနီရဲရဲသွေးတို့က စိုရွှဲနေလေပြီ။ ကိုယ် ဘာဖြစ်ဖြစ်ပေ့ါ ... သေချင်ည်း သေပါစေတော့။ ကလေးရဲ့အရှက်ကို ကယ်တင်ခွင့်ရရုံလေးနဲ့လေးအပေါ်မှာ ကိုယ် ချစ်ရကျိုးနပ်ပါပြီလေ ... ။

(၃၂)

ဖျတ်ခနဲ မျက်လုံးများကို ဖွင့်ကြည့်လိုက်၏။ အိမ်မှ အိပ်ရာ ပေါ် ပြန်ရောက်နေပါလား။ ဒေါက်တာနွယ်နီနှင့် အန်တီလေးက သူ့ လက်ကို ဆုပ်ကိုင်လိုက်၏။

"သမီး သတိရပြီလား ... "

သူမ မျက်ရည်တွေ ဒလဟော ကျလာ၏။ ရှိုက်သံက ရင်ထဲ မှတောင် ထွက်မလာတော့ပေ။

"သမီး ... မငိုနဲ့လေ ... သမီး ဘာမှ မဖြစ်ဘူး သိလား သမီးရဲ့ဦးလေ သမီးဆီ အချိန်မီရောက်တယ် ... ယုံပါ သမီးရယ်"

"ဦးရော ... ဦးရော ... "

"ဆေးရုံမှာ ... "

"ဟင် ... နီ လိုက်မယ် ... နီ ဦးကို တွေ့ချင်တယ်"





"မထနဲ့လေ ... သမီးကို Drip ချိတ်ထားတယ် ... ကိုခန့် ဘာမှ မဖြစ်ပါဘူး ... သမီးကို သေသေချာချာ မှာထားတယ်၊ ဆေးရုံကို မလာခဲ့နဲ့တဲ့၊ သူ ဆင်းလာတော့မှ လာမယ်လို့ ပြောတယ် သမီးရဲ့"

"ဦး ... ဘာဖြစ်သွားလဲဟင် ... "

"ဗိုက်ကို ပုလင်းကွဲရှတာ ... "

"အို ... အန်တီလေးရယ်၊ ဦး သနားပါတယ် ... "

"အမလေး ... ကျားကိုးစီး စားမကုန်တဲ့ ခန္ဓာကိုယ်ကြီးကို များ သနားရတယ်လို့ နီနီရယ် ... ဒေါက်တာမင်းခန့် ဘာမှမဖြစ်ပါ ဘူး ... သွေးထွက်များသွားလို့ ဆေးရုံမှာ သွေးသွင်းပြီး နားခိုင်းထား တာ၊ ကြည့်ပါဦး ... နီနီ့ဦးက တကယ့် Hero ပါပဲလား ... "

သူမ နှစ်ခြိုက်စွာ ပြုံးလိုက်မိ၏။ ဟုတ်တာပေါ့။ ဦးက နီ့ရဲ့ သူရဲကောင်းပါပဲ။ နီရဲ့ အားကိုးရာ။ နီ့နှလုံးသားလေး နားခိုရာနေရာ လေးတစ်ခုပါ။ သေချာပါတယ် ... ဘယ်သူတွေ ဘယ်လိုပဲတားကြ စေဦးတော့ ... ဦး ချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ နီ့ဘဝတစ်ခုလုံး ကို ဦးလက်ထဲသို့သာ အပြီးတိုင် ထည့်ပေးလိုက်တော့မည်။ ဦးဟာ ...ရဲ့ အသက်နဲ့အရှက်ကို ကာကွယ်ပေးခဲ့တဲ့ နီ့ရဲ့ အချစ်တုံး အချစ်ခဲကြီး ...ပဲ ... ။

မျက်လုံးကို ဖွင့်လိုက်တော့ လက်တစ်ဖက်မှာ သွေးသွင်းထား သည်ကို တွေ့ရ၏။ ဗိုလ်က ခုတင်ခြေရင်းမှာ ရပ်၍ ပြုံးပြလိုက်သည် ...စ်ကိုကြီးတို့စုံတွဲက ခုတင်ဘေးခုံမှာ ထိုင်စောင့်နေလေ၏ ... ဒေါက်တာဆန်းထူးက အနားသို့ လျှောက်လာပါသည်။

"Ok ပါတယ် ကိုမင်းခန့် ... ကိုယ်တို့လူက ဆေးမကုစားဘဲ Bodyguard အလုပ် လုပ်နေတာကိုး"

"ဟာဗျာ ... မဟုတ်ရပါဘူး ... "

"မငြင်းပါနဲ့ဗျာ ... ဒီသတင်းဂျာနယ်ထဲ ပါမှာစိုးလို့ Journalist တွေကို မနည်းတောင်းပန်ထားရတာ ... "

သူ ... အများနှင့်အတူ ရောရယ်လိုက်မိသည်။ ဗိုက်ပြင်မှ နည်းနည်းနာသွားသဖြင့် မျက်နှာရှုံ့တွသွားရ၏။

"ဘာဖြစ်လဲ ... "

"ရပါတယ် ... နည်းနည်းနာသွားတာပါ"

"ဒါဆို ကျွန်တော် Round လှည့်တော့မယ်နော် ... ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ... "

ဒေါက်တာဆန်းထူး ထွက်သွားတော့ သူက အစ်ကိုကြီးတို့ကို လှည့်ပြောလိုက်ပါ၏။

"အစ်ကိုကြီးတို့လည်း ပင်ပန်းလှပါပြီ ... နားပါတော့၊ ကျွန်တော်လည်း သက်သာနေပြီပဲ ... နီနီရော သတိရပြီလား"

"မသိသေးဘူး မောင်ခန့်ရယ် ... စပယ်နဲ့ဒေါက်တာနွယ်နီ သူ့အနားမှာ စောင့်ကျန်ရစ်ခဲ့တာပဲ ... "

"မောင်ခန့်ကို အစ်ကိုကြီးတို့ ကျေးဇူးတင်စကားတောင် ဘယ်လိုပြောရမယ်မှန်း မသိတော့ပါဘူးကွာ ... "

"မလိုပါဘူးဗျာ ... ခင်ရာဆွေမျိုး မဟုတ်လား အစ်ကိုကြီးရဲ့၊ အစ်ကိုကြီးတို့ ပြန်နားကြပါတော့ ... ကျွန်တော် ဆေးရုံက ဆင်းတော့ လာခဲ့ပါ့မယ် ... "

"ဒါဆိုလည်း အစ်ကိုကြီးတို့ ပြန်မယ် မောင်ခန့် ... "

"ဟုတ်ကဲ့ ... သားဗိုလ်လည်း ပြန်လေ ... ဘရောင်နီကို အစာကျွေးရဦးမယ်"





"လေးလေးကို စောင့်မလားလို့ ... "

"မစောင့်ပါနဲ့ ... ဘာမှမဖြစ်ဘူး ပြန် ... "

အစ်ကိုကြီးတို့ ထွက်သွားတော့ ဗိုလ်က သူ့နားသို့ ကပ်လာ၏။

"လေးလေး ... "

"ဟေ ... "

"ကျွန်တော်တော့ ကြိုမြင်နေရပါပြီဗျာ ... "

"ဘာကိုလဲကွာ ... "

"လေးလေး ကျွန်တော့်အတွက် ပြောပေးမဲ့ နီနီ့ကိစ္စလေ"

"အဲဒါ ဘာဖြစ်လဲ ... "

"ကျွန်တော်တော့ မထင်ဘူး ... "

"စစ်မရောက်ခင် မြားမကုန်စမ်းပါနဲ့ သားဗိုလ်ရယ် ... အဲဒါကိစ္စပါ ... "

"လေးလေး ... "

"ဟာ ... ဘာလဲကွာ၊ ပြန်ပါတော့ဆိုတာကို ... "

"ဟိုလေ ... တကယ်လို့ သူ ငြင်းရင်လည်း ဘာမှမဖြစ်ပါဘူး၊ ကျွန်တော် သူ့ကို နားလည်ပေးမှာပါ ... အဓိက,က သူ စိတ်ချမ်းသာဖို့ပဲနော် ... "

"အေးပါ ... "

"ရော့ ... လေးလေး Phone ... သူ့ဆီ ဆက်ချင်ဆက်လို့ရအောင်လို့ ထားပေးခဲ့မယ် ... ကျွန်တော် ပြန်ပြီနော် ... "

"အေး ... ဘရောင်နီကို ထမင်းကျွေးဖို့ မမေ့နဲ့နော် ဗိုလ်"

"ဟုတ်ကဲ့ပါ ... "

သားဗိုလ် ထွက်သွားတော့ လက်ထဲမှ Hand Phone ကို ချိတုံ

ချစ်ဘို့ စိတ်ဖြင့် သူ ကိုင်ထားမိ၏။ ဆက်ရင်ကောင်းမလား ဘာတွေ ပြောရမလဲ ... ကလေးကို ဘယ်လိုသက်စွန့်ဆံဖျား ကယ်တင်ခဲ့တာတွေ ပြောရမလား။ ကျွတ် ... မဖြစ်သေးပါဘူး။ ကိုယ်က နီနီ့ရှေ့မှာ နေချင်တဲ့သူမှ မဟုတ်ဘဲ။ နီနီ့နောက်ကနေ နီနီ လိုအပ်သမျှတွေကို ဖြည့်ဆည်းပေးမဲ့သူသာ ဖြစ်ချင်ခဲ့သူပါ။

အို ... ကလေးရယ်။ မင်း သတိရမရ ကိုယ် သိချင်သလို ဝေဒနာတွေကြားကနေ မင်းအသံလေးကို ကြားချင်လို့ ကိုယ့်ကို phone ဆက်ခွင့်ပေးပါ။ ဂဏန်းလုံးလေးတွေကို သူ နှိပ်လိုက်ပါ၏။

"တူ တူ ... တူ တူ ..."

"ဟဲလို ..."

"စပယ်လား ... ကိုယ်ပါ"

"ကိုခန့် သက်သာရဲ့လားဟင် ..."

"သက်သာပါတယ် ... ကလေး သတိရပြီလား ... ပြန်အိပ်ပျော်နေရင်လည်း နေပါစေတော့၊ ကိုယ် နောက်မှ လာတွေ့ပါ့မယ်"

"သတိရနေပါပြီ ... မေးပေးမယ်လေ"

"ဟင့်အင်း ... နေပါစေတော့"

"သူ ကိုခန့်ကို သိပ်တွေ့ချင်နေတာ ... ဆေးရုံမလိုက်ရဘူးဆိုလို့ စိတ်ကောက်ပြီး လှဲနေလေရဲ့ ..."

သူ တီးတိုးရယ်လိုက်မိ၏။ ဘယ်လောက်တည်ငြိမ်လာတယ် ပြောပြော ... တစ်ချက်တစ်ချက် ကလေးဆန်တဲ့ အမူအရာတွေက ပေါ်လာတတ်တာပါပဲလား။ စပယ့်အသံ တိတ်သွား၏။ ခဏအကြာမှာ ဖုန်းပြန်ကိုင်လိုက်သံ ကြားရလေသည်။

"ဦး ... နီပါ ..."





"နီနီ နေကောင်းသွားပြီလား ..."

"ဟုတ်ကဲ့ ..."

"ဒီည ဆေးသောက်ပြီးမှအိပ်နော်၊ နွေးနွေးထွေးထွေးလည်း အိပ်ဦး ... အအေးမမိစေနဲ့ ..."

"ဟုတ်ကဲ့ ..."

"ကိုယ် ဘာမှမဖြစ်ပါဘူး ... နီနီလည်း ဘာကိုမှ စိုးရိမ်စရာမရှိတော့ဘူး သိလား ..."

"ဟုတ်ကဲ့ ..."

"ကိုယ် ဆေးရုံက ဆင်းရင် လာခဲ့မယ် ... နီနီနဲ့ ပတ်သက်ပြီး ပြောစရာအကြောင်းတွေ ကိုယ့်မှာ အများကြီးရှိတယ် ... အစ်ကိုကြီးတို့ကို မပြောလိုက်နဲ့ဦးနော် ... ကိုယ် လာမှပဲ ပြောတော့မယ်"

သူမ လက်ဖျားတွေ အေးစက်လာသည်အထိ ရင်ခုန်သံတွေ ကျယ်လောင်လာတော့သည်။ အို ... ဦးရယ် ... ဦးမျက်နှာကိုတောင် မြင်ရသေးဘူး။ ဦးအသံလေး ကြားရုံနဲ့တင် နီ ဒီလောက်ရင်တွေခုန်နေရင် မျက်စိရှေ့မှာ ဦးဆီက စကားသံကြားရတာနဲ့ နီတော့ သတိလစ်မှမြောတော့မှာပဲ။

"နီနီ ..."

"ရှင် ... ဦး ..."

"ကိုယ်ပြောနေတာ ကြားရဲ့လား ..."

"ဟုတ်ကဲ့ ..."

"နီနီ နားတော့လေ ... ဖုန်းချလိုက်တော့နော်"

"ဟုတ်ကဲ့ ..."

"ဟော ... ကိုယ့်ကလေးလေးက ဒီ ဟုတ်ကဲ့ တစ်ခွန်းပဲ တတ်

ခဲ့တော့တာကိုး"

သူနှင့်အတူ ရောချ ရယ်လိုက်မိ၏။ သူက ဖုန်းလေးကို မပိတ်ရက်သေး။ နီနီ့အသံလေးကို ကြားချင်နေသေးသည်က အမှန်ပင်။

"ဦး ... "

"ဟင် ... "

"မြန်မြန်နေကောင်းပါစေနော် ... "

ကလစ်ခနဲ ဖုန်းချလိုက်သံကို ကြားလိုက်ရလေ၏။ ဖုန်းလေးကို သူ အသာပိတ်လိုက်သည်။ ဪ ... ကလေးရယ် ဆုံးရှုံးရတော့မယ်ဆိုတဲ့အသိက ကိုယ့်ရင်တစ်ခုလုံးကို မီးလောင်တိုက်သွင်းနေသလိုပါပဲလား။ နုငယ်ပျိုမျစ်တဲ့ ကလေးနဲ့ ကိုယ့်လို အသက်ကြီးကြီး ဒုက္ခတကြီးက ပွဲလယ်တင့်နိုင်တဲ့ စုံတွဲမှ မဟုတ်ဘဲကိုး။

ကလေး ကျေနပ်ပါ။ ကြည်ဖြူပါ။ လက်ခံပေးပါ။ ကလေးကို ကိုယ့်တူလေးရဲ့ ရင်ခွင်မှာ ငြိမ်းချမ်းစွာ နားစေချင်ပါတယ်။ ဘုရားသွားကျောင်းတက် ပွဲလမ်းအတူတက်နိုင်မဲ့ ကလေးရဲ့ ဖူးစာရှင်ဟာ ဗိုလ်ကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်တာကို နားလည်ပေးပြီး ဗိုလ့်ကိုသာ ရွေးချယ်လိုက်ပါကွယ်။

ကလေးတို့ရဲ့ မင်္ဂလာပွဲမှာ မိန့်မိန့်ကြီး ပြုံးပြီး ဧည့်ပရိသတ်တွေကို ကိုယ် လိုက်ဧည့်ခံပေးမှာပါ။ လက်ရှိနေနေတဲ့ ကိုယ့်အိမ်ကို ကလေးတို့နှစ်ယောက်အတွက် ကိုယ် လက်ဖွဲ့ပေးမယ်။ ဒီအထဲမှာ ကိုယ့်နှလုံးသားတစ်ခုလုံး ပါသွားတာကိုတော့ ကလေးတို့ မသိစေရပါဘူး။ ပြီးတော့ ... ကိုယ့်ပန်းချီခန်းထဲက ဗီရိုကို တိတ်တိတ်လေး ကိုယ်ပြောင်းတဲ့အခါ သယ်ထုတ်သွားမှာပါ ... ကိုယ့်ကို နားလည်ပေးနိုင်ပါစေကွယ်။





*I will cry no more. I am happy in your happiness.*

ကိုယ် နောက်ထပ်မငိုတော့ပါဘူး ... မင်းပျော်ရင် ကိုယ်လည်း ပျော်တော့မယ် ...

(၃၃)

အတွင်းခန်းလိုက်ကာကြားမှ ချောင်းကြည့်နေမိ၏။ ရုပ်အဖြ
လက်ရှည်နှင့် ပုဆိုးအနက်နှင့် အပြာကွက်လေးကို ဝတ်လာသည့်သူ
က အနည်းငယ်ခန့် ပိန်သွားပါသော်လည်း စိုစိုပြေပြေရှိနေပါသည်
အန်တီလေးက အအေးခွက်ချပေးပြီး နောက်ဖေးဘက် ပြန်ဝင်လာ
၏။ သူက မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် တစ်ချက် ပွတ်သပ်ကာ
အရှိန်ယူလိုက်သည်။

"အစ်ကိုကြီးတို့ကို ကျွန်တော် ခွင့်တောင်းစရာ ရှိတယ် ခင်ဗျ"

"ပြောပါ မောင်ခန့်ရယ် … ပွင့်ပွင့်လင်းလင်းပေါ့"

"ကျွန်တော် မျက်နှာတော့ ပူတယ်ခင်ဗျ … ရှေ့မျက်နှာ
နောက်ထားပြီး ပြောရတော့မှာပဲ၊ မပြောလို့ကလည်း မဖြစ်လို့ပါ"

မာမီနှင့် ဒက်ဒီတို့ထံမှ ရယ်သံခပ်တိုးတိုး ကြားလိုက်ရ
အန်တီလေးက သူမ လက်ကို လာဆွဲသဖြင့် ရှန်းလိုက်မိသည်။





"ဟဲ့ … ချောင်းနားထောင်စရာလား၊ နီနီနော် … "

"ဟာ … အန်တီလေးကလည်း တိုးတိုးပြောပါ"

သူက လက်ဝါးနှစ်ဖက်ကို ပူး၍ ပွတ်သပ်နေရင်း မျက်လွှာကို
ပိုက်၏။ မျက်နှာက အနည်းငယ်နီမြန်းလာသည်။

"ဟိုလေ … အစ်ကိုကြီးတို့က အုပ်ထိန်းသူတွေဆိုတော့"

"ပြောပါ မောင်ခန့်ရယ် … အားနာမနေပါနဲ့ … ကဲ … စပယ်
ား … နီနီလား"

သူ့မျက်နှာ ဖြန်းခနဲ ရဲတက်သွားတော့သည်။ သူမ အန်တီလေး
က်ကို ဆုပ်ကိုင်ထားလိုက်၏။ ရင်တွေ တုန်လိုက်တာနော်။

"နီနီပါ … "

"ဟော … "

သူမ အန်တီလေးကို ကျုံးဖက်လိုက်ပြီး ဝမ်းသာစိတ်ကို ကြိတ်
လိုက်ရသည်။ အန်တီလေးက တီးတိုးဆူလိုက်ပါ၏။

"အရူးမ … ငြိမ်ငြိမ်နေစမ်း"

"ကလေးနဲ့ကလည်း ရင်းနှီးပြီးသားဆိုတော့ ကလေးသဘော
းကို အရင် သိချင်ပါတယ်"

"အစ်ကိုကြီးတို့ မေးပေးပါ့မယ် မောင်ခန့်ရယ် … "

"သူ သဘောတူတယ်ဆိုရင်တော့ တရားဝင် လာတောင်းကြ
ါ … "

"လာတောင်းကြမှာ ဟုတ်လား … "

"ဟုတ်ကဲ့ … "

"နေပါဦး မောင်ခန့်ရယ် … မောင်ခန့် ပြောနေတာ ဘယ်သူ့
ှက်လဲ … ရှင်းရှင်းပြောပါကွယ်"

"ကျွန်တော့်တူလေးနဲ့ နီနီ့ကိုပါ ခင်ဗျာ … "

"ဟယ် ..."

"ဟာ ..."

မာမီတို့ထံမှ အာမေဋိတ်သံအကြားမှာ သူမ အန်တီလေးကို ဖက်ထားလျက် ငိုချလိုက်မိသည်။ ပြောရက်လိုက်တာ ဦးရယ်။ နို့ကို နည်းနည်းလေးမှ အနမြော်မရှိဘူးလား။ နီက ဗိုလ်နဲ့ပဲ ထိုက်တန်လို့လား။ ဦးအသက်အရွယ် ... ဦးပညာနဲ့ နီက မထိုက်တန်လို့လား ... ရက်စက်လိုက်တာ။

"သူ့မိဘတွေဘက်ကလည်း တစ်ဦးတည်းသောသားမို့ ထိုက်ထိုက်တန်တန် တင်တောင်းမှာ လက်ဖွဲ့ကြမှာပါ၊ ကျွန်တော်ကတော့ လက်ရှိ အခုနေတဲ့ခြံကို လက်ဖွဲ့ပါ့မယ် ခင်ဗျာ ..."

"နေနေ ... ခဏနေပါဦး မောင်ခန့်ရယ်၊ လက်ဖွဲ့တာကနောက်တော့ ပြောပေါ့၊ သမီးကိုတော့ သေချာမေးကြည့်ရမှာပဲ ... ကလေး နှစ်ယောက်အခြေအနေက ဘယ်လိုမှန်းမသိ"

"သူတို့ချင်း တော်တော်ရင်းနှီးကြတာတော့ ကျွန်တော် မြင့်ပါတယ် ... ဗိုလ်က ... ဗိုလ်က နီနီ့ကို တော်တော်မြတ်နိုးနေတာပါ နီနီ အစစအရာရာ စိတ်ချမ်းသာရပါစေမယ်လို့ ကတိရပြီးမှ ကျွန်တော် လာပြောရတာပါ ... အစ်ကိုကြီးတို့စိတ်ထဲမှာ မခုမိပါနဲ့ဗျာ"

"မခုပါဘူး မောင်ခန့်ရယ် ... မခုပါဘူး ... အမိက,က သမီး အပေါ်ပဲ မူတည်ပါတယ် ... အစ်ကိုကြီးတို့ သမီးဆန္ဒကို မေးပြီး အကြောင်းပြန်လိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး ... ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ..."

"ကောင်းပါပြီ ..."

သူ ထ,ပြန်သွားတော့ သူမ ကြမ်းပြင်ပေါ် ထိုင်ချလိုက်ပြီး နို့က





ကြီးတင် ငိုချလိုက်ပါသည်။ အန်တီလေးက ခြေမကိုင်မိ လက်မကိုင်မိဖြင့် ဘယ်လိုချော့ရမှန်း မသိနိုင်တော့။

"ဟဲ့ ... သမီးလေး နီနီ ..."

"မာမီ ... နီ ဗိုလ့်ကို မယူချင်ဘူး ... နီ မချစ်ဘူး"

"အေးပါ အေးပါ ... မာမီ သိတယ်၊ ဒီလောက်အထိ မငိုရဘူးလေ ..."

"ဦး သိပ်ရက်စက်တာပဲ၊ နို့မှာ ... နို့မှာ သူ အထင်သေးမှာစိုးလို့ နို့ကိုယ်နို့ ကြိုးစားပြုပြင်လိုက်ရတာ၊ အိမ်ထောင်မှု ထိန်းသိမ်းနိုင်ဖို့ ကြိုးစားလိုက်ရတာ မမောနိုင်မပန်းနိုင်ဘဲ အဖိုးတန်ဟဲ့ မိန်းကလေးဖြစ်ပါစေတော့ဆိုပြီး လုပ်ခဲ့သမျှ ... ခုတော့ သူများလက်ထဲကို တိုးထည့်ဖို့ ကြံစည်ရက်တယ် ... ဦး မတရားဘူး ... ဦး မတရားဘူး"

"သမီးရယ် ... တိုးတိုးပြောလေ ... ဟိုက ကြားရင် မကောင်းဘူးနော်၊ လိမ္မာတယ်"

"နီ ဦးကိုပဲ ချစ်တာ မာမီရဲ့ ... နီ ဦးကို ဟိုးလွန်ခဲ့တဲ့ နှစ်ကတည်းက ဦးကို စတွေ့တဲ့နေ့ကတည်းက ချစ်ခဲ့တာ"

"ဟုတ်ပါပြီ ... မာမီ သိတယ် ... တိတ် တိတ်"

"အီး ... နို့ကို ကလေးဆိုပြီး အ...ေသးရက်တယ်၊ နို့က ဦး မတန်လို့လား၊ နီ မလှလို့လား ... သူ့အသည်းက မာလိုက်တာနော်"

မာမီနှင့် အန်တီလေးက ဘာမှမပြောနိုင်တော့ဘဲ သူမ နံဘေး... ငုတ်တုတ်ထိုင်ချလိုက်တော့သည်။

"သူ မချစ်လည်း နေပါစေ ... သူများလက်ထဲ ထိုးထည့်တာ ...တော့ မကောင်းပါဘူး ... နီကတော့ နို့ကို အသက်နဲ့လဲပြီး ကယ်ဆယ်...တဲ့ ကျေးဇူးတွေရှိနေလို့ သူ့ကို အားကိုးလိုက်ရတာ ... နို့ကိုတော့ ...သက်စွန့်ပြီး ချစ်ရှာတာပဲလို့ စိတ်ကူးတွေ ယဉ်လိုက်ရတာ ... ဒီလို

မှန်းသိရင် နို့ဘဝ ဘာကြီးပဲဖြစ်ဖြစ် ဘာလို့ လိုက်ကယ်ခဲ့သေးလဲ၊ မချစ်ဘူးဆိုရင်လည်း လွှင့်သာပစ်ခဲ့ပေါ့လို့ ..."

"ခက်လိုက်တာ နီနီရယ် ..."

"နီ မကျေနပ်ဘူး ... နီ သွားရှင်းမယ်"

"ဟဲ့ ... နီနီ၊ သမီး"

သူမ နောက်ဖေးပေါက်မှ ထွက်၍ အမှောင်ထဲမှာ ဖိနပ်မပါ ခြေဗလာဖြင့် တစ်ဘက်ခြံသို့ ကူးလာခဲ့တော့သည်။

ပန်းချီကားတွေကို သေချာထုပ်ပိုးနေ၏။ တစ်ပုံချင်းကြည့်၍ မျက်ရည်တို့က တပေါက်ပေါက် ကျနေဆဲ ... ။ လက်ဖျံဖြင့် ခပ်မြန်မြန် သုတ်လိုက်ပြီး လုပ်လက်စအလုပ်ကို ဆက်လုပ်နေမိသည် ... ။ ဗိုလ်ကတော့ စိတ်ချလက်ချဖြင့် အိပ်နေလေပြီ။ သြော် ... ကလေးရယ် နောက်ဆုံးအကြိမ်လေးအနေနဲ့ ကလေးမျက်နှာလေးကိုတောင် တွေ့ခွင့်မရတော့ပါလား။ ဖုန်းထဲကအသံလေးကပဲ ကိုယ့်အတွက် နှုတ်ဆက်အသံလေးတဲ့လားကွယ်။

အိမ်ရှေ့မှ လူခေါ်ဘဲလ်နှိပ်သံ ကြားရသဖြင့် ပန်းချီခန်းတံခါးကို အသာစေ့ခဲ့ပြီး ထွက်လာသည်။ မျက်နှာမှ မျက်ရည်တို့ကို ပျောက်အောင် အရင်သုတ်ပြီးမှ တံခါးကို ဖွင့်လိုက်၏။ အိမ်ဝမှာ ရပ်နေသည်က မျက်ရည်လည်ရွှဲဖြင့် သူ့ကလေးလေး ဖြစ်နေပါရောလား။

"ဦး သိပ်ရက်စက်တယ် ..."

"ကလေး ..."

"နီက ဦးပေးချင်တဲ့လူကို ပေးလိုက်ရအောင် အသက်မဲ့တဲ့ စက်ရုပ်မဟုတ်ဘူး ... နှလုံးသားရှိတဲ့လူ ... အသည်းနှလုံးရှိတဲ့လူ"

"ကလေး ... တိုးတိုးနော်၊ ပတ်ဝန်းကျင်က ကြားကုန်မယ်"

"ကြား ကြား ... ဂရုမစိုက်ဘူး၊ ဒီမှာ နီ့မျက်နှာကို သေချာကြည့်





း ဦးရဲ့ ... နီက ... နီက တော်တော်ရုပ်ဆိုးနေလို့လား"

"နီနီ ..."

"ပညာမဲ့ပြီး တန်ဖိုးရှိလို့လား ..."

"ဟာကွာ ..."

"ဦးက ... ဦးက နီ့အပေါ် ဘယ်လိုသဘောထားခဲ့တာလဲ ... အသက်စွန့်ပြီး ကယ်ခဲ့တာ ဘာကြောင့်လဲ ဟင် ..."

"ကျွတ် ... ကလေးရယ် ... ကိုယ် ဘယ်လိုရှင်းပြရမှာလဲ"

"ပြောပါဦး ဦးရဲ့ ... နီက အဖိုးမတန်တဲ့ မိန်းကလေးမို့လို့ ဲစီးလေလွင့်နေတဲ့ မိန်းကလေးမို့လို့ ဦးက သူများလက်ထဲကို မြော်မရှိ ထိုးထည့်ပုံတာပေါ့လေ ဟုတ်လား ..."

"မဟုတ်ပါဘူး နီနီရယ် ... နီနီနဲ့ ဗိုလ်နဲ့က ကိုယ့်အမြင်မှာ"

"ဘာမှမဆိုင်ဘူး ... ထင်ရာတွေ လျှောက်ပြောမနေနဲ့ ... နီ့ ဲမှာ ဘာတွေဖြစ်နေလဲ ... နီ့နှလုံးသားထဲမှာ ဘယ်သူရှိလဲဆိုတာ ်လို့လား ... ဦး မြင်လို့လား"

"ကိုယ် တောင်းပန်ပါတယ် ကလေးရယ် ... ကိုယ့်ဘက်က ခဲ့ရင် ကိုယ် အနူးအညွတ်တောင်းပန်ပါတယ်၊ မငိုပါနဲ့တော့ ... ပါ တိတ်ပါကွာ ..."

"မတောင်းပန်နဲ့ ... အခုမှ တောင်းပန်မနေနဲ့ ... ဦးကို နီ စိတ်နာတယ် ... သိလား"

"ဟာ ..."

သူ တံခါးဘောင်ကို ကျောမှီလိုက်ပြီး မျက်ဝန်းအစုံကို ့လိုက်တော့ ပါးပြင်မှာ ပူနွေးသွားရသည်။ သူမက သူ့အင်္ကျီရင်ကို ဆုပ်ကိုင်လိုက်ပါသည်။

"ဦး မသေမချင်း မှတ်သွားပါ ... ပန်းနီနီက သမီးအလိမ္မာလေး

တစ်ဦးပါ ... မိဘစကားကို ဘယ်တုန်းကမှ မလွန်ဆန်ခဲ့ဘူး ... မိ
ပေးစားတဲ့သူနဲ့ ယူကိုယူဦးမှာ ... "

သူ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေ၏။ အမြင်တွေ ပို
လာသလိုပင် ခံစားနေရသည့် ဝေဒနာက ရင်ထဲမှာ တနင့်တပိုး
ပါလား။

"ဒါပေမဲ့ ... နီ ယူမဲ့သူ ... နီ လက်ထပ်မဲ့သူက ဗိုလ် မဟု
ဘူး ... အာကာဗိုလ်မဟုတ်ဘူး"

သူမ ... သူ့မျက်နှာကို မော့ကြည့်နေမိသည်။ သူက ရီဝေ
အကြည့်တို့ဖြင့် သူမကို ပြန်ငေးကြည့်နေဆဲ။ သူမ မျက်နှာမှာ
တစ်ခု ဖြစ်ထွန်းလာသည်။ ကိုယ့်ကို ... တကယ်ပဲ စိတ်နာနေပြီ
တကယ်ပဲ မုန်းလိုက်ပြီပေါ့။ ဟုတ်လား ကလေးရယ်။

"နီ့ရင်ထဲမှာ နီ့နှလုံးသားထဲမှာ မြတ်မြတ်နိုးနိုးနဲ့ ချစ်နေပြီ
လူတစ်ယောက်ရှိတယ် ... "

သူ မျက်လုံးကို ပြန်မှိတ်ချလိုက်စဉ် သူ့လည်ကုပ်ကို ခိုတ
ခြင်းနှင့်အတူ သူ့မေးဖျားလေးမှာ နွေးခနဲ ဖြစ်သွားတော့သည်။

"နီ ... ဦးကို သိပ်ချစ်တယ် ... ဦးကို နီ ... "

"အို ... ကလေးရယ်"

သူ ... သူမကိုယ်လုံးလေးကို မလွတ်တမ်း ပွေ့ပိုက်ထား
ပါတော့သည်။ ရင်ခုန်သံတို့ကတော့ အတိုင်းအဆမဲ့ ဆူညံနေဆဲ

လေးစားလ

မမသဒ္ဒါမော

*1st Sept: 2*

*PM 1*

ရွှေပဒေသာစာပေ